# ဒုဋ္ဌသီးသဝိဇ္ဇေဝေဇော့း၁

ဝိသုဒ္ဓါရုံ

ဦးဓမ္မတိက္ခအရှင်

ရေးသား စီရင်တော်မူအပ်သော

# ဓမ္မသင်္ဂီယပ်လွှဲ
# တရားစာ

---

မူပိုင်ရှင်-ဦးပေါ်ရင်


## ရတနာ့ဥဝါဒီ ပိဋကတ်ဆိုင်ကြီး

အမှတ် ၁၁-၁၂၊ ရွှေတိဂုံဘုရားကြီး ဈေးတော်ရုံ၊
ရန်ကုန်မြို့။

ကာယသုခ-ပုံနှိပ်တိုက်၊
အမှတ် ၁၄၁၊ ၃၁-လမ်း၊ ရန်ကုန်မြို့။
၁၃၃၂-ခုနှစ်၊

အဖိုး - ၁၀၊ ၅၀၊

# မာတိကာ


| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ကထိန်တရားတော် .... .... .... | ၁ |
| ၂ | ရဟန်းတော်များ ရရှိသော ကထိန်အကျိုး ၅-ပါး .... | ၄ |
| ၃ | ကထိန်ဒကာများ၏ အကျိုး ၅-ပါးပြ ဂါထာ .... | ၉ |
| ၄ | ကထိန် ဒကာ မောင်ကာက ဝတ္ထု .... .... | ၁၂ |
| ၅ | ကျီးမကလေး ထွက်ပြေးခြင်း.... .... .... | ၁၃ |
| ၆ | ကျီးဖိုသည် ကျီးမကလေးနောက်သို့ ပူဆွေးစွာနှင့် လိုက်ခန်း .... .... .... .... | ၁၅ |
| ၇ | ကျီးဖို၏ ပစ္စည်း ၄-ပါး ဒါယကာ ပင့်ဘိတ်သော ဂါထာ .... .... .... .... | ၂၂ |
| ၈ | ကျီးလင်မယားက ပစ္စည်း ၄-ပါးဖြင့် လုပ်ကျွေးပုံ | ၂၇ |
| ၉ | ကျီးက ကထိန်ခင်းပုံ .... .... .... | ၃၀ |
| ၁၀ | ဆွမ်းအလှူ တရားတော်.... .... .... | ၃၁ |
| ၁၁ | အဘယသာမဏေထူး ဝတ္ထု .... .... | ၃၈ |
| ၁၂ | သူငယ်ကလေး၏ အံ့ဩဘွယ် ခွန်းအားဗလ ကောင်းပုံများ.... .... .... .... | ၃၉ |
| ၁၃ | သားအဖ ၂-ယောက်စလုံး သာသနာ့ဘောင်သို့ ဝင်ကြခြင်း.... .... .... .... | ၄၂ |
| ၁၄ | သာမဏေ၏ အံ့ဩဘွယ် ဗလကောင်းပုံ .... | ၄၄ |
| ၁၅ | အဘယသာမဏေ လူထွက်ခန်း.... .... | ၅၇ |
| ၁၆ | သင်္ကန်းအလှူ တရားတော် .... .... .... | ၆၀ |
| ၁၇ | ကပ္ပိန အနောဇာ ဝတ္ထု.... .... .... | ၆၈ |
| ၁၈ | ရဟန်းသည် ရှာသူကြီးဖြစ်၍ ပစ္စေက ဗုဒ္ဓါတို့အား သင်္ကန်းလှူကြသောအခန်း.... .... .... | ၇၀ |
| ၁၉ | မဟာကပ္ပိနမင်းကြီးနှင့် အနောဇာဒေဝီအခန်း.... | ၈၀ |
| ၂၀ | မင်းကြီးသည် ရတနာသုံးပါး သတင်းစကားကို ကြားနာရန် အရပ် ၄-မျက်နှာသို့ စေလွှတ်ခန်း.... | ၈၁ |

# မာတိကာ


| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၁ | သာဝတ္ထိပြည်မှ လှည်းကုန်သည်တွေ ရောက်လာ၍ သတင်းထူးကို ကြားရသောအခန်း.... .... | ၈၂ |
| ၂၂ | မင်းကြီးသည် ဘုရားဟူသောအသံကို ကြားရုံနှင့် ပီတိခွေ့ပြီး မြောမွေ့နေခန်း.... .... .... | ၈၄ |
| ၂၃ | မဟာကပ္ပိနမင်းကြီး တောထွက်ခန်း .... .... | ၈၆ |
| ၂၄ | အမှာတော်လွှာ ဂါထာ.... .... .... | ၈၆ |
| ၂၅ | မိဖုရားကြီး တောထွက်ခန်း.... .... .... | ၉၀ |
| ၂၆ | ကျောင်းအလှူ တရားတော်.... .... .... | ၉၅ |
| ၂၇ | ရွှေမိမာန်ရှင် ဝတ္ထု.... .... .... | ၁၀၂ |
| ၂၈ | ကျောင်းဒကာ နတ်သား၏ ထူးခြားသော ရွှေမိမာန်ကြီး.... .... .... .... | ၁၀၆ |
| ၂၉ | ဆေးအလှူ တရားကော် .... .... .... | ၁၁၀ |
| ၃၀ | သုမန မထေရ်ဝတ္ထု.... .... .... | ၁၁၅ |
| ၃၁ | သီဟိုဠ်ကျွန်း၌ သူပုန်ထ၍ ဒုဋ္ဌကွန္တရ ကပ်ကြီး တိုက်ခြင်း.... .... .... .... | ၁၁၇ |
| ၃၂ | ရဟန်းခံ ရှင်ပြုတရားတော် .... .... | ၁၂၉ |
| ၃၃ | သုဘာ ဘိက္ခုနီမကလေး ဝတ္ထု.... .... | ၁၃၉ |
| ၃၄ | မယ်သုဘာကို လူထွက်ရန်မိဘများ သွေးဆောင်ကြပုံ .... .... .... | ၁၄၂ |
| ၃၅ | သုဘာဘိက္ခုနီမကလေးက မိဘများအား ဟောကြားသော တရား ဂါထာများ .... | ၁၄၂ |
| ၃၆ | ဓမ္မဒါနကထာ .... .... .... | ၁၅၀ |
| ၃၇ | သူဌေးသမီး အနုကာသိဝတ္ထု .... .... | ၁၆၀ |
| ၃၈ | ဘိက္ခုနီမကလေး၏ ဝစီကံ.... .... .... | ၁၆၉ |
| ၃၉ | ပြည့်တန်ဆာမ ဖြစ်ရသောအခန်း.... .... | ၁၇၂ |
| ၄၀ | ဘိက္ခုနီမ ပြုလုပ်ခန်း.... .... .... | ၁၇၆ |




# ဓမ္မသင်္ဂိ ယပ်သဲ့ တရားစာ

## ကထိန်တရားတော်

ရဟန်းတို့၏ ကထိန်အကျိုး၊ လူတို့၏ ကထိန်အကျိုး၊
အမျိုးစုံ ပါရှိပါသည်။

---

**ဇယတု သဗ္ဗမင်္ဂလံ**

**ကထိနံ ဟိ ဝရံ ပုညံ၊**
**သဗ္ဗဗုဒ္ဓေဟိ ဝဏ္ဏိတံ၊**
**ကထိနေန သဒိသဏ္ဍာ၊**
**ကထိနေ့ာတိ ပဝုစ္စတိ။ ။**

ကထိနံ ဟိ ကထိန်နာမ၊ ဘုရားသာသနာ၊ ပွင့်လင်းသာမှ၊ ကောင်းစွာလှူရ၊ ကထိန်ဒါန မည်သည်ကား။ ဝရံ၊ ကြောင့်ကြ မလပ်၊ တောင့်တအပ်၍၊ မြတ်လှပေစွာသော။ ပုညံ၊ နပျိုအဖူး၊ ပြုလိုသူ မြူးလောက်တဲ့ ကုသိုလ်ထူး-ကုသိုလ်မြတ်ကြီး ပေတည်း။ သဗ္ဗ ဗုဒ္ဓေဟိ၊ ဝင်္ဂါဝ ါဠု၊ သဲစုမကာ၊ ကဲထုထဖြင့်၊ ပွင့်ကြတုံရှောင်း၊ ခပ်သိမ်းသော ဘုရားရှင် အပေါင်းတို့သည်၊ ဝဏ္ဏိတံ၊ စည်း ကမ်းသပ်ရပ်၊ နည်းလမ်းမြတ်သဖြင့်၊ ချီးမွမ်းအပ်သော ကုသိုလ် ပေတည်း။ ကထိနေန။ တော ဟောမဝ ါ၊ ဗွေဝနာတွင်၊ လေလာ ယိမ်းယိုင်၊ မတိမ်းနိုင်တဲ့၊ ခိုင်ခံ့လေပြီး၊ သစ်ပင်ကြီးနှင့်။ သဒိ သဏ္ဍာ၊ အကျိုးငါးပါး၊ ပေါ်ဖြစ် ပွါးပြီး၊ လှုပ်ရှား ယိမ်းယိုင် မတိမ်းနိုင်တဲ့၊ ခိုင်ခံ့စင်စစ်၊ နမူ ဆလိုက်ကော့ တူလှသည်၏ ထားလျှင် သာပြီးကောင်းတာပေါ့လေ။ ဒါတော့ ဘယ်မှာ

အဖြစ်ကြောင့်။ ကာယ်နေ့ာတိ၊ အချိန်အခါ၊ တသိရ်ဖြာသမို့၊ အရှိန်သမ္ဘာ၊ မမှိန်ပါတဲ့၊ ကထိန်ရတနာ မဟာအလှူကြီး ဟူ၍။ ပဝုစ္စတိ၊ အသီးအဖူး နည်းအထူးငယ်နှင့်၊ ချီးကျူး အပ်ပေသတည်း။

ဤကထိန် တရားတော်မှာ၊ငါတို့၏ ဘိုးတော်သခင် ကျေးဇူးရှင် မဟာဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီး ဟောကြားတော်မူလေ့ရှိတဲ့ နည်းအတိုင်း ကထိန်မည်ခြင်း အကြောင်း၊ ရဟန်းတို့ ရရှိတဲ့ ကထိန်အကျိုးငါးပါးအကြောင်း၊လူတို့ရရှိတဲ့ ကထိန်အကျိုးများ အကြောင်းနှင့် တကွ စုံလင်စွာ သိရအောင် မတိုမကျဉ်း လိုရင်းအချက် အလက် တွေကို ကွက်ကွက် ကွင်းကွင်း ဟောပြရပေလိမ့်မယ်။ ။ကထိန်ဆိုတာမြဲမြံခိုင်ခံ့ ကြည်တံ့တဲ့ အလှူကြီးလို့ဆိုလိုတာပလေ၊ကထိနသဒ္ဒါက ခိုင်ခံ့ခြင်းအနက်ကို ဟောတာကိုး။ မြင်းမိုရ်တောင်ကြီး၊ ကျောက်တောင်ကြီးများသည် လေးမျက်နှာက လေကြီးတွေ တိုက်ခတ်၍လာသော်လည်း ဘယ်အခါမှ ယိမ်းယိုင်တုန်လှုပ်ခြင်း မရှိသကဲ့သို့ ဝိနည်းကံအား လျော်ညီစွာ လှူဒါန်းခင်းကျင်းအပ်သော ဥတ်ကထိန်သည် အကျိုးငါးပါး ထင်ရှား ဖြစ်ပေါ်လာပြီး ဘယ်လိုရန်သူလာ၍ ဖျက်သော်လဲ မပျက်နိုင်ဘူး၊ မပျောက်နိုင်ဘူးတဲ့။ အကျိုးငါးပါးဟာ ခိုင်ခိုင်ကြန့်ကြန့်ကြီး တည်တံ့နေပြီး မယိမ်းမယိုင် မတုန်လှုပ်နိုင်တဲ့ အလှူမြဲကြီး အလှူခိုင်ကြီးဖြစ်တယ်။ ။တနည်းအားဖြင့် ခပ်သိမ်းသော ဘုရားရှင်အပေါင်းတို့သည် ကောင်းမွန်လှ၏။ထွတ်မြတ်လှ၏ဟူ၍ ချီးမွမ်းထောမနာ ပြုတော်မူအပ်သောအကြောင်းကြောင့်လဲ ကထိန်မည်သတဲ့။တနည်းအားဖြင့် ဟိမဝန္တာ မဟာဂနိုင် မြိုင်၏ အတွင်းမှာ ထင်ရှားစွာ ပေါက်ရောက် စည်ကား၍နေသော သစ်ပင်ကြီးသည် လေကြီးတိုက်သော်လည်း မပျက်မစီးနိုင်- မလဲပြိုနိုင်သကဲ့သို့၊ ဤဥတ်ကထိန်သည် အကျိုးငါးပါး၊ ပေါ်ဖြစ်ပွါးပြီး မလှုပ်ရှားနိုင်-မပျက်စီးနိုင်သဖြင့် ခိုင်ခံ့လှသော သစ်ပင်ကြီးနှင့် တူသောကြောင့်လဲ

ကထိန်မည်သတဲ့။ အဲသည်လို သာရတ္ထဒီပနီ အစရှိသော ဝိနည်း ဋီကာကြီးများမှာ မိန့်မှာဖွင့်ဆိုကြတယ်။

စင်စစ်မှာတော့၊ ကထိန်ဆိုတာ၊ ဝိနည်းကံနှင့် ပတ်သက်လာသဖြင့်ကထိန်ခံတဲ့ ရဟန်းတော်များမှာအကျိုးငါးပါးကို ခံစားရရှိပြီး အကျိုးထူးတရားခံစားရတာဘဲ။ ကထိန် ခင်းတယ်ဆိုတဲ့ စကားပင်လျှင် ရဟန်းတော်များသည် ကထိန်လျှာ သင်္ကန်းကို ယူ၍ သိမ်ထဲသို့ ဝင်၍ ဉတ်ကမ္မဝါ စာရွတ်ပြီးလျှင် ဝိနည်းကံနှင့်အညီ ဆိုင်ရာရဟန်းကိုခင်းကျင်းအပ်နှင်းရတဲ့ အချက်က ထွက်ပေါ်လာတဲ့ အခေါ်အဝေါ်အသုံးအနှုန်းဘဲ။ လူများက ကထိန်ခင်းရတာ မဟုတ်ဘူး။ ရဟန်းများသာသိမ်ထဲမှာ ကထိန် ခင်းခြင်း ကထိန်ခံခြင်း ဖြစ်တယ်။ လူများကတော့ ရဟန်းများ ကထိန်ခင်းရန် ကထိန်လျှာ သင်္ကန်းကို လှူဒါန်းရုံ လှူဒါန်းရတာ ဘဲ။ ။သို့သော်လဲ ရဟန်းများကထိန်ခင်းရခြင်းသည် လှူဒါယ ကာများ လှူဒါန်းသော ကထိန်လျှာသင်္ကန်းနှင့် ခင်းရခြင်း ဖြစ် သဖြင့် လူများ ကထိန်ခင်းသည်၊ ဥတ်ခင်းသည်လို့ ခေါ်ဝေါ် ပြောဆိုနေကျ အတိုင်း ခေါ်ဝေါ်လျှင်လဲ မှားတယ်လို့ မဆိုရ ပါဘူး။ သဘာဝဓမ္မကို ကျနရုံသိလျှင် တော်ပါပြီ။ ပဉ္စန္နံ သဟ ဓမ္မိကာနံ ဝါ-လို့ ကျမ်းဂန်မှာ ဆိုသည့်အတိုင်း လှူဒါယကာတို့ ကထိန်လှူမှသာ မဟုတ် သာမဏေများ၊ ရဟန်းအချင်းချင်း လှူဒါန်းတဲ့ ကထိန်လျှာသင်္ကန်းနှင့်လဲ ကထိန်ခင်းကောင်းတာ ကိုး။ ကထိန်၏ အစီအမံ အခြံအရံ ကြိယာ အကြောင်းအရာတွေ များစွာ ရှိသပနော်။ ဝိနည်းကျမ်းဂန် များကိုလေ့လာ လိုက် စားမှ အလုံးစုံ နားလည်ကြမည်။ ဤကထိန် တရားမှာတော့ အလုံးစုံ အကုန် မပြသာဘူး။ အကုန် ဖော်ပြနေလျှင်- ဤ ကထိန်တရား တပုဒ်နှင့်ပင် စာတအုပ် မက ဖြစ်သွားလိမ့်မယ်။ သိသင့်သိထိုက်တဲ့ လိုရင်း အချက်လောက်ကိုသာ ပြဆိုရမှာဘဲ၊ ကထိန်ဒကာ ကထိန် အမများမှာတော့ လိုရင်းအချက်လောက် ကိုသာ သိရှိထားလျှင် တော်လောက်ပါပြီ။ အလုံးစုံ အကုန်သိ

ပြောဘွယ်ရာရှိမလဲ၊ မသိအပ်တဲ့ တရားလို့ လားလားမှ မရှိဘူးပေါ့။

---

**ရဟန်းတော်များ ခံစားရရှိသော ကထိန်အကျိုးငါးပါး**

ကထိန် ခံရသော ရဟန်းတော်များမှာ တပေါင်းလပြည့်နေ့အထိ ငါးလအတွင်းမှာ ကထိန် အာနိသင် ခေါ်တဲ့ ကထိန် အကျိုး ငါးပါးကို ခံစားရရှိတယ်။ ။ဘယ်အကျိုး ငါးပါးလဲ ဆိုတော့ အနာမန္တစာရတပါး၊အသမာဒါနစာရ တပါး၊ဂဏဘောဇနတပါး၊ ယာဝဒတ္ထစီဝရ တပါး၊ ယောစ တတ္ထ စီဝ ရုပ္ပါဒ တပါးလို့ ငါးပါးတဲ့။

ထိုငါးပါးတို့တွင် ရဟန်းတို့ ထုံးစံမှာ ဆွမ်းစား ပင့်ဖိတ်ပြီးသော ရဟန်းသည် နံနက်အခါ ညချမ်းအခါတို့၌ ဒါယကာတို့အိမ်သို့ သွားလိုပါလျှင် ရဟန်းချင်း ပန်ကြားပြီးမှ သွားရတယ်။ မပန်ကြားဘဲ သွားလျှင် ဒုက္ကဋ်အာပတ်, ပါစိတ်အာပတ် ထိုက်သင့်ရာ သင့်တယ်။ ကထိန်ခံပြီးတဲ့ ရဟန်းမှာတော့ မပန်ကြားဘဲ သွားပေမဲ့ အာပတ်မသင့်ဘဲ သွားချင်သလို သွားရတယ်၊ အဲဒါ အနာမန္တစာရ အကျိုးတဲ့။ ။တိစီဝရိက်ဆောင်ရတဲ့ ရဟန်းတို့မှာ သင်္ကန်း သုံးထည်နှင့် ညဉ့်ကင်း၍ နေပါလျှင် နိဿဂ္ဂိပါစိတ်အာပတ် သင့်တယ်။ ကထိန်ခံရတဲ့ ရဟန်းမှာတော့ တိစီဝရိက် ညဉ့်ကင်းပေမဲ့ အာပတ်မသင့်ဘူး။ နေချင်သလို နေရတယ်၊ အဲဒါ အသမာဒါနစာရ အကျိုးတဲ့။ ။ရဟန်း များမှာ ထမင်းစားကြွပါ။ ဆိထမင်း ဘုဉ်းပေးတော်မူပါလို့ မအပ်သော ဝေါဟာရနှင့် ပင့်ဖိတ်လျှင် မစားကောင်းဘူး။ ကထိန်ခံရတဲ့ ရဟန်းမှာတော့ ထိုသို့မအပ်သော ဝေါဟာရဖြင့် ပင့်ဖိတ်သော်လဲ စားကောင်းတယ်၊အဲဒါ ဂဏဘောဇဉ် အကျိုးတဲ့။ ။သင်္ကန်းပရိက္ခရာများကို ဆယ်ရက်အတွင်းမှာ အဓိဋ္ဌာန် ဝိကပ္ပနာ တင်ရတဲ့ ထုံးစံရှိတယ်။ ဆယ်ရက်ကကျော်လွန်၍ ထားလျှင် နိဿဂ္ဂိပါစိတ် အာပတ် သင့်တယ်။

ကထိန်ခံရတဲ့ ရဟန်းမှာတော့ ဆယ်ရက်က ကျော်လွန်အောင် ထားသော်လဲ အာပတ်မသင့်ဘူးတဲ့။ အဲဒါဟာ ယာဝဒတ္ထ စီဝရ အကျိုးလို့ ခေါ်တယ်။ ။ကထိန်ခင်းပြီးသည့် နောက် တပေါင်း လပြည့်နေ့သို့ တိုင်ရောက်အောင် ၎င်းကျောင်းတိုက် အာရာမ် အတွင်းမှာ ဖြစ်ပေါ်လာသမျှ သင်္ဃိက ပိတ်ဖျင်သင်္ကန်းဟူသမျှ ကထိန်ခံရသော ရဟန်းသာ ပိုင်ဆိုင်တော့တာဘဲ။ သင်္ဃိက ဆိုပေမဲ့ အခြားရဟန်းများ မပိုင်ဆိုင်တော့ဘူး။ အဲဒါဟာ ယော စ တတ္ထ စီဝရုပ္ပါဒ အကျိုးခေါ်တယ်။ အဲသည်လို ကထိန်ခံတဲ့ ရဟန်းများမှာ အကျိုး ငါးပါး ရှိပါတယ်တဲ့။

---

**ရဟန်းတို့ရရှိသော ကထိန်အကျိုး ၅-ပါး ဂါထာ**

**အနာမန္တစာရော သမာ၊**
**ဒါနဥ္စ ဂဏဘောဇနံ။**
**ယာဝဒတ္ထ စီဝရော ၊**
**ယော စ တတ္ထ စီဝရုပ္ပါဒေါ။**
**ပဉ္စာနိသံသေ လဗ္ဘန္တိ၊**
**ဘိက္ခူ အတ္ထတ ကထိနာ။**

အနာမန္တစာရော၊ မပန်မကြား၊ မလျှောက်ထားဘဲ၊ သွားချင်တိုင်းသွားရသော အနာမန္တစာရ အကျိုးငှင်း။ အသမာဒါနံ၊ တိစီဝရိက်နှင့် ညဥ့်ကင်းသော်လဲ အာပတ်သင့်ခြင်း မရှိသော အသမာဒါနစာရအကျိုးငှင်း။ ဂဏဘောဇနံ၊ ထမင်းစားပါ၊ ခံအပ်ထာဖြင့်၊ ပင့်လာလေဘိ၊ လိုက်စားမိသော်လဲ၊ အာပတ်သင့်ခြင်း မရှိသော ဂဏဘောဇဥ်အကျိုးငှင်း။ ယာဝဒတ္ထ စီဝရောစ၊ အဓိဋ္ဌာန် ဝိကပ္ပနာမပြုပါဘဲ၊ ဆယ်ဖြာရက်ရှိ၊ လွန်လေဘိသော်လဲ၊ အာပတ်သင့်ခြင်းမရှိသောယာဝဒတ္ထစီဝရ အကျိုးငှင်း။ ယောစ တတ္ထစီဝရုပ္ပါဒေါ၊ ကျောင်းတိုက် တွင်းမှာ ဖြစ်ပေါ်လာသည့်၊ ပိတ်လျှာသင်္ကန်း ဟူသမျှ၊ မိမိသာ ပိုင်ဆိုင်ရသည့် ယောစ တတ္ထ စီဝ ရုပ္ပါဒ အကျိုးငှင်း။ ပဉ္စာနိသံသေ၊

ကောင်းမြတ်ထူးခြား ၊ ဤအကျိုး ငါးပါးကို၊ အတ္တတကထိန၁၊ တသိရ်လျှံလျှံ၊ ကထိန်ခံ၍၊ အမှန်လုံးစုံ၊ ခင်းအပ်ပြီးသော ကထိန် ရှိကုန်သော။ ဘိက္ခူ၊ အလွှမ်းအကျော်။ ရဟန်းတော် တို့သည်။ လဗ္ဘန္တိ၊ အမှန်ဟုတ်စွ၊ မပၢတ်ရဘဲ မုချ ရရှိလေကုန်သတည်း။

**မှတ်ချက်။** ။ကထိန်သင်္ကန်းဟာ သာမညသင်္ကန်းနှင့်မတူ၊ နမူထူးခြား ပြီး အထူးအားဖြင့် မြင့်မြတ်တယ်ဆိုတာ၊ လွန်စွာသိသာတာဘဲနော်။ ဤအကျိုး ငါးပါးကို၊ ကထိန်သင်္ကန်း၏ အစွမ်းအာနုဘော်ကြောင့် ရရှိတာကိုး။ သာမည သင်္ကန်းကတော့၊ ဤကထိန်အကျိုးငါးပါးကို မရရှိဘဲကလား၊ ကထိန်သင်္ကန်း လောက်မမြတ်ဘူးလို့ ဆိုရမှာပေါ့။

ကထိန်ခံရတဲ့ ရဟန်းများမှာ ခံစားရရှိတဲ့ အကျိုး ငါးပါး ကိုတော့ သိရပါပြီ၊ ကထိန်လျှာသင်္ကန်းလှူရတဲ့ သူများတော့ ဘယ်လိုအကျိုးများကို ခံစားရရှိပါ သလဲလို့ဆိုတော့ ရဟန်း တော်များ အကျိုး ငါးပါးကို ခံစားရခြင်းသည် ကထိန်လှူသူ ရှိပေလို့သာ ခံစားရခြင်း ဖြစ်တယ်။ ကထိန်လှူသူ မရှိပါလျှင် ကထိန်မခင်းရလို့ ကထိန်အကျိုး ငါးပါးကို ရဟန်းတော်များ ခံစားရတော့မှာမဟုတ်ဘူး၊ အဲသည်တော့ ကထိန်လှူတဲ့ ကထိန် ဒကာဟာ မူလဘူတ လိုရင်းပဓာနကြီး ဖြစ်တယ်ဆိုတာ လွန် စွာ ထင်ရှား တာပေါ့။ မိမိက လှူလိုက်သော ကထိန်သင်္ကန်း အတွက်အဖျားဖြစ်တဲ့ ရဟန်းတော်များမှာတောင် အကျိုး ငါး ပါး ခံစားရသေး တာဘဲ။ အရင်းမူလဖြစ်တဲ့ ကထိန် ဒကာမှာ တော့ ပြောဘွယ်ရာမရှိတော့ဘူး။ အတိုင်းထက်အလွန် အကျိုး အနန္တ မဟာဖ္ဖလ ခံစား ရရှိရလိမ့်မယ် ဆိုတာ လွန်စွာထင်ရှား တော့တယ်။ ဘုရားရှင် ပညတ်တော်မူတဲ့ သိက္ခာပုဒ် တော်ဟာ လွန်စွာ တန်ခိုးထက်တယ်။ သိကြား ဗြဟ္မာ ရှင်သာရိ ပုတ္တရာ ကိုယ်တော် မြတ်ကြီး တောင်မှ မနုတ်ပယ် နိုင်ဘူး၊ အဲသည် လောက် တန်ခိုးထက်တဲ့ သိက္ခာပုဒ်တော်ကို ကထိန် ဒကာက နုတ်ပယ်နိုင်သဖြင့် ကထိန်ဒကာသည် သိကြား ဗြဟ္မာ ရှင်သာရိ ပုတ္တရာ ကိုယ်တော်မြတ်ကြီး တို့ထက်တောင် အာဏာစူးရှနေ

သလိုဖြစ်တယ်။ အာဂဏာ စူးရှပါယ်လို့ ဆိုချင်လျှင်ဆိုနိုင်ပါယ်။ သိက္ခာပုဒ်တော်ကို နုတ်ပယ်နိုင်တယ်ဆိုတာက ခါတိုင်း သင့်ရောက်ရမဲ့ ဒုက္ကဋ်အာပတ်၊ ပါစိတ် အာပတ်များမှ ကထိန်ခံတဲ့ ကိုယ်တော်များအပေါ်မှာ မသင့်ရအောင် ချမ်းသာ ပေးတော်မူပါ ဘုရားလို့ ဘုရားရှင်ကို ကထိန်ဒကာက ခွင့်တောင်းပေးလိုက်တယ်။ နုတ်သိမ်းရန်တောင်းပန် ပေးလိုက်တယ်လို့ ဆိုလိုတယ်။ သည်အာပတ်တွေမှ လွတ်ကင်းအောင် တောင်းပန်ပြီး ခွင့်တောင်း ပေးနိုင်တာဟာ ကထိန်ဒကာ တဦးတည်းသာ ရှိတယ်၊ ဘယ်သူမှမတတ်နိုင်ဘူး။ ကထိန်သင်္ကန်းအတွက်ကြောင့်သာ သည်အာပတ်တွေမှလွတ်ထာကိုး။ အခြားနည်းဖြင့် သည်အာပတ်တွေ မသင့်အောင် ဘယ်နည်းနှင့်မှ မရှောင်နိုင် ဘဲကလား။ ဘုရားရှင်က သည်အမှုကို ပြုလျှင် သည်အာပတ်သင့်စေလို့ ပညတ်တော် မူချက်အတိုင်း သင့်ရတော့မှာ အမှန်ဘဲ။ အခုတော့ကထိန်သင်္ကန်း၏ သတ္တိကြောင့် ထိုအမှုကို ပြုသော်လဲ ထိုအာပတ် မသင့်တော့ဘူး။ ဘယ်လောက် အကျိုးထူးမယ် ဆိုတာကို စဉ်းစား၍သာ ကြည့်ကြ လေတော့။ သည်အဓိပ္ပါယ်ကို ရေလည်အောင် နားထောင်ကြနော်။ ကျေးဇူးရှင်မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး အထူး ကြိုးစည် ဟောကြားတော်မူတဲ့ အဓိပ္ပါယ်ဖြစ်တယ်။ ။သိမ်မွေ့ လျှို့ဝှက်မှတ်သားချက် အလွန်ကောင်းတဲ့အဓိပ္ပါယ်ကလား။ ကထိန်ခံတဲ့ရဟန်းများ၏ အကျိုးငါးပါးကိုသာ သိသူများပြီး ကထိန်ဒကာ၏ အကျိုးငါးပါးကိုတော့ နှိုက်ချွတ်ခါ သိသူ အတော်ရှားသတဲ့။ ကြိုးစား၍ မှတ်သားကြ။ အကျိုးငါးပါးကို တခုစီ တခုစီခွဲခြား၍ ပြလိုက်အုံးမယ်။ (၁) ကထိန် သင်္ကန်း၏ အစွမ်းသတ္တိကြောင့် ကထိန်ခံရသော ရဟန်းမှာ မပန်မကြားဘဲ သွားချင်တိုင်း သွားရ၊ ဒုက္ကဋ်အာပတ်၊ ပါစိတ်အာပတ်တို့မှကင်းလွတ်ရသောကြောင့်ကထိန်ဒကာမှာလဲ မိမိအပေါ်မှ အအုပ်အချုပ် အဆီးအတား မရှိဘဲ သွားချင်တိုင်း သွားရ၊ နေချင်သလိုနေရ၊ ချောင်ချောင် ချိချိ နေ

ထိုင်ရပြီး မင်းဒဏ် စိုးဒဏ် အမျိုးမျိုးသောဘေးဒဏ်တို့မှ အမှန်လွတ်ကင်းရတယ်တဲ့။ (၂) တိစီဝရိက်နှင့် ညစ်ကင်း သော်လဲအာပတ်သင့်ခြင်းမရှိအောင်လုပ်ရသည့်အတွက်ကြောင့် ကထိန်ဒကာမှာလဲ သွားလေရာ လာလေရာမှာ ဝန်ထုပ်ဝန်ပိုး မပါဘဲပေါ့ပါးစွာ သွားလာရပြီး လေးလံလှတဲ့ ခန္ဓာဝန်ထုပ်ကြီးကိုလဲအဟုတ်ပစ်ချ၊ နိဗ္ဗာန်သို့ ဝင်ရတယ်။ ဒဏ်အမျိုးမျိုးမှလဲ လွတ်ကင်းတယ်။ (၃) ဆွမ်းကိုစားချင်တိုင်း စားရအောင် အာပတ်မသင့်အောင် ပြုလုပ်ရသည့် အတွက်ကြောင့် ကထိန်ဒကာမှာလဲစားဘွယ် သောက်ဘွယ် ခဲဘွယ်ဘောဇဉ် ပေါများပြီး နတ်ဩဇာ များကိုပင် ရရှိနိုင်တယ်။ အဆိပ်ကိုပင် စားမိသော်လဲအစာကြေပြီး အဆိပ်မတက်နိုင်ဘူး' ကျောက်ခဲကြီးကို မျိုသော်လဲ ကြေညက်နိုင်တယ်။ ဘေးဒဏ် အမျိုးမျိုးမှလဲ လွတ်ကင်းရတယ်။ (၄)သင်္ကန်းပရိက္ခရာများကို အဓိဋ္ဌာန် ဝိကပ္ပနာ မပြုဘဲမုံဗောလအော သုံးချင်တိုင်းသုံးရအောင် ပြုလုပ်ရသည့်အတွက်ကြောင့် ကထိန်ဒကာမှာလဲ အဝတ်အထည် အမျိုးမျိုးပေါများတယ်၊ ဘေးဒဏ်များစွာမှလဲလွတ်ကင်းတယ်။ (၅)မိမိကျောင်းတိုက်တွင်းမှာ ဖြစ်ပေါ်လာသမျှသင်္ကန်းများကိုကထိန်ခံရသောရဟန်းတဦးတည်းသာ ပိုင်ဆိုင်ရပြီး၊ အခြားရဟန်းများမှာ ထိုရဟန်းက ခွဲဝေပေးမှ ရကြရ၊ မပေးလျှင် အနည်းငယ်မှ မရအောင် ပြုလုပ်ရသည့် အတွက် ကြောင့် ကထိန် ဒကာမှာလဲအဝတ်အထည် ပေါများခြင်း၊ ဇောတိက သူဌေးများ ကဲ့သို့မိမိပစ္စည်းကို အနည်းငယ်မျှ ခိုးဝှက် တိုက်ခိုက်၍ မယူနိုင်ခြင်း၊ မိမိကမပေးပါလျှင် မိတ်ဆွေချည်မျှင်ကလေးတခုကိုမျှသူတပါးတို့ မယူနိုင်ခြင်း ဟူသော အကျိုးများကို ခံစားရတယ်တဲ့။

**မှတ်ချက်။** အားလုံးအကျိုးတွေကို ပေါင်းလိုက်တော့ ချောင်ချောင်ချိချိစိတ်ရှိတိုင်း သွားလာနေထိုင်ရခြင်း၊ ဘေးဒဏ်အမျိုးမျိုးမှ လွတ်ကင်းခြင်း၊ ဝန်ထုပ်မပါ ပေါ့ပါးစွာ သွားလာရခြင်း၊ ခန္ဓာဝန်ကိုပစ်ချ၍ နိဗ္ဗာန်သို့ ဝင်ရခြင်း၊ အစားအသောက် ဘောဇဉ်အာဟာရများခြင်း၊ နတ်ဩဇာကိုပင် ရနိုင်ခြင်း၊

အဆိပ်ကိုပင် ကြေစေနိုင်ခြင်း၊ ပေသီးနှင့်ဝက်သား စသော မသင့်တဲ့အစာများ ရောနှော၍ စားသော်လည်း ဘေးမဖြစ်နိုင်ခြင်း၊ အဝတ်အထည်ပေါများခြင်း၊ မိမိပစ္စည်းကို သူခိုး,သူဝှက် မလုယက်နိုင်ခြင်း၊ ကိုယ်ကမပေးလျှင်၊ မိတ်ဆွေချည်မျှင်ကလေးကိုမှ သူတပါး မယူနိုင်ခြင်း ဟူသော အကျိုးအာနိသင် များစွာတို့ကို ထင်ရှားစွာ ရရှိခံစားရတယ်တဲ့။

---

ကထိန် ဒါကာများ၏ အကျိုးငါးပါး ဂါထာ

(က) သဆန္ဒ ဂမနာ ဒဏ္ဍာ၊
မုစ္စနံ ဘာရခေပနံ။
ဗဟွာဟာရံ ဗဟုဝတ္ထံ၊
ဘောဂေစ အဝိလုပ္ပနံ။

(ခ) ဉာတိ ပဉ္စာနိသံသာနိ၊
သဒ္ဓါ ကထိန ဒါယကာ။
သေဋ္ဌ ပုညာနုရူပေန၊
လဘန္တိ သေဋ္ဌဘာဂိနော။

သဆန္ဒဂမနာ-သဆန္ဒဂမနေန၊အဆီး အတား မရှိပြေးဘဲ၊ သွားလာလိုရာ ချောင်ချိစွာပင် သွားလာနိုင်ခြင်းနှင့်။ ဒဏ္ဍာမုစ္စနံ၊ တွေးမကြံဘို၊ ဘေးဒဏ်တို့မှ၊ မချို့လွတ်ကင်းရခြင်းငှင်း။ ဘာရခေပနံ၊ ဝန်ထုပ်မပေါ၊ ပေါ့ပါးစွာနှင့်၊ ခန္ဓာဝန်ထုပ်၊ အလွန်ပုပ်ကို၊အဟုတ်ပစ်ချရခြင်းငှင်း။ဗဟွာဟာရံ၊ခဲဘွယ်ဘောဇဉ်၊ချိုချဉ်စားစာ၊အစာအာဟာရပေါများခြင်းငှင်း။ဗဟုဝတ္ထံ၊ ခေါမ၊ ရောမ၊ ကောဇ္ဇပ္ပမှုရနှင့်၊ စသည် ခင်းခင်း၊ အဝတ်အထည် ပေါများခြင်းငှင်း။ ဘောဂေ၊ မိမိဥစ္စာ၊ မဟုတ်ပါသည့်၊ရတနာ ရွှေငွေ၊ အထွေထွေ တို့ကို။ အဝိလုပ္ပနံ၊ မလုမယက် မခိုးမဝှက်ဘဲ၊ မတိုက်ဖျက် မယူငင်နိုင်ခြင်းငှင်း။ ဉာတိပဉ္စာနိသံသာနိ၊ ဤသို့ချီးကျူး၊အမျိုးမျိုးမြွက်လေါက်တဲ့အကျိုးထူးငါးပါးကို။သဒ္ဓါ၊မကွါ မမှားအခါခါပွားပြီး၊ သဒ္ဓါတရား ထက်လှကုန်သော။ ကထိန

ဒါယကာ၊ အရှိန် တလျှပ်လျှပ်၊ ကထိန်ကပ်ကြတဲ့၊ အမြတ်ထိပ်ဆောင်း၊ တသိရဖြာတဲ့ ကထိန်ဒါယကာ အပေါင်းတို့သည်။ သေဋ္ဌပုညာနရှုပေန၊ အမျှနဝရတ်၊ အဖူးတပ်ပြီး၊ ထူးမြတ်လှသော ကုသိုလ်ကံ အားလျော်သဖြင့်။ သေဋ္ဌဘာဂိနော၊ အမျှနဝရတ်၊ အဖူးတပ်ပြီး၊ ထူးမြတ်သောအဘို့ရှိကုန်သည် ဖြစ်၍။ လာဘန္တိ၊အလျှံကြွားကြွား၊အမှန်အားဖြင့်၊ခံစားရရှိကြလေကုန်သတည်း။

ဆင်အသိန်း မြင်းအသိန်းစသည် လှူတဲ့ဒါနများ၊အကနိဋ္ဌဘုံတိုင်အောင် ပရိက္ခရာတွေကို ပုံပြီး လှူတဲ့ ဒါနများသည် ကထိန ဒါနကို ၂၆၇-စိတ် စိတ်လို့ တစိတ်မှ မမှီဘူးလို့ သတံဟတ္ထိ သတံအဿာ၊ယာဝ အကနိဋ္ဌ-စသည်ဖြင့် ပါဠိဂါထာတွေကို ရွတ်ပြီး ဟောလေ့ပြောလေ့လဲ ရှိကြတယ်။ ထိုဂါထာ စကားတွေဟာ သင်္ဂါယနာ၀င်တဲ့ ကျမ်းကြီး ကျမ်းခိုင်များမှလာတဲ့ ဂါထာပါဠိတော်မဟုတ်ဘူး၊ဇင်းမယ်ပဏ္ဏာသစသောလောကီကျမ်းမှာလာတဲ့ စကား ဖြစ်တယ်။ ။သို့သော်လဲ ထူးမြတ်တဲ့ ကုသိုလ်ကြီး ဖြစ်သဖြင့် ချီးကျူး၍ မကုန်နိုင်သောကြောင့် ထို စကားတွေကိုလဲ၊ မှားတယ်လို့ မဆိုရဘူးပေါ့နော်၊ကထိန်စ၍ ပေါ်လာရခြင်း အတ္ထုပ္ပတ္တိကတော့ ဘဒ္ဒဝဂ္ဂီ နောင်ညီ သုံးကျိပ်တို့ကို အကြောင်းပြုပြီး ခွင့်ပြုပညတ်တော်မူသဖြင့် ကထိန်ရယ်လို့ ဖြစ်ပေါ်လာရတာကိုး။ဘဒ္ဒဝဂ္ဂီ နောင်ညီ သုံးကျိပ်သော ရဟန်းတော်များသည် ဝါဆိုဦးအခါ ဘုရားရှင် အထံသို့ ဖူးမျှော်ကန်တော့ကြရန် ပါဝါပြည်မှ သာဝတ္ထိပြည်သို့ လာကြသတဲ့။ ဝါဆိုရန်နီးကပ်လှပြီဖြစ်၍ ဘုရားရှင်ထံသို့ ရောက်အောင်မလာနိုင်ကြဘဲ လမ်းမှာ သာကေတမြို့မှာပင် ဘုရားရှင်ကို ဖူးမြင်လိုသော ဆန္ဒနှင့်—လွမ်းဆွတ် တ,သ လျက်သာ ဝါဆို၍ နေကြရတယ်။

ဝါကျွတ်တဲ့အခါ သာကေတပြည်ကလာကြတော့မိုဃ်းကြီးသည်းထန်စွာ ရွာသဖြင့် ပရိက္ခရာ သင်္ကန်းတွေစိုရွဲ၊ ရွှံ့ညွှန် အညစ်

အကြေးတွေလူးလဲပြီး ဆင်းရဲပင်ပန်းစွာ လာခဲ့ကြရတာကို။ ။ဘုရားရှင်အထံသို့ရောက်တော့ ထိုအခြင်းအရာကိုမြင်တော်မူတဲ့အခါ လွန်စွာသနားခြင်းမဟာကရုဏာ ဖြစ်ပြီး ထိုရဟန်းများချမ်းသာစေရန်၊သင်္ကန်း လာဘ်သပ်ပကာ ပေါများစေရန် အရေး ထောက်တွေးတော်မူ၍။ ။အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုဋ္ဌာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ။ ။ဟူ၍ခွင့်ပြု၍ပညတ်တော်မူတယ်။ထိုအခါမှစပြီး သီတင်းကျွတ်လပြည့်ကျော်တရက်နေ့ကစ၍ တန်ဆောင်မုန်းလပြည့်နေ့အထိ ဤတလအတွင်းမှာ ကထိန်ခေတ်ကြီး သင်္ကန်းအလှူပွဲကြီးလို့ ဘုရားရှင် လက်ထက်တော်ကစ၍ ယခုထက်တိုင်အောင် ဖြစ်ပေါ်လာတယ်။ ။ထို ကထိန်ခေတ် တလ အတွင်းမှာ အမြို့မြို့ အရွာရွာမှာပင် ကထိန် ပွဲ၊ဥ တ်ပွဲကြီးတွေ ခင်းကျင်း လှူဒါန်းလေ့ရှိကြတာ များစွာဝမ်းမြောက်ဘို့ ကောင်းပါပေသနော်။

ရဟန်းတော်များမှာလဲ၊သင်္ကန်း လာဘ်သပ်ပကာ ပေါများ' ကထိန်အာနိသင် ငါးပါးကိုလဲရ၊ကထိန်အမများမှာလဲ ထူးမြတ်တဲ့ ကာလဒါန သေဋ္ဌ ပုညကုသိုလ်ကြီးကို ဆည်းပူး ပွားများရသဖြင့် များလှစွာ ဖွံ့ဖြိုး၍၊ အကျိုးအတိုင်း မသိပွားများပါပေတယ်။ ကထိန် ရတနာဟာ၊ ဝတ်ိသာ ပြည်ကြီး စိတ္တလတာ ဉယျာဉ်ထဲမှာ ပွင့်သီးတဲ့၊ အာသာဝတီ နွယ်နီနတ်ပန်းကြီးနှင့် တူသတဲ့။အာသာဝတီ နွယ်နီနတ်ပန်းကြီးသည် အနှစ်တထောင်ကြာခါမှ တခါသာ ပွင့်သီး သကဲ့သို့ ကထိန် အလှူကြီးဟာလဲ နှစ်ပေါင်း တထောင်မက၊ သင်္ချေ သင်္ချာ၊ ကုဋေ ကုဋာကြာပြီး မြတ်စွာဘုရား သာသနာတော် အတွင်းမှာမှ လှူကပ်ရတယ်။ သာသနာတော်အတွင်းမှာလဲ ကထိန်အင်္ဂါနှင့်စုံလင်စွာညီညွတ်ပြီး ဤတလ အတွင်းမှာသာ လှူဒါန်းရတယ်။ နေ့ရက် မရွေးလှူချင်တိုင်းလှူရတဲ့ ဒါနမျိုးမဟုတ်ဘူး။ သို့အတွက် အထူး သာလွန်၍ မြင့်မြတ်ပါတယ်တဲ့။

ဥယျောဇဉ်ဂါထာ ရစနာ

**ယထာ ့ ဝဿ သဟာဿိကာံ၊**
**အာသာဝတိ လတုတ္တမံ။**
**ဒဒေယျုံ ကထိနံ ဒါနံ၊**
**ဒုလ္လဘံ ့ ဗုဒ္ဓ ဝဏ္ဏိတံ။**

ဝဿသဟာဿိကာံ၊ မည္စ်ပြောင်ပြောင်၊ သစ်အခေါင်မို့၊ အနှစ်တထောင်ကြာမှ ပွင့်သီးသော။ အာသာဝတီ လတုတ္တမံ ယထာ၊ အကျော် တစော၊မြော်တော်ဇောနှင့်၊မောကြပါသည်၊ တျာတျာချိသည့်၊အာသာဝတီ နွယ်နီနတ်ပန်းကြီးနှင့် တူသော။ ဒုလ္လဘံ၊ ဘုရားသာသနာ ခေတ်တွင်းမှာမှ၊ ကောင်းစွာလှလှ၊ လှူခွင့်ရသဖြင့်၊အလွန်တရာရခဲလှသော။မုဒ္ဓဝဏ္ဏိတံ၊ဒြဗ်အဖျား၊ မြတ်ဘုရားသည်၊ ထပ်မနားလတ်၊နည်းအဆန်းတို့ဖြင့်၊ ချီးမွမ်း တော်မူအပ်သော။ ကထိနံဒါနံ၊ မည္စ်ဿပ၊ ခေတ်ဘဝတွင်ဖြင့်၊ သစ်လှသည့် သမ္ဘာရှိန်နှင့်၊တနှစ်မှတခါကြိမ်ရတဲ့၊မဟာကထိန် အလှူကြီးကို။ဒဒေယျုံ၊ သဒ္ဒါဖွေးဖြူ၊ အရေးယူ၍။ အလေးတမူ၊ မနှေးကြူပြီး၊ ပေးလှူဆက်ကပ်ကြကုန်ရာသတည်း။

လူသား ဖြစ်သူကို မဆိုထားနှင့် တိရစ္ဆာန် ဖြစ်တဲ့ ကျီး သတ္တဝါကတောင် ကထိန်ခင်းတဲ့ ဝတ္ထုဆန်းကလေး တပုဒ် ထုတ်ပြီး ဟောလိုက်ရအုံးမယ်။

---

# ကထိန်ဒကာ မောင်ကာက ဝတ္ထု

## ကျီးသတ္တဝါက ကထိန်ခင်းခြင်းအကြောင်း

သီဟိုဠ်ကျွန်း-ရောဟန ဇနပုဒ် မဟာဂါမ ရွာကြီး၌တိဿ ဝါပီ အမည်ရှိတဲ့ရေကန်ကြီးတကန် ရှိတယ်တဲ့။ထိုရေကန်ကြီး၏

အောက်ဆင့် ကန်ဘောင်ရိုးမှာ ကျီးအပေါင်းတို့၏ နေရာဖြစ်တဲ့ ညောင်ပင်ကြီးတပင်ရှိသတဲ့။ ။အဲသည်ညောင်ပင်ကြီးမှာ ကျီးဖို ကကောင်ဟာ အသိုက်ပြုကာ နေထိုင်တယ်။

## ကျီးဖိုနှင့်ကျီးမ အကြောင်းဆက်ခန်း။

ထိုကျီးဖိုသည် ထိုထို ဤဤ အရပ်ရပ် အရွာရွာသို့ အစာရှာလှည့်လည်တဲ့အခါ နာဂဒီပ အမည်ရှိတဲ့ ကျွန်းသို့ ရောက်သွားသတဲ့။ ထိုနာဂဒီပကျွန်း၊ နာဂအမည်ရှိတဲ့ ရွာတံခါးအနီးမှာလဲ ထန်းပင်တပင်ရှိတယ်၊ ထိုထန်းပင်မှာ ကျီးမတကောင်ကလဲ နေထိုင်သတဲ့။အဲဒါနှင့် ကျီးဖိုနှင့်ကျီးမ ၂-ဦးတွေ့ကြတဲ့အခါ၊တဦးနှင့် တဦး ကြင်နာပြီး မေတ္တာသွယ်ဆက် ဟူပေါင်းဘက်လျက်၊ မပျက်နှစ်ဝ၊ ဇနီးမောင်နှံ ဖြစ်ကြရောတဲ့။ကျီးဖိုသည် ထိုကျီးမကို မိမိနေရာ တိဿဝါပိရေကန်၏ ကန်ဘောင်ရိုးမှာ ရှိတဲ့ ညောင်ပင်ကြီးသို့ခေါ်ဆောင်၍ အတူတကွ နေထိုင်ကြကယ်။

## ကျီးဖိုက သစ္စာဖေါက်ခြင်း

နောက်အခါတော့ ကျီးဖိုက သစ္စာဖောက်ပြားပြီး နောက်မယားအငယ်အနှောင်း ဆိုသလို အခြား ကျီးမတွေနှင့် အပျော်အပါးလိုက်စားနေသတဲ့။ ကျီးဖိုကလဲလူရိုးလူကောင်းမဟုတ်ဘဲ အပျော်သဲတဲ့ ကျီးဆန်း ကျီးရှုပ်ကြီးကိုး။ သူကလူတွေကိုအားကျပြီး၊ မယားအငယ်အနှောင်းများ ယူလေသလား မပြောတက်ဘူးနော်။

## ကျီးမကလေး ထွက်ပြေးခြင်း

အဲသည်လို ကျီးဖိုက အခြား ကျီးမတွေနှင့် ကျက်စားပျော်ပါးပြီး၊မယား အငယ် အနှောင်း ယူတာကိုသိတော့၊ ဇနီးသည် ကျီးမကလေးမှာ များစွာ မသက်မသာ ဖြစ်ရှာသတဲ့။ ဩော်= ငါ၏ခင်ပွန်းသယ်ကျီးဖိုးဟာ၊လွန်စွာ သစ္စာဖေါက်ပါကလား။ အစ ပထမကတော့၊ အသင်မှ တပါး ဘယ်မယားကိုမှ မယူပါ

ဘူး။ အငယ်အနှောင်းဆိုတာကို စောင်းလို့မှ မကြည့်ပါဘူး။ မောင်၏သစ္စာမဏ္ဍိုင်ဟာ ကျောက်သားကျောက် တိုင်ကြီးကဲ့သို့ ခိုင်ခံ့ပါတယ်။ စိတ်ချ၍သာ လိုက်ခဲ့ပါ၊စိုးရိမ်တော် မမူပါနှင့် မိမိရဲ့လို့-ကန္တကရ အပြောကောင်းလွန်းလေ တော့ သဘော မပြောင်းပေဘူးလို့ မှတ်ထင်ပြီး ခင်မင် ယုံကြည်ကာ လိုက်ပါခဲ့ မိပေတယ်။ အခုတော့ သူက သစ္စာဖေါက်ပြားပြီး နောက် မယားယူတာဟာ ဘယ်မှာကောင်းနိုင်တော့မလဲ။ အသဲစပ်-ကျွဲခတ်ဘာလို နာပါဘိတော့တယ်။ သူနှင့်အတူတူ နေလို့ဖြင့် မဖြစ်တော့ဘူး။ သူကမှ မခင်တော့ဘဲ ငါကလဲ မကြင်နိုင်တော့ ဘူး၊ သူ့မယားတွေနှင့် သူပျော်ပါးနေရစ်စေတော့၊ ငါတော့-ငါ့နေရာသို့ ပြန်တော့မယ်လို့ ဆိုပြီး ကျီးမကလေးသည်ကျီးဖိုကို စိတ်နာတာနှင့် မိမိနေရာနာဂဒိပကျွန်း-နာဂမည်တဲ့ ရွာတံခါး အနီး ထန်းပင်ကြီးသို့ ပြန်သွားသတဲ့။

**န ပဿာမိတိ ဝါဒေါပိ၊**
**အညံ ပိယတရံ တယာ။**
**ဣဒါနိ ဥပဇ္ဈာယေသိ၊**
**ဌာနံ ဂစ္ဆာမိ အတ္တနော။ (ရစနာ)။**

တယာ၊ ခင်စေ့ကြင်စေ ယဉ်ယဉ်နှင့် လှသူမို့၊ အစဉ် ခဏ ခဏ မြင်မဝနိုင်ဘူး၊ သင်နှမ အချစ်ဦးထက်။ ပိယတရံ၊ နှစ်တရာ ခေတ်၊ မေတ္တာရစ်ပြီး၊ မပစ်သကို၊ အချစ်ပိုသော။အညံ၊ တပါး အချော၊ အလကားမပြောပါဘူး၊ အခြားသော မယားကို။ နပဿာမိတိ၊ ခင်တာ့မင်တာ တမင်သာလွန်းလို့၊အစဉ်မခွာ၊ လင်ရတနာက၊မမြင်ပါ-မကြင်ပါဘူးဟူ၍။ဝါဒေါပိ၊ အပေါ်ရံ ရွှေမှုန့်ကြဲ၊အထဲကနွားချေးခံ၊မမှန်သဘော မနောမချိ၊သဘော အို၊ ပြောဆိုပါသော်လည်း။ ဣဒါနိ၊ တမေ မထောက်၊ ဖေ တယောက်က၊ ဒွေဖောက်၍လာ၊ယခုအခါ၌။ဥပဇ္ဈာယံ၊အငယ် အနှောင်း၊ တကယ်မကောင်းလိုက်တာက၊ အကြောင်း မဖွယ်၊

အသောင်း မယားငယ်ကို။ ဧသိ၊ မတော်စရိက်၊ အပျော်လိုက်ပြီး၊ အကြိုက်ရှာမှီး၍ နေပါ၏။ အဟံ၊ မရှင်စရာပ၊ လင်ဖျာပါခဲ့တဲ့ ခင်ကာက အကျွန်ုပ်သည်။ ဒိဌ္ဌနေ၊ မတန်အဘိုး၊ အမှန်ညှိုးလေရဲ့၊ ကံဆိုးသောမိမိ၏။ ဌာနံ၊ မသောမခြင်း တမေဖြင့် ပျင်းလှချည့်၊ နေရင်းဖြစ်တဲ့ အရပ်ဌာနသို့။ ဂစ္ဆာမိ၊ မဟူဘွယ် စံမနိုင်းလေနှင့်၊ အပူသာယ် ယာက်ဖြင့် ရှိင်းလေရဲ့၊ အမြန်မဆိုင်း ပြန်သွားပါတော့အံ့။

အင်း- ကျီးမလေးမှာ နှာခေါင်းယျည်းပွေ့ တွေနေတာပေါ့လေ။ အစပထမကတော့ လင့်ဟာမျက်နှာ တရှာမှတ်၍ တရပ်သို့ လိုက်ခဲ့တယ်ဆိုတဲ့ စကားလို- ကျီးဖိုက ဖြားယောင်း သွေးဆောင်ပြီး အပြော အနှုး ကောင်းတာနှင့် နားယောင်ပြီးလိုက်လာခဲ့မိတာကိုး။

သည်ရောက်ကော့ ကိုးပါသော် ကိုးရာမရောက်၊ ဘုန်းသဇင်ခိုင်ငယ်-သုံးပင်တိုင် မှောက်ပါပေါ့-ဆိုတဲ့စကားလို၊ကျီးဖိုကသစ္စာဖေါက်ပြီး နောက်မယားတွေ ဘာတွေယူနေတော့၊ သူ့ခမြာ ဒုက္ခရောက်နေရှာတာပေါ့။

သည်နေရာမှာတော့ တိရစ္ဆာန်များလဲ လူလိုဘဲနော်၊ သူတို့ကလဲနောက်မယားတွေဘာတွေ ယူလို့ကိုး။ ရယ်စရာမကောင်းဘူးလား၊ကာမတရားဆိုတာ ပုဂ္ဂိုလ်သတ္တဝါ မရွေးသဖြင့် သူတို့လဲ လူလိုဘဲ ပျော်တတ်တယ်ဆိုတာ ဟုတ်ပေမှာဘဲနော်။

**ကျီးဖိုသည် ကျီးမကလေးနောက်သို့ ပူဆွေးစွာနှင့် လိုက်ခန်း**

အဲသည်လို ကျီးမကလေး သူ့နေရပ်သို့ ပြန်သွားတဲ့အခါ ကျန်ရစ်သူ ကျီးဖိုမှာ ဆတ်ဆတ် ဖျတ်ဖျတ် လူးပြီး၊ အထူးလွမ်းဆွတ်၍ နေရစ်သတဲ့။ ချစ်သောသူနှင့် ကွေကွင်းရသော ပိယဝိပ္ပယောဂသောကမီးဖြင့်၊ တညီးညီး တပြောင်ပြောင် တောက်လောင် ပူးဆွေးလျက် လွမ်းဖျားလွမ်းနာ ကျပြီး မအိပ်နိုင် မစားနိုင် တမှိုင်မှိုင် တတွေတွေ နေတော့တယ်။

မိမိ မိုက်မှားပြီး အပျော် လိုက်စားမိတာတွေကို နောင်တ ဟရားရပြီး မယားကြီးကို အများကြီး လွမ်းနေတော့တာပေါ့ လေ။ သူ့စိတ်ကိုသူ မထိန်းနိုင်လို့သာ အပျော်လိုက်နေတာကိုး။ နောက်တွေ့တဲ့ကျီးမတွေကိုအရင်မယားကြီးဖြစ်တဲ့ကျီးမကလေး လောက်တော့ မတွေ့သေးဆက်မှာမှ မဟုတ်ဘဲကလား၊ ချစ်တဲ့ သူ ထွက်သွားတော့ အားကြီးသောက ဖြစ်နေရစ်တာပေါ့။

ကျီးဖိုက သူမရှိလျှင်ဖြင့် ငါဘယ်နည်းနှင့်မှ မနေနိုင်ဘူး၊ သေတာက မြတ်လိမ့်မယ် ထင်တယ်၊ မြန်မြန်လိုက်ပြီး တောင်း ပန်ဝန်ချ၍ခေါ်ရတော့မှာဘဲ။ ဟကတဲ့သွားရက်လေခြင်း၊ ခွဲရက် လေခြင်း ငါ့ကိုပစ်လို့မှ ထားရက်လေခြင်းလို့ ဝမ်းတွင်းကမကျေ မချမ်းနှင့် သေကမန်း ပူဆွေးလျက် ကျီးမကလေး နောက်သို့ အပြေး လိုက်သွားတယ်တဲ့။

**ပိယေန ဝိပ္ပယောဂေန၊**
**သောကာတုရော တိဒုက္ခိတော။**
**ကာကော သော သရစိတ္တေန၊**
**ဂစ္ဆတေ တာယ သန္တိကံ။ (ရစနာ)။**

ပိယေန၊ အသက်တမျှ ချစ်ခင်လှသည့် ဟုယပိုက်ထွေး၊ ဇနီး သယ်ကျီးမကလေးနှင့်။ ဝိပ္ပယောဂေန၊ အသဲနာနာ မလွဲသာဘဲ၊ ခွဲခွာ ကွေကွင်း ရလေသောကြောင့်။ သောကာတုရော၊ လွမ်း ဖျား လွမ်းနာ၊ မချမ်းသာဘဲ၊ လွန်စွာညှိုးမှိန်၊ ခိုးအရှိန်နှင့်၊ စိုးရိမ်ပူဆွေး၍ နေသော။ အတိဒုက္ခိတော၊ အပြင်းအကဲ လွန် ညှဉ်းဆဲပြီး ဆင်းရဲဒုက္ခရောက်၍ နေသော။ သော ကာကော၊ ထိုမယား အတွက် အစားပျက်ပြီး ရတက်ပူဆွေး ခင်ပွန်းသယ် ကျီးကလေးသည်။ သရစိတ္တေန၊ အလွန်တမ်းတ၊ မချမ်းမြဘဲ၊ လွမ်းစခွေယိုင်၊ တတွေတွေမှိုင်ပြီး မနေနိုင်အောင် လွမ်းဆွတ် လှသဖြင့်။ တာယ၊ ကိုယ့်ပုယု ကျီးကျီး ဆူဆူငြီးအောင် မီးမကမေ့ ကျီးမကလေး၏။ သန္တိကံ၊ လူသိသူသိ အပူမိတာကြောင့် တမ်

ကညာနတ် ရှိရာအရပ်သို့။ ဂန္ဓဝေ၊ အပူမီးဟုံက် တညီးညီး မြိုက်လေတော့၊ မိုက်မှား မသွေ လိုက်သွားလေသတည်း။

အဲသည်လို ကျီးဖိုသည် မီးလိုတမျှ ပူဆွေးလှသော စိတ်ဖြင့် ကျီးမကလေးရှိရာ နာဂဒီပကျွန်းသို့လိုက်လေရာမာတုလဇနပုဒ် သို့ ရောက်လေတယ်။ ရောက်တဲ့တခါ အစားသောက် ပေါရာ ကျောင်းနား ကန်နား သို့ ကပ်မှဘဲလို့ဆိုပြီး ကျောင်းတဲသို့ ပျံ သွားသတဲ့။ ထိုမာတုလဇနပုဒ်ကျောင်းမှာလဲ၊ သင်္ဃာတော်များ သည် ဆွမ်းခံရာမှ ပြန်လာတော် မူကြပြီးလျှင် ဆွမ်းစားဇရပ် မှာ တံမြက်လှည်းခြင်း၊ သောက်ရေ သုံးဆောင်ရေစည်ဖြင်း စသော ဝတ်ကြီးဝတ်ငယ်တို့ ပြုလုပ်၍ နေကြတယ်။ ကျီးဖိုကလဲ အရပ်ဝေးကြီးကပျံသန်း၍လာရသဖြင့်အလွန်တရာဆာလောင် မွတ်သိပ်ပြီး နေတာကိုး၊ ဆွမ်းတွေ့ ကွမ်းတွေကို မြင်ရတဲ့အခါ အလွန်တရာ စားချင်နေတာပေါ့လေ။ကျီးများငှက်များ ဆိုတာ ဆွမ်းကျန် ဟင်းကျန်ပေါရာ ကျောင်းနားကန်နားမှာ စုရုံးတတ် တဲ့ ဓမ္မတာလဲ ရှိတာကိုး။ အဲသည်တော့ ကျီးဖိုက အလွန်တရာ ဆာလောင် မွတ်သိပ်လှသဖြင့် အစာရေစာ စားချင် လှသော ကြောင့် ဆွမ်းစားကျောင်း ဇရပ်၏အနီး ဘစ်ပင်ကြီး တပင် ပေါ်က နေ၍ သင်္ဃာထေရ်ကြီးဖြစ်တဲ့ အကြီးဆုံး မထေရ်ကြီး ကို အောက်ပါအတိုင်း ပြောဆိုသတဲ့။

**စိန္တာသမော အတ္တသောသံ၊**
**အဒ္ဓိကေန သမာပဒါ။**
**တတ္ထာသမော ဟီနလင္ကော၊**
**နတ္ထိ ခုဒ္ဒါသမံ ဒုခံ။**

ဘန္တေ၊ အေးအေးထူးထူး မွေးမွေးကြူးပါတဲ့ ကျေးဇူးဟော် သခင်အရှင်ဘုရားတို့။ စိန္တာသမော၊ ထိုထို ဤဤ အလီလီဖြင့် ဉာဏ်ရည် စားစား အကြံအစည်များ၍ နေခြင်းနှင့် တူသော။ အတ္တသောသံ၊ အသွေး အသား လျော့ပါး ခြောက်ကပ်၊ ပိန်ချုံး

တတ်သော အမှုသည်။ နတ္ထိ၊ လောကအလယ် ပြောပဘွယ်ပင် တကယ်မရှိပါချေ။အဒ္ဓိကောန၊မငြီးအားပြင်း၊ခရီးသွားခြင်းနှင့်။ သမာ၊ နမူဆစရာ၊ တူမျှပါသော။ အပဒါ၊မရွှင်လန်းယခု၊ပင်ပန်း သော အမှုသည်။နတ္ထိ၊လောကအလယ်တွင် တကယ် မရှိပါချေ။ တဏှာ သမော၊ ပမာချင့်မူ တဏှာနှင့် တူသော။ ဟီနလင္ဓော၊ ချက်ခြင်းယခု အရှက်ကင်းသော အမှုသည်။ နတ္ထိ၊ တကယ်တိတိ မဖွယ်ဘိ သောကြောင့် အဘယ်မှာမှ မရှိပါချေ။ ခုဒ္ဒါသမံ၊ မပြတ် ချွတ်ယွင်း ငယ်မွတ်ခြင်းနှင့် တူသော။ ဒုခံ၊ ပြင်းကဲမှုချ ဆင်းရဲ ဒုက္ခသည်။ နတ္ထိ၊ တကယ်တိကိ အလွယ်နှင့် သိပါတော့ အဘယ်မှာမှ မရှိပါချေ။

**တေံ သမ္ဗုံ အဟံ ပဏ္ဍာ၊**
**သန္တော ခုဒ္ဒေန ပိဋ္ဌိတော။**
**ဖလံ ဒါနသ ဇာနေယျုံ၊**
**ဉာတိမန္တာ ဉာဓာဂတော။**

ဘန္တေ၊ သခင်တပါး အရှင်ဘုရားတို့။ အဟံ၊ ဇနီးကိုရွယ်၊ ကျီးသူငယ်ဟု ခရီးသည် အကျွန်ုပ်သည်။ခုဒ္ဒေန၊ကြမ္မာမပြောင်၊ မညှာအောင်လျှင် ဆာလောင် မွတ်သိပ်ခြင်းဖြင့်။ ပိဋ္ဌိတော၊ အတင်း ဒလကြမ်း၊ အပြင်းဖမ်းပြီး၊ ညှဉ်းပန်း နှိပ်စက်အပ်သည် ဖြစ်၍၊တေံ သမ္ဗံ၊ထိုပြင်းကဲကျုံးချုံ၊ ဆင်းရဲ အလုံးစုံသို့။ပဏ္ဍာ၊ တအောက်မေ့မေ့ မဖေါက်တွေ့ပြီး ရောက်၍ နေပါပြီ ဘုရား။ ဒါနသ၊ပေးကမ်းစွန့်ကြဲ မတွန့်ဘဲလျှင် ဝေခွဲမျှတ မြတ်ဒါန၏။ ဖလံ၊သွယ်သွယ်ကြီးပွားအကျိုးတရားကို။ဇာနေယျုံ၊အရှင်များ တို့သည် ထင်ရှားစုံစွာ သိကုန်ရာ၏။ ဉာတိမန္တာ၊ ဤသို့မှန်စွာ၊ မှတ်ထင်ပါ၍။ ဉာဓ၊ ကျောင်းနား ကန်နား အမှန် အားဖြင့်၊ ပုံသွား ကာကပ်၊ ဤအရပ်သို့။ အာဂတော၊ ညှာညှာထောက် ထောက် အစာလောက်လိမ့်မယ်လို့ လာရောက်ပါသည်ဘုရား။

ဤကျီးဖို ဟျှောက်ထားတဲ့ ၂-ဂါထာ၏အဓိပ္ပါယ် အချုပ်ကတော့ အရှင်ဘုရားတို့၊လောကမှာ အကြံဝိတက် များခြင်းနှင့် တူသော သွေးသား ခြောက်ခန်း၊ယိန္ဒမ်း ပိန်ချုံး စေတတ်သော အမှုဟာ ဘယ်မှာမှမရှိပါ၊ အကြံ များနေ တာဟာ လူ အပိန်တတ်ဆုံး ပါဘဲ။ ။ခရီး သွားခြင်း နှင့် တူတဲ့ ပင်ပန်းမှု ဟာလဲ လောကမှာမရှိပါ၊ခရီးသွားတာဟာ လူအပင်ပန်းဆုံးပါဘဲ။ ။ တဏှာ တရားနှင့် တူတဲ့ အရှက် ကင်းခြင်း အမှုဟာလဲ မရှိတော့ပါ၊တဏှာ တရားဟာ အရှက် အကင်းဆုံးပါဘဲ။ ။ငတ်မွတ် ဆာလောင်ခြင်းနှင့် တူတဲ့ ဆင်းရဲ ဒုက္ခလဲ ဘယ်မှာမှမရှိတော့ပါ၊ ငတ်မွတ်တာဟာ ဆင်းရဲ အကြီးဆုံးပါဘဲ။

သို့ဖြစ်သည် အားလျော်စွာ ယခု တပည့်တော်မှာ ခရီးပန်းပြီး၊ ယိန္ဒမ်း ဆာလောင်ကာ အလွန်တရာ ဒုက္ခ ရောက်၍ နေပါတယ်။ဝမ်းထဲမှာ အစာမရှိသဖြင့် တယိယိခွေနွှမ်းပြီး သေကမန်း ဖြစ်၍ နေပါပေါ့။အရှင် ဘုရားများသည် ပေးကမ်း စွန့်ကြဲခြင်း ဒါန တရား၏ အကျိုး အာနိသင်များကို ပိုင်းခြားတိတိ ဧကန် သိလိမ့် မယ်လို့ တပည့်တော် ထင်မှတ်သဖြင့် ကျောင်း နား ကန်နားသို့ ကပ်ပြီး ဤအရပ်သို့ လာခဲ့ပါသည်ဘုရားလို့ အဲ သည်လို ဟျှောက်ထား ပြောဆိုသတဲ့။

အင်း-ကျီးဖိုက ပေမဲ့ စကားအတော် တတ်သနော်။ တပည့် တော်ကို ဆွမ်းကျန်ဟင်းကျန်ကလေးများကို သနားတော်မူပါ ဘုရားလို့ တိုက်ရိုက်မတောင်းဘဲ စွန့်ကြဲပေးကမ်းခြင်း၏ အကျိုး များကို အရှင်ဘုရားများ သိလိမ့်မယ်ထင်လို့ လာခဲ့ ပါသည် ဘုရားလို့ ဟျှောက်ထားသကိုး။

အနို့-ကျီးဖိုက-သည်လိုဘဲ ပါဠိတွေ ဂါထာတွေ ရွတ်ပြီး၊ လူလိုဘဲ ဟျှောက်ထား သလားဆိုတော့၊ သည်လိုမဟုတ်ဘူး နော်၊ကျီးကတော့ သူတို့ဘာသာအတိုင်း သစ်ပင်ပေါ်ကနေပြီး (အာလောက်လောက်-အာလောက်လောက်) နှင့် မြည်နေမှာ

ဘဲ။သင်္ဃာထေရ်ကြီးကသာ ကျီး၏ဘာသာစကားကို နားလည်တာကိုး။

အဲသည်အခါ သင့်ာ မထေရ်ကြီးက သြော်-ကျီးသတ္တဝါဟာ အလွန်တရာ ဆာလောင် မွတ်သိပ်၍ နေရှာ ပါကလား။ အစာရေစာစားချင်ရှာလွန်းလို့တစာစာမြည်အော်၍ နေတယ်၊ ယခု သင်္ဃာတော်များ ဆွမ်းစား၍ ပြီးကြသဖြင့် ဆွမ်းကျန်-ကွမ်းကျန်လဲမရှိတော့ဘူး။ကြံဖန်ပြီး ဤကျီးကိုကျွေးမွေးရတော့မှာဘဲလို့ အဲသည်လို ကြံစည်ပြီးသာမထောငယ် တပါးကိုခေါ်၍ ပုဆိုးနွမ်းကို ကျစ်စေပြီး ဆီဖြင့် ဆွတ်၍ ဆီမီး ညှိထွန်းစေတယ်၊ ကျွမ်းတဲ့အခါ ထိုပြာတို့ကိုကျီးဖိုအားကျွေးစေတယ်တဲ့။ကျီးဖိုမှာ ထိုမီးစာကျွမ်းပြာတို့ကိုစားသောက်ရတဲ့အခါအဆာအလောင်ပျောက်ပြီး၊ တောင့်တင်းအားရှိ၍ သွားတာပေါ့လေ။ ကျီးဖိုက မထေရ်များကို များစွာ ကျေးဇူးတင်ပြီး သြော်-အရှင်ဘုရားတို့ ကျေးဇူးကြောင့် အလူးပင် အားရှိ၍ သွားပေပေါ့။ အစာများကို စားရသဖြင့် အားရဝမ်းသာ တောင့်တင်း အားပြည့်စွာရှိရပေပြီ။အရှင်ဘုရားကို ဘယ်နည်း အားဖြင့်ပြန်၍ ကျေးဇူးဆပ်ရပါမလဲ၊ကနည်းနည်းနှင့် ကြံဖန်ပြီး ကျေးဇူးဆပ်ဖြစ်အောင်ဆပ်မယ်၊ သည် ကျေးဇူးကို ဘယ်အခါမှ မမေ့ပါဘူး၊ ကိုယ်တော်မြတ်များ၏ကျေးဇူးကြောင့်သာငါ့မှာအလိုရှိရာအရပ်သို့မပြတ်သွားနိုင်ခြင်း ဖြစ်တော့မယ်-သို့မဟုတ်ယင်ဖြင့် အစာမရှိတာနှင့် ပြတ်ပြီးမတ်တတ်ကလဲ၍ တခါထဲသေပြီးသွားပါဘဲလို့ အဲသည်လို ကျေးဇူးတကင်တင်နှင့် ကြံစည်ကာ သစ်ပင်ပေါ်က (အာ-လောက်လောက်-အာလောက်လောက်)နှင့် မြည်လျက် အရှင်ဘုရားတို့၊ တပည့်တော် ပြန်လာတဲ့အခါလဲ ဤကျောင်း ရပ်သို့ ဝင်ပါဦးမည် ဘုရားလို့ လျှောက်ထားပြီး သူ၏ ဇာနီး ကျီးမကလေးရှိရာအရပ်သို့ ဆက်လက်ပျံသန်း၍သွားသတဲ့။

ကျီးမကလေးနေတဲ့ နာဂဒီပကျွန်း နာဂရွာ၏ တံခါးအနီးထန်းပင်ကြီးသို့ ရောက်တဲ့အခါ၊ ဇာနီးသက်လျာဖြစ်တဲ့ ကျီးမ

ကလေးကို တွေ့ရှိတယ်၊ တွေ့တဲ့အခါ ကျီးဖိုက လွန်သမျှကိုဝန်ချ တောင်းပန်ပြီး မိမိနောက်သို့ လိုက်ခဲ့ရန် အတန်တန် ခေါ်တာ ပေါ့လေ၊ ကျီးမကလေးကလဲ စိတ်နာတာနှင့် မချော့လာပါနှင့် မပျော့ပါဘူး၊မောင့်နောက်သို့မလိုက်ဝံ့ပါဘူးလို့ ခေါင်းခါပြီး ငြင်းနေတာပေါ့။ နောက်အခါတော့ ကျီးဖိုက ပလီခရာ တီတီ တာတာနှင့် အချော့ကောင်း အပြောကောင်းတာနှင့် အားနာ ပါးနာ သနားကရုဏာ ဖြစ်ပြီး၊ ကျီးမ ကလေးသည် ကျီးဖို၏ နောက်သို့ ကောက်ကောက်ပါအောင် လိုက်ပါလာခဲ့သတဲ့။

ကျီးဖိုးသည် ကျီးမကိုခေါ်ဆောင်၍ မိမိနေရာသို့ပြန်၍လာခဲ့ ရာ၊ အလာတုန်းကရောက်ခဲ့တဲ့ မာတုလ ကျောင်းရပ်သို့ ဝင်ကြ ပြန်တယ်။ မာတုလ ကျောင်းရပ်သို့ ရောက်တဲ့ အခါ၊ သဃ်ာ့ မထေရ်ကြီး၏အနီး သစ်ပင်ကြီး တပင်ပေါ်က နေပြီး၊ မိမိသည် ဇနီးဖြစ်သူကျီးမလေးနှင့် အတူတကွ ဇနီးမောင်နှံနှစ်ဦး အထူး ကြည်လင်စွာ ဤကျောင်းသို့ ကဘန်ပြန်၍ ရောက်ကြ ပြန်ပါပြီ ဘုရားလို့ (အာလောက်လောက် - အာလောက်လောက်)နှင့် မြည်ပြီး လျှောက်ထားသတဲ့။

ထိုအခါ သဃ်ာ့မထေရ်ကြီးကလဲ ဤကျီး လင်မယားပါဘ အရပ်ဝေးကြီးက ပြန်လာ ရှာကြရသည်။ ပင်ပန်း နွမ်းယိကာ အစာရေစာဆာလောင်၍ နေရှာကြလိမ့်မယ်လို့ သနား ကရု ဏာ ဖြစ်ပြီး ရှေးကနည်းအတိုင်း မီးစာကိုကျစ်ပြီး ပြာချကာ ကျွေးတော် မူပြန်သတဲ့။

မီးစာ ပြာများကို စားရတဲ့အခါ၊ ကျီးလင်မယား မှာလဲ အဆာအလောင် ပျောက်ကင်းပြီး၊ အားအင်ဗလ ပြည့်ဖြိုးတင်း သွားတာပေါ့လေ။ ကျောင်းကလဲ ဆွမ်းကွမ်း အဆော်ရှားတဲ့ ကျောင်းနှင့် ဘူပေါရဲ့၊ ကျီးစာ၊ ခွေးစာမှ မကျန်တော့သဖြင့်၊ မီး စာကျစ်ပြီး ပြာချကာကျွေးရတာကိုး။ ထိုအခါမှာလဲ ကျီး လင် မယားက များစွာ ကျေးဇူးတင်ပြီး၊ ဤအ

၉၈၈၆
စာကြည့်တိုက်

ကျေးဇူးပြန်ပြီး ဆပ်ရပါမလဲ၊ အသွားအပြန် အခါခါ အတန်တန် ကျွေးလို့မို့ ကျေးဇူးကြီးလှပါပေသည်။ ကိုယ်တော်များက ကျွေးသဖြင့် စားရသောက်ရ ဝဝတင်းတင်း ရှိပါပေသည်။ သည်ကျေးဇူးကိုဖြင့် အထူးဆပ်ဖြစ်အောင် ဆပ်မည်လို့ ကြံစည်ပြီး၊ ဤအရပ်မှာ ကိုယ်တော်များ သီတင်းသုံးရတာ အလွန်တရာ ဆင်းရဲဟန်တူတယ်၊ သပ္ပါယမျှတော်မှုကြပုံမရဘူး၊ ဆွမ်းကွမ်းများ ရှားပါးလိုက်တာ ကျီးစာ ခွေးစာမှ မကျန်သဖြင့် ငါတို့ကိုကျွေးတာတောင် မီးစာကိုပြာချပြီးကျွေးရတယ်။ ဆွမ်းကွမ်း သည့်လောက်တောင်ရှားပါးတဲ့အရပ်မှာ သီတင်းသုံးဘို့ မတော်ပါဘူး၊ ကိုယ်တော်များကို ဆွမ်းကွမ်းပေါရာ သပ္ပါယမျှတရာအရပ်သို့ ပင့်ဆောင်၍ သွားမှဘဲလို့ အဲသည်လို ကြံစည်ပြီး ကျီးဖိုက အောက်ပါ (၃) ဂါထာ တို့ဖြင့် မြည်ကြွေးကာ ပင့်လျှောက်သတဲ့။

---

(ကျီးဖို၏ ပစ္စည်း ၄-ပါး ဒါယကာ ပင့်ဖိတ်သော ဂါထာ)

(က) မာ ဓင်္ကော စပလော ဓောသ၊
တိရစ္ဆာန ဂတောတိ ဝါ။
မညိတဗ္ဗော သဒါ ဘန္တေ၊
ယုတ္တံ ဥတ္တာဝ ဂါဟယ။

ဘန္တေ၊ ပရိက္ခရာပြင် သိက္ခာတင်သည့် သခင်အများ အရှင်ဘုရားတို့။ ဓောသ ဓင်္ကော၊ အရှည်မကြီး အဆီနည်းတဲ့ ဤကျီးသတ္တဝါတို့ မည်သည့်ကား။ စပလောတိဝါ၊ လျှပ်ပေါ်လော်လီ၊ မတည်ကြည်တတ်သည့် ဟူ၍ဎင်း။ တိရစ္ဆာနဂတောတိဝါ၊ မဖိတ်မလျှံ အဟိတ်မှန်တဲ့ တိရစ္ဆာန်ဖြစ်သည့် ဟူ၍ဎင်း။ သဒါ၊ အခါခပ်သိမ်း မပြတ်မငြိမ်း။ မာ မညိတဗ္ဗော၊ အမြင်မလေး တမင်တွေးပြီးတော့ အထင်တော် မသေးလိုက်ပါနှင့်။ ယုတ္တံ၊ ရှေ့ရေး နောက်ရေး ထောက်တွေး မြော်ချင့် လျော်သဖြင့်လျှင်

သင့်လောက်သော အချက်ကို။ ဥတ္တာဝ၊ ကောန်အလျော်၊ ရွှေ ဉာဏ်တော်ဖြင့် ထောက်မြော်ကြည့်နည်း သိရှိပြီး၍သာလျှင်။ ဂါဟာယ၊ သူလျော်မလျော် မှုမချော်ဘဲ ယူတော်မူပါဘုရား။

(၁) ဂဏှန္တိ မဏိံ မိဋ္ဌေဟိ၊
တထာ ကဒ္ဒမေဟုပ္ပလံ။
ဂေါဟိ ဂေါရောစနဋ္ဌေဝ၊
မမ တာပိ သုဘာသိတံ။

မိဋ္ဌေဟိ၊ မရှင်သမို့ တမင် ဆို့လောက်တဲ့ မစင်တို့အထဲမှ။ မဏိံ၊ကြွားကြွားမောက်မောက် ပတ္တမြားကျောက်ကို။ဂဏှန္တိ၊ ထောက်နမူဆ၊ ကောက်ယူကြကုန်၏။ တထာ၊ မချို့အမူ ထို့အတူ။ ကဒ္ဒမေဟိ၊ ရှုံစဘိုဘဲ ညွန်တို့အထဲမှ။ဥပ္ပလံ၊ ပြာခိုလျှမ်းလျှမ်း ကြာညိုပန်းကို။ ဂဏှန္တိ၊ မလွှတ်ဘူးဟု ဆွတ်ခူးယူကြကုန်၏။ ဂေါဟိ။ခြားသမို့ဘဲ နွားတို့အထဲမှ။ဂေါရောစနဋ္ဌေဝ၊ ပြောစရာ တမင်း ဂေါရာ စဉ်းကိုလည်း။ ဂဏှန္တိ။ အဟုတ် နမူပြ၊ ထုတ်ယူကြကုန်၏။ မမတာပိ၊အယုတ်တမာ၊ စုတ်အချာ ရယ်လို့၊ နုပ်စွာထင်ကြ တပည့်တော် ကျိုး ကာကမှ လည်း။ သုဘာသိတံ၊ အကြောင်းအရာ မစောင်းပါသမို့ ကောင်းစွာ ပင့်လျှောက်တဲ့ စကားကို။ ဂဏှထ၊ ရှေ့ရေး နောက်ရေး တရှောက်အေးရန်ဘို့ ထောက်တွေးကာမှုမချော်သမို့ ယူတော်မူကြပါကုန်ဘုရား။

(၈) ဥပဋ္ဌိဿာမိ ဝေါ ဘန္တေ၊
ယထာသတ္တိ ယထာဗလံ။
မယာ သဟေဝ ဂစ္ဆန္တု၊
မမာနုဂ္ဂဟ ဝုမိယာ။

ဘန္တေ။အသွင်ခြားနားအရှင်ဘုရားတို့။ဝေါ၊ သခင်အများ အရှင်ဘုရားတို့အား။ ယထာသတ္တိ၊ အစွမ်းသတ္တိ ဖြစ်ရှိသည်

အလျောက်။ ယထာဗလံ၊ ခြားသွင်ပြည့်ပြည့် အားအင် ရှိသည့် အလျောက်။ဥပဋ္ဌိသာမိ၊ပစ္စည်း၄-ပါး လှူဘွယ်များဖြင့် တရား ထုတ်ရေး ဆုတ်မနေးဘဲ၊ လုပ်ကျွေးပြုစုပါအံ့။ မယာ၊ အသိ အလျော်ကြည့်မချော်တဲ့ တပည့်တော်ကျိုးကာကနှင့်။သဟော၀၊ ဖြူဖြူ ဆွဆွ အတူတကွ သာလျှင်။ ဂန္တုမ္ပိ၊ မမှချင့်ကာ ကြွသင့်ပါ၏။ မမ၊ သဒ္ဓါအကျော် မမှာမြော်တဲ့ ဒကာတော် ကျိုးကာက၏။ ဝုဍ္ဎိယာ၊ ပစ္စုပ္ပန် သံသရာ၊ ၂-တန်၊ ၂-ဖြာတို့၊ မှန်စွာကြီးပွါးခြင်းငှါ။ အနုဂ္ဂဟာ၊ ဒကာတော် ကျိုးတယောက်ကို အရာရာ ကြီးမြောက်အောင် ချီးမြှောက်တော်မူပါဘုရား။

ဤ(၃)ဂါထာ၏အဓိပ္ပါယ်အချုပ်ကတော့-ဒကာတော်ကျိုးကာက၏ လျှောက်ချက် စကားကို ရွှေနား ပန်ဆင်တော် မူပါဘုရား။ ဤသတ္တဝါမျိုးသည်ကား၊ လျှပ်ပေါ် လော်လီ မတည်ကြည်သောစိတ်ရှိသည့်အဟိတ်တိရစ္ဆာန်၏ စကားမို့လေးစားမမူသင့်ပြီလို့ အထင်အမြင် သေးပြီး၊ အရေးမယူ မရှိပါနှင့်။ တိရစ္ဆာန်၏ စကားဖြစ်ပေမဲ့ ယုတ္တိရှိသင့်မရှိသင့်ကို ထောက်ချင့်ဆင်ခြင်၍ သင့်လောက်သည်ထင်မှ ယူတော်မူကြပါ။

လောကမှာ မစင်ထဲက ပတ္တမြားကို ရေများနှင့် ဆေးပြီး ယူကြရပါသည်။ ညွန်ထဲက ကြာညိုပန်းကိုလဲ တမ်းတသော အာသာနှင့် ညွန်ကို ရေဆေးကာ ဆွတ်ခူး၍ ယူကြပါသည်။ ဂေါရောစဉ်းဆိုတဲ့ အဘိုးထိုက် အမြုတေခဲကိုလဲ နွားထဲကထုတ် ယူကြပါသည်။ တည်ရာဝတ္ထု ယုတ်တာ မြတ်တာကို ပမာဏ မပြုကြပါ၊ လိုချင်တဲ့ ပစ္စည်းက အများကြီးအဘိုးတန်လှသဖြင့် အညစ်အကြေးကိုသုတ်သင်ပြီး အဟုတ်ပင် ယူကြလေသကဲ့သို့၊ မူလ အခြေအဟိတ် မှန်တဲ့ တိရစ္ဆာန်ဘဝ ဒကာတော် ကျိုးကာက၏ ခယ ဝပ်တွား ပင့်လျှောက်ချက် စကားကိုလဲ တရားနှင့် ကိုက်ပါသဖြင့် လိုက်နာ မှတ်ယူတော်မူကြပါ။

ဒကာတော် ကျီးကာကသည် အရှင်ဘုရားများကို ပစ္စည်း ၄-ပါး တို့ဖြင့် တတ်အားသမျှ လုပ်ကျွေးလိုပါသည်၊ တပည့်တော်ကို ချီးမြှောက်သော အားဖြင့် တပည့်တော် ပင့်ရာ အရပ်သို့ တပည့်တော်နှင့် အတူတကွ လိုက်ပါ၍ ကြွတော်မူကြပါ ဘုရားလို့ အဲသည်လို လျှောက်ထား ပင့်ဖိတ်တယ်တဲ့။

အင်း·ကျီးဖို၏လျှောက်ပုံကဖြင့် အပုံချီးမွမ်းဘို့ကောင်းပါပေ သနော်၊ ဥပမာတွေ ဘာတွေ ပြပြီး လှလှကြီး ပင့်လျှောက်လိုက်တာကိုး။ ကျီးဆိုတာ ယုတ်မာတဲ့ သတ္တဝါ ဖြစ်တယ်လို့ သမုတ်ထားကြတာကိုး။ ကျီးများမှာ အယုတ်တရား ၁၀-ပါး ရှိတယ်လို့ ဘုရားရှင်ကပင် ဒသက်တွဲ့ရုံမှာ ဟောတော်မူချက် ရှိတယ်။ လူမုန်း များလှသဖြင့် မကန်းဘဲနှင့်တောင် အကောင် မိုက်ကန်းကလေးလို့ ခေါ်သကဲ့သို့၊ကျီးကန်းကျီးကန်းနှင့်ခေါ်နေကြသေးတာကလား။ ဒါကြောင့်မို့ ကျီးဖိုက သူ့စကားကို အရှင်မြတ်များက လေးစားမှု အရေးမယူဘဲ နေမှာစိုးသဖြင့် မစင်ထဲက ပတ္တမြားကို မစင်ကို ရေဆေးကာယူကြပုံတွေ ဘာတွေကိုဥပမာပြပြီး ပင့်လျှောက်ရရှာတာကိုး။

ကျီးက ပစ္စည်း ၄-ပါးနှင့် သင်္ဃာတော်များကို လုပ်ကျွေးလိုတဲ့ အချက်ဟာလဲအံ့ဩဘွယ်ရာချီးမွမ်းဘွယ်ရာကြီးဘဲနော်။ ဘယ်လိုများ လုပ်ကျွေးမှာပါလိမ့်မလဲလို့ စိတ်ထဲက တွေးမနေကြနှင့်၊လုပ်ကျွေးပုံတွေ အောက်နားမှာ ပါရှိလိမ့်မယ်၊တကယ် ချီးမွမ်းဘို့ ကောင်းတဲ့ ကျီးပါတဲ့။ ။အဲသည်လို ကျီးဖိုက ပင့်လျှောက်တဲ့ အခါ သင်္ဃာ့ မထေရ်ကြီးက ဤကျီး ဒါယကာဟာ ငါတို့ကို ပင့်လျှောက်၍နေပြီ၊ ဤကျောင်းမှာလဲ ဆွမ်းကွမ်း အလှူ ရှားပါးပြီး လားလားမှ သပ္ပါယ မဖျာဘူး။ ငါ့ရှင်များ ဘယ်လို သဘောရကြသလဲ၊ဤကျီး၏ ပင့်ရာ အရပ်သို့လိုက်သွားကြမလားလို့ သင်္ဃာငယ်များကို မေးတော်မူတယ်။ ။သင်္ဃာငယ်များကလဲ မှန်လှပါ ဤကျောင်းမှာ မနေလိုပါ၊ကျီးနောက်

သို့ လိုက်လိုကြပါသည်လို့ လျှောက်ထားကြသဖြင့် အားလုံး သင်္ဃာ ၂၅-ပါးတို့သည် ကျီးဒါယကာ ပင့်ရာ အရပ်သို့ လိုက် သွားကြတယ်။ ကျီးဖိုသည် ထိုသင်္ဃာတော် ၂-ကျိပ် ၅-ပါးတို့ အား မာတုလ ဝိဟာရ ကျောင်းမှ လေးဆယ့်လေးယူဇနာ ကွာ ပေးတဲ့၊ မဟာဂါမ ·ရွာမဏ္ဍလ ဝိဟာရကျောင်းသို့ ကပေါင်း တည်း ပင့်ဆောင်၍ သွားတယ်တဲ့။

တယ်ပြီး အံ့ဩဘို့ ကောင်းပါပေတယ်နော်၊ သင်္ဃာတော် များကလဲ ကျီးတိရစ္ဆာန်ပင့်ရာသို့ လွယ်ကူစွာ လိုက်ပါ၍ သွား တော်မူကြတာပါဘဲကလား၊လူသားများ ပင့်တာကို မဆိုထား ဘိ၊ တိရစ္ဆာန် ပင့်တာတောင် လွယ်ကူစွာ လိုက်ပါတယ်ဆိုတာ မျက်နှာမလိုက် ဘူးဆိုတဲ့ အကြောင်း ကောင်းကောင်းကြီး ထင် ရှားစွာ ပြတဲ့ ယက်သေ သာဓကကြီး တခုပေပေါ့။ ပိုက်ဆံရှိတဲ့ ဒကာက ပင့်မှ လိုက်မယ်။ ဂုဏ်မရှိတဲ့ ဒကာက ပင့်လျှင် မလိုက် ချင်ဘူးဆိုတဲ့သဘောမျိုးများကို နဲနဲမှမထားဘူးဆိုတဲ့ အဓိပ္ပါယ် ပေါ့လေ။ တိရစ္ဆာန်က ပင့်တာတောင် လိုက်တော်မူကြသေး တာကိုး။ ပိုက်ဆံမျက်နှာ ဂုဏ်မျက်နှာ မလိုက်စားဘူး ဆိုတာ ပြောဘွယ်ရာ မရှိအောင် ထင်ရှားနေတာပေါ့။မာတုလ ဝိဟာ ရ ကျောင်းကို ကိုးကွယ်တဲ့ ဒကာ ဒကာမတွေကလဲ အံ့ဩဘို့ ကောင်းလှပါပေရဲ့။ ဆွမ်းကွမ်း မလောက် အောင်ဟာ ဘယ့်နှာကြောင့် သံဃာတော် တွေကို ပစ်ထားပါလိမ့်မလဲ၊ သဒ္ဓါတရား နဲလိုက်ကြတာနော်— ကျီးကတောင် ပင့်ခေါ်၍ သွားရ လောက်အောင် အတော် သဒ္ဓါမိုး ခေါင်တဲ့ သူတွေ ပါဘဲ။ ။အဲသည်လို ကျီးဒါယကာ သည် သင်္ဃာတော် ၂—ကျိပ် ၅—ပါးကို လေးဆယ့် လေး ယူဇနာ ခရီး တိုင်အောင် ပင့်ဆောင်၍ သွားလေရာ လမ်းခရီးမှာ ဆွမ်း ကွမ်း မပင်ပန်း ရအောင် ကျီးက ဆွမ်းကပ် ကွမ်း ကပ်ပြီး သွားသတဲ့။(ကျီးကဆွမ်းကပ်ပုံ)ကျီးကများ ဆွမ်းကပ်ပြီး သွား နိုင်အောင်ဟာ ဘယ်လိုကြံပြီး ဆွမ်းကပ်ပါလိမ့်မလဲလို့ စိတ်ထဲ

အောက်မေ့စရာ ရှိတယ်။ ။ကျီးက ဆွမ်းကပ်ပုံက သည်လိုတဲ့။ သူပင့်လာတဲ့ သင်္ဃာ ၂-ကျိပ် ၅-ပါးကို သင့်လျော်ရာ သစ်ပင်အောက်ဆီ ဘယ်ဆီမှာ သီတင်းသုံးနေစေခဲ့ပြီး သူကတော့ ဟိုမြို့ သည်မြို့ ဟိုရွာ သည်ရွာကို လိုက်လံ ပျံသန်းကာကြည့်ရှုတယ်တဲ့။ ဘယ်ရွာမှာ ဆွမ်းကြီးလောင်းနေသည်၊ ဘယ်မြို့မှာ ဆွမ်း လုပ်ကျွေးနေသည်၊ သယ်အိမ်မှာ ဆွမ်းကပ်နေသည်လို့ လှည့်လည်ပျံသန်းကာ ကြည့်ရှုပြီး တမြို့မြို့ တရွာရွာ တအိမ်အိမ်မှာ အလှူတွေ့ခဲ့ပါလျှင် ကဗျာကရာ ကိုယ်တော်များထံ ပြန်ပြေးပြီး၊အရှင်ဘုရားတို့၊ဤခရီး, ဤလမ်းသို့ကြွတော်မူပါ၊ ဟိုရွာ, ဟိုမြို့ကြီးမှာ အလှူကြီးပေး၍ နေပါသည်။ သည်လမ်းက ကြွတော်မူပါလျှင် လွယ်ကူစွာ ဆွမ်းရပါလိမ့်မည်ဘုရားလို့ လျှောက်ထားသတဲ့။

ကိုယ်တော်မြတ် များသည် ကျီး လျှောက်ကြားတဲ့ လမ်းအတိုင်း ကြွသွားပြီး အလှူခံတဲ့အခါ ဆွမ်းများကို လွယ်ကူစွာ ရရှိပြီး မပင်မပန်းဘဲ ချမ်းသာစွာ ဆွမ်းကွမ်းများ မျှတ၍ ကြွတော်မူကြရတယ်တဲ့။ တကယ် ဉာဏ်ကောင်းတဲ့ ကျီးသတ္တဝါပါဘဲနော်။ ကျီးများ ယုတ်မာတယ်ဆိုပေမဲ့ ဤကျီးကလေးကတော့ မ,တထောင် တကောင်ဘွား များစွာ လိမ်မာတဲ့ ကျီးသတ္တဝါ ကလေးပါဘဲ။ အဲသည်လို နည်းဖြင့် ကျီးသတ္တဝါက လမ်းခရီးမှာ ဆွမ်းကပ်ခါဖြင့် ပင့်ဆောင်၍ သွားလေရာ၊ လေးဆဲ့ လေးယူဇနာ ဝေးတဲ့ မဏ္ဍလဝိဟာရ ကျောင်းသို့ ရောက်ရှိတယ်။ ထိုကျောင်းသို့ ရောက်ရှိတဲ့အခါ၊ ကျီးဖိုနှင့်ကျီးမတို့သည် သင်္ဃာတော်များကို ပစ္စည်း ၄-ပါး ဒါယကာ ခံ၍ ဝါတွင်း သုံးလပတ်လုံး ကိုးကွယ်ကြသတဲ့။

## ကျီးလင်မယားက ပစ္စည်း ၄-ပါးဖြင့် လုပ်ကျွေးပုံ

ကျီးတိရစ္ဆာန်ဖြစ်လေတော့ လူများလိုကိုယ်တိုင် ဆွမ်းချက်ပြီး မပို့နိုင်ဘူး ပေါ့လေ။ ပစ္စည်း ၄-ပါးဖြင့် ကိုယ်တိုင်

မထောက်ပံ့နိုင်ရှာကြ ဘူးပေါ့၊ ဘယ်လိုလုပ်ပြီး လုပ်ကျွေးပြုစု ရပါသလဲဆိုလျှင်၊ ယခင်ပင့်ခဲ့စဉ်အခါ လမ်းခရီးမှာ ဆွမ်းကပ်ခဲ့သည့် နည်းအတိုင်း၊ အမြို့မြို့အရွာရွာကို လှည့်လည် ပျံသန်း ကာ ကြည့်ရှုရှာကယ်။ ဘယ်ရွာမှာ အလှူပေးသလဲ၊ ဘယ်မြို့မှာ ဆွမ်းကျွေးသလဲ၊ ဘယ်အိမ်မှာ ဆွမ်းကြီးလောင်းသလဲလို့ အနှံ့ အပြား လိုက်လံ ပျံသန်းပြီး ကြည့်ရှုသတဲ့။ ကျီးဆိုတာ မြို့ ရွာ အနှံ့အပြားလဲ ရောက်နေတာကိုး။ ဆွမ်းကျွေးတရားနာရှိလျှင် သူတို့က အရင် သိသလို ဖြစ်တာကလား။ များစွာ အရပ်နှံ့တဲ့ သတ္တဝါမျိုးဘဲ။ အဲသည်လို ပျံသန်း ကြည့်ရှုကာ ဆွမ်းကျွေး တရားနာကို မတွေ့ တွေ့အောင် ရှာပြီးလျှင် ကိုယ်တော်များ သီတင်းသုံးရာ မဏ္ဍလဝိဟာရ ကျောင်းရပ်သို့ ပျံလာပြီး အရှင် ဘုရားတို့၊ ဤမည်သော အရပ်သို့ကြွ၍ အလှူခံတော်မူကြပါ၊လာ သမျှ သံဃာတို့ကို ကြီးကျယ်စွာ အလှူကြီးပေး၍ နေပါသည် လို့ လျှောက်ထားသတဲ့။ သံဃာတော်များသည် ထိုကျီး ဒါ ယကာ၏ လျှောက်ကြားချက်အတိုင်း သွားရောက်ခံယူတဲ့အခါ ဆွမ်းစသော လှူဘွယ် ဝတ္ထုများကို လွယ်ကူစွာ ရရှိကြတယ်။ အဲသည် နည်းအတိုင်း ကျီးဒါယကာက ပစ္စည်း ၄-ပါးတို့ဖြင့် လှူဒါန်း လုပ်ကျွေးသဖြင့် သံဃာတော် ၂-ကျိပ် ၅-ပါးတို့သည် ဝါတွင်း သုံးလပတ်လုံး ဆွမ်း ကွမ်း ဝဝ သပ္ပါယမျှတ၍ ချမ်း သာစွာ သီတင်းသုံးကြရ တယ်တဲ့။

ပေက္ခိယ ဒါယကော ကာကာ၊
ဝိစရံ ပဗ္ဗေယဟိ တေ။
တံဌာနံ, နိဋ္ဌိဋ္ဌေန ၊
အယျာနံ သမုပဋ္ဌိသုံ။ (ရစနာ)။

တေ ကာကာ၊ ထိုဇနီး အထင်အရှား အပြီးအမြင် မမှားဘဲ ကျီးလင်မယား ၂-ဦးတို့သည်။တံတံဌာနံ၊ ဇမ္ဗူအသိ အတူမရှိ

လေဘူး၊အလှူရှိရာ ထိုထိုအရပ်သို့။ဝိစရံ-ဝိစရန္တ၁၊ကံစွမ်းဉာဏ်စွမ်း အမှန်မှန်ပြီး ပုံ့ကန်း လှည့်လည်ကုန်လျက်။ ဒါယကာ၊ ဖြိုးဖြိုးဖွေးဖွေး သူမနေးဘဲ အလှူပေး ဒါယကာဟု့ကို။ပေက္ခိယ၊ မတွေ့တွေ့အောင် ကွေ့မရှောင်ဘဲ ပြောက်ပေါင် ညာကြွေ-တရွာတပြေမှာ ရှာဖွေ ပြည့်ရှု၍။အယျာနံ၊ ပညိုးပငယ် ကန့်ခိုးကြွယ်အောင် ကိုးကွယ်ထင်ရှားအရှင်ဘုရားတို့ကို။နိဒ္ဒိသေ့န၊အလှူရှိရာ သူသိ သာအောင် ကြည့်ကာ ထောက်ထား၊ မဖေါက်သွားဘဲ လျှောက်ကြား ညွှန်ပြခြင်းဖြင့်။ပဉ္စယေဟိ၊အ..စ်မငြိုး ပညာစ်သီး တဲ့ ပစ္စည်း ၄-ပါးတို့ဖြင့်။အယျာနံ၊အစစ်ခြမ် အသွင်လျှပ်ပါတဲ့ အရှင်မြတ် အပေါင်းတို့အား။ သမုပဋ္ဌသုံ။ အကြောင်းအရာ မစောင်းပါဘဲ ကောင်းစွာ လုပ်ကျွေးကြလေကုန်သတည်း။

အဲသည့် နည်း အတိုင်း ပစ္စည်း ၄-ပါးတို့ဖြင့် ဝါတွင်း သုံးလပတ်လုံး လုပ်ကျွေးကြပြီး ဝါကျွတ်တဲ့အခါ သင်္ဃာတော် ၂-ကျိပ် ၅-ပါးတို့က ကျီးဒါယကာအား သို့ကလို ပန်ကြားသတဲ့။အို-ကျီးဒါယကာ၊ သင့်ကို ချီးမြှောက်ခြင်းငှါ ငါတို့ ဤမဏ္ဍလဝိဟာရကျောင်းရပ်မှာဝါဆိုကြလေရာ ယခုအခါဝါကျွတ်ပေပြီ။ဝါတွင်း သုံးလပတ်လုံး သင်ကျီးဒါယကာက ပစ္စည်း ၄-ဖြာတို့ဖြင့် ကောင်းမွန်စွာ လုပ်ကျွေးလိုက်တာ ဘယ်ဟာမှ လိုလေသေးသည် မရှိ၊ ပြည့်စုံ ပေါများပါပေရဲ့၊ ယခု သီတင်းကျွတ် ပဝါရဏာပြုရန် ငါတို့နေရပ်ဖြစ်တဲ့ မာတုလ ဝိဟာရကျောင်းသို့ ပြန်လိုကြတယ်လို့ ခွင့်ပန်ကြတယ်။ သည်တော့ ကျီးက ယခုအခါ သီတင်းကျွတ်၍ ကိုယ်တော်အရှင်မြတ်များ ပဝါရဏာပြုချိန် တန်ပြီ။သီတင်းကျွတ်ဆိုတော့ သင်္ကန်းကပ်ပွဲ ကထိန်ခင်းပွဲ လုပ်လေ့ရှိကြသည်။ငါသည် ကိုယ်တော်များအား ဘယ်လိုကြံပြီး သင်္ကန်း လှူရပါမလဲ၊ ကထိန်ခင်းရပါမလဲ၊ အဲသည်လိုကြံစည်သတဲ့။ ဒါလို ကြံစည်ပြီး ကျီးက အရှင်ဘုရားများ ကြွသွားတော်မမူကြသေးပါနှင့်ဘုရား၊ဆိုင်းလင့်တော်မူကြပါအုံး၊ သီတင်းကျွတ်လပြည့်နေ့ ဤအရပ်မှာပင် ပဝါရဏာ ပြုတော်မူ

ကြပါ၊ အရှင်ဘုရားများအား သက်နိုး ကပ်လိုပါသေးသည်၊ ကထိန် ခင်းလိုပါသေးသည် ဘုရားလို့ လျှောက်ထား တားမြစ်တယ်။

## ကျီးက ကထိန်ခင်းပုံ

ကျီးက ကိုယ်တော်များအား သက်နိုး ကပ်ရန် ကထိန်ခင်းရန် ဘယ်လို ကြံစည်ပါသလဲဆိုတော့ အမြို့မြို့ အရွာရွာကို ပျံသန်းပြီး ဘယ်အရပ်မှာ သက်နိုးကပ်ပွဲ ရှိသလဲ ဘယ်မြို့ ဘယ်ရွာမှာ ကထိန်ခင်းပွဲ ရှိသလဲလို့ လိုက်ပြီး ကြည့်သတဲ့။ သို့ကလို ကြည့်တဲ့အခါ ဂေါခသမုဒ္ဒရာ၏အနီး ဂေါခ အမည်ရှိသောရွာ၌ ဒါယိကာမကြီး တဦးကလဲ များစွာသော သက်နိုး သပိတ် ပရိက္ခရာတို့ကို စီရင်ပြီးလျှင်လာသမျှ သင်္ဃာတော်တို့ကို လှူဒါန်းမယ်လို့ အလှူခံ ပုဂ္ဂိုလ်တို့ကို မျှော်လင့် စောင့်ဆိုင်း၍ နေတယ်။

ထိုဒါယိကာမကြီးကို ကျီးက တွေ့မြင်တဲ့အခါ ကဗျာ ကရာ ကိုယ်တော်များထံ ပြန်ပြေးလာပြီး အရှင်ဘုရားများ၊ ဂေါခ သမုဒ္ဒရာ၏ အနီးမှာ ဂေါခ အမည်ရှိတဲ့ ရွာသို့ ကြွတော်မူကြပါ။ ထိုရွာမှာ ဒါယိကာမကြီး တဦးဟာ များစွာသော သက်နိုး သပိတ် ပရိက္ခရာတို့ကို စီရင်ပြီး အလှူခံ အရှင်မြတ်တို့ကို မျှော်လင့်၍ နေပါသည် ဘုရားလို့ လျှောက်ထားတယ်။ သင်္ဃာတော် ၂-ကျိပ် ၅-ပါးတို့သည် ထိုကျီး၏ လျှောက်ထားချက်အတိုင်း ဂေါခ ရွာသို့ ကြွသွားတော်မူတဲ့အခါ ထိုဒါယိကာမကြီးက ဝမ်းမြောက် ဝမ်းသာနှင့် ခရီးဦးကြို ဝတ်ကြီး ဝတ်ငယ်များကို ပြုစုပြီးလျှင် သက်နိုး သပိတ် ပရိက္ခရာ များစွာသော လှူဘွယ်ဝတ္ထုတို့ကို လှူဒါန်းတယ်တဲ့။ မထေရ်မြတ်တို့သည် ဒါယိကာမကြီးအား အလှူ၏ အကျိုးကို အနုမောဒနာ ပြုပြီးလျှင် ကျီးအား ပန်ကြား၍ မာတုလ ကျောင်းရပ်သို့ ကြွသွားတော် မူကြတယ်။ တိရစ္ဆာန် ဖြစ်ပေမဲ့ ကျီးကလေး၏ ယဉ်ကျေး လိမ်မာပုံ သဲ့ဒ္ဓါ တရား ကောင်းပုံကွေ့ ကိုတော့ ချီးမွမ်းလို့ မကုန် နိုင်အောင်

ရှိတာဘဲနေ့၊ နည်းယူ မှတ်သားဘို့ရာပဲ လွန်စွာ ကောင်းပေ ပါဘဲ။ သူ့ ခမြာ ကိုယ်တိုင် မလှူနိုင်ရှာပေဘူ့ သင်္ကန်း ကပ်ရှိရာ ကထိန်ခင်းရှိရာအရပ်ကို လိုက်လိုက်ပြီး သင်္ကန်းကပ်ရှ၊ ကထိန် ခင်းရရှာတာကိုး။ ယခု လူများမှာတော့ လူသား ပကတိတွေ ဖြစ်ကြသဖြင့် သင်္ကန်းတွေကို ကပ်ချင်တိုင်း ကပ်ပြီး ကထိန်တွေ ကို ကိုယ်တိုင် ခင်းချင်တိုင်း ခင်းနိုင်တဲ့ ဘဝကြီး ဖြစ်ကြလေ တော့ ထိုကျီးနမှုကို နည်းယူ အားကျကာ သင်္ကန်းကပ်ခြင်း ကထိန်ခင်းခြင်း စသော ကုသိုလ် အဖြာဖြာကို များစွာအား ထုတ်သင့်ပေတယ်။ ကုသိုလ်ရေးမှာ ဖင့်နွှေး အားနှဲ့ကာ မလှူ မဒါန်းချင်ဘဲ နေပါလျှင်၊ ကျီးတိရစ္ဆာန်လောက်မှ အသုံးမကျ ဘဲ နေကြမနေ့။ အဲသည်လို ဆိုခဲ့သည့် နည်းအကိုင်း ကျီးလင် မယားတို့သည် ကုသိုလ်ကောင်းမှုများကို ကြိုးစား အားထုတ်၍ နေကြလေရာ သေဆုံး စုတေသော အခါ ယုတ်မာသော တိရစ္ဆာန်ဘဝမှ မြင့်မြတ်သော သုဂတိဘဝသို့ ရောက်ကြမသွေ နတ်သွီး နတ်သားတွေ ဖြစ်ကြလေကုန်သတည်း။

**ကထိန် တရားတော်နှင့်**

**ကထိန်ဒကာ မောင်ကာက ဝတ္ထုပြီး၏။**

---

# ဆွမ်းအလှူ-တရားတော်

**အာယု ဝဏ္ဏော သုခံ ဗလံ၊**
**ပဋိဘာနံ ပိဒေသကံ၊**
**ဟာဝေ ပဉ္စာနိသံသာနိ၊**
**လဘန္တိ ပိဏ္ဍဒါယိနော။**

အာယု၊ မပျက်အတည် အသက် ရှည်ခြင်းဂုဏ်။ ဝဏ္ဏော၊ ဝင်းဝင်းပပ အဆင်းလှခြင်းဂုဏ်။ သုခံ၊ လွှမ်းစရာမငြီး၊ ချမ်းသာ

ကြီးခြင်း၎င်း။ ဗလံ၊ အလွန်ထွားပြီး ခွန်အားကြီးခြင်း၎င်း။ ဝိသေ
သကံ၊ အဖူးအဖျား အမှူးထားလို့မို့ ထူးခြား ယှဉ်စွာသော။ ပဋိ
ဘာနံ၊ ထင်စွာ အသိ ပညာကြီးခြင်း၎င်း။ ဟဝေ ဧကန္တေန၊
စင်စစ်ဧကန် မသွေမှန်သဖြင့်။ ပဉ္စာနိသံသာနိ။ မပြားသတော
ဘုရားဟောခဲ့တဲ့ ငါးပါးသော အကျိုးအာနိသင်တို့ကို။ ဝိညူ
ဒါယိနော၊ မနွမ်းကြောင်းဟူ၊ ဆွမ်းလောင်း လှူကြသည့် ဖြူဖြူ
ညွတ်ပြောင်း လျှမ်းလျှမ်းဖြာတဲ့၊ ဆွမ်းဒကာ ဆွမ်းအမ အ
ပေါင်းတို့သည်။ လာဘန္တိ၊ ကုသိုလ်အကျိုး နှုတ်ဖြိုးပြီး မညှိုးတန်
တန် တန်ခိုးလျှံလို့မို့ အမှန်ရရှိကြလေကုန်သတည်း။

ဆွမ်းကျွေး ဆွမ်းလောင်းကြတဲ့ ဆွမ်းဒကာ ဆွမ်းအမ အ
ပေါင်းတို့မှာ အာယု၊ အသက်ရှည်ခြင်း။ ဝဏ္ဏံ၊ အဆင်းလှခြင်း။
သုခံ၊ ချမ်းသာကြီးခြင်း။ ဗလံ၊ ခွန်အားကြီးခြင်း။ ပဋိဘာနံ၊
ပညာကြီးခြင်း ဆိုတဲ့ အကျိုးထူး ငါးပါးကို ထင်ရှား ရရှိတယ်
လို့ အင်္ဂုတ္တိုရ် ကျမ်း အပဒါန် ကျမ်းများမှာ မိန့်ဆိုတယ်၊အသက်
ရှည်ခြင်း အကျိုးကို ရရှိတာက သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိ
ကာ-လို့ ဆိုတဲ့ အတိုင်း ဘယ်သတ္တဝါမျိုး မဆို အစာအာဟာ
ရကိုမှီပြီး အသက် ရှည်ကြရတယ်။ အစာမစားရလျှင် မာလက
သွားပြီး မုချ သေကုန်ကြမှာဘဲ၊ ထမင်း အသက် ၇-ရက်ဆိုတဲ့
အတိုင်း အလွန်ဆုံး ၇-ရက်ထက် ပိုပြီး အသက် မရှည်နိုင်ဘူး။
နတ်တွေ ဗြဟ္မာတွေတောင်မှ နတ်သုဓာတွေ ပီတိအစာတွေကို
စား၍ နေကြရသေးတယ်။ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ ပုဂ္ဂိုလ်
များတောင်မှ ဆွမ်းဘောဇဉ် အာဟာရကို သုံးဆောင်တော်
မူကြရသေးတယ်။

ဒါကြောင့်မို့ သမုဒ္ဒရာ ဝမ်းတထွာဆိုတဲ့ ပင်လယ်သမုဒ္ဒရာ
ကြီးပမာ ဘယ်အခါမှ မပြည့်နိုင်တဲ့ မိမိဝမ်းခေါင်းကို ကျောင်း
ရတဲ့ ပရိယေသန ဒုက္ခကြီးဟာ လွန်စွာ ကြီးလေတာ ကလား၊
ဝမ်းတထွာမို့သာ ဝမ်းတတောင်များ ဆိုလျှင် အင်မတန် ခက်
မှာဘဲနော်။ဒါကြောင့်မို့ ဆွမ်းလှူရခြင်း ဆွမ်းကျွေးရခြင်းသည်

အသက်ဆက်ပေးလိုက်တာနှင့် တူပြီး အသက် ရှည်အောင် လုပ်လိုက်သည် ဖြစ်သောကြောင့် အသက်ရှည်ခြင်း အကျိုးကို ရရှိတယ်တဲ့။ အစာအာဟာရ မစားမသောက်ရပါလျှင် ရုပ်ဆင်း အင်္ဂါ လက္ခဏာလဲ မလှမပ တော့ဘူး၊ ခွေခွေနုံးနုံး ပိန်ချုံးချုံး နှင့် လူလုံး မလှ ဖြစ်တော့တယ်။ အစာဝသော ရုပ်နှင့် အစာ မစားရသေးသော ရုပ်ဟာ အဟုတ် ကွာခြားတယ် မဟုတ် လား။ အစာ စားရပါလျှင် အာဟာရဇ ရုပ်တိုးပြီး ဖြိုးဖြိုးဝဝ လှလှပပ ရှိတယ်။ တောင့်တောင့် တင်းတင်းနှင့် ရုပ်အဆင်း တင့်တယ်တယ်။

သို့ကြောင့် ဆွမ်းကို လှူခြင်းသည် အဆင်းကို ဖြည့်ပေးလိုက် သလိုရှိသောကြောင့် အဆင်းလှခြင်း အကျိုးကို ရရှိတယ်တဲ့။ အစာ မစားရပါလျှင် ချမ်းသာ သုခလဲ တခုမှ မရှိတော့ဘူး။ ဝမ်းထဲမှာ အစာ အာဟာရ ပြည့်မှ ချမ်းချမ်းသာသာ ဝမ်းပန်း တသာ ရှိတယ်။ ဒါကြောင့်မို့ ချမ်းသာကြီးခြင်း အကျိုးကို ရရှိ တယ်တဲ့။ အားခွန် ဗလလဲ အစာ အာဟာရ စားသောက်ရမှသာ လျှင် ပြည့်ဖြိုးတယ်၊ ဝမ်းထဲမှာ အစာမရှိလျှင် နုံးချိပြီး အားမရှိ ရုံမက လုံးလုံးမှ အစာမရှိလျှင် တခါထဲ သေဆုံးရတော့တာ ကိုး၊ အစာပြတ်လျှင် အားပြတ်ပြီး မတ်တတ်က လဲတတ်တဲ့မျိုး ကလား။

အစာမရှိလျှင် အားမရှိဘဲ ဘာမှ မလုပ်ချင် မကိုင်ချင်တော့ ဘူး။ အစာပြည့်မှ အားရှိပြီး ခွန်အား တောင့်တောင့် တင်း တင်းနှင့် ခဲယဉ်းသော အမှုကြီးကိုပင် ရွက်ဆောင် သည်ပိုးနိုင် တယ်။ ဒါကြောင့်မို့ ဆွမ်းလှူရခြင်းသည် ခွန်အားကြီးခြင်းအကျိုး ကို ရရှိတယ်တဲ့။

ရဟန်း သာမဏေများ ပရိယတ် ပဋိပတ် တရားများကို ကြိုး စား အားထုတ်နိုင်တာဟာ ဆွမ်းစားရလို့သာ အားထုတ်နိုင် ခြင်း ဖြစ်တယ်။ စာသင်နိုင် စာချနိုင်တယ်၊ ကမ္မဋ္ဌာန်း ထိုင်နိုင်

ဘုရား ဝတ်တက်နိုင်တယ်။ တရားဟောနိုင် တရားနာနိုင်တယ်။ ဆွမ်း မစားရလျှင် ဘယ်တရားကိုမှအားထုတ်နိုင်မှာမဟုတ်ဘူး။

ဝမ်းဟာပြီးဆွမ်းဆာနေပါလျှင် စာသင်၊ စာချတရားဟော တရားနာ ဘုရားဝတ်တက် ကမ္မဋ္ဌာန်းထိုင် အလုပ်တွေကို ဘယ်မှာ အားထုတ်နိုင်တော့မလဲလေ။ အာဟာရ မရှိဘဲ ဝီရိယ လွန်ကဲပြီး အားထုတ်လျှင်လဲ အဟုတ် ပျံလွန်တော်မူမှာဘဲ။ ဆွမ်း အတွက် အရေးကြီးလှသဖြင့် စာသင်သားများမှာ ဆွမ်းခံရ ဆွမ်းရှာရတာ အတော်ကို ပန်လေးတာဘဲနော်။ စာချဆရာ ကောင်းကောင်း ရှိပါသော်လဲ၊ ဘောဇနသပ္ပါယ မမျှတဘဲ ဆွမ်းကွမ်း မပြည့်စုံပါလျှင် စာသင်လို့ မဖြစ်နိုင်ပါ ကလား။ မန္တလေးမြို့၊ ပခုက္ကူမြို့များမှာ စာသင်သား ကိုယ်တော်ကလေး တွေဟာ ဆွမ်းအတွက် အတော်ကြိုးစားရှာကြရသတဲ့။ သင်္ဃာ တွေကလဲ များသဖြင့် အတော် ကြိုးစားခံမှ မျှတတာကိုး။သည့် လောက် များတဲ့ သင်္ဃာတွေကို ကျွေးမွေး ထောက်ပင့်နေတဲ့ မြို့သူ-မြို့သားတွေကိုလဲ များစွာ ချီးမွမ်းဘို့ ကောင်းပါပေတယ်။ မန္တလေးမြို့များမှာ၊ ဘယ်လို ဆင်းရဲတဲ့အိမ် ဖြစ်စေ၊ သင်္ဃာ လေးငါးပါးတော့ ဆွမ်း အမြဲ ပြုစုနေတာဘဲနော်။ ဦးပဉ္ဇင်းတို့ ကိုယ်တွေ့ပါဘဲ။ နံနက် စောစော အိမ်ရှေ့မှာ ဝါဝါဝင်း နေ အောင် ဆွမ်းခံ ကြွလာတဲ့ ကိုယ်တော်တွေကို ဖူးမြော်ရမှ နေကောင်းသတဲ့၊ သဒ္ဓါတရားကောင်းတဲ့ နေရာမှာဖြင့် နမူနာ တင်လောက်တဲ့ မြို့ကြီးပါဘဲ။

အချို့မြို့လိုဖြင့် အချို့ ကိုယ်တော် တွေက ပွဲကြည့်တာဘဲ၊ ဘောလုံးပွဲသွားတာဘဲ ဆွမ်းမလောင်း နိုင်ပါဘူးလို့ ငြီးများ ချင် များနေအုံးမှာဘဲနော်။ သို့ကလို သဒ္ဓါတရား ကောင်းပြီး သင်္ဃာတော်တွေကို ကျွေးမွေး ထိန်းသိမ်း နိုင်သည့် အတွက် ယခုထက်ထိ မန္တလေးမှာ စာပေကျမ်းဂန် တတ်မြောက်လှတဲ့ စာချ ဆရာတော်ကြီးတွေ စာသင်သားတွေ မြောက်မြားစွာနှင့် သာသနာထွန်းကားလျက် ရှိပေတယ်။

အခန့်မသင့်လို့ ဆင်းရဲချင် ဆင်းရဲပစေအုံးတော့၊ မန္တလေးမှာ သဃ်ာ အလွန်ပျော်သတဲ့။ ပျော်မှာပေါ့ အလိုလိုက်တာကိုး၊ ဘုန်းကြီး ပါဝါရှိတာကိုး၊ အချို့မြို့များမှာတော့ ဘုန်းကြီး ပါဝါသေးလိုက်တာ မပြောချင်ပါဘူး၊ ဘုန်းကြီးနှင့် အတူကျူသွားရမှာ, ဘုန်းကြီးနား ကပ်ရတာ နံချာတယ် ထင်ပြီး ခပ်ရှောင်ရှောင် လုပ်ချင် ကြတယ်။ ကုလားသွေး - တရုပ်သွေးက ဝင်နေတာကိုး၊ နံ့တယ်ထင်တာပေါ့။

အင်း....စပ်မိတာနှင့် ရှောက်ပြော လိုက်တာ စကားတွေ ဘယ်ရောက်ကုန်ပါလိမ့်၊ အဲ-သို့ကလို ဆွမ်းအာဟာရကို စားသုံးပြီးမှ ပညာပါရမီကို ဖြည့်ဆည်းပူးရ၊ ဘာဝနာ အလုပ်ကို ကြိုးစားအားထုတ်ရသဖြင့်၊ ဆွမ်းကျွေးခြင်း၊ ဆွမ်းလောင်းခြင်းကြောင့် ပညာကြီးခြင်း အကျိုးကို ရရှိကြတယ်ဘဲ။

ထိုဆွမ်း အကျိုးတရား ငါးပါးတို့တွင် အထူးမှတ်သားဘို့ အချက်ကလေးက၊ အာယု၊ အသက်ရှည်ခြင်းဆိုတဲ့ အကျိုးဟာ တဘဝရှည် တဘဝတို ဖြစ်တယ်၊ ခုဘဝ အသက်ရှည်နေ ပေမဲ့၊ နောင်ဘဝ တိုချင်တိုလိမ့်မယ် အမြဲမဟုတ်ဘူး။

ဝဏ္ဏံ၊ အဆင်း လှခြင်းဆိုတဲ့ အကျိုးဟာလဲ တဘဝမှာ အဆင်းလှပြီး၊ တဘဝမှာ အရုပ်ဆိုးချင်ဆိုးမှာဘဲ၊ အမြဲ လှမှာ မဟုတ်ဘူး၊ ဆုတ်ချည်-တက်ချည်၊ မြင့်ချည်-နိမ့်ချည် ဆိုတဲ့ အကျိုးဘဲ။ သုခံ၊ချမ်းသာကြီးခြင်းဆိုတဲ့ အကျိုးဟာလဲ တဘဝမှာ ချမ်းသာပြီး၊ တဘဝမှာ ဆင်းရဲချင် ဆင်းရဲမှာဘဲ၊ ခုဘဝမှာ ချမ်းသာနေပေမဲ့ ဟိုဘဝမှာ ဆင်းရဲချင် ဆင်းရဲ ဧလအုံးမယ် မြဲတဲ့ အကျိုးမဟုတ်ဘူး။

ဗလံ၊ ခွန်အားကြီးခြင်းဆိုတဲ့ အကျိုးဟာလဲ တဘဝ အားကြီး တဘဝ အားနည်း၊ အများကြီး မမြဲတဲ့အကျိုးဘဲတဲ့။ အဲသည် အကျိုး ၄-ပါးကတော့ သစ်ငုတ်မြင့်တုံ - မြက်မြင့်တုံ၊ မုံလုံတလှဲ-ငပျံတလှဲ၊ မှန်ကင်းတလှဲ-ထင်းတလှဲ ဆိုသလို၊ နိမ့်ချည်-မြင့်ချည် အတည်မဟုတ်၊ ရှေ့တိုးနောက်ဆုတ် ပေးတတ်

တဲ့ အကျိုးတွေ ဖြစ်တယ်။ နောက်ဆုံး ပဋိဘာန၊ ပညာကြီးခြင်း ဆိုတဲ့ အကျိုးတခုကတော့ သည်လိုမဟုတ်ပါဘူး၊ တနေ့ထက် တနေ့-တလထက်တလ၊ တဘဝထက်တဘဝ၊ တကမ္ဘာထက် ကကမ္ဘာဆိုသလို၊ တစတစ-ကြီးကျယ်ပြန့်ပွား များပြား တိုး ကတ်၍ သွားတဲ့အကျိုး ဖြစ်တယ်။ ရှေ့တိုး နောက်ဆုတ်၊ နိမ့် ချည်-မြင့်ချည် မဟုတ်ဘူး၊ တသမတ်ထဲ ရှေ့ကိုချည်း တိုးတာ ဘဲတဲ့။

ငယ်ငယ်တုန်းက စာနဲနဲတတ်လျှင် ကြီးတဲ့အခါ စာများ များကြီး တတ်တာဘဲ မဟုတ်လား။ ငယ်ငယ်ကပညာရှိကလေး ဖြစ်လျှင် ကြီးတဲ့အခါ ပညာရှိကြီးဘဲ၊ တစတစမေ့ဟာပါးရှား မသိတဲ့ အမိုက်နဲပါးပြီး၊ အသိဉာဏ် ပြန့်ပွားလျက်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် ဆက်စပ်မိတဲ့ အကျိုးဖြစ်တယ်။ သည်ဘဝမှာ စာနဲနဲတတ်လျှင် ဟိုဘဝမှာစာများများကြီးတတ်ပြီး ကမ္ဘဋ္ဌာန်း များများကြီး ပေါက်လိမ့်မယ်။ နောက်ဆုတ်လိမ့်မယ် မထင် နှင့်၊ ယခု ပညာရှိကလေးဖြစ်လျှင်၊ နောက်-ပညာရှိကြီးဖြစ်မှာ ဧကန်ဘဲ။ ယခု သူဌေးကြီး ဖြစ်ပြီး နောက်လူဆင်းရဲ ဖြစ်တဲ့ အကျိုးမျိုးမဟုတ်ဘူး။ နောက်ကို နဲနဲမှ မဆုတ်ဘူး၊ ရှေ့ကိုသာ အတွင်တိုးပြီး ရင့်ရင့်မြင့်မြင့်ပြီး သွားတဲ့အကျိုးဖြစ်တယ်။ လော ကမှာ ပညာဟာ အမြတ်ဆုံးဘဲနော်၊ ပညာသည် လူ၏ရတနာ ကြီး တခုဖြစ်တယ်လို့ သဂါထာ ဝဂ္ဂသံယုတ် ပါဠိတော်မှာ ဟောတော်မူတယ်။ ဘုရား ပစ္စေက မုဒ္ဒါ ရဟန္တာ သာဝက ဉာဏ်ကြီးရင် ဟူသမျှတို့ ပြုလုပ်စီစဉ် တည်ထွင် ထူထောင်ခဲ့တဲ့ အလုပ်ကိစ္စ အစီအရင်ဟူသမျှတွေဟာ ပညာဉာဏ်၏အရာဌာန တွေချည်းဘဲနော်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် နိဗ္ဗာန်ကို သိရတယ် ဆိုတဲ့ အချက်မှာလဲ ပညာဉာဏ်နှင့် သိရတာကိုး၊ တန်ခိုးအလွန် ကြီးတဲ့ အရာကြီးပေပေါ့။ သို့ကလို ပြဆိုခဲ့တဲ့ အတိုင်း ဆွမ်း အလှူဒါနသည် အကျိုးကြီးမြတ်လှသောကြောင့် များစွာ အား ကုတ်သင့်ကြပေတယ်။ တဇွန်း တယောက်မ လှူရတာနှင့် လှူ

နတ်တို့ စည်းစိမ် အကြွမ်ကြွမ် ခံစားပြီး နိဗ္ဗာန်ရသွားတဲ့ ဝတ္ထု သက်သေတွေ များစွာပင် ရှိပေတယ်။

သုဒိန္နံ မေ ဒါနဝရံ၊
သုယိဋ္ဌာ ယာဂသမ္ပဒါ။
ကင္ခါသု ဘိက္ခုံ ဒတွာန၊
ပတ္တာဟံ အစလံ ပဒံ။

မေမယာ၊ သဒ္ဒါလွန်ဟုတ် အကျွန်ုပ်သည်။ ဒါနဝရံ၊ မြဲမြဲ လျှပ်လျှပ် အလှူမြတ်ကို။ သုဒိန္နံ၊ အကြောင်းအရာ မစောင်းပါ ဘဲ ကောင်းစွာ လှူအပ်လေပြီ။ ယာဂသမ္ပဒါ၊ ပြည့်စုံ မြဲဆွတ် အလှူဝတ်ကို။ သုယိဋ္ဌာ၊ အကျိုးယူမြှော် မြဲမြဲလျှော်ပြီး ကောင်း စွာ ပူဇော် အပ်လေပြီ။ ကင္ခါသုဘိက္ခုံ၊ လွန်းလောက်စရာ၊ တဇွန်းတယောက်မသော ဆွမ်းကို။ ဒတွာန၊ အကြောင်းပြုချ၊ ကောင်းမှုတပြီး လောင်းလှူ ရလေသောကြောင့်။ အဟံ၊ သဒ္ဒါ လွန်ဟုတ် အကျွန်ုပ်သည်။ အစလံ၊ မနံမစုတ် ဂုဏ်မပုတ်ဘဲ တုန်လှုပ်ဖြစ်ပျက်ခြင်း မရှိသော။ ပဒံ၊ ဖိတ်ဖိတ်လျှံလျှံ။ မဆိတ် ညံ့တဲ့၊ နိဗ္ဗာန်အရပ်သို့။ ပတ္တော၊မောက်မောက်ကြွကြွ တောက် တောက်ပပြီး၊ ရောက်ရပေပြီတကား။

အဲသည်လို စသည်ဖြင့် ဟောတော်မူတဲ့ ဆွမ်းအကျိုးပြ အပ ဒါန် ပါဠိတော် ဂါထာတွေဟာ များစွာ ရှိတယ်။ ကဲ-ဆွမ်း အကျိုး တမျိုးမှတ်ဘို့ကောင်းတဲ့ ဝတ္ထုသက်သေကလေး တပုဒ် ထုတ်လိုက်ကြအုံးစို့။

## ဆွမ်း၏ အကျိုးပြသော
## အားခွန် ဗလ ကောင်းလှသည့်
# အဘယ သာမဏေထူး ဝတ္ထု

ဤတရားမှာ မဟာဝင်မှာလာရှိတဲ့ အားခွန်ဗလ အလွန်တရာ ကောင်းလှတဲ့ အဘယအမည်ရှိတဲ့ သာမဏေထူး၊ သာမဏေဆန်း ဝတ္ထုကို ဟောမနော်၊ အတော်အံ့ဩဘို့ကောင်းတဲ့ သာမဏေပါဘဲ၊ ကဲ-နာကြပေတော့။ ကဿပဘုရား လက်ထက်တော် အခါက သဒ္ဓါတရား ကြွန့်မြူးသည့် တဦးသော သူကြွယ်သည် သွယ်သွယ်များစွာ ရဟန်း သံဃာတို့အား ကြီးကျယ်စွာသော အလှူကြီးကိုပေးတယ်။ ထိုမှတပါး အနှစ် နှစ်သောင်း ကာလပတ်လုံး ရဟန်းသံဃာတော်တို့အား နွားနို့ဆွမ်းကို အမြဲကပ်တယ်တဲ့။ ထိုသူကြွယ်ဒါယကာသည် ထိုဘဝမှ စုတေမနေ သေလွန်တဲ့အခါ ထိုကောင်းမှုကံ စေတနာကြောင့် နတ်ပြည်မှာဖြစ်၍ များစွာသော နတ်သမီး အခြွေအရံတွေနှင့်တကွ ကြီးကျယ်လှသော နတ်စည်းစိမ်ကြီးကို စံစားရတယ်။ သို့ကလိုကဿပဘုရားရှင်နှင့် ဂေါတမဘုရားရှင်တို့ ၂ ဆူစပ်ကြားရှည်လျားလှစွာသော ကာလပတ်လုံး နတ်စည်းစိမ်ကြီးကို မငြီးအောင် ခံစားနေရသတဲ့။ ငါတို့ ဂေါတမဘုရား ပွင့်တော်မူ၍ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သီဟိုဠ်ကျွန်းမှာ သာသနာ တည်ထွန်းတဲ့ အခါ ထိုဆွမ်း ဒါယကာ သူကြွယ်ဟာ နတ်ပြည်မှစုတေလာပြီး သီဟိုဠ်ကျွန်း ရောဟနဇနပုဒ်ကောဋတောင်၏ အနီး ကိတ္တိဂါမ- အမည်ရှိတဲ့ရွာကြီး၌ ရောဟန အမည်ရှိသော သူကြွယ်၏ သားကလေး လာပြီးဖြစ်တယ်။ အမည်မှာတော့ ဂေါဓာဘယ သတို့သားလို မှည့်ခေါ်၍ ထားကြသတဲ့။

## သူငယ်ကလေး၏အံ့ဩဘွယ် ခွန်အားဗလကောင်းပုံများ

ထိုသူငယ်ဟာ ၁၀-နှစ် ၁၂-ဖြစ်သား အရွယ်သို့ ရောက်တဲ့အခါ အံ့ဩဘွယ်ရာ လွန်စွာ အားခွန်ဗလ ကောင်းသတဲ့။ ရှေးဘဝက ဆွမ်းလှူခဲ့ရသော ကုသိုလ်ကြောင့် အားအလွန်ကောင်းပြီး ဆင်ဆယ်စီးအားကို ဆောင်နိုင်တယ်။ ကြွက်မြီးကို ဆွဲရမ်းသကဲ့သို့ ဆင်များကို ဆွဲရမ်းနိုင်သတဲ့။

လူကြီး ငါးယောက် မချီ မမနိုင်တဲ့ ကျောက်ခဲကြီးတွေကို ထွေပစ်တမ်း ကစားတယ်။ ဂေါ်လီလုံး ပေသီးလုံးကဲ့သို့ လှိမ့်လှိမ့်ပြီး ကစားတယ်တဲ့။ မြင်ရသူတွေကဖြင့် ဟဲ့ဟဲ့- ဟိုသူငယ်ကလေးဟာ ဆင်ကြီးကို အမြီးဆွဲရမ်းနေပါကလား၊ လူကြီး ငါးယောက်တောင် မချီနိုင်တဲ့ ကျောက်ခဲကြီးတွေကိုလဲ ပေသီးပစ်သလို ပစ်ပြီး ကစားနေတယ်။ ဘယ့်နှယ် သူငယ်ကလေး ပါလိမ့်မလဲ၊ တကယ်ထဲ ထူးဆန်း လှချည်ရဲ့၊ အားကောင်းလှချည်ရဲ့၊ သည်လိုဟာ တခါမှ မမြင်ဘူးပါဘူး။လူသားစင်စစ်မှ ဟုတ်ကဲ့လားနှင့် ဆိုပြီး အလွန်အံ့ဩ ချီးမွမ်းကြတာပေါ့လေ။ သည့်လောက် အားကောင်းကဲ့ လူကို ဇမ္ဗူမှာ မတွေ့ဘူးကြဘဲကိုး အမျိုးမျိုး အံ့ဩကြတာပေါ့။

(မဟာဝင် ဂါထာများ)

(၁) ကောဋ္ဌုပမ္ဗတ သာမဏေန္တ၊
ကိတ္တိဂါမမှိ ဉသရော။
ရောဟနောနာမ ဂဟပတိ၊
ဇာတံ ပုတ္တက မတ္တနော။

(၂) သမာန နာမံ ကာရေသိ၊
ဂေါဓာဘယဿ ရာဇိနော။
ဒါရကော သော ဗလီ အာသိ၊
ဒသ ဒွါဒသ ဝဿိကော။

ကောဋ္ဌပမ္ဗတာ သာမန္တေ၊အဟောဝတ တလောကတွင်ဖြင့်၊ ကောဋ္ဌတောင်၏အနီး၌။ကိတ္တိဂါမမှိ၊ ကျော်စောကိတ္တိ၊ တဖိတ်ဖိတ် ရှိပါတဲ့ ကိတ္တိဂါမ ရွာကြီး၌။ဇူ ဃရော၊မဥ္ဇူးသပ တန်ခိုးပြုပြီး စိုးရပိုင်ဆိုင်သော။ ရောဟနော့နာမ၊ ဖောဖော ဝဝ ပေါ်ခနနှင့် ရောဟန အမည်ရှိသော။ဂဟပတိ၊ ဆူဆူသွယ်သွယ် ဇမ္ဗူနယ်တွင် မတူဘွယ်လင်း သူကြွယ်မင်းသည်။ ဇာတံ၊ သစ်သစ် ကြွားကြွား တခေတ်ရှားလောက်အောင် ဖြစ်ပွါး ပေါ်ပေါက်လာသော။ အတ္တနော၊ အဟန်အဖူး အမှန် မြူးလောက်အောင် ကံထူးသော မိမိ၏။ပုတ္တကံ၊ပတ္တမြားပမာ အသွေးသားရတနာကလေးကို။ဂေါမာဘယဿ။ လောကာသမတ ဩဘာလှပေသည့် ဂေါမာဘယ အမည်ရှိသော။ ရာဇိနော၊ ဘုရင်သနင်း အရှင်မင်း၏။ သမာနနာမံ၊ ဖြူဇော်မနသိ တူသော အမည်ကို။ ကာရေသိ၊ သိသော်မသွေ မှည့်ခေါ်လေ၏။ သောဒါရကော၊ထိုပြောစရာအဝဝဩဘာလှပေသည့်ဂေါမာဘယ သူငယ်ကလေးသည်။ ဒသဒွါဒ်သ ဝဿိကော၊ အငယ်တခေတ် အရွယ်စစ်လိုက်တော့ ဆယ်နှစ် ဆယ့်နှစ်နှစ်သာ ရှိသောအခါ၌။ ဗလီ၊ ထွားထွား လွန်လွန် အများချွန်ပြီး အာခွန်ဗလအလွန်ကောင်းသည်။ အာသိ၊ မယှဉ်သာ တုမနိုင်းလေနှင့်၊လျင်မကြာ သူမဆိုင်းဘဲ၊ လူတိုင်းတွင် ဖြစ်လေသတည်း။

**(၃) အသက္ကု ကောဃေ ပါသာဏော၊**
**ဥဒ္ဓရိတုဥ္စ ပဥ္စဟိ။**
**ကိဋ္ဌမာနော ခိပိ တဒါ၊**
**သော ကိဋ္ဌဂေါဋ္ဌကေ ဝိယ။**

သော၊ထိုပြောစရာဩဘာ၊သောသောဂြာတဲ့၊ဂေါမာဘယ သူငယ်ကလေးသည်။ တဒါ၊ ထိုအရွယ်တခေတ် အငယ်အစစ်ပါဘဲ၊ ဆယ်နှစ်,ဆယ့်နှစ်နှစ်သာ ရှိသောအခါ၌။ပဥ္စဟိ၊ ဆူဆူသီးသီး ဇမ္ဗူချီးလောက်အောင် လူကြီး ငါးယောက်တို့သည်။

ဥဒ္ဓရိတုံ၊ မ၅ အတည် ထအောင်ရည်ပြီး ကြွေ့အိုးသယ်ပိုးခြင်းငှာ။ အသတ္တုဏောယျေ၊ အကြပ်ခိုင်ခိုင် မတတ်နိုင်ကုန်သော။ ပါသာဏော၊ မောက်ကဲအပြီး ကျောက်ခဲကြီးတို့ကို။ ကီဠဂေါဠကေဝိယ၊ တအားပြည့်ပြည့်၊ အများ သိလောက်အောင် ကစားသည့် ဂေါ်လီလုံးတို့ကဲ့သို့။ ကီဠမာနော၊ ပိုင်စွာနိုင်စွာ ခိုင်ခိုင်ပါအောင် ကိုင်ကာကစားလျက်။ ဒိဗိ၊ မြန့်ကြောဝယ် အရှေအသစ် အဆန်းပါးဘဲ၊ အံ့ဩဘွယ် အသရေ မညစ်နွမ်းစေသူမို့၊ ထွေပစ်တမ်းကစားလေသတည်း။

ထိုဂေါဓာဘယသူငယ် ၁၆-နှစ်သား အရွယ်သို့ ရောက်တဲ့အခါ အဖဖြစ်သူရောဟန သူကြွယ်က လုံးပတ်နှစ်ဆယ့်ရှစ်သစ်၊ အရှည် ဆယ့်ခြောက်တောင် ရှိတဲ့ ချွန်းတောင်း ခေါ်တဲ့ သံချောင်းကြီးကို ကိုင်ဆောင်ရန် လုပ်ပေးထားသတဲ့။ သူ့သား၏ အားခွန်ဗလနှင့် လိုက်အောင် လုပ်ပေးတာပေါ့နော်။ သည်သံချောင်းကြီးနှင့်များရိုက်လိုက်မှဖြင့်ဘာမှခံနိုင်မှာမဟုတ်ပါဘူး။

အားဘယ်လောက် ကောင်းတယ်မကောင်းတယ် မပြောနဲ့တော့ ထန်းပင် အုန်းပင်တွေများ သူ့ကိုယ်နှင့် တိုက်သွားလျှင် ဘာမှမခံနိုင်ဘဲ- အကုန်လုံး မုံးမုံး လဲကုန်တာဘဲတဲ့။ အဲဒါလို မကြုံဘူး မမြင်ဘူးအောင် အထူးဝိသေသ အားခွန်ဗလကောင်းလှသဖြင့် ကြားရ မြင်ရသူအပေါင်းက လက်ဖျားခါကာ အံ့ဩကြပြီးသူ့ရဲကောင်းကြီးလူစွမ်းကောင်းကြီးတဦးရယ်လို့-အထူးပင် ကျော်စော ထင်ရှားတယ်တဲ့။

(၄) တဿ သောဠသ ဝဿဿ၊
ဓိတာဂဒ မကာရယိ။
အဋ္ဌဝီသင်္ဂုလာဝဋ္ဋံ၊
သောဠသဟတ္ထဒီဃကံ။

သောဠသဝဿဿ၊ တကယ်မကြောက်အရွယ် မြောက်လို့မို့ တဆယ့်ခြောက်နှစ်သား ရှိသော။ တဿ၊ အပြော ဖြာဖြာ သော

သောညာတဲ့ ဂေါဓာဘယ သတ္တိုသားအား။ ဗိတာ၊ အစစ ရှယ်လျှင်း အဘသူကြွယ်မင်းသည်။ အဌဗိသင်္ဂလာဝင်း၊ တကယ့် အစစ် နှစ်ဆယ့်ရှစ်သစ် အလုံးရှိသော။သောဋ္ဌသဟတ္တဒိဿကာံ၊ တကယ့်ကြောက်အောင် တဆယ့်ခြောက်တောင် ရှည်လျား သော။ ဂဒ်၊ မကြိစကောင်း အမှန်ကောင်းတဲ့ သန်ချောင်း လက်နက်ကြီးကို။ အကာရယိ၊အမှုမဟုတ်၊ ယခုထုတ်ပြီး ပြုလုပ် ၍ ပေးလေပြီ။

(၅) တာလာနံ့ နာဠိကေရာနံ၊
ခန္ဓေ အာဟစ္စ ကာယသော။
တေ ပါတယိတွာ ဂတေနေ၀၊
ယောဓော သော ပါကဋော အဟု။

တာလာနံ၊အကြမ်းသခင် အစွမ်းအင်နှင့်ထန်းပင်တို့၏ငင်း။ နာဠိကေရာနံ၊ ပျုံးပျုံးအစဉ်၊ နှလုံးရွှင်ဘို့၊ အုန်းပင်တို့၏ငင်း။ တေခန္ဓေ၊ ထိုအစဉ်တဗုံးဗုံး တမင်ဖြုန်းသလို ပင်လုံးပင်စည် တို့ကို။ ကာယသော၊ နဂိုသန်စွာ ကိုယ်ခန္ဓာဖြင့်။အာဟစ္စ၊ ကြည့် လိုက်မငြိုး ထိခိုက်ပြီး၍။ ပါတယိတွာ၊ လွဲသွေမငြိုး လဲစေပြီး၍၊ ဂတေနေ၀၊တအားပြင်းပြင်း၊အများရှင်းပြီး၊သွားခြင်းကြောင့် သာလျှင်။ သော ယောဓော၊ ထိုရှင်ထဲ လူထဲ အမူကဲတဲ့ သူရဲ ကောင်းကြီးသည်။ပါကဋော၊ကြီးတဲ့ဩဘာ သောသောညာ၍ ပြောကာတွင်ငြား အစဉ်ကြားပြီး ထင်ရှား ကျော်စောသည်။ အဟု၊ သိဟိုဠ်နယ် တပြန့်ထီးတွင်ဖြင့် သည်လိုကွယ် အံ့မပြီးနိုင် အောင် အခံ့ကြီးဖြစ်လေသတည်း။

---

## သားအဘ ၂-ယောက်စလုံး သာသနာ့ဘောင်သို့ ဝင်ကြခြင်း

ထိုဂေါဓာဘယသတ္တိုသား၏အဘဖြစ်တဲ့ ရောဟန သူကြွယ် က သုမနမထေရ်မြတ်ကို အမြဲဆည်းကပ် ကိုးကွယ်သတဲ့။

တနေ့သ၌ရောဟနသူကြွယ်သည်သုမနမထေရ်မြတ်၏တရား ကိုနာရသဖြင့်၊ ဃရာဝါသ၊ သမ္ဗာဓ ဟု ကိစ္စများမြောင် လူ၏ ဘောင်ကို တောက်လောင် ထိန်ညီး မီးရှိန်ကြီးကဲ့သို့ အပြီး ကြောက်ရွံ့ကာ သာသနာတော်ဘောင်သို့ ဝင်၍ ရဟန်း ပြုလုပ် တယ်။ သားဖြစ် သူဂေါဓာဘယ သတို့သားကိုလဲ ငါမရှိခဲ့ပါ လျှင် ငါ၏ သားသည် သူ၏ အင်အားဗလ အတွက်နှင့်ပင် ပျက် စီးလိမ့်မယ် ထင်တယ်။ ငယ်ငယ်ရွယ်ရွယ်နှင့် အားခွန်ဗလကလဲ ပြည့်ကြွယ်တော့ အသွယ်သွယ် အပြစ်များလိမ့်မယ်။ စောင့် ရှောက်သူ မရှိတော့ထင်မိထင်ရာလုပ်မှာ အမှန်ဘဲ၊ ငါနှင့်မကွာ အနားသို့ခေါ်ထားမှ နေရာကျမှာဘဲလို့ ကြံပြီး သားကလေးကို သာမဏေ ပြုလုပ်ပေးထားသတဲ့။

ရောဟန သူကြွယ်သည် သာသနာ့ဘောင်သို့ ရောက်တဲ့ အ ခါ မကြာမြင့်မီပင် ရဟန္တာအဖြစ်သို့ ရောက်၍ ရောဟနမထေရ် လို့ ထင်ရှားတယ်။ ရောဟန မထေရ်နှင့် အဘယ သာမဏေတို့ သည် ကပ္ပကန္ဒရ ကျောင်းမှာ သားအဘ ၂-ယောက် အတူ နေကြသတဲ့။ ဂေါဓာဘယ ဆိုတဲ့ နာမည်က လူတုန်းက အထွတ် အမြတ် အားဖြင့် ဂေါဓ ဘုရင်၏ အမည်ကို ကပ်ပြီး မှည့်ခေါ် ထားတဲ့ နာမည်ကိုး။ သာမဏေ အဖြစ်သို့ ရောက်တော့ ဂေါဓ သဒ္ဒါကို ဖြုတ်ပြီး အဘယ သာမဏေလို့သာ တွင်တယ်။

အဘယသာမဏေက ရဟန်း သံဃာတော်များ သုံးဆောင် တော်မူကြရန် အုန်းပင်များစွာတို့ဖြင့် ပြည့်သော ကြီးကျယ်စွာ သော အုန်းဥယျာဉ်ခြံကြီးကို စိုက်ပျိုးထားသတဲ့။ သူ့ အုန်းယျာဉ် ကြီးကို များစွာ မြတ်နိုးကာ ရေလောင်းပေါင်းသင် စည်ပင် ပြန့်ပွါးအောင် အမြဲ ပြုလုပ်နေတာပေါ့လေ။ ဘယ်သူ ဘယ်ဝါ ဘယ်သတ္တဝါမှ မဖျက်ဆီးရအောင် အများကြီး ဂရုစိုက်ပြီး စောင့်ရှောက် ပြုပြင်နေတာပေါ့။

## သာမဏေ၏ အုံသြဘွယ် ဗလကောင်းပုံ

တနေ့သ၌ သာမဏေသည် ရွာတွင်းသို့ ဆွမ်းခံကြွသွားသတဲ့။ သာမဏေ မရှိခိုက်တွင် ကောင္ဒယိမ္မရ အမည်ရှိတဲ့ သူရဲကောင်းကြီးကလဲ ဒုဋ္ဌဂါမဏိ မင်းကြီးကို ဖူးမြင်ရန်အလို့ငှါ မဟာဂါမသို့ လာတဲ့အခါ ထိုကပ္ပကန္ဒရ ကျောင်းသို့ ဝင်တယ်။

ကျောင်းထဲမှာ အဘယ သာမဏေ စိုက်ပျိုးထားတဲ့ အုန်းခြံကြီးကိုတွေ့ကြတော့အင်မတန် စားချင်ကြတာပေါ့လေ။အုန်းခြံကြီးကလဲ အုန်းသီးတွေ တိုးလို တွဲလောင်းနှင့် စားချင်ဘွယ်—လိုချင်ဘွယ် အလွန်ကောင်းတာကိုး။ အဲသည်တော့ နောက်ပါတပည့် အခြံအရံများက မိမိတို့ဆရာ စစ်မိုလ်ကြီးအား ဤ-အုန်းသီးတွေကို စားချင်လှပါသည် — ဆွတ်ခူး၍ ပေးပါလို့ တောင်းပန်ကြသတဲ့။

ကောင္ဒယိမ္မရ စစ်မိုလ်ကြီးက အုန်းပင်ပျိုတို့ကို လက်ဖမောင်းနှင့် တွန်းလှဲ၍ အုန်းသီးတို့ကို ချွေလျက် ဖနှောက်နှင့် အခွံခွါပြီး မိမိ နောက်ပါလူတို့ကို ကျွေးတယ်။ကောင္ဒယိမ္မရစစ်မိုလ်ကြီး၏ သူစုက အုန်းသီးတွေကို အလိုရှိတိုင်းစားပြီး မကုန်နိုင်သောကြောင့်၊ ကျန်တဲ့ အုန်းဆံတွေနှင့် အုန်းခွံတွေကို ဖရိုဖရဲ ပြန့်ကြဲစွန့်ပစ်လျက် ကျောင်းတလင်းပြင်မှာ အမောပြေ အိပ်၍ နေကြတယ်၊ ကောင္ဒယိမ္မရ စစ်သူကြီးကလဲ အတော် ဗလကောင်းတဲ့ သူဘဲနေ့်။ အဘယ သာမဏေက ရွာတွင်းက ဆွမ်းခံ ပြန်လာတော့ သူ့ အုန်းခြံကြီးကို ဖျက်ဆီး မွှေနှောက်ထားတာကိုမြင်တဲ့ အခါ အလွန်တရာ စိတ်ဆိုးတာပေါ့လေ။အင်မတန့် အရေးယူနေတဲ့ အုန်းခြံကြီး ဖျက်ဆီးတာကို အလွန်စိတ်ဆိုးပြီး သည် အုန်းခြံကြီးကို ဘယ်သူဖျက်ဆီးသလဲလို့ မေးတဲ့အခါ ကောင္ဒယိမ္မရ စစ်မိုလ်ကြီး ဖျက်ဆီးပါတယ်လို့ ပြောကြတာကိုး။ သည်တော့ အောင်မယ်-သည် စစ်မိုလ်ကြီးက ငါ့သတ္တိကို မသိသေးဘူး ထင်ရဲ့၊မထိဓလေးစားနှင့် ငါ့များ သူက-ဘယ်လိုမှတ်နေပါ

လိမ့်မလဲ၊ သတ္တိကို ပြလိုက်အုံးမှာဘဲလို့ ဆိုပြီး၊ တခါထဲ ကောင်ငှ ယိမ္မရ အိပ်နေရာသို့ သွားပြီး၊ ခြေကို–မိမိ ခြေဖြင့်ညှပ်၍ ဒရွတ် ဆွဲလာထိုက်ထော–ဒရွတ်–ဒရွတ်နှင့် ပါလာတာဘဲတဲ့။

ကောင်ငှယိမ္မရစစ်သူကြီးဟာကျောက်ခဲကျောက်ပြုတ်ခလုတ် ကစင်းတွေနှင့် မညီမညွတ်တဲ့ မြေထဲမှာ အဘယ သာမဏေ၏ အားကို မခံနိုင်တာနှင့် ဒရွတ်ဒရွတ်ပါလာတော့ အင်မတန် နာကျင်တာပေါ့လေ။ အားချင်း မမျှလေတော့ ရုန်းလို့လဲ မရ ဘူးတဲ့။ နောက်ပါ တပည့်အခြံအရံ လူတွေက သူတို့ဆရာ စစ် သူကြီး ဘက်က ကူညီမယ်လို့ အနားကပ်လာကြတာ တွေ့ကို၊ အဘယသာမဏေက ဆီးဆီးပြီး လက်ကလေး ၂-ချောင်းနှင့် တောက်လိုက်တာ ဒေါက်ခနဲ ဒေါက်ခနဲ မတ်တတ်က လဲကုန် တာဘဲတဲ့။ လက်နှင့် တောက်မိတဲ့ နေရာမှာ ဖူးဖူးရောင်ပြီး ထ ကုန်သတဲ့။ သူ့လက်နှင့် တောက်တာက သူများ ဒုတ်နှင့် ရိုက် တာထက် နာသေးတာကိုး။

ကြောက်တာနှင့် အနားသို့ ဘယ်သူမှ မကပ်ဝံ့ကြတော့ဘူး၊ အဝေးကြီးက ရှောင်၍ နေကြရတော့တယ်။ ဒါနှင့် ဘယ်သူမှ ဘယ်လိုမှ မတတ်နိုင်ကြတာနှင့် အကုန်လုံး လက်လျှော့ကြပြီး သာမဏေ၏ ခြေရင်းမှာ ရင်ဖြင့်ဝပ်ကာ အရှင်ဘုရား သည်းခံ တော်မူပါ၊ တပည့်တော်တို့ မသိလို့ ပြုမိခြင်းဖြစ်ပါသည်။ ချမ်း သာ ပေးတော်မူပါ၊ စစ်သူကြီးကို လွှတ်တော်မူပါလို့ တောင်း ပန်ကြသတဲ့။

ကောင်ငှယိမ္မရ သူရဲကောင်းကြီးကလဲ အရှင်ဘုရား အုန်းသီး များကို မကျေနပ်လျှင် ဘဏ္ဍာစားပြန်၍ ပေးပါမည်၊ တပည့် တော်ကို ဒရွတ်တိုက်လို့ဖြင့် မဆွဲပါနှင့်၊ အလွန်တရာနာကျင်လှ ပါပြီ၊ ချမ်းသာပေးတော်မူပါလို့ တောင်းပန်သတဲ့။ ။ကျောင်း ရှိ သင်္ဃာများကလဲ သာမဏေသည့်လောက်တောင် အခဲမကြီး နှင့်၊ သည့်လောက် လုပ်ရလျှင် တော်ပါ၊ ချမ်းသာ ပေးပါ လွှတ်လိုက်ပါလို့ ဝိုင်းဝန်း တောင်းပန်ကြတယ်။ ။သည်တော့

မှ အဘယ သာမဏေက ကောင္ဍယိမ္ဗရစစ်သူကြီးကို လွှတ်တော့သတဲ့။

ထိုအခါမှစ၍ စစ်သူကြီးကလဲ သာမဏေ၏အားကောင်းပုံကို အလုံးစုံ အံ့ဩ ချီးမွမ်းလျက် တဦးကဦး အထူး ချစ်ကျွမ်းဝင်ခြင်းသို့ ရောက်ကြတယ်။ ကောင္ဍယိမ္ဗရ စစ်သူကြီးလဲ ဒုဋ္ဌဂါမဏိ မင်းကြီးထံသို့ သွားရောက် ခစားတဲ့ အခါ မင်းကြီးက စည်းစိမ် အခြံအရံများကိုပေး၍ စစ်သူကြီးရာထူးဖြင့် ချီးကျူးမြှောက်စား၍ ထားတယ်။

တနေ့သ၌ ဒုဋ္ဌဂါမဏိ မင်းကြီးက ကောင္ဍယိမ္ဗရ စစ်သူကြီးအား၊ အချင်းစစ်သူကြီး၊ ငါ၏ နိုင်ငံတော်အတွင်းမှာ သင်ကဲ့သို့ အားခွန် ဗလ ကောင်းတဲ့သူများ ရှိသေး သလားလို့ မေးတော်မူတယ်။ ကောင္ဍယိမ္ဗရ စစ်သူကြီးက မှန်လှပါ အကျွန်ုပ် အားခွန်ဗလ ကောင်းသည်မှာ မပြောပလောက်သေးပါ၊ ကပ္ပကန္ဒရကျောင်းမှာ သီတင်းသုံး နေတဲ့ အဘယ သာမဏေသည် အကျွန်ုပ်ထက်ပင် ပိုလွန် အားခွန်ဗလ ကောင်းပါသေးသည်လို့ လျှောက်တယ်။ မင်းကြီးက ယခုအခါ ကျေးကုလားတို့ ရန်ကို ခုခံ ဖျက်ဆီးဘို့ အလွန်တရာ အရေးကြီး နေသည်။ အားခွန်ဗလ အစွမ်းသတ္တိကောင်းလှတဲ့ လူစွမ်းကောင်း သတ္တိကောင်း စစ်ဗိုလ်ကြီးတွေ များစွာလိုသည်၊ ထိုသာမဏေကို ရအောင် ဆောင်ကြဉ်း ခဲ့ရမည်လို့ စေခိုင်းတော် မူတယ်။ ကောင္ဍယိမ္ဗရ စစ်သူကြီးသည် များစွာသော ဥစ္စာတို့ကို ယူခဲ့၍ ကပ္ပကန္ဒရကျောင်းသို့ လာခဲ့တယ်။ ကျောင်းသို့ ရောက်တဲ့အခါ သင်္ဃာတော်များအား များစွာသော အလှူကြီးကိုပေး၍ သာမဏေထံသို့ ချဉ်းကပ်၍ ဤသို့ လျှောက်ထားသတဲ့။ အို-မောင် ရှင်သာမဏေ၊ ကိုရင်ကလေးမှာ ငယ်လှ ပါသေးသည်၊ ပရိယတ် ပဋိပက် တရားများကို ကြိုးစားအားထုတ် နိုင်သေးမည် မဟုတ်ပါ၊ လူထွက်ပြီး ကာမဂုဏ်အရသာ လူ၏ ချမ်းသာများကို ခံစားပါအုံး၊ လူဝတ်ကြောင် အဖြစ်နှင့် ကုသိုလ်ကောင်းမှု များကို ပြုစု

အားထုတ် လျှင်လဲ နတ်ပြည်သို့ ရောက်နိုင်ကာပါတဲ့။ ပြည်ထဲ သခင် အရှင်မင်းကြီးက သင်သာမဏေကို များစွာ မြှော်လင့်၍ နေပါသည်လို့ လူထွက်ရန် သွေးဆောင် လှောက်ထားတယ်။ သည်တော့ အဘယ သာမဏေက ဒိုး–ဒကာတော် စစ်သူကြီး ငါသည် လူထွက်ဘို့ရန် နဲနဲမှမကြံပါဘူး။ ဘယ်တော့မှ စိတ် မကူးပါဘူး။ ငါ့မှာ ဒုလ္လဘ ငါးပါးတွင် အပါအဝင် ဖြစ်တဲ့ အလွန်တရာ ရခဲလှတဲ့ ဘုရားပွင့်ရာကာလ ဗုဒ္ဓုပ္ပါဒ နဝမက္ခဏ ကိုလဲ ရရှိ၍ နေပါပြီ၊ လူအဖြစ်ဆိုတဲ့ မနုဿတ္တ ဒုလ္လဘကိုလဲရရှိ ၍ နေပါသည်၊ ရဟန်း သာမဏေအဖြစ်ဆိုတဲ့ ပဗ္ဗဇ္ဇိတ ဒုလ္လဘ ကိုလဲ ရရှိ၍ နေပါသည်၊ ထို ရခဲလှစွာသော ဒုလ္လဘ တရားကြီး တွေကို ထင်ရှားစွာ လက်ကိုင် ရရှိပါလျက် ဘယ်အတွက် ကြောင့် လက်လွှတ်၍ ပစ်ရမလဲ။ သာသနာတော် အတွင်းမှာ သီလသိက္ခာကို စင်ကြယ်အောင်လုပ်ပြီး ဘဝကင်းရာ နိဗ္ဗုတာ သို့ ရောက်အောင် အားထုတ် သင့်ပေတယ်။

ဘာမဟုတ်တဲ့ စုတ်စုတ်နံနံ ကာမဂုဏ်အရသာ လူချမ်းသာ ကလေးကို မက်ပြီး လူထွက်မယ်လို့ မကြံသင့်ပေဘူး။

**(က) ဗုဒ္ဓုပ္ပါဒေါ မယာ လဒ္ဓေါ၊**
**မနုဿတ္တံ တထေဝ စ။**
**အလဗ္ဘနီယာ လဒ္ဓါ မေ၊**
**ပဗ္ဗဇ္ဇာ ဇိနသာသနေ။**

မယာ၊ နပျိုအဖူး ခလို မြူးလောက်အောင် ကုသိုလ်ထူး သော ငါသည်။ ဗုဒ္ဓုပ္ပါဒေါ၊ မမှားသဖြင့် တရား ကျင့် ဘို့ ဘုရားပွင့်ရာ ကာလ ဗုဒ္ဓုပ္ပါဒ နဝမက္ခဏကို။ လဒ္ဓေါ၊ အမှန် ဝမ်းမြောက်၊ ကံကောင်းထောက်သဖြင့်၊ မဖောက်ရရှိအပ်လေ ပြီ။ တထေဝ၊ မချို့အမူ ထိုအတူ သာလျှင်။ မနုဿတ္တံစ၊ လူ့ အဖြစ်ဟုတ် နသစ်ချုပ်တဲ့၊ မနုဿတ္တ ဒုလ္လဘကိုလည်း။ လဒ္ဓေါ၊ အခြေမှန်မှန် အသရေလျှံသမို့ ဇကန် ရရှိအပ်လေပြီ။ မေ မယာ၊

တရံမစောင်း မှန်အကြောင်းပါဘဲ ကံကောင်းသော ငါသည်။ ဇိနသာသနေ၊ အလွန်ခြားစွာ အများသာသည့်၊ ဘုရား သာသနာတော် အတွင်း၌။ အလင္ကာနိယာ၊ အချွန်ဘဝဘဲ မွန်သမျှကြဲလေတော့ အလွန်ရခဲလှစွာသော။ ပဗ္ဗဇ္ဇာ၊ လျှမ်းစွာအသရေ၊ တဓမ်း ကမ္ဘာမကြေဘူး၊ ရဟန်းသာမဏေထူးအဖြစ်ကိုလည်း။ လဒ္ဓါ၊ တသက်တိုင်တိုင် မပျက်နိုင်ဘဲ လက်ကိုင် ရရှိအပ်လေပြီတကား။

(ခ) ဝိသုဒ္ဓံ ပရိသောဓေတွာ၊
တဿ မ သီလသံဝရေ။
ဘဝက္ခယာယ ဥဿာဟော၊
ကရဏီယော သဒါ ဒရော။

တဿ မေ၊ ထိုမရစဘူး ဘဝမြူးလောက်အောင် အရထူးသော ငါ၏။ သီလသံဝရော၊ အဆင့်ညီမျှ မဖီရတဲ့ သီလသံဝရတရားကို။ ဝိသုဒ္ဓံ၊ ပျံ့ပျံ့သင်းသင်း၊ ယနုံ့လင်းပြီး၊ သန့်ရှင်း စင်ကြယ်အောင်။ ပရိသောဓေတွာ၊ ဖွေးဖွေးအကျော်၊ အသွေးပေါ်အောင်၊ ဆေးကျော်သုတ်သင်ပြီး၍။ ဘဝက္ခယာယ၊ အစဖ အဖုံဖုံ၊ မမွှလုံ့ပြီး၊ ဘဝကုန်ခြင်းငှါ။ ဥဿာဟော၊ အလွန်တိုးပွား အကျိုးများအောင် ကြိုးစားအားထုတ်ခြင်းကို။ သဒါ၊ မယွင်းမပြတ်ငြိမ်း အချင်းခပ်သိမ်း။ အာဒရော၊ အညီအမျှ မဖီရဘဲ ကြည်ညိုလှပိုလျှင်း သီလ၌ရှိသေခြင်းကို။ ကရဏီယော၊ ယခုမှချတ် အမှုအဟုတ် မြတ်တာကြောင့် ပြုလုပ်အပ်ပေသတည်း။

အို-အချင်း အဆွေတော် စစ်သူကြီး၊ ဒုက္ခ၏ အကြောင်းဆင်းရဲ အပေါင်းတို့၏ တည်နေရာ အပူအဖြာဖြာ ပေါ်လှတဲ့ကာမဆိုတဲ့ချမ်းသာကို အဘယ်မှာ မစွန့်လွှတ်နိုင်ဘဲ ရှိပါ့မလဲ။ ကာမဂုဏ် ချမ်းသာဟာ ချမ်းသာနှင့် ဆင်းရဲ နဲနဲမှ မမျှပါဘူး။ ပျော်ရတာ ရွှင်ရတာက နဲနဲကလေး။ မအေးဘဲ ပူရတဲ့ ဒုက္ခတွေက အသင်္ချေ အနန္တ ပေါ်များလှပါတယ်။

ကျွန်ပ်သည် ထိုအဘေးတွေကို တွေးလို့ ကြောက်လှချည်ရဲ့။ ။ ဥပမာအားဖြင့် ညွှန်နက်သန်းခေါင်ကြီးမှာတောင် တွင်းကျင်းကို လွတ်အောင် ရှောင်နိုင်တဲ့သူဟာ မြင်မြင် ထင်ထင် နေ့ခင်းကြောင်တောင်ကြီးမှာ ထိုတွင်းထဲကို ဘယ်မှာကျပါတော့မလဲ။ တွင်းကို မဆင်းလိုဘဲ ရှောင်ကွင်းတော့မှာ အမှန်ဘဲ။ ထိုနည်းတူစွာ ကျွန်ပ်မှာလဲ ညွှန်နက် သန်းခေါင်ကြီးနှင့်တူတဲ့ အလွန်တရာ မိုက်မဲလှတဲ့ ကာမဂုဏ်နယ်ဘောင် လူ့ဝတ်ကြောင်အဖြစ်မှ စင်စစ် လွတ်မြောက်ပေပြီ။ မြင်မြင်ထင်ထင် နေ့ခင်း ကြောင်တောင် ကြီးနှင့်တူတဲ့ အလွန်တရာ လင်းထိန်လှတဲ့ သာသနာတော်ဘောင်သို့ ရောက်၍ သာမဏေ ဖြစ်မြောက်ရပေပြီ။ နေ့ခင်းကြောင်တောင်ကြီးမို့ ဒိဋ္ဌမြင်နေရသဖြင့် တွင်းနက်ကြီး ထဲသို့ မဆင်းလိုသော သူကဲ့သို့ သာသနာ အလင်း နေ့ခင်းကြောင်တောင်သို့ ရောက်ခါ၊ ကာမဂုဏ် အပြစ် ဒေါသတို့ကို ဒိဋ္ဌ တွေ့မြင်ရသဖြင့် ထိုကာမဂုဏ် ညွှန်တွင်းသို့ မဆင်းလိုဘူး စစ်သူကြီးရယ်၊ တကယ်ဘဲ လူမထွက်လိုတော့ပါဘူး။

**(၁) တံ ဝတ နဇဟေ ကာမံ၊**
**ဌာနံ ဒုက္ခဿ သမ္ဘဝေ။**
**ကောဗုဓော ရတ္တိယံ ဒိဋ္ဌေ၊**
**ဒိဝါ ဝါဋ္ဌေ ပတိဿတိ။**

ဒုက္ခဿ။ အပြင်းအကဲ၊ လွန်ညှဉ်းဆဲသည့်၊ ဆင်းရဲ ဒုက္ခ၏။ သမ္ဘဝေ၊အသစ်ဖွားဖွား အပြစ်များပြီး ဖြစ်ပွါးစေခြင်း၌။ဌာနံ၊ မကောင်းသတင်း မပေါင်းသင်းဘို့ အကြောင်းရင်းကြီး တခု ဖြစ်သော။တံ ကာမံ၊ ထိုအဖြာဖြာပ သာယာကြတဲ့ ကာမတရားကို။ဝတ၊စင်စစ်ကေန် မသွေအမှန်။နဇဟေ၊ဝံ့ဝံ့ရဲရဲ မတွန့်ကြဲပြီး မစွန့်ဘဲရှိပါအံ့နည်း။ကောဗုဓော၊အသွယ်သွယ် ထင်စွာပကတိ၊ တကယ်မြင်ကာသိတဲ့ အဘယ်ပညာရှိသည်။ရတ္တိယံ၊ အသင့် အချက်၊ ဖွင့်၍ မြွက်ရမှာဖြင့်၊ ညွှန့်နက် သန်းခေါင်ကြီး၌။ ဒိဋ္ဌေ၊ အ

လွှန်ထိတ်စရ၊ စိတ်မချဘို့၊ ဒိဋ္ဌတွေ့မြင်အပ်သော။ အာဝါဠ၊ မဆင်းနီးရဲ၊ တွင်းကြီးတဲ့၌။ ဒိဝါ။ မျက်မြင်တွေ့ခြင်း၊ မမေ့လျှင်း နိုင်ဘု၊ နေ့ခင်းကြောင်တောင်ကြီး၌။ ပတိသတိ၊ တုန်ခြင်းဖြာဖြာ ကြိုလျှင်းရှာသမို့၊ ခုန်ဆင်းပါတော့အံ့နည်း။

ထိုအခါ-ကောဋဝယ်မ္ဗရ စစ်သူကြီးက ဘယ်လိုပြောပြန်သလဲ ဆိုတော့၊ အို-သာမဏေရဲ့၊ သာမဏေပြောတဲ့ စကားလဲ များစွာ မှန်ကန်ပါရဲ့၊ သို့သော်လဲ-သမုဒ္ဒရာ ပင်လယ်ထဲမှာ နစ်၍ နေတဲ့သူကို မကယ်ယူဘဲ သည်အတိုင်းကြည့်၍ နေပါလျှင်၊ မသနား-မကြင်နာ ကရုဏာ မရှိရာရောက်ပါလိမ့်မယ်။ ရေနစ်သူကို ဝါးကူ၍ မထိုးဘဲ ကယ်ဆယ်ထိုက်တဲ့ ဝတ္တရား ရှိပါတယ်။ မကယ်ဆယ်ဘဲ နစ်ချင် နစ်ပေစေ၊ သေချင် သေပေစေလို့ ပစ်၍ ထားပါလျှင် အင်မတန်စိမ်းကားတဲ့လူ၊ ရက်စက်တဲ့လူ၊ ကရုဏာ မေတ္တာ ကင်းတဲ့လူလို့ ဝိုင်း၍ ဆိုကြပေလိမ့်မယ်၊ ဒုက္ခသယ်ကို ကယ်ဆယ်ထိုက်တယ် မဟုတ်ပါလား။

**(က) ဝုယှန္တေ ယော မဟောဃေဟိ၊**
**ပဿယန္တံ န ပေက္ခတေ။**
**နိက္ကရုဏာယံ ပုရိသော၊**
**ဇာနန္တံ ခလု တံ ဇနာ။**

မဟောဃေဟိ၊ အနည်းနည်း အဖြာဖြာ၊ တဟီးဟီးလာပြီး၊ ကြီးစွာသော ရေအလျဉ်တို့ဖြင့်။ ဝုယှန္တေ၊ တလောမနား၊ ဒလဟော သွားပြီး၊ မျောပါးကုန်သော သူတို့ကို။ ယော၊ မစင်မဖြူ၊ အကြင်သူသည်။ ပဿယန္တံ-ပဿယန္တော၊ မမေ့ချင်စရာ၊ တွေ့မြင်ပါလျက်၊ နပေက္ခတေ၊ သတိမပြု၊ မကြည့်ရှုဘဲ၊ ဥပေက္ခာပြု၍ နေလေ၏။ တံ၊ ထိုမသွေ့လျစ်လျူ ရေနစ်သူကို မယူမကယ် အမူ ယယ်တဲ့ သူကို။ အယံပုရိသော၊ အရှည် မထောက်ထား ၍ ယောကျ်ားသည်။ နိက္ကရုဏော၊ မရှုမရှာ သူ့ခမြာကို ကရုဏာ ကင်းလေစွ ဟူ၍။ ခလု၊ စင်စစ်ကေန် မသွေအမှန်။ ဇနာ၊ ဆူဆူ

စားစား-လူအများတို့သည်။ဇာနန္တိ၊ ကဲ့ရဲ့သံဂြိုဟ်စကားတင်း ဆိုပြီးအလိုတိကျ သိရှိကြပါကုန်၏။

အို-သာမဏေရဲ့-ယခု အခါ သီဟိုဠ်ကျွန်းမှာ ရေနစ်တဲ့သူ ပမာ ကြီးစွာသော ဘေးရန်ကြီး ဆိုက်ရောက်၍ နေပါတယ်။ ဒမိဠ ကျေးကုလားတွေက မောဓိပင်ကို ခုတ်ဖြတ် စေတီမြတ် တွေကို ဖြိုဖျက် ထင်သမျှ နှိပ်စက်ပြီး လုယက် ဖျက်ဆီး၍နေကြပါ တယ်။ရုပ်တုတော်ကြီးတွေကိုတောင် ဖျက်ဆီး၍ပစ်ကြပါတယ်။ ကျေးကုလားတို့၏ ဘေးရန်ကြောင့် ဘုရားသားတော် သံဃာ တော် အပေါင်းတွေလဲ ကောင်းမွန် ချမ်းသာစွာ သီတင်းသုံး တော် မမူကြရရှာဘဲ-သက်နှ်းအပြတ်ပြတ် ဆွမ်းအငတ်ငတ်နှင့် အရပ်ရပ်သို့ လှည့်လည်၍ နေကြရပါတယ်။ ဘုန်းကြီးတွေ သင်္ကန်းတောင်အတင်းဆွဲချွတ်ပြီး အလွှတ်ရမ်းကားနေကြတာ ပါဘဲ။ သာသနာတော်မှာ ကြီးစွာသော ဘေးရန်ကြီး ဆိုက် ရောက်၍နေပါပေါ့။

(၁) လက်ာယံ ဒမိဠာ ဒါနိ၊
ဆိန္ဒန္တာ ဗောဓိပါဒပေ။
ထူပေစ ပဋိမာယောစ၊
ဝိနာသေသုံ အနေကဒါ။

လက်ာယံ၊ ကြည်ကြည်ညိုညို။ အရှည်စိုခဲ့တဲ့။ သီဟိုဠ်ကျွန်း၌။ ဒါနိ ဣဒါနိ၊ အမှုမသာ ယခုအခါ၌။ ဒမိဠာ၊ မတွေးတရား အရေးမှားတဲ့ ကျေးကုလား အရိုင်းတို့သည်။ ဗောဓိပါဒပေ၊ မနော့တိတိ သဘောသိတဲ့ ဗောဓိညောင်ပင်တို့ကိုရင်း။ ထူပေစ၊ အမျိုးမျိုးမွေသရီ၊ တန်ခိုးဝေစီတဲ့ ပုထိုး စေတီအပေါင်း တို့ကို ရင်း။ ပဋိမာယောစ၊ အဟုတ်ခြားသော် ထုတ်ကြားလို့ မဖော်ဝံ့ အောင် ရုပ်ပွါးတော် အပေါင်းတို့ကိုရင်း။ အနေကဒါ၊ တပါး မက- တရားရလောက်အောင် များလှသော အခြင်းအရာဖြင့်။

ဝိနာသေသုံ၊ ထဘ်ိုကြက်သီး လွှန်ပျက်စီးအောင် ဖျက်ဆီး၍ နေကြပါကုန်၏။

(၈) ဗုဒ္ဓပုတ္တာ မဟာနာဂါ၊
ဘိက္ခဝေါ သီလသံဝုတာ။
အဋ္ဌိန္နဝိဝရာ ဓေတ၊
ဝိစရန္တိ တဟိံ တဟိံ။

မုဒ္ဓပုတ္တာ၊ မမှားအလျော်၊တရားပျော်တဲ့ ဘုရားသားတော် ဖြစ်ကြကုန်သော။ မဟာနာဂ ါ၊ဂုဏ်သိရ် လျှမ်းဖြာ မန္တမ်းပါဘဲ၊ ရဟန္တာကြီး ဖြစ်တော်မူကြကုန်သော။ သီလသံဝုတာ၊ အကျင့် ညီမျှ၊ မဖိရတဲ့၊ သီလကို စောင့်ရှောက်တော်မူကြကုန်သော၊ ဓတေ ဘိက္ခဝေါ၊ ထိုမန္တမ်းသနော် လျှမ်းလျှမ်းကျော်တဲ့ ရဟန်း တော် အပေါင်းတို့သည်။အဋ္ဌိန္နဝိဝရာ၊မမြင်ကမန်း တမင် ပန်း လှချည့် သက်န်းကို ချွတ်ခါ လုသဖြင့် ဝတ်စရာ ယခု မရှိကုန့်ဘဲ။ တဟိံတဟိံ၊အလိုလိုကြပ် ထိုထိုအရပ်သို့။ဝိစရန္တိ၊သနားစရာ၊ တပါးခမြာတို့၊ သွားလာလှည့်လည်၍ နေကြရပါကုန်၏။

အလွှန်တရာ ကြောက်စရာ ကောင်းတဲ့ ကာလကြီးဘဲနော်။ ဘုရားတွေဖျက် ဘုန်းကြီးတွေသင်္ကန်း အတင်း ဆွဲချွတ်နှင့် အ လွှတ်ကို သောင်းကျန်းနေတာကိုး၊အင်မတန် ကြီးကျယ်တဲ့ သာ သနာ့ ရန်သူဘာသာ၏ဆူးငြောင့်ခလုတ်ကြီးတွေပေါ့။ဘာသာ ခြား မိစ္ဆာဒိဋ္ဌိများဟာ သည်လိုဘဲ ဖျက်ဆီးတတ်တာဘဲနော်။ မြန်မာနိုင်ငံမှာလဲ သည်လိုရန်သူကြီးတွေ ပေါ်လာမှာ များစွာ စိုးရိမ်ဘွယ်ကောင်းတယ်။ လူအမျိုးမျိုး ဘာသာအမျိုးမျိုးတွေ ရောပြွမ်းလာသဖြင့် ပညာရှိကြီးများကတော့ သည်လို အရေး တွေကို တွေး၍ စိုးရိမ်ကြလှပြီ၊ ကျေးကုလားတွေက အကြမ်း မဖျက်ဆီးပေမဲ့ အနုနည်းနှင့် အေးဒမြတိုက်ခါ သာသနာရေး၊ ဘာသာရေးတွေ၊ တဖြေးဖြေး နိမ့်ကျကုန်မှာကို များစွာ စိုးရိမ် ဘွယ်ကောင်းတာဘဲ။

ထို့နောက် စစ်သူကြီးက ဆက်လက်၍ ပြောပြန်သည်မှာ အို-ကိုရင်ကလေးရဲ့ သာသနာ ဘာသာရေးတွင်သာ ကျေးကုလားတွေက ဖျက်ဆီးနေတာ မဟုတ်သေးဘူး။

စီးပွါးရေး ပညာရေး အမျိုးဇာတိရေး တို့မှာလဲ အကုန်လိုက်ပြီး ဖျက်ဆီးနေတာဘဲ။ ပီးလောင်သော တောကြီးကဲ့သို့ ဤသီဟိုဠ်ကျွန်းကြီးမှာ ကျေးကုလား တည်းဟူသော မီးကြီးလောင်၍ နေပါပြီ။ ထိုရန်သူမီးကြီးကို ဘယ်သူမှ ငြိမ်းအောင် မတတ်နိုင်ကြပါဘူး၊ မြို့တွေ ရွာတွေ ဟူသမျှလဲ သူတို့ဖျက်ဆီးကြတာနှင့် အိမ်ခြေ ဆိတ်သုဉ်းပြီး အကုန်လုံးပျက်စီး၍ ကုန်ကြပါပြီ။တအိမ်တအိမ်မှာ လူတယောက်မှ မရှိတော့ပါဘူး။ တိုင်းသူပြည်သားလူအများလဲ ကစဥ့်ကလျား တကွဲတခြားစီ ကွဲပြားပျက်စီး၍ကုန်ကြပါပေါ့။ နိုင်ငံ မသာမယာ ရန်သူကြီး ဝင်လာသဖြင့်ဘုရားပုထိုး တန်ခိုးကြီးတဲ့ ရပ်ပွါးတော်တွေရော၊ ဘုန်းကြီးတွေရော၊ တိုင်းသူ ပြည်သားတွေရော အကုန် ဒုက္ခရောက်ကုန်တာပါဘဲ။ ယခုအခါသာသနာပြု ဤဒုဋ္ဌဂါမဏိ မင်းကြီးလက်ထက်မှာဖြင့် ဤအမျိုးဘာသာ သာသနာ၏ ရန်မီးကြီးကို အပြီးငြိမ်းအောင် တတ်နိုင်လိမ့်မယ်လို့ ထင်ပါတယ်။

(ဃ) ဝနံဝ ဒဟနာ ဒဍ္ဎံ၊
နိနီလံ သီဟဠံ ဣမံ။
ဒမိဠလဂ္ဂိနာ ဒယှတိ၊
န နိဗ္ဗာပေတိ ကောစိ နံ။

ဒဟနာ၊ ထိန်ထိန်လင်းလင်းမမှိန်ခြင်းဖြင့်အရှိန်ပြင်းလှသော မီးသည်။ ဝနံ၊ မို့မို့ဆိုင်းဆိုင်း ညို့ညို့မှိုင်းသော တောကြီးကို။ ဒဍ္ဎံဝ၊ ရဲရဲပြောင်ပြောင် တရှဲရှဲလောင်အပ်သကဲ့သို့။ နိနီလံ၊ ကြွမ်းမဲ့ကျုံးချုံ အလုံးစုံသော။ ဣမံသီဟဠံ၊ရည်ဆိုအညွှန်း ဤသီဟိုဠ်ကျွန်းကို။ ဒမိဠလဂ္ဂိနာ၊ မတွေးတရား အရေးမှားတဲ့ ကျေးကုလား တည်းဟူသော မီးသည်။ ဒယှတိ၊ တလက်လက်ညီး

လွှန်ပျက်စီးအောင် ဖျက်ဆီးလောင်ကျွမ်းအပ်ပါ၏။ နံ၊ ထိုမာန်မှုအပြီး အလျှံဆူတဲ့ ရန်သူမီးကို။ ကောစိ၊ အကုန်တလျှောက်အဖုံဖုံ ထောက်ပြီးတော့၊ တစုံတယောက်သောသူမျှ။ န နိဗ္ဗာပေတိ၊ ငြှောင်ဖယ် ကိမ်းလွဲ ကိန်းမရဲတာကြောင့် ငြိမ်းစဲအောင်မကာတ်နိုင်ပါ။

(၄) ဂါမာ သဗ္ဗေ အဂါမာ သုံ၊
ဝိနဋ္ဌာ ရဋ္ဌာဝါသိနော။
ဘိန္နံ သမတ္တာကာလေသယံ၊
သမေတုံ သကလံ ဋ္ဌမံ။

သဗ္ဗေ၊ခပ်သိမ်းကျုံးချုံ အလုံးစုံကုန်သော။ ဂါမာ၊ ကြမ္မာမကောင်း ရွာအပေါင်းတို့သည်။ အဂါမာ၊ခါခါဖျက်ဆီး ရွာပျက်ကြီးတို့သည်။ အာသုံ၊ ညစ်စွဖုံဖုံ ဖြစ်ကြကုန်ပြီ။ ရဋ္ဌဝါသိနော၊အလှိုင်းဆူဆူဝိုင်းဝိုင်းပူတဲ့ တိုင်းသူပြည်သား လူအများတို့သည်။ဝိနဋ္ဌာ၊တလွဲတခြား အကဲမှားပြီး ကွဲပြားပျက်စီး၍ ကုန်လေပြီ။ အယံ၊ ကြည်ကြည်သာသာ အရှည်ဖြာမဲ့ ဤအခါကာလသည်ကား။ဘိန္နံ၊တလွဲတခြား အသဲယားအောင် ကွဲပြား ပျက်စီးလေပြီးသော။ သကလံ၊ ဝန်းကျင်ကျုံးချုံ အလုံးစုံသော။ ဋ္ဌမံ၊ ရည်ဆိုညွှန်းညွှန်း ဤသီဟိုဠ်ကျွန်းကို၊ သမေတုံ၊ အရေးလှလှဘေးမခဘဲ အေးမြ ငြိမ်းချမ်းစေခြင်းငှါ။ သမတ္တကာလော၊မနွမ်းမယိုင်၊ အကြွမ်း ကိုင်လို့မို့၊ စွမ်းနိုင်သောအခါပေတည်း။

အို-သာမဏေ၊ကျွန်ုပ်တို့ ဂေါတမဘုရားသခင်ဟာဒီပက်ရာဘုရား လက်ထက်တော်အခါက ပကတိ သာဝကအဖြစ်နှင့် ကဦးထဲ နိဗ္ဗာန်သို့ ကူးမယ်ဆိုလျှင် ကူးနိုင်တယ် မဟုတ်လား။ သို့ပေမဲ့ ငါတဦးထဲဖြင့် နိဗ္ဗာန်သို့ မကူးသေးဘူး။ ဒုက္ခ သယ်သတ္တဝါတွေကို ကယ်ဆယ် ချွတ်ယူပြီး အတူတကွမှ ကူးမယ်လို့ ဘုရားဖြစ်ရန် ဒုက္ခ ခံပြီး အတန်တန်သော ပါရမီ တို့ကို ဖြည့်ဆည်းပူးကယ် မဟုတ်လား။ဒါကြောင့်မို့ အရှင်သာမဏေမှာ

လဲ ငါ့ဟာငါ တရား ကျင့်တော့မယ်လို့ တကိုယ်ကောင်းသာ မကြည့်ပါနှင့်။ ဘာခမည်းတော် မြတ်စွာဘုရား၏ သွားရာလမ်းကို ဖြောင့်တန်းစွာ လိုက်နာပြီးလျှင် မိစ္ဆာရန်ကို နှိမ်နင်းနိုင်သော စွမ်းရည်သတ္တိ ရှိသည်အားလျော်စွာ ပြည့်ရှင်မင်းကြီးနှင့် အတူ တကွ သာသနာများ ပြုစုပါအုံး။ မိစ္ဆာရန်ကို နှိမ်နင်းပါအုံး။ အမျိုးဘာသာ သာသနာ၏ ဘေးရန်ကြီးကို အပြီး နှိမ်နင်းနိုင်သော အစွမ်း ရှိပါလျက် သက်သက် ပစ်၍ မထားပါနှင့်။ ဘေးရန်များကို နှိမ်နင်းပြီး သာသနာပြုစုပြီးမှ အရှင်သာမဏေ အားထုတ်လိုတဲ့ တရားကို အားထုတ်တော်မူပါဘုရား။

(၀) လဒ္ဓံ ပဟာယ နိဗ္ဗာနံ၊
ဒီပင်္ကရဿ သတ္ထုနော။
သံသာရ သံသရိံ သတ္ထာ၊
ဒိသွာန ဒုက္ခိတေ ဇနေ။

သတ္ထာ၊ အဟောသိတ ကလောကတွင်ဖြင့် ဂေါတမရှင်တော်ဘုရားသည်။ ဒီပင်္ကရဿ၊ အမည်တွင်ကာ၊ စည်ပင်စွာဖြင့်၊ ဒီပင်္ကရာ အမည်ရှိတော်မူသော။ သတ္ထုနော၊ နတ်ဗြဟ္မာအများ ဝပ်ကာတွားရတဲ့၊ မြတ်စွာဘုရား၏။ သန္တိကေ၊ အကြံနော်မြောက် ထံတော်မှောက်၌။ လဒ္ဓံ၊ မုချဧကန်၊ မသွေလွှန်ဘဲ၊ အမှန်ရရှိတော်မူအပ်သော။ နိဗ္ဗာနံ၊ ဖိတ်ဖိတ်လျှံလျှံ၊ မဆိတ်ညံတဲ့၊ နိဗ္ဗာန်တရားတော်မြတ်ကို။ ပဟာယ၊ အမှုကဲကဲ၊ မယူဘဲလျှင်၊ သူလွှဲမငဲ့၊ ပယ်စွန့်ခဲ့၍။ ဒုက္ခိတေ။ ဝဲအဏ္ဏဝါ၊ သံသရာ၌၊ ဖန်ခါခါ ဆင်းရဲ၍ နေကြကုန်သော။ ဇနေ၊ အဟုတ်မရွယ်၊ မုချကယ်မည်ဟု၊ ဒုက္ခသယ် သတ္တဝါ အပေါင်းတို့ကို။ ဒိသွာန၊ သား၏အသွင်၊ သနားကြင်ပြီး၊ ဘဝင်နော်ဖြူ၊ မြင်တော်မူ၍။ သံသာရံ၊ ဘဝကြီးငယ် မနည်းကျယ်တဲ့၊ အသွယ်သွယ် ကျင်လည်ခြင်းကို။ သံသရိံ၊ ကြာရှည်မရွေ့ ပါရမီဖြေ့လို့မို့ မွေ့မွေ့ရှင်ကြည် ဘွင်မနသီမို့ ကျင်လည် ပြေးသွားတော်မူ ခဲ့လေပြီ။

(ဆ) ဧဝ မေဝ တုဝံ သာမိ၊
ရညာ သဒ္ဓိံ သဟာယကော။
ကတွာန သာသနံ သတ္ထု၊
ဝိသုဒ္ဓံ သီတလံ ဋမံ။

ဧဝမေဝ၊ ဤအလေားအသွင်၊ မခြားတင်လိုက်တော့ ဘုရားရှင်၏ နည်းအတူသာလျှင်။ သာမိ၊ အခေါင်ဘုရင့် အရောင်လွှင်ပါတဲ့ အို-မောင်ရှင်သာမကောဗ။တုဝံ၊ အစဉ်တာရှေ့ မြင်ပါပေတဲ့၊ အရှင်သာမကောသည်။ ရညာ၊ ပြည်ထဲသခင်၊ ကြည်ကွဲချင်တဲ့။ ဘုရင်မင်းမြတ်ကြီးနှင့်။ သဒ္ဓိံ၊ နမူမစွ အတူ တကွ။ သဟာယကော။ တော်တော်နှင့် မခွဲ၊ပျော်ပျော်နွဲ့ပြီး၊ အဘော်သဟဲ ပြုလုပ်၍။ သတ္ထု၊ နတ်မြဲဟွာ အများ ဒြဗ်သမ္ဘာကြွားတဲ့ မြတ်စွာဘုရား၏။ သာသနံ၊ အရာရာမေဘ် သမ္ဘာကျော်တဲ့ သာသနာတော်မြတ်ကို။ ဝိသုဒ္ဓံ၊ ညစ်ကြေးမတင် ပြစ်ဘေးကြဉ်ပြီး စင်ကြယ် သန့်ရှင်းအောင်။ဋမံ၊ကြည်ကြည်ညိုညိုအရှည်ပိုတဲ့ ဤသီဟိုဠ်ကျွန်းကို။ သီတလံ၊ အရေးလှလှ ဘေးမခဘဲ အေးမြ ငြိမ်းချမ်းအောင်။ ကတွာန၊ မနွမ်းသပ အစွမ်းပြပြီး လှလှကြီး ပြုလုပ်ပြီး၍—

(ဇ) ဟဒါ သဒ္ဓပရဇ္ဇေသု၊
ပသုတောဝ နိရာလယော။
ယ ကာတုမိစ္ဆသေ သာမိ၊
တံ ကရောဟိ ယထာသုခံ။

ဟဒါ၊ထိုမဟာဘူမိ အခါခါထုပြီး၊သာသနာပြုပြီးသောအခါ၌။ သဒ္ဓပရဇ္ဇေသု၊ ကိုယ့်အကျိုး သူ့ကျိုး၊ နုနုဖြိုးဖြိုး။ မညှိုးပွားများ၊အကျိုး ၂-ပါးတို့၌။ပသုတောဝ၊မရွေ့မကြာ၊ မမေ့ပါဘဲ၊ လေ့လာပြုလုပ်ပြီး၍ သာလျှင်။ နိရာလယော၊ ပစ်စွန့်ပယ်ခွါ၊ ဘယ်မညှာဘဲ၊ တွယ်တာကပ်ငြိခြင်း ကင်းသည်ဖြစ်၍။ သာမိ၊

ပြောင်ပြောင် လွှင်လွှင်၊ အခေါင်မြင်တဲ့၊ အို- မောင်ရှင်သာမဏေ။ တွ၊ အသွင်ဝါရွှေ၊ ယဉ်ပါပေတဲ့၊ အရှင်သာမဏေသည်။ ယံ၊ အကြင် မနွမ်း မပုပ်၊ ကမ္ဗဋ္ဌာန်း ထုတ်လို့မို့၊ ရဟန်းအလုပ်ကိစ္စကို။ ကာတုံ၊ တရားမယုတ် အများဟုတ်ပြီး အားထုတ်ပြုလုပ်ခြင်းငှါ။ ဣစ္ဆသေ၊ ပိုမိုအပြည့် နဂိုသိတာကြောင့် အလိုရှိပါပေ၏။ တံ၊ ထိုနုနုပျိုပျို၊ သူ့နဂိုနှင့်၊ ပြုလိုတဲ့ အမှုကိစ္စကို။ ယထာသုခံ၊ ပိုမိုအပြည့်၊ ထိုထိုကြည့်ပြီး အလိုရှိသည့်အတိုင်း။ ကရောဟိ၊ သာသနာ ဘာသာရေးတွေက၊ အရာရာ ပါဝါသေးကုန်ပေါ့၊ အခါခါ စာနာတွေးပါအုံး၊ မကြာမနှေး ပြုတော်မူပါလော့။

## အဘယ သာမဏေ လူထွက်ခန်း

အဲသည်လို ကောဋ္ဌယိမ္ဗရ သူရဲကောင်းကြီးက သွေးဆောင်ပြောဆိုတဲ့အခါ အဘယသာမဏေမှာ ကျေးကုလားတွေက ဘုရားတွေကို ဖျက်ကုန်ပြီ။ ဘုန်းကြီးတွေ၏ သက်န်းကို အတင်းဆွဲချွတ်ကုန်ပြီ၊ မိမိအမျိုးသားတွေကိုနှိပ်စက်ကုန်ပြီ-ဆိုတဲ့စကားကို ကြားရတော့ များစွာ မခံချိ မခံသာ ဖြစ်တာပေါ့လေ၊ အမျိုးဘာသာ သာသနာကို ထိတော့ မချိအောင်နာပြီး အသဲကို လှံနှင့်ထိုးလိုက်သလို အမျိုးမျိုး နာကျင်သွားတာပေါ့။

ငါတို့အမျိုးငါတို့ဘာသာကိုစော်ကားဖျက်ဆီးနေတာဟာ နဲနဲမှ မခံနိုင်ပါဘူး၊ အသက်သေချင် သေပေစေ၊ အသက်နှင့်လဲလိုက်မယ်၊ သာသနာ့ အမှုတော်ကို နောက်မှ ထမ်းမယ်။ ယခုဘဲ လူထွက်လိုက်မယ်။ ငါတို့ အမျိုးဘာသာ သာသနာကို လာပြီး ဖျက်ဆီးနေတဲ့ ကျေးကုလား တွေဟာ- သည်တခါ သိကြရောပေါ့၊ အတတ်သိရအောင် သတ္တိကိုပြလိုက်မဟေ့- လို့ ကြိမ်းဝါးပြီး တခါထဲ လူဝတ်လဲတော့တာဘဲတဲ့။ ကိုယ့် အမျိုးဘာသာ ထိလာတော့ မချိအောင် နာတတ်တာမျိုးဘဲ နော်။ မြန်မာနှင့် ကုလား၊ မြန်မာနှင့် တရုပ်တွေ ရိုက်နှက်ကြ

တုန်းက သိက္ခာ ကျချင် ကျပေစေဆိုပြီး ဒုတ်ခေး ကိုင်ထွက်တဲ့ ကိုယ်တော်များလိုဇပေါ့လေ။ အမျိုးဘာသာနှင့် စပ်ပြီး သေမတတ် နာကျည်းလာတော့ သိက္ခာတို့ သက်နိုးတို့ကို ဘယ်မှာ ငဲ့နေနိုင်တော့မလဲ။

အဲသည်လို- ကောင္ဍယိမ္ဗရ စစ်သူကြီးသည် အဘယ သာမဏေ မောင်ရင်လူထွက်ကို မိမိအိမ်သို့ ခေါ်ဆောင်၍ သွားတယ်၊မောင်ရင်လူထွက်၏ ဆံပင်များ မရှေမချင်း မိမိအိမ်မှာပင် ကောင်းမွန်စွာ ကျွေးမွေးပြုစု၍ ထားသတဲ့။ ဆံပင်ရှေတဲ့အခါ ကျမ္မ လှပကောင်းမွန်စွာ ဝင်ဆင်ပြီး ဒုဋ္ဌဂါမဏိ မင်းကြီးထံသို့ ခေါ်ဆောင် ဆက်သတယ်။

မင်းကြီးကလဲ အဘယသာမဏေ မောင်ရင်လူထွက်ကို မြင်တဲ့အခါ အလွန်တရာ ဝမ်းမြောက် ဝမ်းသာဖြစ်ပြီး မင်္ဂလာအိမ်တော်နှင့်တကွ ရွှေ ငွေ ရတနာဥစ္စာဘဏ္ဍာတို့ကို များစွာ ချီးမြှင့်သနားတော်မူပြီးလျှင် တနေ့ တနေ့မှာ ဆုတော်ငွေ တထောင့်စီ တထောင်စီ သနားတော်မူတယ်။

**အဘယစစ်သူကြီးကျေးကုလားတို့ရန်ကိုခုခံတိုက်ဖျက်ခန်း**

နောက်အခါ ဒုဋ္ဌဂါမဏိ မင်းကြီးနှင့် အတူတကွ ကျေးကုလားတို့နှင့် စစ်ထိုး၍ ဝိဇိတမြို့ကိုသိမ်းယူတဲ့နေ့မှာ အစောက်အနံ မြင့်မားလှတဲ့ မြို့တံတိုင်းကြီးကို ဖြိုဖျက်၍- မြို့ထဲသို့ ဝင်ပြီးလျှင် တဆဲ့ခြောက်တောင်ရှိသောသန်လျက်ထားကြီးနှင့် ကျေးကုလားတွေကို ခုတ်သတ်၍ ပစ်တယ်။

စစ်အောင်မြင်တဲ့အခါ ဒုဋ္ဌဂါမဏိ မင်းကြီးသည် အလုံးစုံသော သီဟိုဠ်ကျွန်းမှာ တဦးတည်းသော မင်း အဖြစ်ကို ခံယူတော်မူ၍ လူအပေါင်းတို့၏ အကျိုးစီးပွါး သာသနာတော်မြတ်၏ အကျိုးစီးပွါးကို များစွာဆောင်ရွက်တော်မူလျက် အနုရာဓမြို့မှာ စံတော်မူတယ်။ မင်းကြီးက အသီးသီးသော စစ်သည်

သူရဲတို့အား ဆုလာဘ်သပ်ပကာ ရာထူး ဌာနန္တရ ပေးသနား တော်မူသတဲ့၊ အဘယ သာမဏေ မောင်ရင်လူထွက် ဖြစ်တဲ့ အဘယစစ်သူကြီးကိုလဲ ရာထူး ဌာနန္တရ ပေးတော်မူသတဲ့၊ သည်တော့ မောင်ရင်လူထွက် အဘယ စစ်သူကြီးက အရှင်မင်း ကြီး ပေးသနားတော်မူတဲ့ ရာထူး ဌာနန္တရများကို လားလားမှ အလိုမရှိပါ။ အကျွန်ုပ်မှာ ရန်သူတွေ ကျန်ပါသေးသည်၊ စစ် တိုက်ရန် ကိစ္စ ရှိပါသေးတယ်လို့ လျှောက်တယ်။ မင်းကြီးက ယခု သီဟိုဠ်ကျွန်းလုံးမှာ ဘယ်ရန်သူမှ ခေါင်းမပြူဝံ့ဘဲ အကုန် လုံး လက်နက်ချပြီး အရှုံးပေးကြလို့ ကောင်းကောင်းကြီး အောင်မြင်၍ ဧကရာဇ်ဘုရင် ပြုလုပ်ရပြီ မဟုတ်လား၊ ဘယ်ရန် သူရှိသေးသလဲ၊ ဘယ်မှာ စစ်တိုက်ဘို့ ကျန်သေးသလဲလို့ မေး တော်မူတယ်။မှန်လှပါ ပကတိရန်သူတွေကို အောင်မြင်အောင် စစ်တိုက်နိုင်သော်လဲ ကိလေသာတည်းဟူသော ရန်သူကို နိုင် အောင် မတိုက်နိုင်သေးပါ။ ကိလေသာရန်သူကျန်၍နေပါသေး သည်။ကိလေသာရန်သူကို တိုက်ခိုက်ရတာက ပကတိ စစ်ပွဲတွေ ကို တိုက်ခိုက်ရတာထက် အဆပေါင်း များစွာ ပိုမို ခဲယဉ်းပါ သည်။ထိုကိလေသာရန်သူကို အလံမထူ မာန်မမူဝံ့အောင်အကြွ ယူကာ တိုက်ခိုက်လိုပါသေးသည် လို့ လျှောက်တယ်။

## အဘယ မထေရ် ရဟန္တာဖြစ်ခန်း

သို့ကလို လျှောက်ထား ခွင့်ပန်တဲ့အခါ ဒုဋ္ဌဂါမဏိ မင်းကြီး ကလဲ၊ ကြည်သာ နှုးညွတ် အခွင့်တော် လွှတ်သဖြင့် မောင်ရင် လူထွက် အဘယ စစ်သူကြီးသည် သာသနာတော် ဘောင်သို့ တဖန်ပြန်၍ ရဟန်းပြုလုပ်တယ်။

ရဟန်းပြုလုပ်၍ ကမ္မဋ္ဌာန်း တရားများကို ကြိုးစား အား ထုတ်လေရာ မကြာ မြင့်မီပင် ပဋိသမ္ဘိဒါ ၄-ပါးနှင့် တကွ ရဟန္တာအဖြစ်သို့ရောက်၍ အခြံအရံ တပည့် ငါးရာနှင့် တကွ

သီဟိုဠ်ကျွန်းမှာ နေလ အလား ထင်ရှား ကျော်စောလေသတည်း။

**ဆွမ်းအကျိုးကို အမျိုးမျိုးပြသော ဆွမ်းတရားတော်နှင့်**
**အားခွန်ဗလ ကောင်းလှသော**
**အဘယ သာမဏေထူး သာမဏေဆန်းဝတ္ထု ပြီး၏။**

---

စိဝရဒါနကထာခေါ်

## သင်္ကန်းအလှူ တရားတော်

ပဏ္ဍုံ ဒိသွာန ကာသာဝံ၊
ဆဋ္ဌိတံ မိဠ္ဌမက္ခိတံ။
သိရသ္မိံ အဥ္ဇလိံ ကတွာ၊
ဝန္ဒိတဗ္ဗံ ဣသိဒ္ဓဇံ။
(ဥပါလိတေရာပဒါန်ပါဠိတော်)

ပဏ္ဍုံ၊ လွှန်စွာညစ်ညမ်း၊ မချစ်တမ်းဟု၊ ကြမ်းလှအပြီး၊ လမ်းမကြီး၌။ ဆဋ္ဌိတံ၊ မဝံ့အစစ်။ မတွန့်လစ်ဘဲ၊ စွန့်ပစ်၍ ထားအပ်သော။ မိဠ္ဌမက္ခိတံ၊ မစင်ကျင်ကြီး၊ အနည်းနည်း တို့ဖြင့်၊ အပြီးထူးကဲ၊ မဖူးရဲအောင်လူးလဲလိမ်းကျံ၍နေသော။ဣသိဒ္ဓဇံ၊ အရောင်လျှမ်းဖြာ၊ မန္ဒမ်းပါဘဲ၊ ရဟန္တာတို့၏ အောင်လံတံခွန်ဖြစ်သော။ ကာသာဝံ၊ အသွင်ဆန်းဆန်း မြင်မခန်းတဲ့ သင်္ကန်းအဝတ်ကို။ ဒိသွာန၊ ရှင်ရှင်မွေ့မွေ့၊ စဉ်မမေ့အောင်၊ မြင်တွေ့လေသည်ရှိသော်။ သိရသ္မိံ၊ အမြတ်အင်္ဂါ မင်္ဂလာဟု ထင်စွာပေါင်းရက် ဦးခေါင်းထက်၌။ အဥ္ဇလိံ ကတွာ၊ မပျက်အဟုတ် မစက်ဆုပ်ဘဲ လက်အုပ် ချီမိုး၍။ ဝန္ဒိတဗ္ဗံ၊ ကြည်ကြည် နူးနူး

အဆီပြန်းလျက် အထူးဖူးမျှော်၊ မှုမချော်ဘဲ ပူဇော် ရှိခိုးထိုက်ပေသတည်း။

သင်္ကန်းများ ဘယ်လောက်များ ထူးမြတ်တယ် ဆိုတာ အလွန်တရာ ထင်ရှားတာဘဲနော်။ ကိုယ်မှာ ဝတ်ရုံ၍ ထားတဲ့ သင်္ကန်းကို မဆိုထားနှင့်ဦး၊ လမ်းကြိုလမ်းကြားမှာ ကျ၍နေတဲ့ မစင် ကျင်ကြီး အညစ်အကြေးတွေ လူးလဲ၍နေတဲ့ သင်္ကန်းစုတ်ကလေးကိုပင် အညစ်အကြေးတွေနှင့် ပါလား၊ ရွံဘွယ်ရာကြီးပါလားလို့ မထီလေးစား မရိုမသေ မပြုကောင်းဘူး၊ ခြေနှင့် နင်းခြင်း မတော်ရာသို့ လွှင့်ပစ်ခြင်းစသော အဂါရဝမှုကို မပြုကောင်းဘူး။ ရဟန္တာတို့၏ အောင်လံတံခွန်ကြီး ပါလား ဟူ၍ များစွာကြည်ညို ရိုသေကိုင်းညွှတ်လျက် လက်အုပ်ချီမိုး ရှိခိုးခြင်းငှါ ထိုက်တယ်လို့ ဝိနည်းမိုရ် ဇာတဒ်ရ ဥပါလိ မထေရ်မြတ်က ဟောတော်မူတယ်။ အဲသည်တော့ လမ်းမှာကျနေတဲ့ မစင်လူးနေတဲ့ သင်္ကန်းစုတ် ကိုတောင် မရိုမသေ မပြုထိုက်ဘဲ ရှိခိုးထိုက်သေးတာ။ ကိုယ်မှာဝတ်ထားတဲ့ သစ်သစ်လွင်လွင် သင်္ကန်းကိုတော့ ပြောဘွယ်ရာမရှိဘူးနော်။ အထူးရိုသေထိုက်တယ်၊ ရှိခိုးထိုက်တယ်ဆိုတာ လွန်စွာထင်ရှားနေတာပေါ့။ ဒါကြောင့်မို့ သင်္ကန်းဝတ်ကားတဲ့ ရဟန်း, သာမဏေများကို သိကြာဂုဏ်က တကြောင်း၊ သင်္ကန်းရှိန်က တကြောင်းကြောင့် များစွာ ရိုသေကြရတယ်၊ ရှိခိုးကြရတယ်။ မရိုမသေ မလုပ်ဝံ့ကြဘူး၊ သိက္ခာပုဒ် မရှိတဲ့ အလဇ္ဇီဒုဿီလဖြစ်ပေမဲ့ သင်္ကန်းရှိန် တန်ခိုးကြောင့် ရှိခိုးကြရ သေးတာကိုး။ သင်္ကန်း အစစ်ကို မပြောသေးနှင့် သင်္ကန်းအတုလုပ်ပြီး အဝတ်ဝါကလေးခြုံထားတဲ့ သောနုတ္တိုရ်မှုဆိုးအား ဘုရားအလောင်း ဆဒ္ဒန်ဆင်မင်းက အရိုအသေပေးသေးတာ ကလား၊ သို့အတွက် သည်ကိုယ်တော် အား ဘောလုံးပွဲသွားတယ်၊ ရုပ်ရှင်ကြည့်တယ်၊ ပွဲကြည့်တယ် ဆိုပြီး မရိုမသေမလုပ်နှင့်။ သူ့မှာ သင်္ကန်းရှိန်က ရှိနေတယ်။ သင်္ကန်းကို ငဲ့ရှုပြီး ရိုသေသမှု ပြုရတယ်။ အာပတ်သင့်တာ ကတော့

ဖြေလျှင် ပြေလိမ့်မယ်။ ဖြေမရ၊ ရင်လဲ သူ့ဟာသူ သူ့ထိုက်နှင့် သူ့ကံသွားလိမ့်မယ်၊ ကိုယ့်တာဝန် မဟုတ်ဘူး။ အချို့သူများ ဟာ မတော်တာ တစုံတခုကို မြင်တွေ့လျှင် အင်မတန် မရှိမသေ လုပ်တတ်သနော်။ ပမာမခန့် ပြောချင်တိုင်းပြော ဆိုချင်တိုင်း ဆိုနှင့် အလွန်ကို မထိလေးစား လုပ်တတ်တယ်။ သည်လိုမဖြစ် အောင် သတိပြုရမယ်။ သက်နိးကို ပါဠိလို ဓုသိဗ္ဗဇ၊ မြန်မာလို ရဟန္တာတို့၏ အောင်လံတံခွန်လို့ ခေါ်သတဲ့။

ရှင်သာရိပုတ္တရာ ရှင်မဟာမောဂ္ဂလာန်အစရှိသော ရဟန္တာ ပုဂ္ဂိုလ်ကြီးများသည် ဤသက်နိးကို ဝတ်ရုံကော်မူကြပြီး ကိလေ သာအာသာဝေါကို အောင်မြင်တော်မူကြတယ်။ သက်နိး တည်း ဟူသောအောင်လံတော်ကြီးကိုစိုက်ထူပြီးနိဗ္ဗာန်တည်းဟူသော အောင်မြို့ကြီးသို့ ဝင်ကော်မူကြတယ်။ သောတာပန်၊ သက ဒါဂါမ်၊ အနာဂါမ် တည်ကြကယ်၊ ရဟန္တာဖြစ်ကြတယ်။

မဂ်ဖိုလ် တည်းဟူသော အောင်ရေကို သောက်ကြတယ်။ စစ်တိုက်ရာမှာ ဒေါင်းလံ-ယူနီယံဂျက်အလံ စသော အောင်လံ တွေကို စိုက်ထူပြီး စစ်တိုက်ကြ အောင်မြင်ကြ သကဲ့သို့ ကိလေ သာ တည်းဟူသော စစ်ပွဲကြီးကို တိုက်ခိုက်ရာမှာ သက်နိးကို ဝတ်ရုံပြီး သက်နိးတည်းဟူသော အောင်လံကြီးကို စိုက်ထူပြီး၊ တိုက်ခိုက်ကြတယ်၊ အောင်မြင်ကြတယ်။ သို့အတွက် ရဟန္တာတို့ ၏ အောင်လံတံခွန် မည်တယ်တဲ့။ ရဟန္တာ များသာ မဟုတ် သေးဘူး၊ ဘုရားပစ္စေကဗုဒ္ဓါများလဲ ဤသက်နိးကိုဝတ်ရုံကြတာ ဘဲတဲ့။ ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူပြီး ဖြစ်ကြတဲ့ ဘုရားရှင် များ၊ ယခုပွင့်တော်မူတဲ့ ဂေါတမ ဘုရား၊ နောင် ပွင့်တော်မူ လတ္တံ့ ဘုရားရှင်များ အဲသည် ဘုရားရှင် အပေါင်းတွေဟာ ဤသက်နိး တည်းဟူသော အောင်လံတံခွန်ကို ဝတ်ရုံ စိုက်ထူ ကြပြီး ကိလေသာ အာသဝေါတို့မှ ခွါလျော ကင်းစင်ကော် မူကြတယ်။ သို့အတွက် ဤသက်နိးကို လက်အုပ်ချီမိုး ရှိခိုးထိုက် တယ်လို့ ဥပါလိ မထေရ်မြတ်ကပင် ဟောတော်မူပြန်တယ်။

အဗ္ဘာတီတာ စ ယေ ဗုဒ္ဓါ၊
ပစ္စုပ္ပန္နာ စ နာဂတာ။
ဓဇေန နေန သုဇ္ဈန္တိ၊
တသ္မာ ဓဇံ နမဿိယံ။

အဗ္ဘာတီတာ၊ ဂင်္ဂါဝါလု ပမာပြုပြီး သဲစုမကပွင့်တော်မူပြီး ဖြစ်ကြကုန်သော။ ယေ ဗုဒ္ဓါ စ၊ အကြင်တရားအစဉ် မမှား မြင်ကြတဲ့ ဘုရားရှင် အပေါင်း တို့သည်ဎင်း။ ပစ္စုပ္ပန္နာ၊ အမှု ချင့် မြော် ပြုခွင့်လျော်သဖြင့် ယခုပွင့်တော်မူဆဲ ဖြစ်သော။ ယော ဗုဒ္ဓေါ စ၊ အကြင်စေဘာဂဝ တလောကတွင် ဂေါတမ ဘုရားရှင်သည်ဎင်း။ အနာဂတာ၊ အခေါင်ဘာမ္ဘာ အရောင်ဝါနှင့် နောင်အခါပွင့်တော်မူလတ္တံ့ ဖြစ်ကုန်သော။ ယေဗုဒ္ဓါ စ၊ အကြင် အများအစဉ် အဖျားကင်ရတဲ့ ဘုရားရှင်အပေါင်းတို့ သည်ဎင်း။ အတ္တိ သန္တိ၊ အသွင်ခြားဘိ ထင်ရှားရှိတော်မူကြကုန်၏။ တေ ဗုဒ္ဓါ၊ ထိုများဖြင်သောင်းသောင်း တရားမြင်သည့် ဘုရားရှင် အပေါင်းတို့သည်။ အနေန ဓဇေန၊ ဤ အသွင် လျှမ်းလျှမ်း မြင် မခန်းတဲ့ သင်္ကန်းတည်းဟူသော အောင်လံတံခွန်ဖြင့်။ သုဇ္ဈန္တိ၊ ကိလေသာဇော အာသဝေါတို့မှ ခွါလျောစင်ကြယ်တော်မူကြ ကုန်၏။ တသ္မာ၊ ထိုသို့ဂုဏ်အင် ဘုံဟခွင်မှာ စုံလင်ထူးခြား လေသောကြောင့်။ ဓဇံ၊ ထိုပြောင်ပြောင် အမှန် အရောင် လျှံတဲ့ အောင်လံ သင်္ကန်းကို။ နမဿိယံ၊ လက်အုပ်ချီမိုး အရှည် ကိုးပြီး ရှိခိုး ဦးချထိုက်ပေသတည်း။

လောကမှာရှိသမျှအဝတ်အထည် ဟူသမျှ သင်္ကန်းလောက် မြင့်မြတ်တဲ့ဟာ ဘယ်မှာမှ မရှိဘူး။ သကြားမင်းကြီး၏ ဝတ်လဲ တော်လဲ မမှီဘူး၊ မြဟ္မာမင်းကြီး၏ အဝတ်လဲ မတုနိုင်ဘူး၊ စကြ ဝတေးမန္ဓာတ်ပဒေသရာဇ်ဧကရာဇ်မင်းတို့၏ဝတ်လဲတော်တွေ ဟူသမျှ သင်္ကန်းနှင့်ယှဉ်ရလျှင် အကုန်လုံးဆလံသပြီး အရှုံးပေး ကာ ဦးတိုက်ကြရလိမ့်မယ်တဲ့။ ခေါမ-ရောမ-ကောဋ္ဌမ္ဗရ အစရှိ

တဲ့ ပိုးထည် ချည်ထည်တွေဆိုတာလဲ မှိမှာဝေရော၊ နဲနဲကလေးမှ မပြိုင်နိုင်ကြဘူးပေါ့နော်။ အခြား အဝတ်တွေကတော့ ဘယ်အခါမဆို မုံးဖောလအော-ပေါချင်တိုင်း ပေါနေတဲ့ အဝတ်တွေကလား။ သာသနာတွင်း သာသနာပ ဘယ်ကာလမဆို ဝတ်ချင်တိုင်းဝတ်၍ နေရတာယ်။ စကြဝတေး မန္ဓာတ် အထပ်ထပ် ဖြစ်ရလွန်းလို့ ထိုမင်းတွေရဲ့ ဝတ်လဲတော် ပုဆိုးတွေလဲ အမျိုးမျိုး ဝတ်ခဲ့ရဘူးလှပြီတဲ့။အထပ်ထပ်အခါခါ မကြာမကြာ ဝတ်ရဘူးလှသည့်ပြင် ကိလေသာမှ ကင်းစင်တဲ့ အဝတ်တွေလဲ မဟုတ်ဘူး။ ကိလေသာမှ မကင်းစင်တဲ့ပြင် ထိုအဝတ်တွေ အတွက် တိုးတက်၍တောင် လာလေအုံးမယ်။

သင်္ကန်းကတော့ အခါကာလ မရွေး ရနိုင်တဲ့ အဝတ်မျိုး မဟုတ်ဘူး၊ ဘုရား ပွင့်တော်မူရာ ကာလ သာသနာတွင်းနှင့် ကြုံကြိုက်မှသာ ဖြစ်ပေါ်လာတဲ့ အဝတ်မျိုးဖြစ်တယ်။ အလွန်တရာ ရခဲပြီး ခဲယဉ်း ငြိုငြင်တယ်။ ထိုသင်္ကန်းကိုဝတ်ပြီး ကိလေသာ မတိုးဘဲ ဖြတ်ချိုး ပယ်နှိမ်ကာ ကိလေသာ ကင်းစင်တယ်။ သို့အတွက် အဝတ်အထည် ဟူသမျှတွင် အဝတ်ဘုရင် အထည်ခေါင်ချုပ် ဥတ္တမ္ဗချယ်ယာမင်ကြီး ဖြစ်ပါတယ်တဲ့။

သို့ကလို အလွန်တရာ မြင့်မြတ်လှသဖြင့် သင်္ကန်းများကို ကြီးစားပြီး လှူကြဘို့ ကောင်းသနော်။ သင်္ကန်းအလှူကို ကြည်ကြည်ဖြူဖြူ အားထုတ်သင့်တယ်။ သာသနာတွင်းမှာမှ လှူရသဖြင့် အလွန်တရာ ရခဲလှတဲ့ ဒုလ္လဘကုသိုလ်ကြီးကလား။ သာသနာပ အခါများမှာ သင်္ကန်းကလေးတထည် လှူချင်လို့အလှူခံပုဂ္ဂိုလ် မရှိ၊ သင်္ကန်းဆိုတာပင် မရှိ၊ အင်မတိ အင်မတန် ခဲယဉ်းတယ်။ ရသေ့ ပရိဗိုဇ်များ ဝတ်တဲ့ သစ်ခေါက်ဆိုး လျှော်တေသင်္ကန်းဆိုတာတော့ ရှိပါရဲ့။ ထိုလျှော်တေ သင်္ကန်းထက် ရဟန်းသာမဏေများဝတ်တဲ့သင်္ကန်းကအဆတရာမက မြင့်မြတ်တယ်။ စီရဟော ဝရံ စီဝရံ-လို့ သဒ္ဒါကျမ်းများက ဝိဂြိုဟ်လုပ်တာကိုး စီရတော၊လျှော်တေသင်္ကန်းထက်။ဝရံ၊မြတ်သောအဝတ်အထည်။

စီဝရံ၊ လျှော်တေသက်န်းထက် မြတ်သော အဝတ် ဟဲ့။ လျှော် တေသက်န်းထက် မြတ်သောကြောင့်၊ ပါဠိလို စီဝရ၊ မြန်မာလို သက်န်းလို့ ခေါ်သတဲ့။ ထိုသို့မြင့်မြတ်လှတဲ့ သက်န်းကို လှူဒါန်း ရတဲ့ သက်န်းဒကာ သက်န်းအမများမှာလဲ မြင့်မြတ်သော အကျိုးထူးကို ခံစားရတာဘဲ။ သက်န်းအမျိုးမှာ ယောက်ျား နှင့် မိန်းမ မတူဘူး။ မိန်းမများ သက်န်းလှူလျှင် ဝိသာခါတို့ မလ္လိကာတို့ဝတ်ဆင်ရတဲ့ အဘိုးကုဋေ ထိုက်တန်သည့် မလ္လိကာ တန်းဆာလို့ ခေါ်ကြတဲ့ မဟာလ္လတာ ပသာဓနမည်သော တန် ဆာကြီးကို ဝတ်ဆင်ရခြင်း ဟူသော အကျိုးထူးကို ရရှိတယ်။ သည်မဟာလ္လတာ ပသာဓန ခေါ်တဲ့ မလ္လိကာ တန်ဆာကြီးကို ဝတ်ဆင်ရတဲ့ မိန်းမကလဲ ဝိသာခါရယ်-မလ္လိကာရယ်-နန္ဒီရယ် ၃-ဦးထဲသာ ရှိသတဲ့။ဆင်ပြောင် ငါးစီးအားကို ဆောင်နိုင်ပြီး ဘုန်းကံထူးခြားတဲ့ မိန်းမများမှ ဝတ်ဆင်ရတာကိုး။

ယောက်ျားများ သက်န်းလှူလျှင်တော့ ဘုရားရှင်က ဧဟိ ဘိက္ခု ခေါ်တော်မူတဲ့အခါ တန်ခိုးအားဖြင့် အလိုလိုဖြစ်ပေါ် လာတဲ့ သက်န်း ပရိက္ခရာကို ရရှိခြင်း တည်းဟူသော အကျိုးကို ခံစားရတယ်တဲ့။

**ဣတ္ထီနံ ဟိ စီဝရဒါနံ မဟာလ္လတာ ပသာ ဓ နေန**
**မတ္ထကံ ပပ္ပေါတိ။ ပုရိသာနံ ဣဒ္ဓိမယ စီဝရ**
**လာဘေန။ ။ (ဓမ္မပဒ အဋ္ဌကထာ)**

ဟိ၊ သက်န်း၏အကျိုးကို အမျိုးခွဲ၍ ပြဦးအံ့။ဣတ္ထီနံ၊တကိန်း လှတဲ့ မိန်းမမျိုးတို့၏။ စီဝရဒါနံ၊ ယဉ်ဆန်းအမှု သက်န်း အလှူ သည်။ မဟာလ္လတာ ပသာဓနေန၊ထူးခြားထင်လင်း မဟာလ္လတာ တန်ဆာကို ဝတ်ဆင်ခြင်းဖြင့်။ မတ္ထကံ၊ အကျိုးအလုံး-အပြီး အ ဆုံးသို့။ပပ္ပေါတိ၊ မုချမသွေ ရောက်ရလေ၏။ပုရိသာနံ၊ ထောက် ထားမချို့ယောက်ျားတို့အား။ဣဒ္ဓိမယ စီဝရလာဘေန၊တန်ခိုး

ဖြင့် ပြီးသည့် သက်န်း ပရိက္ခရာကြီးကို ရခြင်းဖြင့်။မဏ္ဍကာ၊အကျိုး
အလုံး အပြီးအဆုံးသို့။ပပွေါတိ၊မုချမသွေ ရောက်ရလေ၏။

သည် အကျိုးထူးကလေးကို သေသေချာချာ မှတ်ထားကြ
နော်။ နတ်ပြည် ရောက်ရခြင်း၊ နိဗ္ဗာန် ရောက်ရခြင်း စသော
အခြားအကျိုးပေးကတော့ သူများနှင့်အတူတူပေါ့။ယခုအကျိုး
က သူများထက် ထူးခြားတဲ့အကျိုးကိုး။ သက်န်းပရိက္ခရာ လှူ
ဘူးတဲ့သူမှ ဘုရားရှင်က ဧဟိ ဘိက္ခု၊ ခေါ်တော်မူတဲ့အခါ တန်
ခိုးဖြင့်ပြီးတဲ့ သက်န်း ပရိက္ခရာတွေကိုရပြီး ဝါ (၆၀) ရသော
မထေရ်ကြီးကဲ့သို့ ဟခါထည်း ဧဟိဘိက္ခု ဖြစ်ရတယ်။ သက်န်း
ပရိက္ခရာ မလှူဘူးပါလျှင် တန်ခိုးဖြင့် ပြီးတဲ့ သက်န်းပရိက္ခရာကို
မရ၊ဧဟိဘိက္ခုမဖြစ်ရဘဲ သက်န်းပရိက္ခရာကိုယ်တိုင် ထွက်ရှာပြီး
ရဟန်းခံ နေရသေးတယ်။ ပဏ္ဍုသာတိ မင်းကြီးဟာ နောက်
ဘဝက သက်န်း ပရိက္ခရာ မလှူခဲ့ဘူးသဖြင့် သက်န်း ထွက်ရှာနေ
ဟန်းမှာပင် နွားဝှေ့တာနှင့် ရဟန်းမှာ မဖြစ်ရဘဲ အနာဂါမ် အ
ဖြစ်နှင့်သာ စုတိရရှာတယ်။ဘုရားခမည်းတော် သုဒ္ဓေါဒန မင်း
ကြီးလဲ သက်န်းပရိက္ခရာ မလှူခဲ့ဘူးလေတော့ လူအဖြစ်နှင့်သာ
နိဗ္ဗာန်စံရရှာတယ်၊ရဟန်း မဖြစ်ရရှာဘူး။ ဘုရား ခမည်းတော်
ကြီး ဖြစ်တဲ့ပြင် နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှု ပါရမီများကို
ဖြည့်ဆည်းခဲ့ပါလျက် သက်န်းကလေး တထည်မှ မလှူခဲ့ဘူးဘူး
ဆိုတာ လွန်စွာ အံ့ဩဘို့ ကောင်းတာဘဲနော်။ ရဟန်းမှာဖြစ်ပါ
လျှင် လူဝတ်နှင့် ကြာကြာမနေရဘူး ရဟန်းရင်လဲ ပြုရတယ်။
သက်န်း မလှူခဲ့ဘူးလို့ ရဟန်း မပြုရလျှင်လဲ ထိုနေ့မှာပင် ချက်
ခြင်း ပရိနိဗ္ဗာန် ပြုရသတဲ့၊ ခြင်္သေ့ဆီသည် သိင်္ဂီရွှေခွက်မှာမှ နား
လို ထူးမြတ်တဲ့ အရဟတ္တဖိုလ် တရားက မြင့်မြတ်တဲ့ သက်န်း
ပတ် ပုဂ္ဂိုလ်မှာမှ ကြာရှေ တည်တာကိုး၊ ယုတ်နိမ့်တဲ့ လူဝတ်
ကြောင် အဝတ်မှာ ကြာရှေ မတည်ဘူး၊ သို့အတွက် ချက်ခြင်း
နိဗ္ဗာန် စံရတယ်၊ လူဝတ်ကြောင် ရဟန်းမှာရယ်လို့ ကြာရှည်
အသက်ရှည် မနေနိုင်ဘူးလို့ ဆိုလိုတာပေါ့လေ။

**အဂ္ဂါရမဇ္ဈေ ဝသန္တေနနာမ**
**အရဟတ္တံ ပတ္တေန တံဒိဝသမေဝ**
**ပရိနိဗ္ဗာယိ တမ္ဗံဝါ ပဗ္ဗဇိတမ္ဗံဝါ ဟောတိ။**

(အင်္ဂုတ္တိုရ်အဋ္ဌကထာ)

အဂါရမဇ္ဈေ၊အိမ်ရာတည်ထောင်လူ၏ဘောင်၌။ဝသန္တေန နာမ၊ညစ်ကြေးပြောထူနေမသော သူမည်သည်ကား။ အရဟတ္တံ၊ အရဟတ္တဖိုလ်အစစ် ရဟန္တာ အဖြစ်သို့။ပတ္တေန၊မဖေါက်မသွေ ရောက်လေသည်ရှိသော်။ တံဒိဝသမေဝ၊ ထိုရဟန္တာ အဖြစ်သို့ စင်စစ် ရောက်သောနေ့၌ပင်လျှင်။ပရိနိဗ္ဗာယိတမ္ဗံဝါ၊ ပရိနိဗ္ဗာန် အမှန် စံထိုက်သည်ငင်း။ပဗ္ဗဇိတမ္ဗံဝါ။သက်န်းဝတ်မှု ရဟန်းပြုရ သည်ငင်း။ဟောတိ၊ စင်စစ်မသွေ ဖြစ်ရလေ၏။

ဒါကြောင့်မို့ သက်န်း ပရိက္ခရာများကိုမလှူဘူးတယ်လို့ မရှိရ အောင် ကြိုးစား၍ လှူကြရမနေ်။သည်ပရိသတ်ထဲမှာ သက်န်း မလှူဘူးတဲ့လူတွေ ပါချင်ယင် ပါနေလိမ့်မည်၊ မလှူဘူး မရှိစေကြ နှင့်၊ ကဲ-သက်န်းလှူဘူးသဖြင့် ဧဟိ ဘိက္ခု အဖြစ်နှင့် နိဗ္ဗာန် ဝင် သွားတဲ့ ဝတ္ထုသက်သေကို ထုတ်လိုက်ကြအုံးစို့။

### သက်န်းရှုဘူးသဖြင့် ပေါ်ဘိကွဲအဖြစ်နှင့် နိဗ္ဗာန်ဝင် ရသော သင်္ကန်းအကျိုးကို ပြသည့်

## ကပ္ပိန အနောဇာ ဝတ္ထု

မှတ်ချက်။ ။ဤဝတ္ထုကြီးမှာ ဓမ္မပဒ အဋ္ဌကထာ အင်္ဂုတ္တိုရ် အဋ္ဌကထာ အပဒါန် အဋ္ဌကထာတို့မှာ ရှိသည့်အတိုင်း စုပေါင်း၍ စုံလင်စွာ ဖော်ပြလိုက်ပါသည်။

လွန်လေပြီးသော ကမ္ဘာတသိန်းထက် ပဒုမုတ္တရ ဘုရားရှင်လက်ထက်က မဟာကပ္ပိနမထေရ်၏ အလောင်း အမျိုးကောင်းသားသည် ဘုရားရှင်ထံသို့ ဆည်းကပ်၍ တရားတော်မြတ်ကို နာရသဖြင့်၊ ထက်လှစွာသော သဒ္ဓါတရားနှင့် ဘုရား အမှူးရှိသော သံဃာအား ကြီးစွာသောအလှူကြီးကို ပေးတယ်။ ဘုရားရှင်ထံမှာ ဩဝါဒ ဧတဒဂ်ရသော ရဟန်းတရားကို မြင်တဲ့အခါ လွန်စွာအားကျပြီး၊ နောင်ကာလ ဘုရားရှင်ထံတွင် ဤအရှင်ကဲ့သို့ ဩဝါဒ ဧတဒဂ်ကို ရလိုပါကြောင်းနှင့် ဆုတောင်း ပန်ထွာတယ်။ ထိုအခါ ပဒုမုတ္တရဘုရားရှင်က သင်ဒါယကာသည် ဤယခုပြုရသော ကုသိုလ်နှင့်တကွ များလှသော ကောင်းမှုကုသိုလ်ကြောင့် ကမ္ဘာတသိန်းကာလပတ်လုံး အပါယ် ၄-ပါးသို့ မလားမကပ်ရဘဲ၊ လူ နတ်တို့၏ စည်းစိမ်ကို အကြိမ်ကြိမ် ခံစားရလိမ့်မယ်။ ကုသိုလ်၏ အကျိုးများကို အမျိုးမျိုးခံစားပြီး ကုသိုလ်ကံဟုန် မကုန်သေးဘဲနှင့်ပင် နိဗ္ဗာန်သို့ ဝင်ရလိမ့်မယ်လို့ ဗျာဒိတ် စကား မိန့်ကြားတော်မူတယ်။

**ဣမိနာ ပါဏိပါတေန၊**
**စာဂေန ပဏိဓိဟိ စ။**
**ကပ္ပသတ သဟဿာနိ၊**
**နုပ ပဇ္ဇသိ ဒုဂ္ဂတိံ။**

(အပဒါန်ပါဠိတော်)

ဇာပိနာ ပါဏိပါတေန၊ လက်အုပ်ချီမိုး အရှည်ကိုးပြီး ရှိခိုးပူဇော်ရသော ဤကုသိုလ်ကြောင့်ရင်း။ စာဂေန၊ ဝံ့ဝံ့ရဲရဲ၊ မတွန့်ဘဲလျှင် စွန့်ကြဲလှူဒါန်းရသော ကုသိုလ်ကြောင့်ရင်း။ ပဏိဓိဟိစ၊ အမှုကောင်းကောင်း ပြုမစောင်းတဲ့ဆုတောင်းပန္နက်တို့ကြောင့်ရင်း။ ကပ္ပ သဘ သဟဿာနိ၊ မကွာမယိမ်း၊ ဘဒ္ဒါကိန်းတာကြောင့် ကမ္ဘာတသိန်းတို့ ကာလပတ်လုံး။ ဒုဂ္ဂတိ၊ ပြင်းကဲသွယ်သွယ် ဆင်းရဲကြွယ်သည့်တကယ်ဝေးပြား အပါယ် ၄-ပါးသို့။ နုပပဇ္ဇသိ၊ အကောက်အကျစ် အောက်အညစ်မို့ ပရောက်မဖြစ်ရပေလတ္တံ့။

ဒေဝေသု ဒေဝသောဘဂ္ဂံ၊
မနုဿေသု မဟန္တတံ။
အနုဘောတွ ဝသေသေန၊
နိဗ္ဗာနံ ပါပုဏိဿသိ။

ဒေဝေသု၊ ပတ်ပတ်လည်လည်။ ဖြစ်စည်တဲ့၊ နတ်ပြည်တို့၌။ ဒေဝသောဘဂ္ဂံ၊ အမြတ်တသီးလျှပ်လျှပ်ညီးတဲ့ နတ်စည်းစိမ်ကိုရင်း။ မနုဿေသု၊ စုစုဖုံဖုံ ရှုမကုန်ပဲ့ လူ့ဘုံတို့၌။ မဟန္တတံ၊ ကြွားကြွား လျှပ်လျှပ် ခြားဖြစ်နှင့် များမြတ်သော လူ့စည်းစိမ်ကိုရင်း။ အနုဘောတွာ၊ အလျှံ ကြွားကြွား၊ ဖန်ဖန်အားဖြင့်၊ ခံစားသုံးဆောင်ပြီး၍။ အဝသေသေန၊ ခံစားဘို့ရန် မချို့ကံတို့အလျှံတက်ကြွား ကျန်လျက်သားနှင့်။ နိဗ္ဗာနံ၊ ဝေဝေစည်စည်၊ အသရေညီတဲ့ရွှေပြည်နိဗ္ဗာန်သို့။ ပါပုဏိဿသိ၊ အမှန်မဖောက် အလျှံ တောက်လို့မို့ မောက်မောက် ကြွကြွ အောက်မကျဘဲ ရောက်ရပေလိမ့်သတည်း။

ထိုဒါယကာသည် အဲသည်ဘဝကစုတေတဲ့အခါ တုသိတာ နတ်ပြည်သို့ ရောက်ရတယ်။ သို့ကလို လူ့ပြည်၊ နတ်ပြည်၊ ကျင်လည် ပြေးသွားကာ လူ့စည်းစိမ်၊ နတ်စည်းစိမ် တို့ကို အကြိမ်ကြိမ် ခံစားကြရတယ်တဲ့။

## ရက်ကန်းသည် ရွာသူကြီးဖြစ်၍ ပစ္စေကဗုဒ္ဓါတို့အား ကိုးကွယ်ကြ သက်န်းလှူကြသော အခန်း

အဲသည်လို လူ့ပြည်၊ နတ်ပြည်၊ လှည့်လည် စံစားယင်း ဗာရာဏသီပြည်၏အနီး ရက်ကန်းသည်ရွာကြီး၌ ရက်ကန်းအုပ် သူကြီး ဖြစ်လာတယ်။ ထိုရက်ကန်းသည် ရွာကြီးကလဲ လူနေ အိမ်ခြေ တထောင်ရှိသတဲ့။ အိမ်ခြေ ကထောင်စလုံး ရက်ကန်း ရက်ပြီး အသက်မွေးကြတယ်။

ထိုအခါ ပစ္စေကဗုဒ္ဓါ ငါးရာတို့ကလဲ ဂန္ဓမာဒန တောင်က ကြွလာပြီး၊ မြို့ရွာကိုမှီပြီး ဝါဆိုလိုကြသဖြင့်၊ ဗာရာဏသီ မင်း ကြီးထံသို့ ဝင်၍ နဝကမ္မ အလို့ငှါ ကောင်းရမ်း အလှူခံရန် ပစ္စေကဗုဒ္ဓါ ၅စ်ပါးကို လွှတ်လိုက်ကြတော့၊ မင်းကြီးက - နတ် ဖြန်ကာ လယ်ထွန်မင်္ဂလာ ရှိနေပါသည်၊ မအားလပ်သေးပါ ဘုရားလို့ လျှောက်ထားလိုက်သတဲ့၊ ဒါနဲ့ ပစ္စေကဗုဒ္ဓါများက လဲ အရပ်ဝါပါးသို့ ကြွသွားတော် မူကြတယ်။ အနောဇာ၏ အလောင်းဖြစ်တဲ့ ရက်ကန်းရွာအုပ် သူကြီးကတော်ကလဲ ကိစ္စ တခုနှင့် ဗာရာဏသီပြည်သို့သွားခိုက်နှင့် လမ်းမှာ ပစ္စေကဗုဒ္ဓါ တွေနှင့် ပက်ပင်းပါတွေ့နေယတဲ့။ သည်တော့ သူကြီး ကတော် ကြီးက အရှင်ဘုရားတို့ မိုးချုပ်လှချည့်ကလား၊ ဘယ်အရပ်သို့ ကြွသွားကြမလို့ပါလဲလို့ မေးလျှောက်တော့၊ ပစ္စေကဗုဒ္ဓါများ က မင်းကြီးထံမှာ ဝါဆိုရန် နဝကမ္မ အလို့ငှါ အလှူခံမရလို့ တခြားသို့ ကြွကြမယ်လို့ ဒကာမကြီးလို့ မိန့်ကော်မူကြတယ်။

သည်လိုဖြင့် တခြားသို့ မကြွကြပါနှင့် ဘုရား၊ နက်ဖြန်ကာ တပည့်တော်မတို့ရွာသို့ ဆွမ်းဘုဉ်းပေး ကြွတော်မူကြပါလို့ ပင့် လျှောက်တော့ သင်္ဃာတွေက များလှတယ် ဒကာမကြီး၊ သင်္ဃာ တော် တထောင်ရှိတယ် တက်နိုင်ပမလားလို့ မိန့်တော်မူကြရာ သင်္ဃာတထောင်ပေမဲ့ ကိစ္စမရှိပါဘုရား၊ တပည့်တော်မတို့ ရွာ

လဲ အိမ်ခြေတထောင်ပင် ရှိပါသဖြင့် တအိမ်လျှင် တပါးကျ ဝန်မလေးလှပါ၊ ကြွဖြစ်အောင်သာ ကြွတော်မူကြပါလို့ ရဲဝံ့စွာ ပင့်လျှောက်သဖြင့် ပစ္စေကဗုဒ္ဓါများလဲ ခွင့်ပေးတော်မူကြတယ်။

ရက်ကန်းရွာအုပ် သူကြီး ကတော် ဒါယိကာမကြီးသည် ပစ္စေကဗုဒ္ဓါများကို ရွာသို့ပင့်သွားပြီး ရွာသူ ရွာသားတွေကို မောင်းတီး၍ ခေါ်ကာ သူကြီးအိမ်ရှေ့မှာ အစည်းအဝေးကြီး လုပ်ပြီး ကဲ-အမောင်တို့ အမိတို့ အခု ပစ္စေက ဗုဒ္ဓါ ငါးရာ (တနည်း) တထောင်ကိုပင့်ခဲ့၍ ရောက်လာပြီ။ အိပ်ရာနေရာ ခင်းနီးကမ္ဗလာ မွေ့ရာ ခေါင်းအုံး စသည်များကို ပြင်ဆင်ကြပါ၊ နက်ဖြန် ဆွမ်းကပ်ရန် ခဲဘွယ်ဘောဇဉ် ချိုချဉ်ရသာများကို ချက်ပြုတ်စီမံ ကြပါလို့ နှိုးဆော် တိုက်တွန်းသတဲ့။

ရွာသူ ရွာသားတွေလဲ ဝမ်းမြောက် ဝမ်းသာ သူ့ထက် ငါပင် အိပ်ရာနေရာများပြင်ဆင်ကြပြီး ချက်ပြုတ်စီမံကာ အသီး သီး ဆွမ်းကပ်ကြတယ်။ သို့ကလို ဆွမ်းကပ် လုပ်ကျွေး ကြပြီး အရှင်ဘုရားများ ဝါဆိုရန်လဲ နီးကပ်လှပါပြီ၊ တခြားအရပ်သို့ ကြွသွားတော်မမူကြပါနှင့်တော့။ ဤရွာမှာပင် ဝါဆိုတော်မူကြ ပါ၊ တပည့်တော်တို့ ဝါတွင်းသုံးလ ကိုးကွယ်ပရစေဘုရား လို့ လျှောက်ထား ပင့်ဖိတ်ကြတော့ ပစ္စေကဗုဒ္ဓါများကလဲ ခွင့်ပေး တော် မူကြသတဲ့။

သို့ကလို ဝါဆိုရန် ပင့်ကြပြီး သူကြီးကတော်က နှိုးဆော် ပြန်သည်မှာ ကဲ - ဝါဆိုတို့တော့ ပင့်ကြပြီ၊ ကိုယ်တော်များ သီတင်းသုံးရန် ကျောင်း ကန့် လိုတယ်၊ ကျောင်းဆောက်ရပါ လိမ့်မယ်၊ တအိမ် တယောက်ကျ ဓားမ ပေါက်ဆိန် ဆွဲပြီး ထွက်ကြပါ၊ ကျောင်း ဆောက်ရန် သစ် ဝါး ခုတ်ကြ ပါလို့ စီမံ နှိုးဆော်သတဲ့၊ သူကြီး ကတော်ကြီးက ဩဇာကောင်း၊

အာဏာ ကောင်း၊ သဒ္ဓါ တရား ကောင်း ကောင်း နှင့် အစ
စ လိုက်ပြီး စီ မံ တာ ပေါ့ လေ။ ကုသိုလ် ရေး မှာ သည့်လို
စီ မံ တော် ရ တဲ့ သူကြီး ကတော်ကြီးကို အများကြီး ချီးမွမ်း
ဘို့ ကောင်းပါပေတယ်၊ သဒ္ဓါတရားလဲ ကောင်းမှ၊ ဩဇာ
လဲ ညောင်းမှ အစစ စီ ပံ ၍ ဖြစ်ဟာ ကိုး။ သူကြီး ကတော်
ဖြစ်သဖြင့် ဩဇာလဲညောင်းပြန်၊ သဒ္ဓါတရားလဲ ကောင်းပြန်
တော့ စီမံချင်သလို စီမံနိုင်ဟာပေါ့လေ။ သည့်လို အစီအမံမျိုး
တော့ အများကြီး အတုခိုးသင့်ပါတယ်။ အဲသည့်လို
သူကြီးကတော်၏ နှိုးဆော်ချက်အတိုင်း ရွာသူ ရွာသားများလဲ
အားလုံး လိုက်နာကြပြီး တအိမ်လျှင် တကျောင်းကျ သစ်ရွက်
မိုး ကျောင်း တထောင်ဆောက်လုပ် ပြီးစီးကြတယ်။ တကျောင်း
စီ ဆောက်လုပ်ကြပြီး ကိုယ်စီကိုယ်င မိမိတို့ကျောင်းမှာ သီတင်း
သုံးတဲ့ ကိုယ်တော်များအား လိုလေသေးသည် မရှိအောင်
ဝမ်းမြောက် ဝမ်းသာသူ့ ထက်ငါ လုပ်ကျွေးကိုးကွယ်ကြတယ်။
ဝါကျွတ်တဲ့အခါ သူကြီးကတော်က ကဲ ယခု ဝါကျွတ်ပြီ၊ ကိုယ်
တော်များအား ဝါကျွတ်သင်္ကန်း ကထိန်သင်္ကန်း ကပ်ရအောင်
တအိမ်လျှင် သင်္ကန်းတစုံကျစီ ရက်လုပ်ကြပါလို့ စီမံ တိုက်တွန်း
ပြန်သတဲ့။ ရွာသူ ရွာသားများကလဲ သူကြီးကတော်၏ နှိုးဆော်
ချက်အတိုင်း တသွေမတိမ်း လိုက်နာကြပြီးတအိမ်လျှင် သင်္ကန်း
တစုံကျစီ ရက်လုပ်ပြီး ဆက်ကပ် လှူဒါန်းကြသတဲ့။ တိစီဝရိက်
သင်္ကန်း တစုံမှာ အဘိုး တထောင်တောင် တန်သတဲ့။ ပစ္စေက
ဗုဒ္ဓါ များလဲ သင်္ကန်းများကို အလှူခံပြီး တရား အနုမောဒနာ
ပြုပြီးလျှင် အရပ်တပါးသို့ ကြွသွားတော် မူကြတယ်။ ဤသင်္ကန်း
အလှူများကြောင့် နောင်အခါ ထူးခြားစွာ အကျိုးခံစားရလိမ့်
မယ်နော်၊ ဤဘဝမှာ သင်္ကန်းလှူတဲ့ အချက်ကို သတိ ပြုထား
ကြပါ၊ အစစစီမံနှိုးဆော်တဲ့သူကြီးကတော်ကြီးကိုရော၊ နှိုးဆော်
ချက်အတိုင်း တသွေမတိမ်း လိုက်နာတဲ့ရွာသူ ရွာသားအသင်း
သားတွေကိုရော များစွာ ချီးမွမ်းဘို့ကောင်းတယ် ဆိုတာ ပြော

ဘွယ်ရာ မရှိဘူးနော်။ နည်းယူဘို့လဲ အထူး ကောင်းတာဘဲ။ သည်လို ကုသိုလ်အရာမှာ နေရာတကျ စီမံခေါင်းဆောင်တတ်သူနှင့် ညီညီညာညာ လိုက်နာသူတွေ လိုတယ်။ယခုအခါမှာလဲ အမြို့မြို့ အရွာရွာမှာ ဆွမ်းလောင်းအသင်း ဝတ်အသင်းစသည်ဖြင့် ကုသိုလ်ရေးအသင်းတွေ ပြုလုပ်လေ့ရှိကြပေတယ်၊ ဖအသင်းသူကြီးများကလဲ သူကြီး-သူကြီး ကကော်များကို နည်းယူ၍ စိတ်ကောင်း စေတနာကောင်းနှင့် နှိုးဆော် စီမံဘို့ အသင်းသားများ လိုက်နာအောင် နေရာတကျ ပြောဆိုစီရင်တတ်ဘို့ သတိပြုသင့်တယ်။

အသင်းသားများကလဲ ဤရွာသူရွာသားများကို နည်းယူ၍ လူကြီးတို့ဩဇာကို တသွေမတိမ်း ထိုက်နာဘို့ သတိပြုရမယ်။ သူတို့ ပြောပေမဲ့ ငါလုပ်ချင်မှ လုပ်မယ်ဆိုတဲ့ ထော်လော်ကန့်လန့် သဘောမျိုးကို မထားရဘူး။ သည်ကုသိုလ်များဟာ သဟကာရီ ကုသိုလ် ပုညသဟာယ ကုသိုလ် အဖော်ကုသိုလ် မိတ်ဆွေကုသိုလ်လို့ခေါ်သတဲ့၊ဘုရားသွားဘက်ကျောင်းတက်ဘက်ဆိုသလို အဘော် ကုသိုလ် မိတ်ဆွေကုသိုလ် သဘောဖြင့် ညီညီညာညာ အတူတကွ ကုသိုလ် ပြုကြပါလျှင် ဖြစ်လေရာဘဝမှာ အတူတကွဥမကွဲသိုက်မပျက်တလုံးတစည်းထဲဖြစ်ကြပြီး နိဗ္ဗာန်ဝင်တဲ့အခါမှာလဲ အတူတကွ ဝင်ကြရ ပါလိမ့်မယ်။ ဤယခုရက်ကန်း ရွာသူ ရွာသားတွေဟာ ညီညီညာညာ ကုသိုလ်ပြုကြသဖြင့် ညီညီညာညာ တစု တရုံးထဲ လူနတ်တို့စည်းစိမ်ကို ခံစားကြပြီး ညီညီညာညာ နိဗ္ဗာန်ဝင်သွားတဲ့ အချက်တွေ သိကြရပါလိမ့်မယ်။ ကြိုးစား၍သာ နာကြပါတော့။အဲသည်လို ရက်ကန်းရွာသူကြီး သူကြီးကတော်များနှင့် တကွ ရွာသူ ရွာသားအသင်းသား တထောင်တို့သည် ထိုဘဝက စုတေတဲ့ အခါတယောက်မကျန် အကုန်လုံး တစု တရုံးထဲ တာဝတိံသာနတ်ပြည်မှာ နတ်သမီး နတ်သားတွေ ဖြစ်ကြတယ်တဲ့၊ ပျော်စရာကြီး ဝမ်းမြောက်စရာကြီးဘဲနော်။

**သဟဿ ပရိဝါရေန၊**
**သပဇာပတိကော အဟံ၊**
**ပဉ္စ ပစ္စေက ဗုဒ္ဓါနံ၊**
**သတာနိ သမုပဋ္ဌယိံ။**
(အပဒါန် ပါဠိတော်)

သဟဿပရိဝါရေန၊အရှိန်မသေအောင်သိရ်အသရေပြောင် သမို့ အိမ်ခြေတထောင် အခြံအရံ ရှိလျက်။ သပဇာပတိကော၊ သဒ္ဓါဖြူပြီး အရာရာ နမူမှီးလောက်တဲ့ ရွာသူကြီးကတော်နှင့် ကကွ ဖြစ်သော၊အဟံ၊ မပျက်တမ်းပါ၊ရက်ကန်းရွာ၌ သမ္ဘာတူ ပြီး အကျွန်ုပ်ရွာသူကြီးသည်။ပဉ္စပစ္စေကဗုဒ္ဓါနံသတာနိ၊ဖြစ်လေ သမျှ လှစ်ချွေ၍ မပြတတ်တဲ့ ပစ္စေကဗုဒ္ဓါ ငါးရာတို့ကို။ သမုပဋ္ဌ ယိံ၊ရွှေသဒ္ဓါဖြိုးဖြိုး၊ စေတနာတိုးပြီး၊ မညှိုးမငယ်၊ တန်ခိုးကြွယ် အောင် ကိုးကွယ် လုပ်ကျွေးခဲ့လေပြီ။

**တေမာသံ ဘောဇယိတွာန၊**
**ပစ္ဆာ ဒမ္မိ တိစီဝရံ။**
**တတော စုတာ မယံ သဗ္ဗေ၊**
**အဟုမှ တိဒသူပဂါ။**

တေမာသံ၊ တခါမည်း သဒ္ဓါပြင်းလိုက်တာက၊ ဝါတွင်း သုံးလပတ်လုံး။ဘောဇယိတွာန၊အဟုတ်အရေးဆုတ်မနေးဘဲ၊ လုပ်ကျွေး ကိုးကွယ်ပြီး၍။ ပစ္ဆာ၊ ဖြာဖြာမလွတ်၊သဒ္ဓါညွတ်ပြီး၊ ပါကျွတ်သော နောက်အခါ၌။ တိစီဝရံ၊ အသွင်လျှမ်းလျှမ်း အမြင်ဆန်းပါတဲ့ သင်္ကန်းတိစီဝရိက်တစုံစီ။ ဒမ္မိ၊ တစုံတထောင် တန်၊ အရောင်လျှံသမို့၊မောင်နှံစုံ လှူဒါန်းခဲ့လေပြီ။တတော၊ ထို မပျက်စတမ်း အထက်မှန်းကြတဲ့၊ ရက်ကန်းသည်ဘဝမှ။ စုတာ ဝေဝေမွှန်မွှန်၊ အသရေညွှန်သမို့ သေလွန်စုတိ ကျကုန်သည်ရှိ

သော်၊ သမွေ၊ တယောက်မကြွင်း ခပင်းကျုံးချုံ အလုံးစုံကုန် သော၊ မယံ၊ လင်းလင်းကြွားကြွား သတင်းထွားတဲ့ အသင်း သား ငါတို့သည်၊ တိဒသူပဂါ၊ ဖြာဖြာထိန်ထိန်၊ သမ္ဘာရှိန်တဲ့၊ တာဝတိံသာနတ်ပြည်သို့ ရောက်ရကုန်သည်၊ အဟုမှ၊ ဖေါ်သာ ဟာ ရွှေတသင်းတွေနဲ့ ပျော်စရာ အသရေလင်းပါဘိ မကွေ မကွင်း ဖြစ်ကြလေကုန်သတည်း။

## ကဿပဘုရား လက်ထက်တော်မှာ ကျောင်းဆောက်ကြ၊ သင်္ကန်း ကပ်ကြပြန်သော အခန်း

ထို နတ်အသင်းသား တထောင်တို့သည် ကဿပဘုရား လက်ထက်တော်အခါမှာ၊နတ်ပြည်ကစုတေလာပြီးဗာရာဏသီ ပြည်မှာ သူဌေးမျိုး၌ လာဖြစ်ကြတယ်။ ။မဟာကပ္ပိန မထေရ် ၏ အလောင်းဖြစ်တဲ့ ရက်ကန်း ရွာသူကြီးနှင့် အနော်ဇာဒေဝီ၏ အလောင်းဖြစ်တဲ့ သူကြီးကတော်ကတော့-အကြီးဥက္ကဋ္ဌသူဌေး ကြီးအိမ်မှာ ဖြစ်ကြသတဲ့။ ရှေးဘဝက ပါရမီဖြည့်ဘက် - ဆု တောင်းဘက်-ဆိုသလို ဘုရားသွားဘက်-ကျောင်းတက်ဘက်၊ ရေစက် အတူချပြီး အတူတကွ ကုသိုလ်ပြုခဲ့ခြင်းကြောင့်၊ သည် ဘဝမှာလဲ၊မကွဲမပြား သူတပါးနှင့် အကြောင်းမဆက်ဘဲ သူတို့ ချင်းချင်း-ပေါင်းသင်း လက်ထပ်ကြရတယ်။သူဌေးကြီး-သူဌေး ကတော်ကြီး ဖြစ်ကြတာပေါ့လေ။ လက်အောက် ငယ်သား တထောင်ကတော့-သူဌေးကလေးတွေ အိမ်ဖြစ်ကြပြီး၊ ရှေးက ရေစက်အတိုင်း သူတပါးနှင့် လက်မဆက်ဘဲ သူတို့ချင်းချင်းပင် လက်ထပ် ဆောင်နှင်းကြပြီး သူဌေးကလေး သူဌေးကတော် ကလေးတွေ ဖြစ်ကြသတဲ့။

တနေ့သောအခါ ကဿပ မြတ်စွာ ဘုရားသည် တရား ဟောတော်မူသော အခါ၊ များစွာသော ပရိသတ် တို့သည် ကျောင်းတော်သို့ တရားနာသွားကြတယ်။ ။ထိုကပ္ပိလန မင်း

အလောင်း သူဌေးကြီး၊ အနောဇာ ဒေဝီအလောင်း သူဌေး ကတော်ကြီးနှင့်သူဌေးကလေးတွေသူဌေးကတော်ကလေးတွေ အသင်းသား တထောင်တို့လဲ အများ ပရိသတ်တွေနှင့် အတူ ကျောင်းတော်သို့ တရားနာ သွားကြတယ်။

ထိုအခါ မိုးကြီး သည်းထန်စွာ ရွာရောတဲ့။သို့ကလို တရားပွဲမှာ မိုးကြီးရွာ၍ ချတော့ ဘုန်းကြီး ရဟန်းများနှင့် သိကျွမ်း ဆက်ဆံ၍ နေတဲ့ ဒကာ-ဒကာမများကတော့၊စပ်ရာစပ်ရာ ဆိုင်ရာ ရဟန်း သင်္ဃာများ ကျောင်းသို့ တက်ရောက် ခိုကပ်ကြသဖြင့် မိုးမစွတ်ကြဘူးတဲ့၊ ချမ်းသာရာ ရကြတယ်။ ရဟန်း သင်္ဃာများနှင့် သိကျွမ်း ဆက်ဆံရတဲ့အကျိုးကျေးဇူးပေါ့နော်။သူဌေးကြီး၊သူဌေးကတော်ကြီးနှင့် သူဌေးကလေးတွေသူဌေးကတော်ကလေးတွေ တထောင်တို့မှာတော့ ရဟန်း သင်္ဃာ များနှင့် ဆက်ဆံခြင်း နည်းပါးနေသေးသဖြင့် အကျွမ်းတဝင် ချစ်ခင်ရင်းနှီးနေတဲ့ ဦးပဉ္စင်း ကိုရင်လဲတပါးမှမရှိ၊ဆွေမျိုးဉာတိ ရဟန်းသာမဏေလဲ မရှိတော့ ဘယ်ကျောင်းကိုမှ၊ တက်ပြီး မိုးခိုစရာ မရှိကြဘူး။ ကျောင်းသလင်းပြင်မှာ သည်အတိုင်း မတ်တတ်ရပ်ကြီး မိုးအစွတ် ခံကြရတယ်။

ဘုန်းကြီး ရဟန်းနှင့် အကျွမ်းမဝင်တဲ့အတွက် သက်သက် မိုးစိုကုန်ပေါ့နော်။ဒါကြောင့် ရဟန်း သင်္ဃာများနှင့် သွားလာ ဆက်ဆံ၊ တရံမပြတ်၊ သည်းကပ်ကျွမ်းဝင်၊ ချစ်ခင် ရင်းနှီး၍နေရခြင်းသည် လောကုတ္တရာကျိုးသာ မက၊ လောကီကျိုးပင် ခံစားရပြီး၊ အကျိုးနှစ်ဝ ကျေးဇူးများပါတယ်။

ကုလားသွေး၊ တရုပ်သွေး၊ လူမျိုးခြားသွေး ဝင်နေတဲ့ နာမည်ကျော် မြို့ကြီးက မြို့သားများလို၊ ဘုန်းကြီးများနှင့် ပေါင်းရတာ ဂုဏ်မရှိဘူး၊ ဘုန်းကြီးများနောက် မလိုက်ချင်ဘူး၊ နံ့ချာတယ်လို့ အောက်မေ့ မနေကြပါနှင့်။ရဟန်း သင်္ဃာနှင့် ခပ်စိမ်း

စိမ်း မနေကြပါနှင့်၊ဘုန်းကြီးနှင့် နာနာပေါင်းလျှင် အကောင်း ဆုံးပါဘဲ၊ ဂုဏ်မပျက်ပါဘူးတဲ့။

ထိုအခါမှာ ဥက္ကဋ္ဌ သူဌေးကြီးက-အမောင်တို့-အမိတို့။ယခု ပရိသတ်ကြီးထဲမှာ မိုးအရွှံ ခံရတာ—ဘယ်လောက်များ အရှက် ကွဲသလဲ၊ဝမ်းနဲဘိုလဲ ကောင်းပါရဲ၊ သူဌေးတွေ ဖြစ်ပါလျက် မိုးနိ စရာ ကျောင်းကလေး တဆောင်မှ ဝင်စရာမရှိတာဟာမျက်နှာ အလွှန်ငယ်တာဘဲ၊ ဒါဟာ ရဟန်း သံဃာများနှင့် အကျွမ်း မဝင်လို့ ဖြစ်ရတာဘဲ။ သံဃာတော်များနှင့် အကျွမ်းဝင် ရင်းနှီး အောင် ကျောင်းတဆောင်စုရှ်ဆောက်ကြစို့ရဲ၊တတ်အားသမျှ ငွေထည့်ကြပါလို့ဆိုပြီး၊ သူဌေးကြီးက-ငွေတထောင် မှတည်၍ ထည့်သတဲ့။သူဌေးငယ်ကလေးတွေက-ငါးရာစီ ထည့်ကြတယ်၊ သူဌေးကတော်ကလေးတွေကနှစ်ရာ့ငါးဆယ်စီထည့်ကြတယ်၊ အားလုံးပေါင်း ငွေ ငါးသိန်း-ငါးသောင်း-တထောင် ရသတဲ့။ အဲသည် ငွေ များနှင့် ဘုရားရှင် သီတင်းသုံးတော်မူရန်ကျောင်း တော် ဆောက်လုပ်ကြတယ်။ ကျောင်းဆောက်ယင်း ငွေ မ လောက် တတ်သေးတာနှင့် နောက်ထပ် တဝက်ကြေးစီ ထည့် ဝင်ကြတော့၊ ငွေ နှစ်သိန်း-ခုနစ်သောင်း ငါးထောင်-ငါးရာရ ပြန်သတဲ့။ အဲသည် ငွေ များနှင့် နောက်ထပ် ဆောက်လုပ်တဲ့ အခါ၊ ကောင်းမွန်စွာ ကျောင်းကြီး ပြီးစီးတယ်။

ကျောင်း ဆောက်၍ ပြီးတဲ့အခါ၊ ကျောင်း ရေစက်ချပွဲ၊ ကျောင်း သာဓုခေါ်ပွဲကြီး၌ ဘုရား အမှူးရှိသော သံဃာတော် ၂—သောင်း တို့အား များပြားကြီးကျယ်သော အလှူကြီးကို ခုနစ်ရက်တိုင်တိုင် ပူဇော် လှူဒါန်းကြတယ်။ကျောင်း ရေစက်ချ ပွဲကြီး ပြီးတဲ့နေ့မှာ သက်နိုးလဲ ကပ်ကြတယ်တဲ့။

အနောဇာ ဒေဝီ၏ အလောင်းဖြစ်တဲ့ သူဌေးကတော်ကြီး ကတော့ သူများနှင့်မတူ ထူးခြားအောင် လိစ္ဆဝီရွှေပန်းအဆင်း

ကဲ့သို့ ဝါဝင်းထိန်လျှံ တထောင်တန်တဲ့ သက်န်းကြီးကိုစိမ့်ပြုလုပ်ပြီး၊ ကဿပဘုရားရှင် ခြေတော်ရင်းမှာ ချထား၍ ပန်းများနှင့် ပူဇော် လှူဒါန်းလျက် သို့ကလို ဆုတောင်းသတဲ့။ အရှင်ဘုရား၊ ဤလိန္တရွှေ ပန်းအဆင်းရှိတဲ့ တထောင်တန် သက်န်းကြီးကို လှူဒါန်းရသော ကုသိုလ်ကြောင့် ဖြစ်လေရာ ဘဝ၌ တပည့်တော်မသည်လိန္တရွှေ ပန်းအဆင်းကဲ့သို့၊ ဝါဝင်း ထိန်ပြောင် ကျက်သရေထွန်းပ အလွန် လှရပါလို၏ ဘုရား၊ တပည့်တော်မ၏ နာမည်ကိုလည်းအနောဇာ ဟူ၍သာ ဩဘာပေါ်ထင် ခေါ်တွင်ပါစေသား ဘုရား။ သည် သူဌေး ကတော်ကြီးကတော့ သူများထက် ထူးတာချည်းဘဲနော်။ ဟို-သူဌေးကြီး ကတော်ဘဝတုန်းကလဲ ပစ္စေကဗုဒ္ဓါတွေကို သူပင့်လာပြီး၊ သူဘဲ ဦးစီးခေါင်းဆောင်လုပ်၍ ကိုးကွယ်တာဘဲ၊ နည်းယူဘို့ ကောင်းပါပေတယ်။

**သေင္ဒ စီဝရ ဒါနေန၊**
**ရူမိနာ နာဂတေ အဟံ။**
**အယံ အနောဇ ဝဏ္ဏာဝ၊**
**ဝဏ္ဏိတာနောဇ နာမိကာ။ ။(ရစနာ)**

အဟံ၊ ဖရဏာမြွ်း သဒ္ဓါထူး၍ အဖူးချွန်အုပ် အကျွန်ုပ်သည်။ ရူမိနာ သေင္ဒစီဝရဒါနေန၊ အရောင်လျှံလျှံ တထောင်တန်သည့် အမှန်မြွ်းလတ် အဖူးတတ်လှ ထူးမြတ်သော ဤသက်န်း အလှူကြောင့်။ အနာဂတေ၊ အမှန်ချိန်မြှောက် ကံရှိန်ထောက်၍ ရောက်ရာ ရောက်ရာ နောက်အခါ၌။အယံ အနောဇဝဏ္ဏာဝ. လိန္တရွှေပန်း၊ မသွေလျှမ်းသည့် အဆန်းဝင်းဝင်း ဤသက်န်း အဆင်းကဲ့သို့။ ဝဏ္ဏိတာ၊ ဝင်းဝင်း ဝါဝါ အဆင်းသာပြီး၊လင်းစွာပြောင်စွ၊အရောင်လှသည့်။အနောဇနာမိကာ၊ သောသောညာညာ တဩဘာနှင့် အနောဇာ ဟူ၍သာ

နာမည်ရှိသည်။ ဟောမိ၊ အခြေမှန်မှန် မသွေလွှန်ဘဲ-ဝေဝေ ထန်ထန် အသရေလျှံလို့မို့ ဇာကန် ဖြစ်ရပါလိုက်ဘုရား။

ဘုရားရှင်ကလဲ သင် ဆုတောင်းတဲ့အတိုင်းပြည့်စုံပါစေလို့ ဝမ်းမြောက် ဝမ်းသာ အနုမောဒနာ ပြုတော်မူသတဲ့။

ကုသိုလ်ပြုတဲ့အရာ ညီညာကြပုံပေါ့ ချီးမွမ်းလို့ မကုန်နိုင် အောင် ဖြစ်နေဟာပေါ့နော်။ ရှေး- ဂျက်ကန်းသည်များ ဘဝ တုန်းကလဲညီညီညာညာပမ္ပေကဗုဒ္ဓါတို့ကိုကိုးကွယ်ကြ သက်နုံး ကပ်ခဲ့ကြပြီး၊ယခုဘဝမှာလဲ ညီညီညာညာပင် ကျောင်းဆောက် ကြ၊ သက်န်း ကပ်ကြပြန်တာကိုး။

မဟာသေဋ္ဌိ ပမုခါ တေ၊
သဟာယာ ပုညဗန္ဓဝါ။
သမဂ္ဂါ ဝိဟာရ ရမ္မံ၊
ကရိတွာန သုပူဇယုံ။ ။(၅၀န၁)

မဟာသေဋ္ဌိပမုခါ၊အဝေးအနီး မွေးမပြီးနိုင်ဘူး သူဌေးကြီး အမှူးရှိကုန်သော။ ပုညဗန္ဓဝါ၊ တပေါင်းတစု မနှောင်းပြုလို့မို့ ကောင်းမှု မိတ်ဆွေ ဖွဲ့ကြကုန်သော တေ သဟာယာ၊ ထိုဆူဆူ သောင်းသောင်း မူမစောင်းတဲ့ လူပေါင်း တထောင်တို့သည်။ သမဂ္ဂါ၊ သဘောမကွဲ မနောတွဲပြီး အထဲကြည်သာ မဖီပါဘဲ ညီညာ စည်းလုံးကြကုန်သည် ဖြစ်၍။ ရမ္မံ၊ ရွှင်ရွှင် ပြုံးပြုံး ဘဝင် ကျုံးပြီး အဆုံးမမွေသနော် နှလုံး မွေ့လျော်ဘွယ် ကောင်း သော။ ဝိဟာရံ၊ နှနယ် ယောင်းပြောင်း ရှုဘွယ်ကောင်းသည့် အပေါင်းနော်ချီး ကျောင်းတော်ကြီးကို။ ကရိတွာန၊ ကြည် ကြည် ရွှင်ရွှင် အရှည်မြင်သဖြင့် စီရင် ဆောက်လုပ်ပြီး၍။ သုပူ ဇယုံ၊ ဇမ္ဗူတပွမ်း မတူတမ်းသာပ ဖြူဖြူလျှမ်းလျှမ်း အမူဆန်း လို့မို့ လှူဒါန်း ပူဇော်ကြလေကုန်သတည်း။

ထိုသူဌွေးတထောင်တို့ဟာ ထိုဘဝမှာ အသက်ဆုံးအောင် နေကြပြီး စုတေကြတဲ့အခါ နတ်ပြည်သို့ ရောက်ကြပြန်တယ်။

---

## မဟာကပ္ပိနမင်းကြီးနှင့် အနောဇာဒေဝီ အခန်း

ယခု ဂေါတမဘုရားရှင် လက်ထက်တော်သို့ ကျတော့ နတ်ပြည်မှ ဆင်းသက်လာပြီး အကြီး ဥက္ကဋ္ဌ ဖြစ်တဲ့သူမှာ ဟိမဝန္တာ၏ အနီး ကုက္ကုဋဝတီ မြို့ကြီး၌ ထီးနန်းသခင် ဘုရင်အစစ် မဟာကပ္ပိန မင်းကြီးလာ၍ ဖြစ်တယ်၊ ကြင်ဘက်ဖြစ်တဲ့ သူကြီးကတော် သူဌွေးကတော်ကြီးကတော့ မဒ္ဒတိုင်း သာဂလမြို့ကြီး၌ မင်းသမီးလာ၍ ဖြစ်တယ်။ သူ၏ရှေးဆုတောင်း အတိုင်း ဝါဝါဝင်းဝင်း လိဇ္ဇာရွှေပန်း အဆင်းကဲ့သို့ လွန်မင်းစွာ လှပသတဲ့။ နာမည်မှာလဲ အနောဇာ ဟူ၍ တွင်သတဲ့။ အနောဇာ မင်းသမီးသည် အရွယ်ရောက်တဲ့အခါ ရှေးရေစက် ဖူးစာအတိုင်း မဟာကပ္ပိန မင်းကြီး၏ တောင်ညာစံ ဒေဝီ မဟေသီ မိဖုရားကြီးအဖြစ်သို့ ရောက်တယ်၊ကြွင်းတဲ့ လူပေါင်း တထောင်တို့လဲ မဟာကပ္ပိန မင်းကြီး၏မှူးကြီး မတ်ရာ သေနာပတိ တထောင်လာပြီး ဖြစ်ကြသတဲ့။ဇနီး မိန်းမတွေကလဲ မိမိတို့ ခင်ပွန်း သက်လျာတွေနှင့် အတူတကွ မကွေ မကွင်းကြရတဲ့ အသီးသီး အမတ်ကတော်တွေလာ၍ ဖြစ်ကြတယ်။ ရှေးဘဝက အလှူကောင်းမှုအတူပြုဘက် ပါရမီဖြည့်ဘက် ဆုတောင်းဘက် ဖြစ်ကြသဖြင့် ဘယ်တော့မှ မကွဲကြဘူးနော်။ဖြစ်လေရာ ဘဝမှာ ဆရာတပည့် ဇနီး ခင်ပွန်းတွေ အတူတကွသာ ဖြစ်ကြရပြီး ယခု နောက်ဆုံး ဘဝမှာလဲအတူ ပေါင်းကြရတာဘဲ။

မဟာကပ္ပိနမင်းကြီးက အမတ်ပေါင်း တထောင်တို့ကို လွှန်စွာမြတ်နိုး ခင်မင်လှသဖြင့် မင်းကြီးနှင့် မိဖုရားကြီး ရထားဆင်ယာဉ်စီးတဲ့ အခါ အမတ်များ အမတ်ကတော်များကိုလဲ မင်းမိဖုရားနှင့် ညီတူညီမျှ အစီးအနင်း အဆောင်အရွက် ပေးသနားတော်မူ၍ မင်းနှင့် ညီတူညီမျှပင် ခံစားစေသတဲ့။ မဟာကပ္ပိနမင်းကြီးမှာ ဗလမြင်းတော်၊ ဗလဝါဟန မြင်းတော်၊ ပုပ္ဖမြင်းတော်။ ပုပ္ဖဝါဟနမြင်းတော်။သုပတ္တ မြင်းတော်လို့ မြင်းယာဉ်တော် ငါးစီး ရှိသတဲ့။ မင်းကြီးသည်၊ သုပတ္တ မြင်းတော်ကိုသာ အမြဲ စီးနင်း အသုံးပြုတော်မူတယ်။ ကြွင်းတဲ့မြင်းတော် ၄-စီးကတော့ သတင်းထူး သတင်းဆန်းများကို စုံထောက် ဆောင်ယူရန်သာ အသုံးပြုသတဲ့။

## မင်းကြီးသည် ရတနာသုံးပါး-သတင်းစကားကို ကြားနာရန် အရပ် ၄-မျက်နှာသို့ စေလွှတ်ခန်း

မဟာကပ္ပိန မင်းကြီးသည် ရှေးကံပါရမီ ရင့်သန် လာသည့်အတိုင်း ရတနာ ၃-ပါးကို များစွာ ဖူးတွေ့ချင်လှသဖြင့် ပွဲတော်တည်ပြီးလျှင်၊နံနက်တိုင်း-နံနက်တိုင်း မောင်မင်းများတို့။အရှေ့၊ အနောက်၊တောင်၊မြောက် အရပ်လေးမျက်နှာသို့ နှစ်ယူဇနာ သုံးယူဇနာခရီး ပေါက်အောင် အရောက်သွားပြီးလျှင်၊ ဘုရား သတင်း၊ တရား သတင်း၊ သံဃာသတင်းများကို နာကြားကြရမယ်။ထိုရတနာ ၃-ပါးသတင်း ကြားရာအရပ် ကဆောင်ကြဉ်းယူငင် သံတော်ဦးတင်ကြရမယ်လို့ စေခိုင်းတော်မူတယ်။

အမိန့်တော်အတိုင်း အရပ် ၄-မျက်နှာသို့ နှစ်ယူဇနာ သုံးယူဇနာ ခရီးပေါက်အောင် အရောက်သွားပြီး ရတနာ ၃-ပါး သတင်းကို နာကြားကြသော်လဲ၊ ဘယ်မှာမှ သတင်းမကြားဘူးတဲ့။ တွေ့သမျှ လူများကို ဘုရားပွင့်ပြီလို့ ကြားပလား၊ ဘုရားဘယ်မှာရှိသလဲ၊တရားဘယ်မှာ ရှိသလဲ၊သံဃာ ဘယ်မှာရှိသလဲ

လို့ သတင်း မေးပေမဲ့ ဘယ်သူမှ မေးလို့မရသဖြင့် သည်အတိုင်း ပြန်လည်၍ လာကြရတယ်။

## သာဝတ္ထိပြည်မှ လှည်းကုန်သည်တွေ ရောက်လာ၍ သတင်းထူးကို ကြားရသော အခန်း

တနေ့သ၌ မဟာကပ္ပိန မင်းကြီးသည် သုပတ္တ မြင်းတော်ကို စီးနင်းလျက်၊ ဖွားဘက်တော် အမတ်ပေါင်းတထောင်ခြံရံလျက် ဥယျာဉ်တော်သို့ ထွက်ကာ စံပယ်တော်မူတယ်။ ထိုအခါ ခရီး ပင်ပန်းစွာ လာကြတဲ့ လှည်းကုန်သည် ငါးရာကိုတွေ့သတဲ့။သည် တော့ မင်းကြီးက သည်ကုန်သည်တွေဟာ ခရီး ပင်ပန်းစွာ အရပ်ဝေးကြီးက လာကြဟန် တူသည်။အရပ်ဝေးက ဆိုတော့ သတင်းထူး သတင်းဆန်းများ ကြားရလိမ့်မယ်လို့ နှလုံးပြုပြီး ရှေတော်သို့ ခေါ်တော်မူ၍ မောင်မင်းများ ဘယ်အရပ်က လာ ကြသလဲလို့ မေးတော်မူတယ်။

သာဝတ္ထိ ပြည်က လာကြပါကြောင်းကို လျှောက်ကြတော့၊ မောင်မင်းတို့-သာဝတ္ထိပြည်မှာ သတင်းထူး သတင်း ဆန်းများ မရှိဘူးလား။ သတင်းထူး ရှိလျှင် ကြားပါရစေ—လျှောက်တင် ကြစမ်းပါလို့ မေးတော်မူတယ်။ မင်းကြီး ကြားချင်တဲ့ သတင်း ထူးက ဘယ်ပြည်နှင့် ဘယ်ပြည် စစ်တိုက်နေသည်။ ဘယ်အရပ် မှာ ဘာဖြစ်နေသည်၊ ဘယ် ဘုန်းကြီးဟာ တယ် ဒကာမနှင့် ဘယ်လိုဖြစ်နေသည်စသော သတင်းထူးလုပ်ကြတဲ့ သတင်းမျိုး မဟုတ်ဘူးနော်။ ရတနာ သုံးပါး သတင်းထူးကို ကြားချင်တာ ကိုး။သည်တော့ ကုန်သည်များက မှန်လှပါ။ အကျွန်ုပ်တို့ ပြည် မှာ အလွန်တရာ ထူးဆန်းသော သတင်း ထူး ကြီးတော့ ရှိပါ သည်။သို့သော်လဲ ပါးစပ်ပုပ်ကြီးနှင့်မပြောကောင်းဘူးဆိုသလို အကျွန်ုပ်တို့ ပါးစပ်မှာ စားသောက်ကြွင်းကျန်ညှီနံ့ပုပ်စပ် နှတ်

ပါးစပ် မစင်ကြယ်သောကြောင့် ထိုသတင်းထူးကို လျှောက်တင်ခြင်းငှါ မထိုက်ပါဘုရားလို့ လျှောက်ထားကြသတဲ့။

**ဇူဒါနိ အတ္တိမာနော ပိ၊**
**ဝိသေသံ သုခသာသနံ။**
**မယံ ဥစ္ဆိဋ္ဌမုခေဟိ၊**
**န သက္ကောမ ကထေတဝေ။ ။(ရစနာ)**

ဝိသေသံ၊ အဦးအဖျား၊ အမှူးထားလိုမို့၊ ထူးခြားလှစွာသော။ သုခသာသနံ၊ ဂုဏ်သိရ်လျှမ်းဖြာ မနွမ်းပါဘဲ ချမ်းသာသော သတင်းစကားသည်။ အတ္တိမာနောပိ၊ အစဉ်ကြွားကြွား မြင်မမှားအောင် ထင်ရှားရှိပါသော်လည်း။ ဇူဒါနိ၊ အပြု သာယာ ယခု အခါ၌။ မယံ၊အတွဲစုံညီ ကဲဂုဏ်ကြည်တဲ့ လှဲကုန်သည်အကျွန်ုပ်တို့သည်။ ဥစ္ဆိဋ္ဌမုခေဟိ၊ စားသောက် ကြွင်းကျန် ခင်းမဟန်သည့် ပုပ်နံ ညှီဟောက်သော ပါးစပ်တို့ဖြင့်။ကထေတဝေ၊ တောက်တောက် ကြွားကြွား အမောက်စကားကို လျှောက်ထား သံတော်ဦးတင်ခြင်းငှါ။နသက္ကောမ၊အကြမ်းစရိုက် လမ်းမကိုက်တာကြောင့် မစွမ်းမထိုက်ပါဘူးဘုရား။

ဤအချက်ကို ထောက်ပြီး၊ ရတနာ ၃-ပါးနှင့် စပ်လျဉ်းပြီး ပြောတဲ့ ဆိုတဲ့နေရာ၊ ဘုရားရှိခိုးရာ၊ ဥပုသ်ခံရာ စသည်တို့မှာ မစင်ကြယ်တဲ့ ပါးစပ်နှင့်မပြုလုပ်သင့်ကြဘူးလို့-မှတ်ရမယ်နော်။ ပါးစပ်ကို စင်ကြယ်စွာဆေးပြီးမှ ဘုရားရှိခိုးရ၊သီလခံယူရမယ်။ ထိုအခါမဟာ ကပ္ပိန မင်းကြီးက ရွှေကရားနှင့် ရေကို ပေးစေတော့မှ၊ ပါးစပ် စင်ကြယ်စွာဆေးပြီး ကုန်သည်များက ဤသို့ လျှောက်ထားကြသတဲ့ အရှင်မင်းကြီးဘုရား၊ကျွန်တော်မျိုးများ သာဝတ္ထိပြည်မှာ သုံးရွာမကိုင်၍ သုံးတိုက်လုံးသခင် ဘုရားရှင် ပွင့်တော်မူပါပြီ ဘုရား။

## မင်းကြီးသည် ဘုရားဟူသောအသံကို ကြားရုံနှင့် ပီတိခွေ့ပြီး မြောမေ့၍နေခန်း

မဟာ ကပ္ပိန မင်းကြီးမှာ ထိုကုန်သည်များ လျှောက်ထား တဲ့ ဘုရားဟူသော အသံကို ကြာရုံနှင့် တခါထဲ နှစ်သက် ဝမ်း မြောက်ခြင်း ပီတိတွေ လွှမ်းတက်ပြီး အထဲက အုံပါပွက်လာ၍ စိတ်စက်ဝေခြင်း၊ သတိတော် လစ်ဟင်းလျက် အသက်ရှူများ မှားလိုမို့ မြောမေ့၍ သွားတယ်တဲ့။ သတိကလေး အနိုင်နိုင်ရလာ တော့မှ မောင်မင်းများ ယခုတင်လျှောက်ထားတာ ဘာစကား ပါလဲလို့ ထပ်မံ၍ မေးပြန်တယ်။ မှန်လှပါ သုံးလောက ထွတ် ထား ဘုရားပွင့်တော်မူပါပြီ ဘုရား–လို့ လျှောက်ထားကြပြန် တော့ မေ့မြဲမေ့ပြန်သတဲ့။ ဤကဲ့သို့ ၂–ကြိမ်၊ ၃–ကြိမ်ပင် မြောမေ့ တော်မူသွားပြီး၊ နောက်ဆုံး အကြိမ်မှာ သတိတော် ကောင်း ကောင်း ရ၍ မောင်မင်းများ - ငါးမင်းမြတ်သည် ဤဘုရား ဟူ သော အသံကို ကြားချင်ပြီး ဘုရားရှင်ကို ဖူးမြင်ချင်တာနှင့် ဤ သတင်း စကားကို လိုက်လံစုံထောက်၍နေတာ ကြာမြင့်လှပါ ပြီ၊ တခါမှ မကြားခဲ့ရဘူး၊ မတွေ့ခဲ့ရဘူး၊ ယခုမှ ကြားရပေတော့ တယ်။ မောင်မင်းများ ကျေးဇူးကြီးလှပါပေတယ်၊ သတင်းထူး သတင်းဆန်းကြီးကို လျှောက်တင်ဘော် ရကြပါပေတယ်–လို့ ဆိုပြီး၊ ဘုရားဟူသော သတင်းစကား တခွန်းမှာ–ဆုတော်ငွေ တသိန်း ချသတဲ့။ ဘုရား ကြည်ညိုတဲ့ အရာမှာဖြင့် လွန်စွာ ထူး ခြားတဲ့ မင်းကြီးပါဘဲနော်။ ဘဝများစွာ ပါရမီ ကုသိုလ်များကို ဖြည့်ဆည်းပူးပြီး၊ ဆုထူးပန် နက်နှင့် နောင် ဂေါတမဘုရား ရှင် လက်ထက်မှာ မြော်လင့်ချက်အတိုင်း ပြည့်စုံလိမ့်မည်ဆိုတဲ့ မျှာဒိတ်ပန်းကို ဆင်မြန်း ပန်ဆင်ရပြီး အာသေဝန အထုံရ လျက် တောင့်တ မြော်ထောက်လာတာကိုး။ ဘုရားဆိုတဲ့အသံ ကို ကြားရုံနှင့် မြောမေ့၍ သွားတာပေါ့။ ငယ်ငယ်က စာသင် ဘူးတဲ့လူဟာ ကြီးတဲ့အခါ ပြန်ပြီးအမှတ်ရကာ ထင်မြင်လာသ

လို၊ ဟိုဘဝက - ဘုရားဟူသော အထုံနှင့်သည်ဘဝမှာ အသံကိုကြားရုံနှင့် ဂုဏ်တော်ကို သိမ်းကျုံးကာသိပြီး ပီတိလျှမ်းကာ မြောမွေတော်မူတာ ဖြစ်သတဲ့။

နောက်- တရားတော်ထင်ရှား ရှိပါပြီဘုရား။ သံဃာတော်ထင်ရှား ရှိပါပြီဘုရားလို့ လျှောက်ထားကြပြန်တဲ့ အခါမှာလဲ ရှေးနည်းတူစွာ ၃-ကြိမ်တိုင်တိုင် မြောမွေပြီး၊ ၄-ကြိမ်တိုင်မှ သတိတော်ရ၍ တရားတော် ဟူသော သတင်းမှာ ဆုတော်ငွေ တသိန်း၊ သံဃာတော်ဟူသော သတင်းမှာ ဆုတော်ငွေတသိန်း ပင် ချတော်မူတယ်။

**ရာဇာ သုတွာ ဝိသညီ သော၊**
**ရတနတ္တယ သာသနံ။**
**ဝါဏိဇ္ဇာနံ တဒါ ဒါသိ၊**
**တိဏိ လက္ခဓနာနိ စေ။** ။(ရစနာ)

သော ရာဇာ၊ ထိုမဏ္ဍာမပြတ် အထိကရ၊ သဒ္ဓါအထပ်ထပ် ပြည့်ဝတဲ့၊ မဟာကပ္ပိန မင်းကြီးသည်။ ရတနတ္တယ သာသနံ၊ ရတနာသုံးပါး အဆုံး ထားလို့မို့၊ နှလုံးပွားတဲ့ သတင်းသံကို။ သုတွာ၊ အားရပါးရ၊ အများ တ္တလို့မို့ ကြားရလေသည် ရှိသော်။ ဝိသညီ၊သဘောမလေ့ မနေ့ာခွေ့ပြီး၊ မြောမွေ၍ သွားသည်ဖြစ်၍။ တဒါ၊ ထိုအလင်းမြူးမြူး သတင်းထူးကို ဦးတင်၍ လျှောက်ထားကြသော အခါ၌။ ဝါဏိဇ္ဇာနံ၊ ဘုရင်ကယောက် ဘဝင်မြောက်အောင်၊ တင်လျှောက်သော ကုန်သည်တို့အား။ တိဏိလက္ခဓနာနိ၊ အပြအကျော် အမှုလျော်တယ်လို့၊ ဆုတော် ငွေ သုံးသိန်း တို့ကို။ စေ-စကန္နေ့နှ၊ ပင်စစ်စကန် မသွေမှန် သဖြင့်။ အဒါသိ၊ တခွန်းလျှင် ကသိန်းစီ ကိန်းအညီနှင့် မဖိ လေးစား အရေးထားလို့မို့ ပေးသနားတော် မူလေသတည်း။

## မဟာကပ္ပိနမင်းကြီး တောထွက်ခန်း

ထိုနောက် မင်းကြီးကား ကမ္ဘာတသိန်း ကာလပတ်လုံး ကျွတ်တမ်းဝင်ရတော့မည်၊ သံသရာဝဋ်ဒုက္ခကြီးချုတ်ဖြုတ်ချာဘို့ ဗုဒ္ဓသခင် ရှင်တော်ဘုရားကို ထင်ရှားစွာ ဖူးတွေ့ရတော့မည် ဟူ၍ ရှင်ကြည်သော စိတ်ထားနှင့် များစွာမြော်လင့်၍ လာခဲ့တဲ့ ဘုရားရတနာကြီးကို၊ ယခုအခါ ကြုံကြိုက်ရပေပြီ။ နန်းတော်သို့ ပြန်၍ မင်းစည်းစိမ် ခံလိုသောစိတ် မရှိဘူး၊ မိဖုရားနှင့် တကွ မောင်းမ မိဿံ ခြွေရံသင်းပင်း ထိန်ထိန်ဝင်းသော ထီးနန်း စည်းစိမ်ကြီးကို စွန့်လွှတ်ပြီး တောထွက်တော့မယ် လို့ ကြံစည် ပြီး အမတ်ကြီးများ ဘယ်လိုသဘောရရှိကြသလဲလို့ မေးတော် မူတယ်။ အရှင် မင်းမြတ်မှာ ဘယ်လို သဘော ရရှိတော်မူပါ သလဲလို့ မေးလျှောက် ကြပြန်တော့။ ငါ-မင်းမြတ်မှာဖြင့် နန်း တော်သို့ မပြန်လိုတော့ဘူး၊ ဤဥယျာဉ်တော် ကပင် ဘုရားရှင် ထံသို့ ရည်မှန်းပြီး ရဟန်းပြုလိုတော့တယ်လို့ မိန့်တော်မူတဲ့အခါ အမတ်ကြီးများကလဲ အရှင်မင်းမြတ် သဘောတော် အတိုင်းပါ ဘဲ ဘုရား။ အရှင်မင်းမြတ် ရဟန်းပြုတော်မူပါလျှင်၊ ကျွန်တော် မျိုးများလဲ အိမ်သို့ ပြန်ပသွား ကြတော့ဘဲ နောက်တော်ပါးက ခစားမကွာ အတူတကွ ရဟန်းပြု၍ လိုက်ကြပါမည်ဘုရား လို့ လျှောက်ထား ကြတယ်။ အနောဇာ ဒေဝီ မိဖုရားကြီး ထံသို့ အောက်ပါအတိုင်း အမှာတော်လွှာကို ရေးသတဲ့။

### မင်းကြီး၏ အမှာတော်လွှာ

မောင်တော် ကြားမှာလိုက်ပါသည်နှမတော် ဒေဝီ မပေါသီ မိဖုရားကြီး၊ ကြားသိစေရန် အကြောင်းမှာ - မောင်တော်သည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး သတင်းကို ကြားလိုက် ရသဖြင့် ဘုရားရှင်ထံသို့ ရည်မှန်း၍ ရဟန်းပြု၍ သွားပါပြီ။ နန်းတော်သို့မပြန်လာတော့ပါ။မောင်တော် ပိုင်ဆိုင်သမျှသော

သက်ရှိသက်မဲ့ရွှေ့ ငွေ့ ရတနာအဖြာဖြာသောထီးနန်း စည်းစိမ်ကြီးကို နှမတော်အားအလုံးစုံစွန့်လွှတ်အပ်နှင်းလိုက်ပါ၏။ နှမတော် သဘောရှိသလို အလိုရှိတိုင်း သုံးဆောင်ခံစားပါတော့၊ နှမတော်သည် နောက် ကြင်ရာတော် အသစ်ရှာ၍ နန်းစံလိုလျှင်လည်း စံရစ်ပါ။ သို့မဟုတ် သဘောရှိသလို ပြုလုပ်ရစ်ပါ။ မောင်တော်ကိုဖြင့် မြော်လင့်ချက် မထားပါနှင့်တော့။ သွားပေါ့ မိဖုရားကြီးရေ့၊ အောက်မေ့၍ မနေတမ်းနေ၍၊ကျန်းမာပါ၏။ ကျန်းမာတော်မူပါစေ။

မဟာကပ္ပိနဘုရင်
ကုက္ကုဋဝတီမြို့အရှင်
ခေတ္တ-ဥယျာဉ်တော်စခန်း

---

(အမှာတော်လွှာ ဂါထာ)

**မယှံ တေ သဗ္ဗသမ္ပတ္တိံ၊**
**ဣဿရိယံ ယထာသုခံ။**
**စဇာမိ ပရိဘုဥ္ဇာဟိ၊**
**ပဗ္ဗဇိဿာမိ သာသနေ။**

ဘဒ္ဒေ၊ အခေါ်ဘမရာ၊ ပြောင်သစ္စာနှင့်၊ တောင်ညာစံဒေဝီ၊ အသာရေညီသည့်၊ မဟေသီ ဒုစစကျော်မသော၊ အိုနှမတော် မိဘုရားကြီး။ တေ၊ ဆောင်ကြွာပလ္လင်၊ တောင်ညာဟင်တဲ့၊ သင်မိဘုရားကြီးအား။ မယှံ၊ ပြောင်ပြောင် အကျော်၊ အဆောင် ပျော်ခဲ့တဲ့၊ မောင်တော် ငါဘုရင်၏။ ဣဿရိယံ၊ မညှိုး မလှ၊ တန်ခိုးရှုပြီး၊ စိုးရ ပိုင်ဆိုင်သော။ သဗ္ဗသမ္ပတ္တိံ၊ ရွှေငွေ ရတနာ၊ အဖြာဖြာနှင့်၊ သာယာညီးလျှမ်းပြီးမခန်းတဲ့၊ ထီးနန်း စည်းစိမ် ဟူသမျှကို။ စဇာမိ၊ မကပ်အလျှင်း၊ ပြတ်အရှင်း

ပင်၊ အပ်နှင်း စွန့်လွှတ်လိုက်ပါ၏။ ယထာသုခံ၊ ပိုမိုအပြည့်၊ ထိုထိုကြည့်ပြီး၊ အလိုရှိသည့်အတိုင်း။ ပရိဘုဥ္ဇာဟိ၊ မဆုံးပြောင်းပြောင်၊ ဘုန်းအခေါင်ရဲ့၊ သုံးဆောင် ခံစားရစ်ပါလေ့။အဟံပန၊ ထိးနန်း စည်းစိမ်၊ ညီးထိန်ထိန်ကို၊ မီးရှိန်သာထင်၊ ငါဘုရင်သည့်ကား။ သာသနေ၊ ဘုရားမြတ်စွာ၊ ဘဂဝါ၏၊ သမ္မာနေ၁်လင်း၊ သာသနာတော် အကြွင်း၌။ ပဗ္ဗဇ်ဿာမိ၊ မပန်းသမှု၊လမ်းအနုပါဘဲ၊ ရဟန်းပြုတော့ပေအံ့သတည်း။

ဤကဲ့သို့ အမှာတော်လွှာ ရေးသားပြီးလျှင် ကုန်သည်များလက်သို့ အပ်၍ မောင်မင်းများ၊ ဤအလွှာတော်ကို မိဖုရားကြီးအား ဖတ်ကြား လျှောက်တင်ကြပါ။ မိဖုရားကြီးက ဆုတော်ငွေများ ပေးသနားပါလိမ့်မယ်။ ဘုရင်မင်းမြတ်ကြီး ဘယ်မှာရှိပါသလဲလို့ မေးခဲ့ပါလျှင် ဘုရားရှင်ထံ ရည်စူးပြီး ရဟန်းဘောင်သို့ ကူးတော့မယ်လို့- တောထွက်သွားပါပြီလို့ လျှောက်တင် လိုက်ကြပါတော့လို့- မှာတော်မူလိုက်တယ်။ အမတ်ကြီး တထောင်ကလဲ မိမိတို့ ဇနီး အမတ်ကတော်ကြီးများထံသို့ မိမိတို့သည် ဘုရင်မင်းမြတ်နှင့်အတူ တောထွက်၍ သွားပြီ ဖြစ်ကြောင်းများနှင့် မှာထားလိုက်ကြသတဲ့။ သို့ကလို မှာကြားပြီး မင်းကြီးသည် အမတ်အပေါင်း တထောင်နှင့် တကွ သုပဏ္ဏမြင်းတော်ကို စီးနင်းလျက် အတင်းတောထွက်၍ သွားတယ်။

ဘုရားရှင်ကလဲ မဟာကပ္ပိနမင်းကြီး တောထွက်၍ လာမည်ကို သိသဖြင့် စကြာမင်းသည် ရွာသူကြီးကို ကြိုဆိုသကဲ့သို့၊ ယူဇနာ တရာ့နှစ်ဆယ် ဝေးသော စန္ဒဘာဂါ ဖြစ်ကမ်းသို့ တပါးတည်း ကြွမြန်းတော်မူ၍ ညောင်ပင်ရိပ်က ရောင်ခြည်တော် ခြောက်သွယ်ကို လွှတ်လျက် ကြိုဆို၍ နေနှင့်တယ်။ မင်းကြီးနှင့် အမတ် တထောင်တို့သည် အနက်တဂါဝုတ်၊ အကျယ် ၂–ဂါဝုတ် ရှိတဲ့ အပရစ္ဆာမြစ်ကို ဘုရားဂုဏ်

တော်ကို အာရုံပြုပြီး ဖြတ်ကူးကြတယ်။ ကျောက်ဖျာ အပြင်ကို နင်းရသလို မြင်းခွါတောင် ရေမစွတ်ဘူးတဲ့။ ထို့နောက် အနက် အကျယ် ယူဇနာ ခွဲစီ ရှိတဲ့ နီလဝါဟ မြစ်ကို တရား ဂုဏ်တော်မြတ်ကို အာရုံမိဋ္ဌာန်ပြု၍ ကူးကြပြန်တယ်။ အနက် အကျယ် တယူဇနာရှိတဲ့ စန္ဒဘာဂါမြစ်ကိုလဲ သံဃာဂုဏ်ကို အာရုံမိဋ္ဌာန်ပြုပြီး ကူးကြပြန်ပါတယ်။ ဤသို့ရတနာ ၃-ပါးဂုဏ်ကို အာရုံပြုကာ မြစ်သုံးတန်ကို ကူးပြီးနောက် ပညောင်ပင် အောက်က ဘုရားရှင်ထံမှောက်သို့ ရောက်ကြတယ်။ ပညောင်ပင် အောက်မှာ ဝင်းတောက် ထိန်ဝါ ရောင်ခြည်တော်ခြောက်ဖြာကို မြင်ရတော့ ဤထူးဆန်းသော အရောင် အဝါတွေဟာ တာရာနက္ခတ် နေလနတ်တို့၏ အရောင် မဟုတ်ဘူး၊ ဘုရားရှင်၏ ရောင်ခြည်တော်ဘဲ၊ ဧကန္တ ဘုရားရှင်ကို ဖူးမြင်ရတော့တာဘဲလို့ဆိုပြီး ဝင်ရောက် ဦးချ ဖူးမျှော်ကြသတဲ့။

ဘုရားရှင်က ဒါနကထာ သီလကထာ စသော အနုပုဗ္ဗိကထာ ဒေသနာ တရားကို ဟောကြားတော်မူတဲ့အခါ တပြိုလုံး တပြိုင်နက်ထည်း သောတာပန်တည်ကြတယ်။ သည်တော့မှ ရဟန်းပြု၍ ပေးတော်မူပါလို့ တောင်းပန်ကြသတဲ့။ ဘုရားရှင်က ဧဟိဘိက္ခု ခေါ်တော်မူလို့မှ ဖြစ်ပမလား၊ သင်္ကန်းမှ လှူဒါန်းခဲ့ဘူးကြရဲ့လားလို့ သူတို့၏ ရှေးကံ အကြောင်းကို ပြန်ပြောင်း၍ ကြည့်တော်မူတဲ့အခါ ရက်ကန်းသည်ရွာသား ဖြစ်ကြစဉ်က ပစ္စေကဗုဒ္ဓါတို့အား တထောင်တန် တိစီဝရိက်သင်္ကန်းတစုံစီ လှူဒါန်းခဲ့ကြတာတွေ၊ ကဿပဘုရား လက်ထက်က ကျောင်း ရေစက်ချပွဲကြီးမှာ သင်္ကန်း လှူဒါန်းခဲ့ကြတာတွေကို မြင်တော်မူတယ်။

သည်တော့မှ လက်ျာ လက်မောင်းတော်ကို ဆန့်တန်းတော်မူပြီး "ချစ်သားတို့ လာကြကုန်လော့-ကောင်းစွာ ဆင်းရဲဒုက္ခ၏

အဆုံးကို ပြုခြင်းငှါ မြတ်သော အကျင့်ကို ကျင့်ကြကုန်လော" လို့ ဧဟိဘိက္ခု ခေါ်တော်မူတဲ့အခါ အဝါခြောက်ဆယ် ရပြီး သော မထေရ်ကြီးကဲ့သို့ တခါထည်း ပရိက္ခရာ ရှစ်ပါးကို လွယ် လျက် ရဟန်းအဖြစ်သို့ ရောက်ကြတယ်တဲ့။ သည် နေရာမှာ သက်နိုး ပရိက္ခရာ လှူဘူးတဲ့ သူတွေဖြစ်လို့သာ လွယ်ကူ ထူးခြား စွာ ဧဟိ ဘိက္ခုရဟန်း ဖြစ်ရတာနော်။သင်္ကန်း ပရိက္ခရာ မလှူဘူး လျှင် သည်လို လွယ်ကူစွာ ဖြစ်ရမှာ မဟုတ်ဘူး။ အစက ဟော ခဲ့တဲ့အတိုင်း သင်္ကန်းဒကာ သင်္ကန်းအမများ ဤအချက်ကို သတိ ထားပြီး များစွာ ဝမ်းမြောက်ကြပါ။

## မိဖုရားကြီး တောထွက်ခန်း

လှည်းကုန်သည်များလဲ မင်းကြီး မှာကြားချက်အတိုင်း နန်း တော်သို့ သွား၍ အနောဇာ ဒေဝီ မိဖုရားကြီးအား ရှေးနည်း တူစွာ လောကမှာ ဘုရား တရားသံဃာများ ထင်ရှား ပွင့်တော် မူပါပြီဆိုတဲ့ အကြောင်းကို လျှောက်ထားကြတယ်။ မိဖုရားကြီး ကလဲ မင်းကြီးကဲ့သို့ပင် ၃-ကြိမ်တိုင်တိုင် မြောမေ့သွားပြီး ၄- ကြိမ်တိုင်မှ သတိရ၍ အမောင် လှည်းကုန်သည် များတို့၊ ဤ သတင်းထူးကို ဘုရင် မင်းကြီးအား လျှောက်ထားစဉ် အခါက ဆုတော်ငွေ ဘယ်လောက် ချပါသလဲလို့မေးတယ်။ မှန်လှပါ သတင်း တခုတခုမှာ တသိန်းစီ အားလုံးပေါင်း ၃-သိန်း ဆုချ ပါသည်လို့လျှောက်ကြတော့၊မိဖုရားကြီးကသည်မျှလောက်ကြီး မြတ်လှတဲ့ သတင်းထူးကို ကြားရပါလျက် ဆုတော်ငွေ သနား တာ နဲပါးလှချည့်ကလား။ ငါကတော့ သူ့ထက် များအောင် ဆုချမယ်လို့ဆိုပြီး၊ ဘုရားဟူသော သတင်းတခုမှာ ဆုတော်ငွေ ၃-သိန်း၊ တရား ဟူသော သတင်းမှာ ၃-သိန်း၊ သံဃာ ဟူ သော သတင်းမှာ ၃-သိန်း၊ အားလုံးပေါင်း ၉-သိန်း ဆုချ သတဲ့။ ဒါတောင်မှ ဖောဖောသီသီ ပေါပေါများများ ပေးရ တဲ့ ဆုတော်ငွေမဟုတ်ပါ။ချစ်ချစ် ချုတ်ချုတ် ကုတ်ကုတ် ကတ်

ကတ် ပေးရတဲ့ ဒုဋ္ဌတပဏ္ဏာကာရမျှ ဖြစ်ပါသည်။ ဤမျှလောက် သတင်းထူးကို ယခုလောက် ဆုတော်ငွေ ကလေးနှင့် နဲလှပါသေးသည်လို့ အမိန့်ရှိသေးသတဲ့။ ထိုနောက် မိဖုရားကြီးက ယခု မင်းကြီး ဘယ်မှာ ရှိပါသလဲလို့ မေးတဲ့အခါ ကုန်သည်များက မင်းကြီး၏ အမှာတော်လွှာကို ဆက်သ၍ အမတ်ပေါင်း တထောင်နှင့် တကွ တောထွက်၍သွားတဲ့အကြောင်းကို လျှောက်တင်ကြတယ်။

သည်တော့ မိဖုရားကြီးသည် ကျန်ရစ်သူ အမတ်ကတော်တွေကို ခေါ်၍ အမိတို့၊ ယခု အမိတို့ ကျုပ်တို့၏ မောင်တော်တွေဟာ ရှိသမျှ စည်းစိမ် ချမ်းသာတွေကို ကျွန်ုပ်တို့အား စွန့်လွှတ် အပ်နှင်းပြီး တောထွက်ကာ ရဟန်းပြု၍ သွားကြပြီ။ အမိတို့ ကျုပ်တို့ မုဆိုးမတွေဖြစ်ရစ် ကုန်ကြပြီ။ သူတို့ကအမိတို့ ကျုပ်တို့ ဘာဘဲလုပ်လုပ် သဘောရှိသလို လုပ်ရစ်ကြပေတော့ ဆိုပြီး အမှာတော်လွှာတွေနှင့် မှာကြား၍ ထားခဲ့ကြတယ်။ ဘယ်လို သဘောရကြသလဲလို့ မေးတယ်။ အမတ်ကတော် တထောင်က အရှင် မိဖုရားကြီးကော ဘယ်လို သဘောရပါသလဲ လို့ မေး လျှောက်ကြတဲ့အခါ၊ ငါတော့ သူတောင် သည်စည်းစိမ်တွေကို စွန့်လွှတ်လျက် တောထွက်နိုင်သေးတာ၊ ငါကော မစွန့်လွှတ် နိုင်ဘူးလား၊ ဤစည်းစိမ်တွေဟာ မင်းကြီးမှာသာ ဒုက္ခပေးတာ မဟုတ်၊ ငါ့ကိုလဲ ဒုက္ခပေးမှာ စေန်ဘဲ။ သူများ ထွေးပြီးသား တံတွေး ပေါက်ကို ကောက်၍ မျိုသလို မင်းကြီး စွန့်လွှတ်ပြီး သော စည်းစိမ်တွေကို ငါက မသိမ်းပိုက်လိုတော့ဘူး၊ မင်းကြီး နည်းတူ တောထွက်၍ ရဟန်းပြုတော့မယ်။

**နာယံ သမ္ပတ္တိ ရဇ္ဇော၀၊**
**ဒုက္ခံ ဒေတိ မမံ အပိ။**
**န ပိဝေ ခေဠပိဏ္ဍံ၀၊**
**အဟံ ရာဇေန ဆဍ္ဍိတံ။ ။(ရစနာ)။**

အယံသမ္ဗတ္တိ၊ ဤညီးညီးလျှမ်းလျှမ်း ပြိုးမခန်းတဲ့ ထိးနန်း စည်းစိမ်ကြီးသည်။ ရဿော၁၀၊ ပလ္လင်နန်းရှင် ကြငှန်း ခွင်ဝယ် အစဉ်လင်းပြီး ဘုရင်မင်းကြီးအား သာလျှင်။ ဒုက္ခံ၊ ပြင်းကဲ ဟုက်စွ ညှဉ်းဆဲဟုတ်လှတဲ့ ဆင်းရဲဒုက္ခကို။ နဒေတိ၊ ပူပူ ဆွေး ဆွေး သူမအေးအောင် ပေးသည်မဟုတ်ပါ။ မမံအပိ၊ ဆက်ဆံ ကိန်းကြိုက် တသက်ပန် ထိန်းလိုက်ပြီး လက်ခံ သိမ်းပိုက်သော ငါ့အားလည်း။ ဒုက္ခံ၊ အမှန်မုချမဟုတ်ရအောင် ဒုက္ခဆင်းရဲကို။ ဒေတိ၊ မအေးမကြည် ဘေးအလီလီနှင့် ပေးမည် အမှန်သာ တည်း။ အဟံ၊ သံဝေဂဉာဏ်၊ မွေသန်၍၊ အမှန်သိပြား၊ ငါ- မိဖုရားသည်။ ခေဋ္ဌပိဏ္ဍံဝ၊ အပူများဘေး။ သူများထွေးသည့်၊ အရေးမလျော်၊ တံတွေးပေါက်ကဲ့သို့။ ရာဇေန၊ ဉာဏ်သမ္ဗ ဇဉ်၊ အမှန်မြင်၍၊ အစဉ်လင်းပြီး၊ ဘုရင်မင်းကြီးသည်။ ဆန္ဒိတံ၊ စွန့်ပစ်ထွေးအန်၊မနေ့မှန်တဲ့၊ ဘေးရန်ကြီးတန်း၊ ညီးညီး လျှမ်း တဲ့ ထီးနန်း စည်းစိမ်ကြီးကို။ နပိဝေ၊ မမျိုမသောက်၊ အလိုလို ကြောက်ပြီး၊ မကောက် မသိမ်းပါတော့အံ့။

အဲသည်လို မိဖုရားကြီးက ပြောတော့ အမတ်ကတော်များ ကလဲ သဘောတူပြီး အကျွန်ုပ်တို့လဲ အရှင်မိဖုရားကြီးနှင့် အတူ ဤစည်းစိမ်တွေကို စွန့်ပစ်လျက် တောထွက် ရဟန်းပြုကြပါမည် လို့ လျှောက်ကြတယ်။

အနောဇာဒေဝီမိဖုရားကြီးသည် အမတ်ကတော်တထောင် နှင့်တကွ ရထားတထောင် စီမံ စီးနင်းပြီး တောတွက်၍ လာခဲ့ တယ်။ မင်းကြီးနည်းတူပင် မြစ် ၃-တန်ကို ရတနာသုံးပါးဂုဏ် ကို အာရုံမိဋ္ဌာန်ပြု၍ ကူးကြရာ ရထားဘီးမျှသာ ရေစွတ်သတဲ့၊ ဘုရားရှင်က အမတ်ကတော် တထောင်နှင့် တကွ အနောဇာ ဒေဝီ မိဖုရားကြီး လာလိမ့်မည်လို့ သိတော်မူသဖြင့်၊ မင်းကြီးနှင့် အမတ်တထောင် ရဟန်းတို့ကို မမြင်ရအောင် တန်ခိုးတော်နှင့် ကွယ်၍ ထားသတဲ့၊ မိဖုရားကြီး များလဲ မင်းကြီး နည်းတူပင်

ပင်ညောင်ပင် အောက်မှာ မြတ်စွာဘုရားကို တွေ့မြင်တဲ့အခါ ဝင်ရောက်ဦးချ ဖူးမြင်ကြပြီး မြတ်စွာဘုရား၊ တပည့်တော်မ၏ အရှင် ဘုရင် မဟာကပ္ပိနမင်းကြီးဟာ အရှင်ဘုရားကို ရည်မှန်း၍ ရဟန်းပြုမယ်လို့ တောထွက်၍ သွားပါသည်။ အရှင်ဘုရား ထံသို့ မရောက်လာဘူးလား ဘုရား လို့ မေးမြန်းလျှောက်ထား သတဲ့။ အင်း—ပါရမီ ရင့်သန်လှ၍ အဆုံးဘဝသို့ ရောက်ပြီး ကျွတ်တမ်း ဝင်ခါနီး ဖြစ်သော်လဲ ဘဝများစွာ အခါခါအတူ ပေါင်းသင်းခဲ့ရသဖြင့် နဲနဲမှ မမေ့နိုင်ရှာဘူး နော်။ ရတ်ခနဲ ခွဲ သွားသဖြင့် နဲနဲတော့ လွမ်းဆွတ်မှာ အမှန်ဘဲ။ ဒါကြောင့်မို့ ရောက်ရောက်ချင်း သူ့သခင်မင်းကြီးကိုမေးတာပေါ့။ ဘုရား ရှင်ကလဲ သည်လိုအကြောင်းတွေကိုမြင်ပြီး ရောက်ရောက်ချင်း သူ့သခင် မင်းကြီးကို တွေ့ပါလျှင် အသွင်ပြောင်းပြီး သက်နှံး ဝတ်ကြီးနှင့် မြင်ရတော့ ဝမ်းနည်းပက်လက်ဖြစ်ပြီး စိတ်မတည် ငြိမ်ရာဖြင့် တရားဟော၍ မရမှာ စိုးလေတော့ မမြင်ရအောင် တန်ခိုးတော်နှင့် ကွယ်ထားတာကိုး။ မြတ်စွာဘုရားက မင်းကြီး ၏ အကြောင်းကို မိန့်တော်မမူသေးဘဲ၊ ဒါနကထာ စသော တရားကို ဟောတော်မူတယ်။ မိဖုရားကြီးလဲ ဘရားကို နာရတဲ့ အခါ၊ အမတ်ကတော်တထောင်နှင့်တကွ သောတာပန် တည် တယ်။ မိဖုရာကြီးများအား ဟောကြားတဲ့တရားကို နောက်ထပ် နာရသော အခါ ကျမှ မင်းကြီးများလဲ ပဋိသမ္ဘိဒါ ၄ ပါးနှင့် တကွ ရဟန္တာ ဖြစ်ကြတယ်တဲ့။ အဲသလို တရားထူး ရပြီးတဲ့ နောက်မှ၊ ဘုရားရှင်က အချင်းချင်း ကြည့်ကြပေရော့ ဆိုပြီး ပြလိုက်သတဲ့။

တယောက်နှင့် ဟယောက် တွေ့မြင် ကြတော့ အင်မတန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြတာပေါ့လေ။ သည်တခါနောက် ဆုံး တွေ့ရခြင်းဘဲကိုး၊ အမတ်ကြီးကတော် များကလဲ မိမိတို့ ခင်ပွန်းသည် အမတ်ကြီး ရဟန်းများအား အားရ ဝမ်းသာ

နှုတ်ဆက်ကြတာပေါ့။ တပည့်တော်မများအား ဘိက္ခုနီမ ပြု လုပ်၍ ပေးတော်မူပါ ဘုရား လို့ လျှောက်ထားကြတဲ့ အခါ၊ မြတ်စွာဘုရားက ဥပ္ပလဝဏ်ဘိက္ခုနီမကို တန်ခိုးတော်နှင့်ခေါ် တော်မူ၍ အပ်နှင်းသဖြင့် ရှင်ဥပ္ပလဝဏ်၏ထံမှာ ဘိက္ခုနီမ ပြု လုပ်ကြပြီး၊ ရဟန္တာမအဖြစ်သို့ ရောက်ကြတယ်။ ဘုရားရှင်လဲ ရဟန်းတထောင် ခြံရံလျက်၊ ကောင်းကင် ခရီးဖြင့် ဇေတဝန် ကျောင်းတော်ကြီးသို့ ကြွတော်မူကယ်။

မဟာကပ္ပိန မထေရ်သည် နေ့ သန့်စင်ရာ, ညဥ့်သန့်စင်ရာ ဌာနတို့၌ ကြီးဆ,ဆင်ခြင်သည်မှာ၊ ဩော်-ရှေးအခါ တိုင်းပြည် အုပ်ချုပ်ပြီး မင်းလုပ်ရစဉ်အခါက၊အခြံအရံအစောင့်အရှောက် တွေ များစွာရှိသော်လဲ နဲနဲမှ စိတ်မချရ, စိတ်မအေးရ၊ ပူရ, ပင်ရ၊ ဒုက္ခ အလွန်များပါကလား ယခု ရဟန်းအဖြစ်ကတော့ စင်စစ် ဘာကိုမှ မပူပင်ရ၊ အဟောသုခံ-အဟောသုခံ၊ ဩော်- ချမ်းသာလေစွ-ချမ်းသာလေစွလို့ ဥဒါန်းကျူး၍ နေသတဲ့။ ထို အသံကို ရဟန်းများ ကြားသဖြင့်၊ အတွေး ခေါင်ကာ ကပ္ပိန မထေရ်အား ရှေးက မင်းစည်းစိမ်တွေကို စမြုံ့ပြန်ပြီး၊ ချမ်း သာလေစွ-ချမ်းသာလေစွလို့ ညည်းညူနေတယ်လို့ ကဲ့ရဲ့ကြပြီး၊ ဘုရားထံသွား၍ လျှောက်ကြားတော့၊ ကပ္ပိနမထေရ်ကို ခေါ် တော်မူ၍ အကြောင်းကို မေးမြန်းကာ ငါ့သားတော် ကပ္ပိန ဟာ ဓမ္မပီတိဖြစ်လို့သာ စင်စစ် ဥဒါန်းကျူးခြင်း ဖြစ်တယ် လို့ မိန့်တော်မူပြီး၊ အောက်ပါ ဂါထာကို ဟောတော်မူတယ်။

**ဓမ္မပီတိ သုခံ သေတိ၊**
**ဝိပ္ပသန္နေန စေတသာ။**
**အရိယပ္ပဝေဒိတေ ဓမ္မေ၊**
**သဒါ ရမတိ ပဏ္ဍိတော။**

ယော၊ ထင်စွာအသိ အကြင်ပညာရှိသည်။ ဓမ္မပီတိ၊ လော ကုတ္တရာကိုးပါး တရားပီတိ အဆီအငိုသည် ဖြစ်၍။ ဝိပ္ပသန္နေန၊

ရည်ရွှင်ကြွကြွ၊ ကြည်လင်လှသော။ စေတသာ၊ ဖိတ်ဖိတ်လျှံလျှံ စိတ်အကြံဖြင့်။ သုခံ၊မပင်မပန်း ရွှင်ရွှင် လန်းပြီး ချမ်းချမ်း သာသာ။ သေတိ၊ အသရေပြည့်ဘိ နေလေ့ ရှိပေ၏။ သော ပဏ္ဍိတော၊ ထိုထင်ရှား အသိ ပညာရှိသည်။ အရိယပ္ပ ဝေဒိတေ၊ အရိယာ ပုဂ္ဂိုလ်များ ဟောကြားတော် မူအပ်သော။ ဓမ္မေ၊ မနောတိတိ သဘောသိပြီး ဗောဓိပက္ခိယတရား သုံးဆဲ့ခုနစ်ပါး၌။ သဒါ၊ မကွာ မပြတ်ငြိမ်း၊ အခါ ခပ်သိမ်း။ ရမတိ၊ မလေ့ ပျော်ပျော် အတွေ့တော်ပြီး မွေ့လျော် ပျော်မိုက်လေသတည်း။

မဟာကပ္ပိန မထေရ်သည် ဆုတောင်းရင်း ဩဝါဒ ဇာတာဒိဂ် ရာထူးကို ရ၍၊ မိဖုရားကြီး-အမတ်ကြီး၊ အမတ်ကတော်ကြီး၊ ရဟန်းများနှင့်တကွ နိဗ္ဗာန်သို့ လားကြလေကုန်သတည်း။

**သက်နိုးအလှူ တရားတော်နှင့် ကပ္ပိနအနောဇာ ဝတ္ထုကြီး ပြီး၏။**

---

## ဝိဟာရဒါနကထာခေါ်

# ကျောင်းအလှူ တရားတော်

(၁) သင်္ဃါဝ မူလံ ဒါနသ၊
သဒ္ဓါ မူလာတိ သမ္ပဒါ။
သဒ္ဓေန ကတမပ္ပမ္ပိ၊
ဒါနံ ဟောတိ အကာလိကံ။ ။

(သီဟိုဠ်ဂါထာ)

သဒ္ဓါဝ၊ယုံယုံကြည်ကြည် သုံမလည်ဘဲ၊ ဂုဏ်ရည်သာ ထွား ခါခါပွါးတဲ့ သဒ္ဓါတရားသည် သာလျှင်။ဒါနဿ၊အရေးတယူ အလေးမူပြီး ပေးလှူသော ဒါနတရား၏။မူလံ၊မကောင်းစနစ် မင်း အဖြစ်ဟု အရင်းဖြစ်ပေသတည်း။ သဒ္ဓါမူလာ၊ ဝါဝါ ဝင်းဝင်း ဖြာဖြာလင်းပြီး သဒ္ဓါအလင်းရှိသော အလှူသည်။အတိသမ္ပဒါ၊ စေတနာ သုံးတန် အဆုံးလျှံ၍ အမှန်ပြည့်စုံလှပေ၏။ သဒ္ဓေန၊ အခါခါပွါး ဖြာဖြာများတဲ့ သဒ္ဓါတရားဖြင့်။ ကတံ၊ ဖြူဖြူလျှမ်း လျှမ်း မူမနွမ်းဘဲလှူဒါန်းပြုလုပ်အပ်သော၊ဒါနံ၊ ဖြူသဒ္ဓါ ဗလဝ သူငါ ကိုမှ တတ်တဲ့ အလှူဒါနသည်။ အပ္ပမ္ပိ၊ မကြီး မကျယ် မှီစ ဘွယ်မို့ အနည်းငယ်ပင် ဖြစ်သော်လည်း။ အကာလိကံ၊ မကြာ မမြင့် ခါမလင့်ဘဲ၊ဆင့်ဆင့်တိုးရေး အကျိုးပေးသည်။ဟောတိ၊ သစ်စွာ အသရေ မညစ်သန္တာ တခေတ်သာလို့မို့ ဖြစ်ပါပေ သတည်း။

အလှူဒါန ပြုလုပ်တဲ့ နေရာမှာ ရတနာ ၃-ပါး ကံ ကံ၏ အကျိုးများကို များစွာ ယုံကြည်တဲ့ သဒ္ဓါတရားသည် သာလျှင် အရင်း မူလ ပင်မ ရေသောက်မြစ်ကြီး ဖြစ်သတဲ့။ သဒ္ဓါတရား ထက်သန်စွာနှင့် ပြုလုပ် လှူဒါန်းသော အလှူဒါနသည် မလှူမီ ရှေးအဘို့၌ ဖြစ်သော ပုဗ္ဗစေတနာ၊ လှူဆဲ၌ ဖြစ်သော မုဉ္စ စေတနာ၊လှူပြီးနောက် ဖြစ်တဲ့ ပရစေတနာ၊ ၃-တန် ဖြာလို့မို့၊ စေတနာ ဖြိုးမောက်၊ အလှူမြောက်တယ်။

သဒ္ဓါတရားနှင့် လှူဒါန်းသော အလှူဟာ- မကြီးမကျယ် အနည်းငယ်ပင် ဖြစ်သော်လဲ အခါမလင့် မကြာမြင့်ဘဲ၊ ဆင့် ဆင့် တိုးပွါး တန်ခိုးထွားပြီး အကျိုးများများကြီး ပေးပါတယ် တဲ့။ ထိုမှတပါး- ဒါနတရားသည် နတ်ပြည်သို့ သွားရခြင်း၏ အကြောင်းရင်းကြီးလဲ ဖြစ်တယ်။ တသံ တရာလုံး သုံးစား၍ မကုန်နိုင်အောင် ခိုင်မာစွာ မြှုပ်၍ထားတဲ့ ရွှေအိုးကြီးနှင့်လဲ အလားတူတယ်။

မိမိနောက်သို့ အစဉ်တစိုက် အမြဲလိုက်ပြီး စောင်မ, ကြည့်ရှု၍လဲ နေတယ်။ ပေးကမ်းခြင်း အောင်မြင်ရာ ဆိုသလို၊ တစုံတခုပစ္စည်း ဝတ္ထုကို ပေးကမ်းလိုက်ပါလျှင် မိမိထံသို့ ညွတ်လာရသဖြင့် ခပ်သိမ်းသော လူအပေါင်းကို မိမိဒါနရှင်၏ အလိုသို့ လိုက်ပါလာအောင်လဲ စွမ်းနိုင်တယ်။

အိုဘေး၊ နာဘေး၊ သေရေးရောဂါ၊အဖြာဖြာကို၊လျင်စွာ ပျောက်ကင်း စေနိုင်သောကြောင့် အဆုံးမရှိ အတိုင်းမသိ၊ အလွန်တရာ မြင့်မြတ်လှသော ဆေးထူး-ဆေးမြတ်ကြီးလဲ ဖြစ်ပါတယ်တဲ့။

**(၂) ဒါနံ နိဒါနံ သဂ္ဂဿ၊**
**နိဓာနံ အနုဂါမိကံ။**
**သဗ္ဗလောကံ ဝသံကာရံ၊**
**အနန္တံ ပရမောသဓံ။**

ဒါနံ၊ အဖြာဖြာ အဝဝ အခါခါမှ, ဟတ်တဲ့ ဒါနတရားသည်။သဂ္ဂဿ၊ မပြတ်ကြည်တောက် ဒြဗ်စည်လို့ ရောက်သဖြင့် နတ်ပြည်သို့ ရောက်ရခြင်း၏။ နိဒါနံ၊ အကောင်း သတင်း အပေါင်းလင်းလိုက်တာက အကြောင်းရင်း ဖြစ်ပေသတည်း။ နိဓာနံ၊ တသံသရာလုံး အတန်တန် အခါခါ သုံးရအောင်၊ မဆုံးဝေဆာ အသရေ ဖြာသမို့၊ အသေအချာ မြှုပ်နှံ၍ ထားသော။ အနုဂါမိကံ၊ပြုတာအရှိအလှ အစုစု အဖြာဖြာ ပြည့်ဝတဲ့ အနုဂါမိက ရွှေအိုးကြီးပေတည်း၊ သဗ္ဗလောကံ၊ ကြွင်းမဲ့ကျုံးချုံ၊ ဆုံးအကုန်ပင်၊အလုံးစုံသော လူအပေါင်းကို။ ဝသံကာရံ၊ ပြည့်ပြည့်ဗိုမို၊ မိမိအလိုသို့၊ ချိချိအကြိုက် ထိုထို လိုက်အောင်လည်း ပြုနိုင်ပါပေ၏။ အနန္တံ၊ နှလုံးပြည့်ပြည့်-သုံး၍ ကြည့်ပါတော့၊ အဆုံးမရှိ- အတိုင်းမသိသော။ ပရမောသဓံ၊ ရောဂါ

အမျိုးမျိုးဆော့မကြာချီးတတ်တဲ့တန်ခိုးမသေးဘူး မွှေးမွှေးကြူး
သမို့၊ ဆေးထူး ဆေးမြတ်ကြီးပါပေတည်း။

ထိုမှတပါး၊ ဒါနတရားသည် ဘေးဥပဒ်များ ရောက်တဲ့ အခါ၊ လွန်စွာ အားကိုးရတဲ့ မိတ်ဆွေကောင်းကြီးလဲ ဖြစ်ပါ တယ်။ အလိုရှိတိုင်း ပေးနိုင်တဲ့ မဏိဇောတိရည် ပတ္တမြား ရတနာကြီးနှင့်လဲတူပါတယ်။ အသင့်လွယ်ကူ မပူမပင် ခူးပြီး လျှင် စားရုံသာ ဖြစ်တဲ့ ကျက်ပြီးသား ထမင်းအိုးကြီးနှင့်လဲ တူပါတယ်။

လောကီ လောကုတ္တရာ ရတနာ ရွှေ ငွေ အထွေထွေတို့ကို အလိုရှိတိုင်း ပေးနိုင်ပြီး သီးမျိုးစုံ ပဒေသာသီးတဲ့ နတ်ပဒေသာ ပင်ကြီးနှင့်လဲ တူပါတယ်တဲ့။

(၃) အာပဒါသု သဟာယော တံ၊
ကာမဒေါ မဏိမုတ္တယော။
ဒါနံ ဘတ္တိဃဋော ကာမံ၊
ဒါနံ ဝေ သုရပါဒပံ။

တံ၊ ထိုဝံ့ဝံ့ရဲရဲ မတွန့်ဘဲလျှင် စွန့်ကြဲလှူဒါန်းသော ဒါနသည်။ အာပဒါသု၊ မအေးအမှန်၊ မတွေ့ကြုံဝံ့အောင် ဘေးရန်ရောက် သော အခါတို့၌။ သဟာယော၊ ဖြူကြည်လျှပ်လျှပ် ကူညီတတ် ပါတဲ့၊ ဒြမ်ဟိတ်ချေ ဖိတ်ဖိတ်ဝေသည့် မိတ်ဆွေကောင်းကြီး လည်း ဖြစ်ပါပေ၏။ ကာမဒေါ၊ ပိုမိုအပြည့် ထိုထိုဖြည့်ပြီး အလို ရှိတိုင်း ပေးတတ်သော၊ မဏိမုတ္တယော၊ ကြွားကြွားလျှပ်လျှပ် ခြွားဒြမ်နှင့် ပတ္တမြားမြတ်ကြီးလည်း ဖြစ်ပါပေ၏။ ဒါနံ၊ သဒ္ဓါ ဗလဝများများ၊ မကြာခဏ ပွားရတဲ့ ဒါနတရားသည်။ ကာမံ၊ ပိုမိုအပြည့် ထိုထိုကြည့်ပြီး အလိုရှိတိုင်း။ ဘတ္တိဃဋော၊ မပျက် ကြီးပွါးတသက်မပြီး စားရတဲ့ ကျက်ပြီးသား ထမင်းအိုးနှင့် လည်း တူပါပေ၏။ ဒါနံ၊ အဖြာဖြာ အဝဝ၊ အခါခါမ၊ တတ်

တဲ့ ဒါနတရားသည်။ ဝေ-ဧကောန္တေန၊ စင်စစ်ဧကန် မသွေမှန် သဖြင့်။ သုရပါဒပံ၊ ဒြဗ်ရွှေကြာ မပြတ်အသရေဖြာတဲ့ နတ်ပဒေသာပင်ကြီးနှင့်လည်း တူပါပေသတည်း။

အဲသည်လို-ဒါန တရားသည် များစွာ အကျိုးထူးလှသော ကြောင့်၊ အယုတ် အလတ် အမြတ် ဖြစ်သော အလှူခံပုဂ္ဂိုလ် သုံးစားတို့အား ကြိုးစားပြီး အခါခပ်သိမ်း လှူဒါန်းရမယ်။ လှူဒါန်းတဲ့ နေရာမှာလည်း မလှူရသေးမီအခါ၊ လှူဆဲ အခါ၊ လှူပြီးသော အခါဟူ၍ အစ အလယ် အဆုံး ၃-ပါးလုံး၌ ပုဗ္ဗ၊ မုဉ္စ၊ ပရစေတနာ သုံးတန်ဖြာပြီး သဒ္ဓါတရား ရှေးဦးထားပြီး များများကြီး ထက်သန်စေရမယ်တဲ့။

**(၄) ဒါတဗ္ဗံ ဟိ သဒါ ဒါနံ၊**
**ဥတ္တမ ဇဓမ္မ မဇ္ဈိမေ။**
**အာဒိမဇ္ဈာဝသာနမှိ၊**
**သဒ္ဓံ ပုရတော ကရေ။**

ဒါနံ၊အေးအေးချမ်းချမ်း၊ဘေးမသန်းဘို့၊ပေးကမ်းလှူဒါန်း ခြင်းကို။ ဥတ္တမဇဓမ္မ မဇ္ဈိမေ၊အမြတ်အယုတ်၊အလတ်ဟုတ်သည့်၊ ပုဂ္ဂိုလ် ၃-မျိုးတို့ကို။သဒါ၊ မယွင်းမပြတ်ငြိမ်း၊ အချင်းခပ်သိမ်း။ ဒါတဗ္ဗံဟိ-ဒါတဗ္ဗံဧဝ၊အရေးတယူ၊ အလေးမူ၍၊ ပေးလှူစွန့်ကြဲ အပ်သည်သလျှင်တည်း။အာဒိမဇ္ဈာဝသာနမှိ၊ စ၊လယ်၊အဆုံး၊ တထုံးထားခဲ့တဲ့၊သုံးပါးလုံး၌။သဒ္ဓံ၊မသုန်မလည့်၊ဂုဏ်အဆီနှင့်၊ ယုံကြည်ခြင်း သဒ္ဓါတရားကို၊ပုရတော၀၊ရှင်ရှင်မွေ့မွေ့၊ အစဉ် ခွေ့ပြီး မမေ့အားမှု၊ရှေ့သွားပြု၍ သာလျှင်။ကရေ၊ အမှုမဟုတ်၊ ခုမဆုတ်ဘဲ။ပြုလုပ် လှူဒါန်းရာသတည်း။

အလှူဒါန၏ အကျိုးအာနိသင်တွေဟာ များစွာပင်ရှိသပေါ့ နော်။ ထိုတွင် ဤတရားပွဲမှာတော့ ကျောင်းအလှူ၏ အကျိုးကို အမျိုးမျိုးခွဲ၍ ပြရလိမ့်မယ်။

ဇေတဝန်ကျောင်းတော် ရေစက်ချပွဲနှင့် ရာဇဂြိုဟ် သူဌေး သားများအား ဘုရားရှင် ဟောတော်မူတဲ့ ကျောင်းအကျိုး ၇-ပါးရှိတယ်။ မိမိကျောင်း၌ သီတင်းသုံးတော်မူကြတဲ့ သံဃာ တော်များမှာ ဘေးရန်ဥပဒ် ကင်းကွာ ကြလေ သောကြောင့် ကျောင်းဒကာ-ကျောင်းအမများမှာလဲ ဘေးကင်းခြင်း အကျိုး ကို ရရှိတယ်။

ကျောင်းနေ သံဃာများမှာ ချမ်းချမ်းသာသာ ရှိခြင်း။ ထို ကျောင်းမှာပင်နေ၍ ဈာန် မဂ်ဖိုလ် တရားများကို အားထုတ်ရ ခြင်းကြောင့် ကျောင်းလှူသူများမှာလဲ ချမ်းချမ်းသာသာ ရှိရ တယ်။ ဈာန် မဂ်ဖိုလ် တရားကိုလဲ ရရှိနိုင်တယ်။ ကျောင်းဒကာ ကျောင်းအမများသည် ရတနာဘုံနန်း ပြာသာဒ်ကိုလဲ ရရှိတယ်၊ နတ်ဘောဇဉ် နတ်ဩဇာ နတ်သုဒ္ဓါ အဖျော်ကိုလဲ ရရှိတယ်။

အိပ်ရာမွေ့ရာ ကမ္ဗလာအထည် အလီလီမချွတ် အဝတ် အ မျိုးမျိုး ကိုလဲ ရရှိတယ်။ ဆင်ယာဉ် မြင်းယာဉ် ရထားယာဉ် အပေါင်းကိုလဲ ကောင်းစွာ ရရှိတယ်တဲ့။

ကျောင်းဆောက်၍ ထားမှဖြင့် ကျောင်း အသုံး အဆောင် ပရိဘောဂ အမျိုးမျိုးတွေကိုလည်း ကုတင် ကုလားထိုင် မွေ့ရာ ကော်ဇော ပန်းကန်ခွက်ယောက် ခေါင်းအုံး သင်ဖြူး ဆွမ်း သက်နုန်း စသည်ဖြင့် စုံလင်အောင် လှူဖြစ်၍ သွားတော့တာကိုး။ အဲသည်တော့ ဆိုင်ရာဆိုင်ရာ အကျိုးအမျိုးမျိုးခံစားရတာပေါ့။ ထိုမှတပါး တိရစ္ဆာန် တခုကို ကျွေးမွေး ပေးကမ်းရတာဟာ တရာသောအကျိုးကို ရတယ်။ ထိုထက် တိရစ္ဆာန်တရာကို ပေး ကမ်းရတာက မြတ်တယ်။ တိရစ္ဆာန် တရာကို ပေးကမ်း ရတာ ထက် လူမိုက်တယောက်ကို ပေးကမ်းရတာက မြတ်တယ်။

လူမိုက်တရာကို ပေးကမ်းရတာထက် သီလရှိတဲ့ လူလိမ်မာ တယောက်ကို ပေးကမ်းရတာက မြတ်တယ်။

သီလရှိတဲ့ လူဟာရာကို ပေးကမ်းရတာထက် သရဏဂုဏ် တည်သူ တယောက်ကို လှူဒါန်းရတာက မြတ်တယ်။

သရဏဂုဏ်တည်သူ တရာကို လှူဒါန်းရတာထက် ယနေ့ ပြုသစ်စဖြစ်သော သာမဏေကလေးတပါးကိုလှူဒါန်းရတာက မြတ်တယ်။သာမဏေတရာကိုလှူဒါန်းရတာထက်ရဟန်းတပါး ကို လှူဒါန်းရတာက မြတ်တယ်။ သာမညရဟန်းတရာကို လှူ ဒါန်းရတာထက် သီလဝန္တ ရဟန်းတပါးကို လှူရကာက မြတ် တယ်။

ပုထုဇဉ် ရဟန်း တရာကိုလှူရတာထက် သောတာပန်ရဟန်း တပါးကို လှူရတာကမြတ်တယ်။သောတာပန် တရာကို လှူရတာ ထက် သကဒါဂါမ်တပါးကို လှူရတာက မြတ်တယ် ။သကဒါ ဂါမ်တရာကို လှူရတာထက်အနာဂါမ် တပါးကို လှူရတာက မြတ်တယ်။ အနာဂါမ်တရာကို လှူရတာထက် ရဟန္တာ တပါး ကို လှူရတာက မြတ်တယ်။ ရဟန္တာ တရာကို လှူရကာထက် ဘုရားရှင် တပါးကို လှူရတာက မြတ်တယ်။ဘုရားရှင်တပါးကို လှူရတာထက် ဘုရားအမှူးရှိသော သံဃာအား လှူရတာက မြတ်တယ်။ ဘုရားအမှူးရှိသော သံဃာအား လှူရတာထက် ငါးပါးသီလ ဆောက်တည် ရတာက မြတ်တယ်။ငါးပါးသီလ ဆောက်တည် ရတာထက် သံဃိက ကျောင်း ဆောက်၍ လှူ ရတာက မြတ်တယ်။ ခပ်သိမ်းသော အလှူ အပေါင်း တို့တွင် ကျောင်းအလှူဟာ အမြတ်ဆုံးဘဲတဲ့။တန်ခိုးကြီးလှသော မြဟ္မာ မင်းကြီးသည် ကိုယ် ၃–ကိုယ်၊ ခေါင်း ၃ ခု၊ ပါးစပ် ၃–ခု ဖန်ဆင်းပြီး၊အသက်ရှည်သမျှ ကာလပတ်လုံးကျောင်းအကျိုးကို ဟောကြားသော်လဲ မကုန်နိုင်ဘူးတဲ့။ပဋိသန္ဓေ နေရတာတောင် ကျောင်းဒကာ–ကျောင်းအမများမှာ၊ သူများလို ကြပ်ကြပ်တဲကဲ မဟုတ်ဘဲ ချောင်ချောင်ချိချိ နေရသတဲ့။ကျောင်းကိုလှူခြင်းသည် ခပ်သိမ်းသော အလှူကို လှူခြင်းမည်တယ်လို့–

**သော စ သဗ္ဗဒဒေ၊ ဟောတိ၊**
**ယော ဒဒါတိ ဥပဿယံ။**

လို့ သဂါထာဝဂ္ဂသံယုတ် ပါဠိတော်မှာဟောတော်မူတယ်။ ယော၊အသွင်ဖြူဖြူအကြင်သူသည်။ဥပဿယံ၊ အကောင်းအမြတ်ကျောင်းဇရပ်ကို။ဒဒါတိ၊အရေးယူချေ ပေးလှူလေ၏။ သောစ၊ ထိုအကောင်းဖြူဖြူ၊ ကျောင်းလှူသော သူသည်ကား။ သဗ္ဗဒ ဒေါ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော အလှူကို လှူခြင်းမည်သည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါပေ၏။

အဲဒါကြောင့်မို့ ကျောင်းအလှူများကို ကြိုးစား၍ ဆောက်လုပ် လှူဒါန်းကြရမယ်တဲ့။ ကဲ=ကျောင်းဆောက်၍ လှူသောကြောင့် ထူးခြားသော အကျိုးကို ခံစားရတဲ့ ဝတ္ထု သက်သေကို ထုတ်ကြအုံးစို့။

---

## ကျောင်းဆောက်၍လှူဒါန်းသဖြင့် အကျိုးထူးခံစား ရသော

## ရွှေဗိမာန်ရှင် ဝတ္ထု

သုံးလောက မကိုဋ် သုံးထိုက်မှန်ကူ စံမတူသည့် သယမ္ဘူ ထွတ်ဖျား ဘုရားဇိနမုနိန္ဒသည် အန္တကဝိန္ဒတိုင်းကို အမှီပြု၍ တခုသော တောအုပ်၌ သီတင်းသုံး နေတော်မူတယ်။ ထိုအခါ ရတနာ ရွှေ ငွေ အထွေထွေသော ဥစ္စာတို့ဖြင့် များစွာကြွယ်ဝ္ဘေးသော သူဋ္ဌေး ဒါယကာ တဦးသည် ရှင်မြူးသော သဒ္ဓါတရားနှင့် ဘုရားရှင် သီတင်းသုံးတော်မူရန် ပိဏ္ဍကအမည်ရှိသော

တောင်ထိပ်၌ ဖိတ်ဖိတ်လျှမ်းလျှမ်း ဆန်းဆန်းကြယ်ကြယ် လွန်တင့်တယ်၍ အံ့ဩဘွယ် ကောင်းသော ကျောင်းတဆောင်ကို ဆောက်လုပ် လှူဒါန်းသတဲ့။

တရားရှင် လက်ထက်တော်မှာ ဘုရားရှင် ကိုယ်တော်တိုင်အား ဆောက်လုပ် လှူဒါန်းရတော့ ဝမ်းမြောက် ဝမ်းသာ သဒ္ဓါတရားထက်သန်လိုက်မှာတော့ ပြောဘွယ်ရာ မရှိဘူးပေါ့လေ။ ထို ကျောင်းကြီး ဆောက်လုပ် ပြီးစီးတဲ့အခါ ဘုရားအမှူးရှိသော သံဃာတော် ငါးရာတို့အား ပင့်ပြီး ဆွမ်း ဘောဇဥ် ချိုချဉ် အရသာ အဖြာဖြာသော လှူဘွယ် ပစ္စည်းတို့ဖြင့် ကျွေးမွေး လှူဒါန်းလျက် ခမ်းနားသော ကျောင်း ရေစက်ချပွဲကြီးကို ပြုလုပ်တယ်။ ကျောင်းဆောက်ရုံတွင်မက ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်း ၄-ပါးဖြင့် သံဃာတော်တို့အား လိုသမျှ ထောက်ပံ့လျက် ပစ္စည်း ၄-ပါး ဒါယကာလဲ ခံတယ်တဲ့။

**ဝိဟာရံ ကာရယိတွာန၊**
**ဝိစိတ္တံ သော ဂဟပ္ပတိ။**
**သဒ္ဓေါပသန္နစိတ္တေန၊**
**သမ္ဗုဒ္ဓဿ ဘိပူဇယိ။**

သဒ္ဓေါ၊ ရတနာသုံးတန် ထွဋ်ဘုန်းလျှံနှင့် ကံ့ကံအကျိုး မြတ်နိုး ဂုဏ်ရည် သန်မလည်ဘဲ ယုံကြည်ခြင်း သဒ္ဓါတရား ရှိသော။ သော ဂဟပ္ပတိ၊ ထိုရတနာ ရွှေငွေ အထွေထွေကို အ ခြေကျကျ ပေါ်များလှသော သူကြွယ်သည်။ ဝိစိတ္တံ၊ အခန်း သွယ်သွယ် လွှမ်းစဘွယ်ပင်၊ ဆန်းကြယ် ထူးခြားလှသော။ ဝိဟာရံ၊ အပြုကောင်းကောင်း ရှုမညောင်းသည့် အပေါင်း ပျော်လတ် ကျောင်းတော် မြတ်ကို။ ကာရယိတွာန၊ သဒ္ဓါ ဖြိုး မောက် မညှိုးခြောက်ဘဲ နောက်ဆုတ်မငြီး ဆောက်လုပ်ပြီး၍။ ပသန္နစိတ္တေန၊ အဆီစိုစို အရှည်ပိုပြီး ကြည်ညို ရှင်လန်းသော

စိတ်ဖြင့်။ သမ္မုဒ္ဓဿ၊ သစ္စာမလေးပါး အေးတရားကို ခြားနား အစဉ် မမှားမြင်တဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား။ အဘိ ပူဇယိ၊ ကောင်းစွာယူမျှော် ဖြူဖြူလျှော်၍ ပူဇော် လှူဒါန်းလေ သတည်း။

ထိုကျောင်း ရေစက်ချပွဲကြီးမှာ မြတ်စွာဘုရားက အောက် ပါအတိုင်း ကျောင်းအနုမောဒနာ တရား ဟောတော်မူတယ်။

အို-သူကြွယ် ကျောင်းဒါယကာ၊ ကျောင်းသည် ကျောင်း နေ ပုဂ္ဂိုလ်တို့အား အချမ်းကိုလည်း ပယ်ဖျောက်နိုင်၏။ အပူ ကိုလည်း ပယ်ဖျောက်နိုင်၏။ သားရဲဘေးတို့ကိုလည်း ပယ် ဖျောက်နိုင်၏။ မြွေ, ကင်း, သန်းတို့ကိုလည်း ပယ်ဖျောက်နိုင်၏။ ခြင်, မှက်တို့ကိုလည်း ပယ်ဖျောက်နိုင်၏။ မိုးဖွဲတို့ကို လည်း ကောင်း, မိုးကြီးတို့ကိုလည်းကောင်း ပယ်ဖျောက်နိုင်၏။ပြင်းစွာ သော နေပူတံလျှပ် ဖြစ်ပေါ်ခြင်းကိုလည်း ပယ်ရှင်း ပျောက် လွင့်စေနိုင်၏။ ကိန်းဝပ်ခြင်းငှါ လည်းကောင်း၊ ဈာန်ဝင်စား ခြင်းငှါ လည်းကောင်း၊ ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းငှါ လည်းကောင်း ဖြစ်ပေ၏။သံဃာအား ကျောင်းလှူခြင်းကို မြင့် မြတ်လှ၏ ဟူ၍ ငါဘုရားချီးမွမ်းတော်မူအပ်၏။

ထို့ကြောင့် မိမိအကျိုးစီးပွားကို ကောင်းစွာ သိမြင်သော ပညာရှိ သူတော်ကောင်းသည် နှလုံးမွေ့လျော် ပျော်ဘွယ်ရာ ကောင်းသော ကျောင်းတို့ကို ဆောက်လုပ် လှူဒါန်းရာ၏။

ဤကျောင်း၌ အကြားအမြင် များကုန်သော ရဟန်းတို့ကို နေထိုင် သီတင်းသုံးစေရာ၏။ဖြောင့်မတ်စွာ ကျင့်ကြံကုန်သော ထိုကျောင်းနေ ပုဂ္ဂိုလ်တို့အား ဆွမ်းကိုရင်း၊ ဟင်းအဖျော်ကို ရင်း၊ အဝတ် သင်္ကန်း၊ အိပ်ရာ, နေရာ၊ ညောင်စောင်း အင်းပျဉ် တို့ကိုရင်း ကြည်ညိုလှစွာ စေတနာနှင့် ကောင်းစွာ လှူဒါန်း ရာ၏။ ထိုကျောင်းနေ ပုဂ္ဂိုလ်တို့သည်၊ ထိုကျောင်း ဒါယကာ အား ခပ်သိမ်းသော ဆင်းရဲကို ပယ်ဖျောက် စေတတ်သော

အကြင်တရားကို ဟောကြားကုန်၏။ ထိုတရားကို ပိုင်းခြားကာ သိ၍ အာသဝေါကင်းလျက် နိဗ္ဗာန်သို့ ရောက်ရလေ၏။

အို-သူကြွယ် ကျောင်းဒါယကာ။ ကျောင်းလှူရခြင်း၏ အကျိုးကို ငါဘုရားမှတပါး။ မည်သူမျှ ကုန်စင်အောင် မဟောနိုင်ကြချေ။

အို-ကျောင်းဒါယကာ သူကြွယ်၊ ကျောင်းကို လှူသည်ရှိသော်၊ ခပ်သိမ်းသော အလှူကို လှူသည်မည်၏။

အို-ကျောင်းဒါယကာ သူကြွယ်၊ အကြင်ပညာရှိ သူတော်ကောင်းတို့သည် အညီအညွတ် ဥပုသ်ပဝါရဏာစသောကံကြီးကံငယ်သို့ ရောက်တတ်ကုန်သော သီလရှိသော ရဟန်းတို့ကို သင်္ကန်းဖြင့်၎င်း၊ ဆွမ်းဖြင့်၎င်း၊ ကျောင်းဖြင့်၎င်း၊ ဆေးဖြင့်၎င်း။ လုပ်ကျွေး ထောက်ပံ့ ကြကုန်၏။ လူတို့၏ ကျင့်ဝတ်တရားကိုလည်း၊ မမှားအောင် ကျင့်တတ်ကြကုန်၏။ ထိုပညာရှိ သူတော်ကောင်းတို့အား နွေအခါ၌၎င်း။ ညဉ့်အခါ၌၎င်း။ အခါခပ်သိမ်း ကုသိုလ်တရားသည် အဖန် တလဲလဲ တိုးပွားလေ၏။ ကောင်းမြတ်သော ကုသိုလ် ကောင်းမှုကံကို ပြုရသောကြောင့် အလိုရှိအပ်သော ဝတ္ထုတို့၏ တည်နေရာ ဖြစ်သော နတ်ပြည်သို့လည်း ရောက်ရလေ၏။

အဲ ဤကဲ့သို့ မြတ်စွာဘုရားက ကျောင်း အနုမော ဒနာတရား ဟောတော်မူတယ်။

ကျောင်းဒါယကာ သူကြွယ်လဲ ထိုကျောင်းတရားကို နာရသဖြင့် သဒ္ဓါတရား တိုးတက်ကာ လွန်စွာ ဝမ်းမြောက်, ဝမ်းသာဖြစ်နေသတဲ့။ ဝမ်းမြောက်, ဝမ်းသာ သဒ္ဓါတရား တိုးတက်ကာဖြင့် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ များကို အမြဲမပြတ် စောင့်သုံး၍ တသက်ပတ်လုံး ကုသိုလ် ကောင်းမှုများကို ပွားများ ဆည်းပူး၍ နေတယ်။ ထိုကျောင်း ဒါယကာ

သည် စုတေမနေ သေလွန်တဲ့အခါ၊ တာဝတိံသာ နတ်ပြည်သို့ ရောက်ရတယ်။

---

ကျောင်းဒကာ နတ်သား၏

# ထူးခြားသော ရွှေဗိမာန်ကြီး

ထိုကျောင်းဒကာ နတ်သား- စံစားရတဲ့ ရွှေဗိမာန်ကြီးဟာ လွန်စွာဆန်းကြယ်၍ ပျော်ရွှင်ဘွယ်အလွန်ကောင်းသတဲ့။သူများ ဗိမာန်နှင့်မတူ၊တမူလွန်ကဲ၍ အထူးဘဲ ဆန်းကြယ်ပါတယ်။မြင်း မိုရ်တောင်ထိပ်မှာ ဖိတ်ဖိတ်ထွန်းပြောင်၊ အရောင်ပြိုးပြက်၊ တလက်လက်တောက်၍နေတယ်။ရွှေတောင်ထိပ်ထက်၊ရွှေညောင် ရွက် ရွှေခြူ၊ ရွှေကွန်ရက် အစရှိသော ရတနာ အမျိုးမျိုးတို့ဖြင့် ပြိုးပြိုး ပြက်ပြက် အရောင်တလက်လက်နေတယ်။

ရွှေတိုင်-ရွှေခင်း၊ ရွှေရောင်တွေ ဝင်းပြီး၊ ဗိမာန်ကြီး တခု လုံး ရွှေသား ပကတိသာ ပြီးသတဲ့။

ညီးညီး တောက်အောင်၊ ရွှေရောင်တွေ တပြောင်ပြောင်နှင့် ရွှေသားတောင်ကြီး နေဝါလုံးကြီးများလို ကြည့်ရှု၍ မဆုံးနိုင် အောင် ရှိတာပေါ့လေ။ ထိုရွှေဗိမာန်ကြီးပေါ်မှာ နတ်သမီး, နတ်သား အခြွေအရံ များစွာနှင့် ကြီးကျယ်စွာသော နတ် စည်းစိမ်ကြီးကို ရှုမငြီး စံစားရတယ်တဲ့။

**ဒိန္န ဝိဟာရ ဒါနေန၊**
**တာဝတိံသေ မနောရမေ။**
**သော သုဝဏ္ဏ ဝိမာနမှိ၊**
**ဒိဗ္ဗသုခံ အနုဘဝိ။**

သော၊ထိုအပေါင်းသဒ္ဓါ မစောင်းပါတဲ့ ကျောင်းဒါယကာ သူကြွယ်သည်။ ဒိန္နဝိဟာရဒါနေန၊ ဖြူဖြူလျှမ်းလျှမ်း၊ မှုမန္တမ်းတဲ လှူဒါန်းအပ်သော ကျောင်းအလှူကြောင့်။ မနောရမေ၊ အဆုံး မမေ့သနော် နှလုံးမွေ့လျော် ပျော်ဘွယ်ရာကောင်းသော။တာဝတိံသေ၊ သမ္ဘာအရှိန် ဖြာဖြာထိန်တဲ့ တာဝတိံသာ နတ်ပြည်၌။ သုဝဏ္ဏဝိမာနမှိ၊ ရွှေသား ရွှေတောင်၊ ရွှေပြောင်ပြောင်နှင့် ရွှေရောင် ရွှေဟိတ် ရွှေဗိတ်ဗိတ်ဟု ရွှေဗိမာန်ကြီး အပေါ်၌။ဒိဗ္ဗသုခံ၊ အခေါင်ဒြဗ် အရောင်လျှပ်၍ မပြတ်ညီးထိန် နတ်စည်းစိမ်ကြီးကို။ အနုဘဝိ၊ ကျောင်း အပြုဖန်၊ ကောင်းမှုကံကြောင့်၊ အမှန်မမှား၊ အလျှံကြွားပြီး၊ ခံစား သုံးဆောင်ရလေသတည်း။

လက်ဝဲတော်ရံ ရှင်မဟာမောဂ္ဂလာန် မထေရ်ကလဲ မကြာ မကြာ နတ်ပြည်သို့ ကြွသွားပြီး နေ့သန့်စင်တော်မူလေ့ရှိတယ်။ မထေရ်သည် တနေ့သ၌ တာဝတိံသာ နတ်ပြည်သို့ ကြွသွား တော့ ထိုကျောင်းဒကာ နတ်သားက မထေရ်မြတ်ကို လာပြီး ရိုသေစွာ ရှိခိုးပူဇော်၍ နေသတဲ့။

ရှင် မောဂ္ဂလာန် မထေရ်သည် ထိုနတ်သား၏ အကြောင်း အဋ္ဌုပ္ပတ္တိကို အလုံးစုံသိပြီး ဖြစ်သော်လည်း၊ အခြား နတ်သား နတ်သမီးတို့အား ထင်ရှား သိစေလိုသောကြောင့် ဤသို့ မေး တော်မူသတဲ့။ အချင်းဒါယကာ နတ်သား။သင်၏ စံမြန်းရာ ဖြစ်တဲ့ ဗိမာန်သည်ကား၊ သကြား သုရာမ စသော အခြားသူ တို့၏ ဗိမာန်နှင့်မတူ တမူတဖုံ တုန်လှုပ် ယိမ်းယိုင်ခြင်းမရှိ၊ပက တိ ခိုင်ခိုင်ကြီး တည်နေပေသည်။ မြင်းမိုရ်တောင်ထိပ်ဖျားဝယ် ထူးခြား တင့်တယ် အသွယ်သွယ်သော အရောင်တို့ဖြင့်၊ ထိန်

ပြောင် ထွန်းဝင်း၊ ရွှေရောင်လင်းလျက်၊ ရွှေညောင်ရွက် ရွှေခြူ။ အမှုထူးတွေ၊ ရွှေငွေသန္တာ။ နီလာပြယိုးယား၊ ပတ္တမြားဗိမာန်၊ ရောင်လျှံထိန်ထိန်တောက်လျက် ရှိပေသည်။ နတ်သမီး၊ နတ်သား များစွာခြံရံ၊ နတ်တူရိယာ စည်စောင်းသံ တို့ဖြင့်၊ ခံစံ၍ မငြီးအောင် ရှိပေသည်။ ဤကဲ့သို့ ထူးခြားသော နတ်စည်းစိမ်ကြီးကို ဘယ်ကုသိုလ်ကောင်းမှုကိုပြုခဲ့လို့ ယခုလိုခံစားရပါသလဲလို့ မေးတော်မူတယ်။

**ပဘဿရမိဒံ ဗျမှံ၊**
**သဗ္ဗံ သောဝဏ္ဏ နိမ္မိတံ။**
**ဒေဝတေ ပုစ္ဆိတာစိက္ခ၊**
**ကိဿ ကမ္မဿိဒံ ဖလံ။**

ဣဒံ ဗျမှံ၊ မဆိတ် မညံ့ ဖိတ်ဖိတ် လျှံတဲ့ ဤဗိမာန်ကြီးသည်။ ပဘဿရံ၊ ပြိုးပြိုးပြက်ပြက် ရိုးရိုးရက်နှင့် တလက်လက် အရောင်ထွန်းလှပေ၏။ သဗ္ဗံ၊ တွင်းပ ကျုံးချုံ သုံးမကုန်အောင် အလုံးစုံသော ဗိမာန်တခုလုံးကို။သောဝဏ္ဏနိမ္မိတံ၊ ရွှေရောင် လင်းလင်း ရွှေလျှံဝင်းပြီး ဖန်ဆင်း ပြုလုပ်အပ်ပေ၏။ ဒေဝတေ၊ ထိုထိုအရာ ပိုမိုသာတဲ့ ဒိဗ္ဗ-ဒါယကာ နတ်သား။ ပုစ္ဆိတော၊ အရေးမနှမ်း မနှေးမှန်းပြီး မေးမြန်းအပ်သော သင်နတ်သားသည်။အာစိက္ခ၊ မယုတ်မပို ဟုတ်သလိုပင် ထုတ်ဆို လျှောက်ကြားစမ်းပါလော့။ ဣဒံ၊ ဤလျှပ်လျှပ်ညီးထိန် နတ်စည်းစိမ်ကြီးကို မြိန်မြိန်ခံစားရခြင်းသည်။ ကိဿ ကမ္မဿ၊ သွယ်သွယ်ပေါင်းစု ဘယ်ကောင်းမှု၏။ ဖလံ၊ အလွန်ကိုးတက်၊ မညှိုးပျက်သည့်၊အကျိုးဆက် ဖြစ်ပါသနည်း။

ထိုအခါ-နတ်သားကလျှောက်ထားသည်မှာ အရှင်ဘုရား၊ တပည့်တော်သည် လူ့ပြည်မှာ ဖြစ်စဉ်အခါတုန်းက ပိဏ္ဍကတောင်ထိပ်ဝယ်၊ကြီးကျယ်သော ကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။ ဘုရား အမှူးရှိသော သံဃာတော် တို့အား ဆွမ်းဘောဇဉ် စသော ကြီးစွာသော အလှူကြီးကို ပေး၍ ပစ္စည်း

၄-ပါး ဒါယကာ ခံခဲ့ပါတယ်။ ကျောင်းဒကာဖြစ်သည့် အား လျော်စွာ၊ ရတနာ ၃-ပါးကို အားထားယုံကြည်၍ အရှည် ဆည်းကပ် ကိုးကွယ်ခဲ့ပါတယ်။ထို ကုသိုလ်ကံ များကြောင့် ဤ နတ်စည်းစိမ်ကြီးကို ခံစားရပါကယ်-လို့ လျှောက်ထားတယ်။

**ဝိဟာရ ကတ ဒါနေန၊**
**အညေဟိ ကုသလေဟိ စ။**
**ဣဒံ ဒိဗ္ဗသုခံ သွာဟံ၊**
**အနုဘောမိ မဟန္တတံ။**

ဝိဟာရကတဒါနေန၊ အကောင်း တလျှောက် အပေါင်း မြောက်ဘို့ ကျောင်းဆောက်၍ လှူရသော ကုသိုလ်ကြောင့်ရင်း။ အညေဟိ၊ ကြွားကြွားသစ်တုံ တပါးဖြစ်ကုန်သော။ ကုသလေ ဟိစ၊ အားထုတ်ပွါးများ၊ အစားစားဖြင့်၊ များပြားသော ကု သိုလ်တို့ကြောင့်ရင်း။ သွာဟံ-သောအဟံ၊ ကိုအပေါင်းသဒ္ဒါ မစောင်းပါတဲ့ ကျောင်းဒကာ အကျွန်ုပ်သည်။ မဟန္တတံ၊ မငြိုး စဖွယ် ချီးမလွယ်အောင် ကြီးကျယ် များပြား လှစွာသော။ ဣဒံ ဒိဗ္ဗသုခံ၊ ဤအရောင် တလျှပ်လျှပ် အခေါင်တပ်ပြီး မပြတ် ညီးထိန် နတ်စည်းစိမ်ကြီးကို။ အနုဘောမိ။ အကျွန်ုပ်ဘုန်းခေါင် မဆုံးအောင်လျှင် သုံးဆောင် ခံစားရပါသည်ဘုရား။

ရှင်မောဂ္ဂလာန်မထေရ်လဲ နတ်ပြည်က ဆင်းသက်လာသည့် အခါ ထိုနတ်သား၏ အကြောင်း အရာကို မြတ်စွာဘုရားအား လျှောက်ထားသဖြင့်၊ ဘုရားသခင်က တရားနာ ပရိသတ်တို့ အား တဆင့် ဟောကြားသောကြောင့် မဂ်တရား ဖိုလ်ကရားကို ရကာ လွန်စွာ ကျေးဇူး များကြလေကုန်သတည်း။

**ကျောင်းအလှူဘုရားတော်နှင့်ကျောင်းဆောက်၍**
**လှူဒါန်းသဖြင့် အကျိုးထူး ခံစားရသော**
**ရွှေမိမာန်ရှင် ဝတ္ထု ပြီး၏။**

## ဘေသဇ္ဇဒါနကထာခေါ်

# ဆေးအလှူ တရားတော်

**ကလျာဏကာရီ ကလျာဏံ၊**
**ပါပကာရီစ ပါပကံ။**
**ယာဒိသံ ဝပတေ ဗီဇံ၊**
**တာဒိသံ ဟရတေ ဖလံ။**

ယာဒိသံ၊ အသွင်မချို့ ယှဉ်သမို့သာပ အကြင်သို့ သဘော ရှိသော။ ဗီဇံ၊ မစားရိုးဝလှေ၊ အမျှားဆိုးတဲ့ အခါးမျိုးစေ့ကို။ ဝပတေ၊စရိုက်တမျိုး မိုက်အဆိုးနှင့် စိုက်ပျိုးလိုက်သည် ဖြစ်အံ့။ တာဒိသံ၊ပိုလို့ပေါ်ဘိ၊ထိုသို့သဘောရှိသော။ ဖလံ၊ စား၍ ငြီးငြီး အခါးသီးကို။ ဟရတေ ယထာ၊ မရှောင်နည်းပေ ဆောင်သီး လေသကဲ့သို့ရင်း။ ယာဒိသံ၊ ယှဉ်လို့ပြောဘိ အကြင်တို့သဘော ရှိသော၊ ဗီဇံ၊ ဆိုရိုးမမွေ၊ အချိုမျိုးစေ့ကို။ ဝပတေ၊ စရိုက်မျိုး ဖွေ၊ စိုက်ပျိုးလေသည် ဖြစ်အံ့။ တာဒိသံ၊ စိုလို့ပေါ်ဘိ ထိုသို့ သဘောရှိသော။ ဖလံ၊ ကိုစိုမငြီး၊ အချိုသီးကို။ဟရတေ ယထာ၊ မရှောင်နည်းပေ ဆောင်သီးလေကဲ့သို့ရင်း။ ကလျာဏကာရီ၊ တပေါင်းတစု၊ ကြောင်းအထုဟု ကောင်းမှုကို ပြုလေ့ရှိသော သူသည်။ကလျာဏံ၊မဟောင်းမရိုး ပေါင်းမညှိုးတဲ့ ကောင်းကျိုး သုခကို။ လဘတေ၊ အမှန်မမှား၊ အလျှံကြွားပြီး ခံစားရရှိလေ ၏။ ပါပကာရီစ၊ အကြောင်းကစု၊ ပေါင်း၍ ထုတတ်တဲ့။ မကောင်းမှုကို ပြုလေ့ရှိသောသူသည်ကား။ပါပကံ၊ အကြောင်း ဆိုးဆိုး မကောင်းကျိုးကို။ လဘတေ၊ အကြိမ်မှား ကံအလား ကြောင့် ခံစား ရရှိလေသကည်း။

လောကမှာ နရွဲထောက်ရှာ မာလကာ ပိန္နဲ အစရှိသောအချို မျိုးစေ့ကို စိုက်ပျိုးပါလျှင် မာလကာသီး ပိန္နဲသီး စသော အချို

သီးကို သီးသကဲ့သို့ရင်း၊ ခွေးတောက်၊ ကြောင်လျှာ၊ တမာ၊ ကြက်ဟင်းခါး၊ အစရှိသော အခါးမျိုးစေ့ကို စိုက်ပျိုးပါလျှင် တမာသီး၊ ကြက်ဟင်းခါးသီး အစရှိသော အခါးသီးကို သီးသကဲ့သို့ရင်း၊ ထိုနည်းအတူ အချိုမျိုးစေ့နှင့် တူတဲ့ ကုသိုလ်ကောင်းမှုကို ပြုစု စိုက်ပျိုးပါလျှင် ကောင်းကျိုးသုခရ၍ အချိုသီးကို စားရလိမ့်မယ်။ အခါး မျိုးစေ့နှင့် တူတဲ့ အကုသိုလ်မကောင်းမှုကို ပြုစုစိုက်ပျိုးပါလျှင် မကောင်းတဲ့ အကျိုး ဖလဆင်းရဲ ဒုက္ခကို ရပြီး အခါးသီးကို စားရလိမ့်မယ်- လို့ ဆိုတဲ့ ဂါထာပေါ့နော်။ တရား သဘောက- သဒိသံ ပါကံ ဇနေတိ- ဆိုသလို တူသော အကျိုးကို ပေးလေ့ရှိတဲ့ မမ္မတာအတိုင်း ဆွမ်းလှူလျှင် အားကောင်းခြင်း စသော အကျိုး၊ သင်္ကန်းလှူလျှင် အဆင်းလှခြင်း စသော အကျိုး၊ ကျောင်းလှူလျှင် ချမ်းသာခြင်း စသော အကျိုး၊ ဆေးလှူလျှင် ရောဂါကင်းခြင်း စသော အကျိုး ကိုပေးတာကိုး။ အဲသည်တော့- တေဘပတ် တင်လဲ စသော ဆေးပစ္စည်းကို လှူသောသူများသည် ဘဝ အဆက်ဆက်မှာ အနာ ရောဂါ ကင်းရှင်းပြီး ကျန်းမာခြင်း လာဘ်ကြီးကို ရရှိကြလိမ့်မယ်။ အနာကင်း ရှင်ဗာကုလို့ ဆိုတဲ့အတိုင်း ရှင်ဗာကုလ မထေရ်များတော့ နောက်ဘဝက ဆေးလှူခဲ့တဲ့ အတွက်ကြောင့် အနာရောဂါ လွန်စွာ ကင်းရှင်းသနော်။ သူ့မှာ 'ဟပ်ချိုး' လို့ ချီရတာဟာ ရောဂါ အကြီးဆုံးဘဲတဲ့။ မြန်မာ ရာဇဝင်မှာလဲ သည်လို ရောဂါ ကင်းတဲ့ မင်းတပါး၏ အကြောင်းကို ပုဂံ ရာဇဝင်ထဲမှာ ဖတ်ရဘူးတယ်- ရှင်ဗာကုလ မထေရ်ကမှ ဟပ်ချိုးလို့ ချီရသေးတယ်- အဲသည်မင်းမှာတော့ ချီတောင် မချီရဘူးဘူးတဲ့။ မင်းမောင်းမတွေ ချီချင်တဲ့အခါ မင်းကြီး မကြားအောင် အိုးထဲမှာ မျက်နှာဝတွေပြီး ချီကြရကယ်ဆိုကိုး၊ အခါတပါးတော့၊ မောင်းမငယ် တယောက်က ချီချင်လှတာနှင့် အိုးကို မျက်နှာဝ့နှင့် တွေ့ပြီး ချီတဲ့အခါ ဝုံး့ လို့ မြည်သွားသတဲ့။ ထိုအသံကို မင်းကြီး

က ကြားတော့ ဘာသံလဲလို့မေးတဲ့အခါ ချီတဲ့အသံလို့ လျှောက်တော့၊ ချီတယ်ဆိုတာ ဘယ်လိုဟာလဲလို့ မေးပြန်သတဲ့။ မိဖုရားကြီးက မှန်လှပါ အရှင် မင်းကြီးမှာတော့ ရှေးကုသိုလ်ကံ ထူးခြားပြီး ရွှေဘုန်းတော် ကြီးမားသည့်အတွက် တခါဘူးမှ ချီတော်မမူရဘဲ၊ ချီတာကိုပင် ဘယ်ဟာမှန်း သိတော်မမူဘဲ ရှိပါသည်။ အများ လူတို့မှာ ချီခြင်း၊ သန်းခြင်း စသည်ဖြင့် ရောဂါ ဥပဒ်များ ကပ်ရောက်ကြပါသည်။ ချီတဲ့အခါ အရှင်မင်းကြီး ကြားတော်မူပါလျှင် ရာဇဝတ်တော် ပေးမည်ကို ကြောက်သည့်အတွက် အိုးကို မျက်နှာဝ၊ နှင့် ကော့၍ ချီကြပါသည်လို့ လျှောက်တင်တဲ့ အခါ သည်လိုဖြစ်တာဖြင့် ရာဇဝတ်တော့ မပေးပါဘူး။ထင်ထင်ရှားရှား ချီချင်တိုင်းပင် ချီကြပါတော့လို့ မိန့်တော်မူသတဲ့။ တယ်ပြီး ရောဂါကင်းတဲ့ မင်းကြီးပါဘဲနော်။ ရောဂါကင်းပြီး ကျန်းမာခြင်းဟာလဲ လာဘ်ကြီးတခုဘဲနော်။

**အာရောဂျ ပရမံ လာတံ၊**
**သန္တုဋ္ဌိ ပရမံ ဓနံ။**
**ဝိဿာသ ပရမာ ဉာတိ၊**
**နိဗ္ဗာန ပရမံ သုခံ။**

ဤဂါထာကို ဝိသုဒ္ဓါရုံ သဒ္ဒါနည်းအတိုင်း အနက်ပေးလိုက်ရအုံးမယ်။

လာဘံ၊ ကြီးငယ်အဝဝ၊ လာဘ်လာဘ ဟူသမျှသည်။ အာရောဂျံ ပရမံ၊ရောဂါကင်းရှင်း ကျန်းမာခြင်း အထွတ်တပ်မှ အမြတ်ဆုံးဖြစ်ပေ၏။ ဓနံ၊ ပစ္စည်း ဥစ္စာ ရတနာ ရွှေ ငွေ အထွေထွေသည်။ သန္တုဋ္ဌိ ပရမံ၊ ရောင့်ရဲခြင်း အထွတ်တပ်မှ အမြတ်ဆုံး ဖြစ်ပေ၏။ ဉာတိ၊ ရင်းဖျာအဝဝ ဆွေမျိုး ဟူသမျှသည်။ ဝိဿာသပရမာ၊ ကျွမ်းဝင် ချစ်ခင်ခြင်း အထွတ်တပ်မှ အမြတ်ဆုံး ဖြစ်ပေ၏။ သုခံ၊ ချမ်းသာသုခ ဟူသမျှသည်။ နိဗ္ဗာန ပရမံ၊ နိဗ္ဗာန် ချမ်းသာသည်သာလျှင်အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏။

မကျန်းမမာ ရောဂါ ဥပဒ်ကြီးတခုခု ကပ်ရောက် နေပါလျှင် ဘယ်လို ချမ်းသာကိုမှ ခံစားချင်စိတ် မရှိတော့ဘူး။

သတ္တတော၀ ဇာရာယ ပဋိကမ္မံ ကာတုံ-လို့ ကျမ်းဂန်လာတဲ့အတိုင်း၊ ဆေး၀ါး ပယောဂဖြင့် မအိုရ, မနာရအောင် တတ်နိုင်သတဲ့နော်။ ဒါကြောင့်မို့ အချို့က-အာယု၀ဍ္ဎန လမ်းဖြင့် ခါတ်လုံး ဖမ်းနေကြတာ ထင်ပါရဲ့။ရောဂါကလဲ စိတ်ရောဂါ, ကိုယ်ရောဂါလို့ ၂-မျိုးရှိရာ စိတ်ရောဂါက သာပြီး ဆေးကုခက်သတဲ့၊ စိတ်ရောဂါ ကင်းရှင်း၍ ကျန်းမာခြင်း ရှိပါလျှင် ကိုယ်ရောဂါကလဲ ကျန်းမာကင်းရှင်း ရောတဲ့။

**ကာယရောဂံ တိတိက္ခာယ၊**
**စိတ္တရောဂံ စိကိစ္ဆတု။**
**သုခိတော ကာယရောဂိပိ၊**
**စိတ္တေနိရာမယေ သတိ။ ။(သင်္ဂဟဂါထာ)**

ကာယရောဂံ၊ ပိုမိုပေါ်စွာ၊ ကိုယ်ရောဂါကို။ တိတိက္ခာယ၊ ဆောင့်မငြီးဘဲ အောင့်အီးသည်းခံ၍၊ စိတ္တရောဂံ၊ တဆိတ်မဲ့စရာ စိတ်ရောဂါကို။ စိကိစ္ဆတု၊ လေးစားသမှု ဆေး၀ါးကုပါလော့။ စိတ္တေ၊ အတွင်းပိတ်ဖုံး စိတ်နှလုံးသည်။ နိရာမယေ၊ ချောကွာရှင်းရှင်း၊ ရောဂါကင်းသည်။ သတိ၊ သစ်အသရေပြည့်၊ ဖြစ်လေသည်ရှိသော်။ ကာယရောဂိပိ၊ ပိုမိုပေါ်စွာကိုယ်ရောဂါသည်လည်း။ သုခိတော၊ မနွမ်းဖြာဖြာ လွန်ကျန်းမာ၍ ချမ်းသာ အေးမြလေတော့သတည်း။

ခေါင်းခဲ ၀မ်းနာ စသော ကိုယ်ရောဂါမှာတော့ ကုစရာဆေးတွေများစွာ ရှိတယ်။ ဆေးဆရာတွေ ဆေးတိုက်တွေ အလွန်ပေါတာကလား။ လောဘ,ဒေါသ စသော စိတ်ရောဂါ စိတ္တဇနာတွေမှာတော့ ဘုရားရှင်၏ တရားတော် ဆေးတလက်ထဲသာ ရှိကယ်။ ကိုယ်ရောဂါသည် ဤဘ၀မှာပင် ပျောက်ကင်း

ငြိမ်းအေးစေနိုင်တယ်၊စိတ်ရောဂါကတော့ သံသရာဆက်ဆက် အဆုံးမရှိအောင် စွဲလျက် နေတတ်တယ်။ သို့အတွက် စိတ်ရောဂါကို မြတ်စွာဘုရား၏ တရားဆေးတော်နှင့် ပျောက်ကင်းအောင် နာနာ ကုရမယ်တဲ့။

**ကာယရောဂေ ဗဟူ ဝေဇ္ဇာ၊**
**ဗုဒ္ဓါတ္တိ ံဝ မနောဂဒေ။**
**ဣမာပိ ကာယိကော သန္တော၊**
**အနန္တာဝ မနောရုဇာ။(သဂ်ဇာ ရစနာ)**

ကာယရောဂေ၊ ပိုမိုပေါ်စွာ ကိုယ်ရောဂါ၌။ ဝေဇ္ဇာ၊ဆေးကိုကုစား ဆေးသမားတို့သည်။ ဗဟူ၊ သောသောအဝဝ တလောကတွင် ပေါလှပေကုန်၏။ မနောဂဒေ၊ အလွန် ထိတ်စရာစိတ်အနာ၌။ ဗုဒ္ဓါတ္တိဝ၊ ဘုရားဟောဘော် မှားမချော်သည့်တရားတော်ဆေးတလက်သည် သာလျှင် မပျက်ရှိပေသတည်း။ ကာယိကော၊ ထိုထိုပေါ်စွာ ကိုယ်ရောဂါသည်။ ဣမာပိ။ကုကုမမ၊ ယခုဘဝ၌လည်း။ သန္တော၊ အမောက်ကိန်းလှိုင် ပျောက်ငြိမ်းနိုင်၏။ မနောရုဇာ၊ တိတ်မောစရာ သိမ်ပေါပါတဲ့ စိတ်ရောဂါတို့သည်ကား။ အနန္တာဝ၊ မတုံးမတိ တဟုန်းဟုန်းငြိပြီး အဆုံးမရှိ ကုန်သည် သာလျှင်တည်း၊

ဒါက ရောဂါအကြောင်းနှင့် ပတ်သက်ပြီး ပြောလိုက်ရတဲ့ စကားကိုး။ အဲသည်လို အေးအေး ချမ်းချမ်း ဘေးမသန်းဘဲ ကျန်းမာ ပကတိ ချမ်းသာစွာရှိခြင်းသည် လွန်စွာ အရေးကြီးပြီး လာဘ်ကြီးတခု ဖြစ်သောကြောင့် ရောဂါကင်းအောင် ဆေးလှူတဲ့ ဒါယကာ များမှာလဲ ခေါင်းခဲ ဝမ်းနာ အိုရောဂါ နာရောဂါ သေရောဂါ အဖြာဖြာကင်းပြီး ကျန်းမာ ခြင်းကြီး ကျန်းမာ၍ နိဗ္ဗာန် ချမ်းသာကြီးကို ရရှိပါလိမ့်မည်။ သို့အတွက် ဆေးပစ္စည်းများကို ကြိုးစား၍ လှူကြရမယ်တဲ့။

ကဲ-ကဲ- ဆေးပစ္စည်းတွင် အပါအဝင်ဖြစ်တဲ့ ထောပတ်ကို လှူဒါန်းသဖြင့် ထူးဆန်းစွာ အကျိုးပေးတဲ့ သီဟိုဠ်ဝတ္ထုဆန်း ကလေး တပုဒ်ကို ထုတ်၍ ပြောကြဦးစို့။

---

## ဆေးထောပတ် လှူဘူးသဖြင့် အကျိုးထူး ခံစားရသော

# သုမန မထေရ်ဝတ္ထု

သီဟိုဠ်ကျွန်းမှာ-သဒ္ဓါတိဿ မင်းကြီး မင်းပြုတော်မူသော အခါ မင်းမှုကိစ္စ တခုခုနှင့် ပတ်သက်ပြီး မင်းမှုထမ်း အမတ် တယောက်အား ကောဋိသာလ အမည်ရှိတဲ့ ရွာသို့ မင်းကြီးက စေလွှတ်တော်မူလိုက်တယ်။

ထိုမှုထမ်း အမတ်သည် ကောဋိသာလရွာသို့ ရောက်တဲ့အခါ ရွာသူ ရွာသား အပေါင်းတို့က အာဂန္တုက ဝတ်နှင့် လျော်ညီစွာ ဧည့်ဝတ် ကျေပွန်စွာ ထောပတ်နှင့်တကွ စားဘွယ် သောက်ဘွယ် ဆွမ်းဟင်းလျာ အဖြာဖြာသော ထမင်းတို့ကို ချက်ပြုတ်ပြီး အချိန်ကျတဲ့အခါ ထမင်းစားရန် လာပြီး ဖိတ်ခေါ်သတဲ့။

ထို မင်းချင်း အမတ်လဲ ထမင်းစားရန် အလို့ငှါ ထမင်းပွဲမှာ ထိုင်နေခိုက်တွင် ရဟန်းတော် တပါးကလဲ ထိုမင်းချင်း အမတ်နားသို့ ဆွမ်းခံ ကြွတော်မူလာတယ်။ ထိုအခါ-မင်းချင်း အမတ်သည် အလွန်တရာ ကြည်ညိုလှသည်ဖြစ်၍ ထမင်းပွဲကို မိမိ မစားဘဲ ရဟန်းတော်မြတ်အား ထောပတ်နှင့်တကွ ထမင်းဟင်းတို့ကို သပိတ်တွင်းသို့ အကုန် လောင်းလှူလိုက်တယ်။ ရဟန်းတော် မထေရ်မြတ်လဲ အလှူခံတော်မူ၍ ဆွမ်းကို ဘုဉ်းပေးတော်မူပြီး

လျှင် ထောပတ်ကိုတော့ ဆေးအလို့ငှါ- ဆောင်ဟူ၍ သွား တယ်တဲ့။

ထို မင်းချင်း အမတ်သည် ထိုကောင်းမှုကံ စေတနာကြောင့် အသက် ထက်ဆုံး နေထိုင်၍ စုတေမနေ သေလွန်သော အခါ သီဟိုဠ်ကျွန်းမှာပင် ကမ္ဘာဂါမ အမည်ရှိသော ရွာ၌ တဦးသော အမျိုးသားကလေး သွား၍ ဖြစ်တယ်။ ဆယ်လလွန်၍ မွေးဖွား သောအခါ၊ ထိုသူငယ်ကလေးဟာ မပို မရယ်တဲ့ အလွန်တရာ စိတ်နှလုံး ကောင်းသောကြောင့် သုမန သတို့သားလို့ နာမည် မှည့်၍ထားတယ်၊မြန်မာလိုတော့ မောင်စိတ်ကောင်းလို့ ခေါ်ရ မှာပေါ့လေ။ ထိုမောင်စိတ်ကောင်းဟာ၊ အရွယ်ရောက်တဲ့အခါ သားမယား ယူပြီး အိမ်ထောင်ပြု၍ နေတယ်။

နောက်အခါတော့ အိမ်ရာ တည်ထောင် လူ၏ဘောင်၌ အပြစ်ကိုမြင်၍ သားမယားများကိုစွန့်ပစ်လျက် မြာဟွဏာရာမ ကျောင်းသို့ သွားပြီး ရဟန်းပြုလုပ်နေသတဲ့။

ရဟန်းပြုပြီး ရဟန်းတရား ဘာဝနာ ကမ္မဋ္ဌာန်းများကို ကြိုး စားအားထုတ်ပြန်လေ့ရာ မကြာမြင့်မီပင် ကိလေသာ ကင်းကွာ ၍ ရဟန္တာအဖြစ်သို့ ရောက်တယ်။ ရဟန္တာ အဖြစ်သို့ ရောက် တဲ့ အခါကျတော့ သံသရာဝဋ်ဒုက္ခကို ထိတ်လန့် တုန်လှုပ်ခြင်း များလှသောကြောင့် ကမ္ဘသုမန မထေရ်ဟူ၍ ထင်ရှားတယ်။ ထိုကမ္ဘသုမန မထေရ်မြတ်ကို မြာဟွဏာရာမ ကျောင်းရပ် တည် ပင်စောင့် နတ်က အမြဲမပြတ် ဆည်းကပ် ကိုးကွယ်သတဲ့။

တည်ပင်စောင့်-နတ်သားသည် မထေရ်မြတ်အား နတ်ဩ ဇာ နတ်ဆွမ်းကို အမြဲမပြတ် ဆက်ကပ်တယ်။

မထေရ်မြတ်မှာ-နတ်ဩဇာကို အမြဲ ဘုန်းပေးနေရတာပေါ့ လေ။ နတ်ဩဇာ နတ်ဆွမ်းကို အမြဲဘုဉ်းပေးနေရတာ တဆဲ့ နှစ်နှစ်တောင် ကြာသတဲ့။

## သီဟိုဠ်ကျွန်း၌ သူပုန်ထ၍ ဒုဋ္ဌဂါမဏိရကပ်ကြီး တိုက်ခြင်း

ထိုအခါ သီဟိုဠ်ကျွန်းမှာ ဗြာဟ္မဏတိဿ အမည်ရှိသော သူပုန်ကြီး ထသဖြင့် အုပ်မရ-ချုပ်မရ၊ တကျွန်း တနိုင်ငံလုံး က စဉ့်ကရဲ ဖြစ်ကာ ငတ်မွတ် ခေါင်းပါး၍ ဒုဋ္ဌဂါမဏိရ ဘေးကြီး ဆိုက်ရောက်၍ နေတယ်။ လူတွေမှာ ငတ်မွတ် ခေါင်းပါး နေ တော့ ရဟန်း သံဃာတော်များမှာလဲ ဆွမ်းကွမ်း ပြတ်ငတ် ကုန်တာပေါ့လေ။ ဝမ်းတော်မှ မဝတော့ ဆွမ်းတော်လဲ မငှ နိုင်ကြဘူးပေါ့။ သည်တော့-ကမ္ဘသုမန မထေရ်မြတ်က ငါး ရာသော ရဟန်းတို့ကို ခေါ်ပြီး ငါ့ရှင်တို့၊ ယခု သီဟိုဠ်ကျွန်းမှာ ဒုဘိက္ခန္တရ ဘေးကြီး ဆိုက်ရောက်ပြီး ငတ်မွတ် ခေါင်းပါး၍ ကုန်ပြီ။ ဇမ္ဗူဒိပ်ကျွန်းသို့ ကူးကြစို့ရဲ့လို့ တိုင်ပင်တဲ့အခါ သံဃာ တော် ငါးရာတို့ကလဲ သဘောတူညီကြပြီး ဇမ္ဗူဒိပ်ကျွန်းသို့ ကြွ ရန်စီမံနေကြတယ်။

ထိုအခါ မထေရ်မြတ်၏ ဆွမ်းဒါယကာ ဖြစ်တဲ့ တည်ပင် စောင့် တိမ္ဗရုနတ်သားက အခြားသို့မထေရ်မြတ်ကြွသွားမည်ကို မြင်သဖြင့် အရှင်ဘုရားဘယ်အရပ်သို့ ကြွသွားမယ်လို့ ပြင်ဆင်၍ နေတော်မူပါသလဲလို့ မေးမြန်း လျှောက်ထားသတဲ့။

သည်တော့ မထေရ်မြတ်က တိမ္ဗရု နတ်သားအား အောက် ပါ ဂါထာတို့ဖြင့် ပြောကြားတယ်။

(၁) ဘော ဒါနိ လက်ာယံ ဒေသော၊
ဒုဗ္ဘိက္ခော အာသိ ကေဝလော။
သုသိတွာ ဖလိတာ အာသုံ၊
တဋ္ဌာကာ ဥဟဒါဒယော။

ဘော၊ အို-မမိန်သမှု အရှိန်နှတဲ့ တိမ္ဗရု နတ်သား။ ဒါနိ-ဣ ဒါနိ၊ အမှုကြမ္မာ ယခုအခါ၌။ လက်ာယံ၊ လက်ာရခေါ်ညွှန်း၊

အရှည်ပိုတဲ့ သိဟိုဠ်ကျွန်း၌။ ကောဂလော၊ ခပ်သိမ်းကျုံးချုံ အလုံးစုံသော။ ဒေသော၊ အရပ်ဒေသ ဟူသမျှသည်။ ဒုတ္တိကွော၊ ငတ်မွတ် ခေါင်းပါး၊ မကောင်းစားသည်။ အာသိ၊ ညစ်အသရေ မကြည်၊ ဖြစ်လေပြီ။ တဋ္ဌာကာ။ ဂေယျုံညီးညီး ရေကန်ကြီးတို့သည်ငင်း။ ဒဟာဒါဒယော၊ သတင်းမလှိုင် မလင်းနိုင်တဲ့ အင်းအိုင် တုံးချောင်း စသည်တို့သည်ငင်း။ သုသိတ္တာ၊ အညှိုးခါခါ မိုးမရှာသဖြင့် ဆိုးစွာ ခြောက်ကတ်ကုန်သည်ဖြစ်၍။ ဖလိတာ၊ မြေမှာ ကွဲလျက် ဇာတ်တခြားနှင့် ပက်ကြားအက်၍ ကုန်သည်။ အာသုံ၊ ညစ်အသရေစုံ ဖြစ်လေကုန်ပြီ။

(၂) ဂတာ ဝိနာသံ ဇလဋ္ဌာ၊
ဝိပါသံ မိဂ သူကရာ။
ဓာဝန္တိ ဒိသွာ အာရာဝ၊
မရိစိံ တောယသညိနော။

ဇလဋ္ဌာ၊ ရေ၌ကျက်စားခေကြမ္မာနှင့် ရေသတ္တဝါအများတို့သည်။ ဝိနာသံ၊ ရန်သူဖျက်ဆီး ရဟက်မီးနှင့် ပျက်စီး သေဆုံးခြင်းသို့။ ဂတာ၊ ကြောက်စရာ့အဖုံဖုံ ရောက်ကြကုန်ပြီ။ မိဂသူကရာ၊ သနားစချင် သားသမင်တို့သည်။ ဝိပါသံ။ သေမတတ်လျှင်း ရေငတ်ခြင်းသို့။ ဂတာ၊ ကြောက်စရာ့အဖုံဖုံ ရောက်ကြကုန်ပြီ။ မရိစိံ၊ သန္တာန်အမှတ် တံလျှပ်ကို။ ဒိသွာ၊ ရှင်ပြတဖုံ မြင်ကြကုန်သည် ရှိသော်။ တောယ သညိနော၊ သေမတတ်ပါ ရေမှတ်ရှာကြကုန်သည် ဖြစ်၍။ အာရာဝ၊ တွေးဆ ထင်မြင် အဝေးကပင်လျှင်။ ဓာဝန္တိ၊ အေးရပါတုံ တွေးမဆဘဲ ပြေးကြရှာကုန်၏။

အို-ဒါယကာနက်သား၊ ယခုအခါ သိဟိုဠ်ကျွန်းမှာ အရပ်ရပ်တိုင်းမှာပင် ဒုတ္တိက္ခန္တရကပ်ကိုက်ပြီး ငတ်မွတ်ခေါင်းပါးတဲ့ ဘေးကြီးဆိုက်၍ နေပါပြီ။ ရေကန်ကြီး ရေကန်ငယ် အင်းအိုင်

ထုံးချောင်း အသွယ်သွယ်တို့မှာလဲ ဘယ်အခါမှ မိုးမရွာသဖြင့် အကုန်လုံး ပပ်ကြားကွဲ၍ ကုန်ပါပေါ့။

ဖွား-ငါး စသော ရေသတ္တဝါတွေလဲ ရေပြတ်တာနှင့် သေကြေပျက်စီး၍ ကုန်ကြပါပြီ။ သမင်စိုင်ဆတ် ဖွတ်ပတတ်တွေလဲ ရေငတ်ရှာကြလွန်းလို့ တံလျှပ်ကလေးများကို မြင်တဲ့အခါ ရေမှတ်တာနှင့် အငေးကြီးကပင် ပြေးသွားရှာကြပါတယ်။

(၃) **ဆန္ဒပဏ္ဏဝန အာသုံ၊**
**ဘူဇာတာစ တိဏောသဓော။**
**ဘူသံဝ ဝိကိရိယိံသုံ၊**
**စဏ္ဍာနိလ သမာဂတာ။**

ဆန္ဒပဏ္ဏဝနာ၊ ဖြစ်ပျက်သဘော လှစ်မြွက်၍ မပြောဝံ့အောင် သစ်ရွက်တော တခုလုံးတို့သည်။ အာသုံ၊ အစွန်းတုံးလှိုမို့ တကျွန်းလုံး ဖြစ်၍ကုန်လေပြီ။ ဘူဇာတာ၊ အခြေနေဉ် ဖောက်မြေပေါ်၌ ပေါက်ကုန်သော။ တိဏောသဓာစ၊ တသက်မတွေးချင် မြက်ဆေးပင်တို့သည်လည်း။ စဏ္ဍာနိလာသမာဂတာ၊ သေမည့် ကမန်း မွှေရှည် တန်းပြီး လေနီကြမ်း တိုက်ကုန်သည်ဖြစ်၍။ ဘူသံဝ၊ ဝဲယာ လွဲ့လွဲ့ ဖွဲပြာကဲ့သို့။ ဝိကိရိယိံသုံ၊ ဖရိုဖရဲ ထိုထိုယဲသို့ ပြိုကွဲလွင့်ပျောက်၍ ကုန်လေပြီ။

(၄) **ဒုဗ္ဘောဇနေန ဒိပသွိံ၊**
**ဝိဋ္ဌိတာ ပန မာနုသာ၊**
**အဋ္ဌိစမ္မာဝသေသာ ဝ၊**
**ဒိဏာ လောဟိတ မံသကာ။**

ဒိပသွိံ၊ ရည်ဆို ညွှန်းညွှန်း သီဟိုဠ်ကျွန်း၌၊ ဒုဗ္ဘောဇနေန၊ အကြောင်းမမှား မကောင်းစားသဖြင့် ခေါင်းပါး ငတ်မွတ်

သော အစာဖြင့်။ ပိဋ္ဌိတာ၊ စိတ်ပျက်ဖုံဖုံ ထိပ်ကိုနှက်ပြီး နှိပ်စက်အပ်ကုန်သော။ မာနုသာ၊ ဆူဆူ သောင်း သောင်း လူအပေါင်းတို့သည်။ ခိဏာ လောဟိတ မံသကာ၊အသွေးအသားတဖြေးဖြေးပါးပြီး များစွာကုန်ခန်းသည် ဖြစ်၍။အဋ္ဌိစမ္မာဝသေသာ ဝ၊ အညှိုး အထွေထွေ ဆိုးအခြေနှင့် အရိုး အရေမျှသာကြွင်းကုန်သည်။ အာသုံ၊ ညှစ်အသရေဖုံဖုံ ဖြစ်လေကုန်ပြီ။

ယခုအခါ သီဟိုဠ်ကျွန်း တကျွန်းလုံးမှာ သစ်ရွက်မှိုက်တွေပေါ်ပြီး တောကြီး ဖြစ်၍ နေပါပေါ့။ သစ်ပင် ပါးပင်တွေလဲ လေနီကြမ်း တိုက်တာနှင့် ဖရိုဖရဲ ပြိုကွဲ ပြုန်းတီး၍ ပျက်ကြပါပြီ။ လူအပေါင်းတွေဟာ အစာရေစာ ပြတ်ငတ်တာနှင့် အသွေးအသား ခန်းခြောက်ပြီး အရိုးနှင့် အရေလောက်သာ ကျန်ကြပါတော့တယ်။

(၅) ဇိဃစ္ဆိတာသာ နရာ ဒေဝ၊
ဂဟေတွာ ပုတ္တဒါရကေ။
တတ္ထ တတ္ထ ဂတာ အာသုံ၊
ယတ္ထ သက္ကောန္တိ ဇီဝိတုံ။

ဒေဝ၊ မင်္ဂြခါခါ ပိုသဒ္ဒါနှင့် အို-ဒါယကာ နတ်သား။ ဇိဃစ္ဆိတာသာ၊ မပျက်အစဉ် အသက်ရှင်လိုကုန်သော။ နရာ၊ ဆူဆူ သောင်းသောင်း လူအပေါင်းတို့သည်။ ပုတ္တဒါရကေ၊ တအားယားကား သားမယားတို့ကို။ ဂဟေတွာ၊ တော်ရာတချောင်ခေါ်ကာဆောင်၍။ ယတ္ထ ယတ္ထ၊ အစဉ်မပြတ် အကြင်ကြင်အရပ်၌။ ဇီဝိတုံ၊ အသက်ဝိညာဉ် မပျက်ယှဉ်ခြင်းငှာ။ သက္ကောန္တိ၊ မနွမ်းယိုင်တုံ စွမ်းနိုင်ကုန်၏။ တတ္ထ တတ္ထ၊ ပိုမိုမလပ် ထိုထိုအရပ်သို့။ ဂတာ၊ များစွဖုံဖုံ သွားကြကုန်သည်။ အာသုံ၊ခေတ်ကနုံနုံ ဖြစ်ကြကုန်ပြီ။

(၆) ယသ္မာ တသ္မာပိဟံ ဒေဝ၊
န သက္ကောမိ သီဟဋ္ဌေ။
ဇီဝိတုံ ဇမ္ဗုဒီပဿ၊
ယာမာဒါနိတိ မဗြဝိ။

ဒေဝ၊ ပိုမိုဒြမ်ကြွား အို-နတ်သား။ ယသ္မာ၊ မရှင်စတောင်း အကြင်အကြောင်းကြောင့်။ အဟံ၊ မသာမကြည့် ငါမထေရ် သည်လည်း။ ဣဓ. သီဟဋ္ဌေ၊ မစည်ပြိုနွမ်း ဤ သီဟိုဠ် ကျွန်း၌။ ဇီဝိတုံ၊ အပျက်အစဉ် အသက်ရှင်ခြင်းငှါ။ န သက္ကောမိ၊ နွမ်း ယိုင် ခွေခွေ မစွမ်းနိုင်ချေ။ တသ္မာ၊ ပိုမိုမစောင်း ထိုအကြောင်း ကြောင့်။ ဒါနိဣဒါနိ၊ အမူမသာ ယခုအခါ၌။ ဇမ္ဗုဒီပဿ၊ လူသူမဆိတ်ဖြူဖြူရိပ်တဲ့ ဇမ္ဗူဒိပ်ကျွန်းသို့။ ယာမ၊ များစွဖုံဖုံ သွား ကြကုန်အံ့။ ဣတိ၊ မချို့သံကို သို့ကလို။ အဗြဝိ၊ သဘောအလို ဇောချိုချိုနှင့် ပြောဆို မိန့်ကြားလေသတည်း။

ယခုအခါ လူအပေါင်းတို့မှာ ရေကြည်ရာ မြက်နုရာဆိုသလို အသက်မွေးကောင်းရာ အရပ်သို့ သား မယားတွေကို ခေါ် ဆောင်၍ ပြောင်းရွှေ့ ကုန်ကြပါပြီ။ ဒါကြောင့်မို့ ငါတို့လဲ ဤ သီဟိုဠ်ကျွန်းမှာ ဆွမ်းကွမ်း မျှတ အသက်မွေးရဘို့ ခဲယဉ်းလှ သဖြင့် ဇမ္ဗူဒိပ်ကျွန်းသို့ သွားမယ်လို့ ကြံကြတယ်လို့ အဲသည် လို မထေရ်မြတ်က မိန့်ဆိုတော်မူတယ်။

ထိုအခါ တည်ပင်စောင့် တိမ္ဗရုနတ်သားက ဇမ္ဗူဒိပ်ကျွန်း သို့ ကြွသွားတော်မမူပါမည့်အကြောင်းနှင့် အောက်ပါ ဂါထာ တို့ဖြင့် တားမြစ် လျှောက်ထားသတဲ့။

(၇) အတီတသ္မိံ တုဝံ ဘန္တေ၊
အဒါသေ ကဿ ဘိက္ခုနော။
သဒ္ဓဟန္တော ပိဏ္ဍပါတံ၊
သောပကာရံ သုနိမ္မိတံ။

ကာယသုခ (၁၆)

ဘန္တေ၊ သခင်တပ'ါး အရှင်ဘုရား။ တုဝံ၊ အစဉ်မှား အရှင်ဘုရားသည်။ အတီတသ္မိံ၊ အမွန်တကဲ့ ချွန်သနဲ့လျှင် လွန်ခဲ့သော ရှေးဘဝ၌။ ကေသ ဘိက္ခုနော၊ လျှမ်းလျှမ်းကြွားကြွား ရဟန်းတပ'ါးအား။ သဒ္ဓါဟန္တော၊ မသုန်မလည် ဂုဏ်အရည်ကို ယုံကြည် ကြည်ညိုလှသည် ဖြစ်၍။ သောပကာရံ၊ အများ သွယ်သွယ် မခြားရွယ်ပြီး စားဘွယ် သောက်ဘွယ်နှင့် တကွသော။ သုနိမ္မိတံ၊ မစောင်းသဒ္ဓါကြောင်းအခါနှင့်ကောင်းစွာချက်ပြုတ်အပ်သော။ ပိဏ္ဍပါတံ၊ မနွမ်း ဇောရှင် ဆွမ်း ဘောဇဉ်ကို။ အဒါသိ၊ အလေးတမူ အရေးယူ၍ ပေးလှူခဲ့ဘူးလေပြီ။

(ဂ) တတော စုတာ တုဝံ တဿ၊
ပုညကမ္မဿ ဝါဟသာ။
ဒုတိယတ္တဘာဝေ တသ္မိံ၊
ဇာယိတွာန သုခေ ဋ္ဌိတော။

တတော၊ ပိုမိုလှပ ထိုဘဝမှ။ စုတာ၊ အမှုပွေပွေ ခုမနေဘဲ စုတေ သေလွန်သည် ရှိသော်။ တုဝံ၊ သခင်တပ'ါး အရှင်ဘုရားသည်။ တဿ ပုညကမ္မဿ၊ ပိုမိုအကြောင်း မငြိုးစောင်းတဲ့ ထို ကောင်းမှုကံ၏။ ဝါဟသာ၊ အစွမ်းရှိန်စော် တခါပြုတဲ့ အာနုဘော်ကြောင့်။ တသ္မိံ ဒုတိယတ္တ ဘာဝေ၊ ထိုအပြု မဖောက် အမှုလျှောက်သဖြင့် ၂-ခု မြောက်သော ဒုတိယဘဝ၌။ ဇာယိတွာန၊ သစ်ကြွားမငြိုး ဖြစ်ပွားပြီး၍။ သုခေ၊ အပြီးမြိန်မြိန် ညီးညီးထိန်တဲ့ စည်းစိမ်ချမ်းသာ၌။ ဋ္ဌိတော၊ ကြည်မြမသွေ တည်ရပေသတည်း။

အရှင်ဘုရား - အရှင် ဘုရားသည် ဘုန်းကံ ထူးခြားပြီး ကုသိုလ်ကောင်းမှု များကို ပြုခဲ့ဘူးသူ ဖြစ်ပါသည်။ ။လွန်ခဲ့သော ဟာဘဝ၊ မင်းမှုထမ်းသား ဖြစ်စဉ်ကာလက၊ ရဟန်းတော် တပါးအား၊ မိမိစားမည့်ဆဲဆဲ ဖြစ်သော ထမင်းပွဲကို

ထောပတ်နှင့်တကွ လှူဒါန်းခဲ့ဘူး ပါတယ်။ ထိုကောင်းမှု ကံကြောင့် ယခု ဒုတိယဘဝမှာ စည်းစိမ် ချမ်းသာရှင်ကြီး လာ၍ ဖြစ်ရပါတယ်။

**(၉) ပဟာယ မာတာပိတရော၊**
**သဟိရည့် သကံဃရံ။**
**ပဗ္ဗဇိတွာန သမ္ဗုဒ္ဓ၊**
**သာသနေ သုဒ္ဓ မာနသော။**

မာတာပိတရော၊ အမိအဘ ၂ပါး နှစ်ဝတို့ကိုလည်း။ သဟိရည့်၊ ရွှေ၊ ငွေ၊ ရတနာ၊ အဖြာဖြာနှင့် တကွသော။ သကံဃရံ၊ အပြည့်တထိန်ထိန်၊ မိမိအိမ်ကိုလည်း။ ပဟာယ၊ ချစ်တွန့်မငဲ့။ ပစ်စွန့်ခဲ့၍။ သမ္ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား၏၊ ထင်ရှားထိန်လင်း၊ သမ္ဘာကျော်တဲ့၊ သာသနာတော် အတွင်း၌။ သုဒ္ဓမာနသော၊ အမျှင်မတွယ်၊ ရှင်စဖွယ်ပင်၊ စင်ကြယ်သောစိတ် ရှိသည် ဖြစ်၍။ ပဗ္ဗဇိတွာန၊ မနွမ်းသမှု၊ ကမ္မဋ္ဌာန်းရှုသမို့၊ ရဟန်းပြုပြီး၍–

**(၁၀) ပဋိပတ္တိ ဝေရာ ဟုတွာ၊**
**ဘာဝေတွာန တိလက္ခဏံ။**
**သော တွံ ဒိဏ္ဏာသဝေ အာသိ။**
**တံ တေ ဒါနီ ဖလံ တဒါ။**

ပဋိပတ္တိဝေရာ၊ မချော်မဖင့်၊ လျော်သည့်ဖြင့်လျှင်၊ အကျင့် ပဋိပတ်ကို ဆောင်သည်။ ဟုတွာ၊ ခေတ်အသရေဖြာ၊ ဖြစ်လေပါ၍။ တိလက္ခဏံ၊ မင်္ဂအမတာ၊ တက်စရာတို့၊ လက္ခဏာယဉ် ၃-ပါးကို။ ဘာဝေတွာန၊ အားထားမငြီး၊ ပွားများပြီး၍။ သောတွံ၊ ထိုအမြင်မမှား၊ အရှင်ဘုရားသည်။ ဒိဏ္ဏာသဝေ၊ အာသဝေါ ဖုံဖုံ ကွာလျှော့ကုန်၍၊ အစုံချမ်းသာ၊ ရဟန္တာသည်။ အာသိ၊ သနစ်လျော်သူ။ ဖြစ်တော်မူပြီ။ ဒါနိ-ဣဒါနိ၊ ကြည်ကြည် သာသာ၊ ဤအခါ၌။ တံ၊ ထိုချမ်းချမ်း သာသာ၊ မပန်းပါတဲ့၊

ရဟန္တာဖြစ်ရခြင်းသည်။ တဒါ၊ ထိုမနေ့တခဏ၊ ရှေးဘဝ၌။ ဖလံ၊ ထောပတ်နှင့် ဆွမ်း၊ အမှုဆန်းပြီး၊ လှူဒါန်းရသော အကျိုး ပေတည်း။

ယခုအခါ၊ အရှင် ဘုရားသည် မိဘ, ဆွေမျိုး အိုး အိမ်ရာ သား,မယားတို့ကို စွန့်ပစ်ပြီး သာသနာတော် တွင်းသို့ ဝင်၍ ရဟန်းပြုလုပ်ပါသည်။ ရဟန်းပြုတဲ့အခါ အာသဝေါကင်းကွာ ၍၊ ရဟန္တာ အဖြစ်သို့ ရောက်ပါသည်။ ဤသို့ ရဟန္တာ ဖြစ်ခြင်း သည် ဟို-လွန်ခဲ့သော ဘဝက ထောပတ်နှင့် ဆွမ်းကို လှူဒါန်း ခဲ့သော အကျိုးပင် ဖြစ်ပါသည်။

(၁၁) **အထာပရံပိ မေ ဘန္တေ၊**
**သုံဏာထ ဝစနံ သုတံ။**
**ယံ မယာ ဒိယျ မာနန္တံ၊**
**ဒိန္နန္နံ ပရိ ဘုဥ္စသိ။**
**တဒိဒမ္ပိ တဒါ ဒိန္နံ၊**
**ဒါနသော့ ဖလံ သိယာ။**

ဘန္တေ၊သခင်တပါးအရှင်ဘုရား။အထာပရံပိ၊ပိုလှအပြား။ ထိုမှတပါးလည်း။ မေ၊ အသိလျှော် တပည့်တော်၏။ သုတံ၊ မ ဖောက်ပြားလတ်လျှောက်ကြားအပ်သော။ ဝစနံ၊မမှားမပြတ်၊ စကားရပ်ကို။ သုဏာထ၊ သမ္မာကျော်သူ၊ နာတော်မူပါကုန်။ မယာ၊အရာရာ မလပ်၊ သဒ္ဒါမြတ်တဲ့၊ဒကာနတ် အကျွန်ုပ်သည်။ ယံ အန္နံ၊အကြင်ဖြစ်မန္ဒမ်း အမြတ်လမ်းဟု၊နတ်ဆွမ်း နတ်ဘော ဇဥ်ကို။ ဒိန္နံ၊နေ့တိုင်းမပြတ် ရက်မလပ်ဘဲ၊ဆက်ကပ်၍ နေပါ၏။ ဒိယျမာနံ၊ အသိအလျှော် ရှိအကျော်မို့၊တပည့်ထော် ဆက်ကပ် အပ်သော။တံ အန္နံ၊ ထိုမြတ်သောအသွင်၊ မလပ် ပေါတဲ့၊ နတ်- ဘောဇဥ်ကို။ ပရိဘုဥ္စသိ၊ အရှင်ဘုရား စဥ်မမှားဘဲ၊ အထင်အ ရှား သုံးဆောင်၍ နေ၏။ တဒိဒမ္ပိ၊ ထိုမလစ်စတမ်း မပြတ်လမ်း

နှင့် နတ်ဆွမ်းကို ဘုဉ်းပေး၍ နေရခြင်းသည်လည်း။ တဒါ၊ ထို မနေ့းတခဏ ရှေးဘဝ၌။ ဒိန္နဒါနသောဝ၊ ထောပတ်နှင့်ဆွမ်း၊ ရက်အမြတ်ကယ်လို့ ဆက်ကပ်လှူဒါန်းရသောအလှူ၏သာလျှင်။ ဖလံ၊ မညှိုးပွားများ အကျိုးဟရားသည်။ သိယာ၊ ခေတ်ခါအညီ ဖြစ်ပါသည်ဘုရား။

(၁၂) ရူပသမန္တံ ဒုဗ္ဘိက္ခ၊
ဘယံ ယာဝေတ္တ သီဟဋ္ဌေ။
တာဝေဇ္ဈေဝ သသိသေယဟိ၊
ဝုတ္တဋ္ဌ ကရုဏာယ မေ။

ဧတ္တ သီဟဋ္ဌေ၊ ကြည်ကြည်ညိုညို အဆီစိုတဲ့ ဤသီဟိုဠ်ကျွန်း၌။ ယာဝ၊ ရှင်ရှင်ပျပျ အကြွင် မျှလောက်သော ကာလပတ်လုံး။ ဒုဗ္ဘိက္ခဘယံ၊ ကြီးတဲ့ကပ်ဝင်၍၊ ပြတ်မလွတ်ဘဲ၊ ငတ်မွတ်ခေါင်းပါးသော ဘေးသည်။ ရူပသမန္တံ၊ ကိန်းလျောက်မသွေ ငြိမ်းပျောက်လေ၏။ တာဝ၊ ထိုအနေ့းမယိမ်း အေးဘို့ကိန်းနှင့် ဘေးငြိမ်းသည် တိုင်အောင်။ ဧတ္တေဝ၊ ဤအစိုစို အရှည်ပိုမဲ့ သီဟိုဠ်ကျွန်း၌သာလျှင်။ မေ၊ သဒ္ဒါကျော်လတ် ဒကာတော် နတ်အား။ ကရုဏာယ၊ မခြားသနော် တရားမြော်ပြီး သနားတော်မူပါသဖြင့်။ သသိသေယဟိ၊ အရှိသောင်းသောင်း၊ အသိကောင်းပါတဲ့၊ တပည့် အပေါင်းတို့နှင့်တကွ။ ဝုတ္တဋ္ဌ၊ မပျင်းမမုန်း၊ မင်းတဘုန်းရဲ့၊ သီတင်းသုံးတော်မူပါကုန်ဘုရား။

ထိုမှတပါး လျှောက်ထားပရစေအုံး ဘုရား၊ နားစိုက်တော်မူပါ။ ယခု တပည့်တော်တကာနတ်က အမြဲမပြတ် နတ်ဆွမ်း နတ်ဩဇာကို ဆက်ကပ်လုပ်ကျွေးနေသဖြင့် အရှင်ဘုရား နတ်ဆွမ်းကို အမြဲဘုဉ်းပေး၍ နေရတာလဲ ဟိုဘဝက ထောပတ်နှင့် ဆွမ်းကို လှူဒါန်းခဲ့တဲ့ အကျိုးပင် ဖြစ်ပါသည်။

တပည့်တော်အား သနား ငဲ့ညှာတော် မူသဖြင့် ဤသီဟိုဠ်ကျွန်းမှာပင် ဝတ်မွတ်ခေါင်းပါးသော ဘေးကြီး ပျောက်သည်တိုင်အောင် သီတင်းသုံးတော်မူပါဘုရား။

(၁၃) စီဝရံ ဝိဏ္ဏုပါတဥ္စ၊
ဘေသဇ္ဇံ သယနာသနံ။
တဝ ပုညာ နုဘာဝေန၊
ဟောတိ တံ ဝိပုလံ တဒါ။

စီဝရံ၊ယဉ်ဆန်းအထည်သင်္ကန်းသည်၎င်း။ပိဏ္ဍပါတဥ္စ၊ဆန်းသော အသွင် ဆွမ်း ဘောဇဉ်သည်၎င်း။ ဘေသဇ္ဇံ၊ ဘေးမဖြစ်ပြီး ဆေး ပစ္စည်းသည်၎င်း။ သယနာသနံ၊အိပ်ရာနေရာ အထွေထွေ အဖြာဖြာသည်၎င်း။ တဒါ၊ ပိုမိုဖြာဖြာ ထိုအခါ၌။ တဝ၊ သခင်တပါး၊ အရှင်ဘုရား၏။ ပုညာနုဘာဝေန၊ ကောင်း မှုရှိန်စော် မညှိုးပါတဲ့ တန်ခိုး အာနုဘော်ကြောင့်။ တံ၊ ထိုမဆိုးဖုံဖုံသုံးမကုန်အောင် အလုံးစုံသော ပစ္စည်းသည်။ ဝိပုလံ၊ အလွန်အံ့သြ၊ အခန့်ပေါလို့မို့ ပြန့်ပြော များပြားသည်။ ဟောတိ၊ အလွန်သစ်စွာ တခေတ်သာလို့မို့ဖြစ်ပါပေသတည်း။

(၁၄) မာဂစ္ဆ တွံ၊ ဘဒ္ဒန္တ တော၊
ဇမ္ဗုဒီပံ ကဒါစိပိ။
သက္ကစ္စ ပသုတာ ဟုတွာ၊
ဥပဋ္ဌဿ္ဆ ကရောန္တိ၊ ဝေါ။

ဘဒန္တ၊သခင်တဇာတ်အသွင်လျှပ်ပါတဲ့ အရှင်မြတ် အရှင်ကောင်းတို့သည်။ ဇတော၊ ဤအလွန် ရှည်ပို၊ ကျွန်းသီဟိုဠ်မှ။ ဇမ္ဗုဒီပံ၊အမြတ်ဖြူရိပ် လူမဆိုက်တဲ့ ဇမ္ဗူဒိပ်ကျွန်းသို့။ ကဒါစိပိ၊ မတန်မရာ၊ မကြံပါနဲ့တော့၊ တရံတခါမျှ။ မာဂစ္ဆ တွံ၊ မလှမလျော်၊ အစစ မြွော်လို့မို့ ကြွတော်မမူပါကုန်လင့်။ ဝေါ၊

သခင်တပါး အရှင်ဘုရားတို့သည်။ သကိစ္စပသုတာ၊ မိမိကိစ္စ၊ မဆိတ်သမျှကို စိတ်ချစွာ အားထုတ်ကုန်သည်။ ဟုတွာ၊ သနစ်စုံစွာ၊ ဖြစ်ကုန်ပါ၍။ ဒုက္ခသဿံ့၊ သံသရာယာဉ်၊ ခန္ဓာစဉ်ကို၊ အလျင်ခုတ်ချ၊ ရှုပ်သမျှငယ်တို့ ဒုက္ခ၏ ကုန်ဆုံးခြင်းကို။ ကရောန္တု၊ လေးသစွာ သဇင်ပန်းကိုလ၊ မွှေးချစ်စွာ ယဉ်ယဉ်ဆန်းပါလိမ့်၊ ဆင်မြန်းကာ ဖြစ်ပါကုန်ဘုရား။

အရှင်ဘုရားသည် သူများနှင့် မတူ ထူးခြားပြီး ဘုန်းကံကြီးမားသော ပုဂ္ဂိုလ် ဖြစ်ပါသည်။ သူတပါးမှာ ဆွမ်း ကွမ်း ပြတ်တော်၍ ကုန်သော်လည်း အရှင်ဘုရားမှာ ပြတ် တော်လိမ့်မည် မဟုတ်ပါ။ လှူဒါန်းမဲ့သူတွေ အလိုလို ပေါ်ပေါက်ပြီး လိုသလောက် ပြည့်စုံပါလိမ့်မည်။ ဇမ္ဗူဒိပ်သို့ ကြွတော်မမူပါနှင့်။ ဤသီဟိုဠ်ကျွန်းမှာပင် ရဟန်း တရားများကို အားထုတ်ပြီး ရဟန်းကိစ္စ ပြီးဆုံးအောင် ပြုတော်မူပါဘုရား။ အဲသည်လို-တိမ္ဗရု နတ်သားက လျှောက်ထား တားမြစ်တယ်။

သို့ကလို-နတ်သားက တားမြစ်တာနှင့် မထေရ်မြတ်လဲ ဇမ္ဗူဒိပ်သို့ မကြွဖြစ်ဘဲ သီဟိုဠ်မှာပင် သီတင်း သုံးတော်မူသတဲ့။ ကမ္ဘသုမန မထေရ်မြတ်နှင့်တကွ သံဃာတော် ငါးရာတို့အား၊ တိမ္ဗရု နတ်သားက ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေး ထောက်ပံ့သတဲ့။ တော်မွတ် ခေါင်းပါတဲ့ ဘေးကြီး ပျောက်ငြိမ်းတဲ့အခါ မထေရ်မြတ်သည် နတ်သားကို တိုင်ကြား၍ ရဟန်းငါးရာနှင့်တကွ ဒေသစာရီ လှည့်လည်တဲ့ အခါ ကဏ္ဍရာဇိက အမည်ရှိတဲ့ ရွာသို့ ရောက်ဟယ်။

ထိုရွာမှာ ဆွမ်းခံပြီးဆွမ်းစားမယ်လို့ လုပ်ကြပေါ့ မိုးအုံ့၍ နေသဖြင့် နေမထွက်သောကြောင့် နေများ လွဲသွားလေပလားလို့ သံသယရှိပြီး အချို့ရဟန်းများကဆွမ်းမစားကြဘူးတဲ့။သည်တော့ သုမန မထေရ်မြတ်က ကျောက်စရစ်ခဲ တခုကို ကောင်းကင်သို့ ပစ်လိုက်တဲ့အခါ၊ကျောက်စရစ်ခဲကလေးဟာ နေကဲ့သို့

ကောင်းကင်မှာ ထွန်းလင်း၍ တည်သတဲ့၊ ထိုအခါမှ သံသယ ကင်းပြီး ဆွမ်း ဘုဉ်းပေးကြတယ်။

ထိုရွာမှ ကြွကြတဲ့အခါ ဂင်္ဂါ မြစ်ကမ်းသို့ ရောက်ကြတယ်။ ထိုဂင်္ဂါမြစ်ကမ်းမှာ ဆွမ်း ဘုဉ်းပေးမယ်လို့ လုပ်ကြတဲ့ အခါ ဆွမ်းက ဟင်းလျာ အကောင်းအမွန်မရှိဘဲ ဆွမ်းကြမ်းကြီးတွေ ဖြစ်၍နေသတဲ့။သည့်တော့ သုမန မထေရ်မြတ်က ခဏဆိုင်းကြ ပါအုံး၊ ဟင်းမရှိတဲ့ ဆွမ်းကြမ်းကို မဘုဉ်းပေးကြပါနှင့်၊ မွှေး ကြိုင်တဲ့ ထောပတ်နှင့်မှ ဘုဉ်းပေးကြပါ၊ ထောပတ်ရအောင် ရှာပါမည် လို့ ဆိုပြီး မိမိ ရှေးဘဝက ထောပတ် လှူဘူးသည်ကို ဆင်ခြင်လျက် ဤမြစ်တွင်းမှာရှိသော ရေတွေဟာ ထောပတ် တွေ ဖြစ်စေ သတည်း-လို့ မိဋ္ဌာန်တော်မူတယ်၊ ထိုသို့ မိဋ္ဌာန် သည်နှင့် တပြိုင်နက်- ဝါလဂါမ မည်သော ကျောင်းဆိပ်နှင့် ဘုတ္တမည်သော ကျောင်းဆိပ် ၂-ခုတို့၏ စပ်ကြား ၂-ယူဇနာ လောက် ရှိတဲ့ ရေတွေဟာ အကုန် ထောပတ်တွေချည်းဖြစ်ကုန် တာဘဲတဲ့။ အံ့ဩဘွယ် ကောင်းပါပေသနော်။ ထိုထောပတ် တွေနှင့် ရဟန်းတော်များ ကောင်းမွန်စွာ ဆွမ်း ဘုဉ်းပေးရ တယ်။ ထက်ဝန်းကျင် ရွာနီးပါးချင်းက လူတွေလဲ ထိုမြစ်ထဲက ထောပတ်တွေကို အိုးကြီးအိုးငယ် အသွယ်သွယ်နှင့် ခပ်ယူထည့် လှောင်၍ ထားကြတယ်တဲ့။

(၁၅) ပရိတ္တံ ဃနမတ္တသ္မ၊
ဒါနေန ဖလမီဒိသံ။
ယော ဒေတိ ဗလဝေါ သပ္ပိ၊
ကော ဖလံ တဿ ဘာသတိ။

ပရိတ္တံ၊ မကြီးမကျယ်၊ အနည်းငယ်မျှသော။ ဃနမတ္တသ္မ၊ တော့မသတ်သပ ထောပတ်မျှကို။ ဒါနေန၊ ဖွေးဖြူသနဲ့ ပေးလှူ ခဲ့လေသောကြောင့်။ ဤဒိသံ၊စည်လို့ပေါ်ဘိ ဤသို့ သဘောရှိ

သော။ ဖလံ၊ မည္သိုးမနည်း အကျိုးကြီးကို။ လဘတိ၊ ဝပြည့်အချေ ရရှိလေ၏၊ ယော၊ စင်စစ်ဖြူဖြူ အကြင်သူသည်။ ဗဟဝေါ၊ တပါး၊ မကပါ များလှစွာကုန်သော။ သပ္ပိ၊ ဇောမြတ်မချို့ ထောပတ်တို့ကို။ ဒေတိ၊ အမှု ဆန်းပြား လှူဒါန်းငြားအံ့။ တဿ၊ ထိုတရားမှီးယူ၊ အများကြီးလှူသောသူ၏။ ဖလံ၊ တိုးတိုးပွားပွား အကျိုးတရားကို။ ကော၊ တကယ်တမှု အဘယ်သူသည်။ ဘာသတိ၊ အစုံအလင် ဘုံတခွင်ဝယ် မန့်အစဉ် ဂုဏ်သခင်မို့ ကုန်စင်အောင် ဟောနိုင်ပါ အံ့နည်း။

ဤမထေရ်မှာ ဆွမ်းနှင့် ထောပတ် အလှူအတွက် မင်္ဂိုလ်ရပြီး လာဘ်လာဘလဲ ပေါများ၍ ထူးခြားသော အကျိုးကို ခံစားရတာဘဲနော်။ ထိုကမ္ဗသုမန မထေရ်မြတ်သည် နောက်အခါ နိဗ္ဗာန်ယူသိမ်း၍ ငြိမ်းတော်မူလေသတည်း။

**ဆေးအလှူ တရားတော်နှင့် သုမန မထေရ် ဝတ္ထု ပြီး၏။**

---

သာသန ဒါယဇ္ဇ ဒေသနာ

# ရဟန်းခံရှင်ပြု တရားတော်

**ဒါယော စ နာမ ဗုဒ္ဓဿ၊**
**ဓမ္မာမိသဝသာ ဒွိဓာ။**
**မဂ္ဂညာဏာဒယော ဓမ္မာ၊**
**စတ္တာရော ပစ္စယာမိသာ။**

ဗုဒ္ဓဿ၊ သစ္စာလေးပါး၊ အေးတရားကို၊ ရေးခြားသိမြင်၊ ဘုရားရှင်၏။ ဒါယော စ နာမ၊ အရေအမော်၊ အသရေကျော်တဲ့၊

အမွေတော် မည်သည်ကား၊ ဓမ္မာမိသ ဝသာ၊ အစစ မသွေ ကြွ အသရေနှင့် ဓမ္မ အမွေတို့၏ အစွမ်းဖြင့်။ ဒွိဓာ၊ ခြားနားစွာတိ၊ နှစ်ပါး အပြားရှိပေ၏။ မဂ္ဂဉာဏာဒယော၊ ထက်ထက်သန်သန် မပျက်မှန်တဲ့ မဂ်ဉာဏ် အစရှိသည် တို့သည်။ ဓမ္မာ၊ တရားအရ၊ မမှား ဆ, ဘို၊ ဓမ္မ အမွေတော် မည်ကုန်၏။ စတ္တာရော ပစ္စယာ၊ အသစ်ညီးညီး ချစ်မပြီးတဲ့ ပစ္စည်း လေးပါးတို့သည်။ အာမိသာ၊ ဓမ္မာ အရှိအရ မကွာသတိ ဆလိုက်တော့ အာမိသ အမွေ ဖြစ်ကုန် သတည်း။

ယခု ဟောမဲ့ တရားက သာသနာ့ အမွေခံဖြစ်တဲ့ ရဟန်းခံ, ရှင်ပြု တရားကြီးကို။ အဲသည်တော့ သာသနာ့ အမွေတော် ဘုရားရှင်၏ အမွေတော်အပြားနှင့် အမွေခံပုံ အခြင်းအရာများ ကို စုံလင်စွာ ပြဆိုရပေလိမ့်မယ်။ ဘုရားရှင်၏ အမွေတော်က ဓမ္မ အမွေ, အာမိသ အမွေလို့ ၂-မျိုး ရှိတယ်။

ထို တွင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် တရား များကတော့ ဓမ္မ အမွေတဲ့။ ဆွမ်း-သင်္ကန်း-ကျောင်း-ဆေး ပစ္စည်း လေးပါး ကတော့ အာမိသ အမွေတဲ့။ အမွေသာ ၂-မျိုး ပြားတာ မဟုတ် ဘူး။ အမွေခံပုံကလဲ ၂-မျိုး ပြားသေးတယ်။ ဘယ်လို ၂-မျိုး ပြားသလဲ ဆိုတော့ ကိုယ်တိုင် သာသနာ့ဘောင်သို့ ဝင်ရောက် အမှုထမ်းကြတဲ့ ရဟန်း သာမဏေများ ခံရတဲ့ အမွေခံပုံက တ မျိုး။ ရဟန်းဒကာ-ရဟန်း အမ, ရှင့်ဒကာ—ရှင့်အမ ဖြစ်ကြတဲ့ ဒကာ, ဒကာမများ ခံရတဲ့ အမွေ ခံပုံက တမျိုးလို့ အမွေ ခံပုံ ၂—မျိုးရှိတယ်။ ထို ၂—မျိုးတို့တွင် ဤတရားမှာတော့ ရဟန်းခံ ရှင်ပြု တရား ဖြစ်သဖြင့် ဒကာ, ဒကာမများ ခံရတဲ့ အမွေခံပုံ တမျိုးကိုသာ ဝေဘန်ကာ ပြောကြစို့ရဲ့။ သာသနာ့ အမှုထမ်း ရဟန်း သာမဏေများ ကိုယ်တိုင်ခံရတဲ့ အမွေ ခံပုံမျိုး ကိုတော့ နောက် တရားဓမ္မ ဒါနကထာ အခန်းသို့ကျမှ ဓမ္မ အမွေ, အာ မိသ အမွေ အကြောင်းများနှင့် တကွ အမွေခံပုံ အခြင်းအရာ များကို စုံလင်စွာ ဟောကြားကြစို့ရဲ့။

ဤယခု တရားပွဲမှာ ရဟန်းအမွေခံပုံ ဒကာအမွေခံပုံ ၂-မျိုး စလုံးကိုပင် စုံလင်စွာ ပြဆို ဟောကြား၍ နေပါလျှင် လွန်စွာ ရှည်လျား၍နေလိမ့်မယ်။ အထက်ပါတရားချီး ဂါထာကလေး ကတော့ အမွေခံတရားနှင့် စကားစပ်လျဉ်းသဖြင့် ဘုရား အမွေ တော် ၂-မျိုးရှိကြောင်းကို ပြဆိုလိုက်ရခြင်းဖြစ်သကိုး။ ဤအမွေ ခံ တရားများကို ကြိုးစား၍ နာကြ, မှတ်ကြနော်။ လွယ်သလိုလို နှင့် နာရခဲ့, သိရခဲတဲ့ အချက်တွေဖြစ်တယ်။ ကျေးဇူးရှင် ဆရာ တော် ဘုရားကြီး ကြံစည် ဟောကြားတော် မူလေ့ ရှိတဲ့ နည်း အတိုင်း ဟောလိုက်ရ ရေးလိုက်ရတာကိုး။ ကဲ-နာကြပေတော့။ မိမိသားမြေး သူတပါး သားမြေးကို သာသနာတော် တွင်းသို့ သွတ်သွင်း ချီးမြှင့်၍ ရဟန်းဒကာ, ရဟန်းအမ ရှင်ဒကာ, ရှင် အမပြုလုပ်ရခြင်းသည် သာသနဒါယဇ္ဇ သာသနဒါယာဒ ကု သိုလ်ကြီး ရရှိတယ်၊ သာသနာ့အမွေကို ခံထိုက်တယ်တဲ့။ ဆွမ်း- သင်္ကန်း- ကျောင်း- ဆေး ပစ္စည်း လေးပါး တွေကို ထောင်ပုံ ရာပုံ ပုံပြီး ဘယ်လောက်ပင် များများကြီး လှူစေကာမူ သာ သနာ့ အမွေခံမဖြစ်ထိုက်ဘူး။ ထောင်ပုံ, ရာပုံ မကလို့ မြေကြီး ပေါ်က ဗြဟ္မာ့ပြည်အထိ မြင့်အောင် ပစ္စည်းလေးပါးတွေ ရွှေ, ငွေ, ရတနာ တွေကို ပုံ၍လှူသော်လဲ သာသနာ့ အမွေကို မခံ ထိုက်ဘူး။ ရဟန်းဒကာ ရဟန်းအမ, ရှင့်ဒကာ ရှင့်အမ များမှ သာလျှင် သာသနာ့အမွေကို ခံထိုက်တယ်တဲ့။

ဘယ်ဝတ္ထု ဘယ်အကြောင်းကို ထောက်ကြည့်ပြီး သိရမလဲ ဆိုတော့ ဓမ္မာသောကမင်းကြီးဝတ္ထုကို ထောက်ကြည့်ပြီး သိပါ တဲ့။ ဓမ္မာသောက မင်းကြီးသည် ဇမ္ဗူဒိပ်တကျွန်းလုံး၌ မြို့ ရွာ ပေါင်း ၈-သောင်း ၄-ထောင်တို့မှာ စေတီပေါင်း ၈-သောင်း ၄-ထောင်၊ ကျောင်းပေါင်း ၈-သောင်း ၄-ထောင် တို့ကို တပြိုင်ထည်း တည်ဆောက်ပြီး ကျောင်း သာဓု ခေါ် ပွဲကြီး စေတီ ပူဇော်ပွဲကြီးကို တနေ့ထည်း တရက်ထည်း ပြုလုပ်တဲ့

အခါ အလွန်တရာ ဝမ်းမြောက် ဝမ်းသာနှင့် လောကမှာ ငါ လောက် ဘုန်းကြီးတဲ့မင်း ငါလောက် အလှူများများကြီး လှူ နိုင်တဲ့မင်း ရှိသေးရဲ့လား လို့ ပီတိဟုန် တက်ကြွားပြီး သံဃာ တော်များကို သိုကလို လျှောက်ထားသတဲ့။ အရှင် ဘုရားတို့၊ ဒကာတော် သည် ကျောင်းပေါင်း ရှစ်သောင်း လေးထောင်၊ စေတီပေါင်း ရှစ်သောင်း လေးထောင်နှင့် တကွ အလွန်တရာ များပြားလှသော အလှူကြီးကို လှူပါသည်၊ ဤသာသနာ မှာ ဒကာကော် မင်းကြီး၏ အလှူတော်ဟာ အများဆုံး ဖြစ်ပေ သည် ဟူ၍လည်း အရှင်ဘုရားတို့ မိန့်ကြားတော်မူကြပါသည်။ သို့ဖြစ်၍ ဒကာတော်ဟာ သာသနာ့အမွေကို ခံထိုက်ပြီလို့ ထင် ပါသည် ဘုရားလို့ လျှောက်ထားတယ်။

သည်တော့ မောဂ္ဂလိပုတ္တ တိဿ မထေရ်မြတ်က အို-ဒကာ တော်မင်းမြတ်၊ ဤမျှလောက် လှူရုံမျှနှင့် သာသနာ့အမွေကို မခံ ထိုက်သေး။ စင်စစ်မှာ ပစ္စည်းလေးပါး ဒါယကာ၊ အလုပ် အကျွေး ဒါယကာဟူ၍သာ ဆိုထိုက်သေးသည်။ ဤမျှလောက် ကျောင်းပေါင်း စေတီပေါင်း ရှစ်သောင်း လေးထောင်စသည် ကို လှူရုံမျှကို မဆိုထားနှင့်။ မြေကြီး ပေါ်က ဗြဟ္မာ့ပြည် အထိ မြင့်အောင် ပစ္စည်း ဥစ္စာတွေကို စုပုံ၍ လှူငြားသော်လဲ သာသ နာ့အမွေကို မခံထိုက်သေး ဘူး လို့ အောက်ပါ အတိုင်း မိန့် တော် မူတယ်။

**ယောပိဟိ မဟာရာဇ ပထဝိတော ယာဝဗြဟ္မ လောက ပရိမာဏံ ပစ္စယရာသိံ ဒဒေယ။ သောပိ သာသ န ဒါယာဒေါတိ သင်္ချံ န ဂစ္ဆတိ။ ။(ပါရာဇိကကဏ် အဋ္ဌကထာ)**

ဟိ-သစ္စံ၊စင်စစ်ကေန်ထိုစကားမှန်၏။ မဟာရာဇ၊သီရိဓမ္မာ သောက နာမတွင်လတ် အိုဒကာတော်မင်းမြတ်။ ယောပိ၊ဘယ် သူ မဟူ အကြင်သူသည်။ ပထဝိတော၊ပထဝီတခွင် မြေအပြင်မှ။

ယာဝဖြဟ္မလောကပရိမာဏံ၊ လွန်စွာမြင့်မြတ်သော ဗြဟ္မာ့ပြည်တိုင်အောင်အတိုင်းအရှည်ရှိသော။ ပစ္စယရာသိံ၊ကြီးကျယ်များထု၊ ပစ္စည်းအစုကို။ ဒဒေယျ၊ အရေးတယူ ပေးလှူစေဦးတော့။ ဧသော၊ပိ၊အလှူများစွာထိုသူမှာလည်း။သာသနေ၊ဘုရားမြတ်စွာသာသနာ၌။ ဒါယာဒေါတိ၊ အသရေလျှံလျှံ၊ အမွေခံ ဟူ၍။ သင်္ချံ၊ခေါ်ဝေါ်သိမ်းသွင်း၊ရေတွက်ခြင်းသို့။နဂစ္ဆတိ၊မဖေါက်မသွေ မရောက်ချေ။

ဒါဖြင့် ဘယ်လိုပြုမှ သာသနာ့ အမွေခံဖြစ်ထိုက်ပါသလဲ-လို့ မင်းကြီးက ထပ်မံ လျှောက်ထားတဲ့အခါ၊မထေရ်မြတ်က-မိမိ၏ ရင်၌ဖြစ်သော သား မြေးကို သာသနာ့ဘောင်သို့ သွတ်သွင်း၍ ရဟန်း ပဉ္စင်း ရှင်သာမဏေ ပြုလုပ်စေမှသာ သာသနာ့ အမွေခံ ဖြစ်ထိုက်တယ်လို့ အောက်ပါအတိုင်း မိန့်ဆိုတော်မူတယ်။

**ယောဟိ ကောစိ မဟာရာဇ အဇ္ဈာဝါ ဒလိဒ္ဒေါဝါ အတ္တနော ဩရသံ ပုတ္တံ ပဗ္ဗာဇေတိ၊ အယံ ဝုစ္စတိ မဟာရာဇ ဒါယာဒေါ သာသနဿ။**

ဟိ၊သာသနာ့ အမွေခံ၊ မသွေမှန်ဘဲ၊ ဧကန်ဖြစ်သည်ကား။ မဟာရာဇ၊ ဓမ္မာ သောက နာမတွင်လတ် ဒိုး- ဒကာတော်မင်းမြတ်။ ယောကောစိ၊ အမှတ်မပြု တစုံတခုသော သူသည်။ အဇ္ဈာဝါ၊ ချမ်းသာကြွယ်ဝ၊ ပစ္စည်း ပေါလှသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ဒလိဒ္ဒေါဝါ၊ ငတ်ငတ် မွဲမွဲ မရှိဆင်းရဲသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ အတ္တနော၊ မိမိ၏။ ဩရသံ၊ ခင်ခင်ချစ်ချစ် ရင်၌ဖြစ်သော။ ပုတ္တံ၊ ချစ်၍မငြီး သားသမီးကို။ ပဗ္ဗာဇေတိ၊ ရဟန်းခံစေ၊ ရှင်ပြုစေ၏။ အယံ၊ ဤရဟန်း သာမဏေပြုလုပ်စေသောသူတို့။ သာသနဿ၊ ဘုရားမြတ်စွာ သာသနာ၏။ ဒါယာဒေါ၊ အသာရေလျှံလျှံ အမွေခံ ဟူ၍။ ဝုစ္စတိ၊ ချီးကျူးမသွေ ခေါ်ဆိုအပ်ပေသတည်း။

အဲသည့်လို- ရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်က ပြောကြား တဲ့ အခါမှာ မင်းကြီးသည် သားတော် မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တာ တို့ကို သာသနာ တော် ဘောင်သို့ သွတ်သွင်း၍ သာသနာ့ အမွေကို ခံယူသတဲ့။ ဤနေရာမှာ မထေရ်မြတ်၏ မိန့်ခွန်းမှာ မိမိ၏ သား မြေး လို့သာပါရှိပြီး သူတပါး သား မြေး–လို့ မပါတာကတော့ သာသနာတော်မှာ ကျေးဇူးများမဲ့ သားတော်မဟိန္ဒ၊သမီးတော်သင်္ဃမိတ္တာတို့ကို သာသနာဘောင် သို့ ဝင်စေလိုသည့်အတွက်(သူတပါးသားမြေး)ဆိုတဲ့စကားကို မထည့်ဘဲ မိန့်တော်မူခြင်း ဖြစ်သတဲ့။

သူတပါးသားမြေးကို ပဉ္စင်းခံ ရှင်ပြုလျှင် သာသနာ့ အမွေ မခံထိုက်လို့မဟုတ်ဘူး။ ဒါကြောင့်မို့ အလွန်တရာ ထူးမြတ်တဲ့ ဤရဟန်းခံ ရှင်ပြု ကုသိုလ်ကြီးကို အများကြီး ဆည်းပူးကြဖို့ ကောင်းပေတယ်။ သံသရာမှာ–ပဒေသာရာဇ် ဧကရာဇ် စကြာ မန္တာတ်မင်းတို့၏ခမည်းတော်-မယ်တော်ဆိုတဲ့ အမည်ကိုတော့ ရလွယ်တယ်။ ရဟန်း သာမဏေတို့ ခမည်းတော်–မယ်တော် ရဟန်းဒကာ ရဟန်းအမ၊ ရှင့်ဒကာ ရှင့်အမ ဆိုတဲ့ နာမည်က အလွန်တရာ ရခဲပြီး အလွန်ဘဲ မြင့်မြတ်လှပါတယ်တဲ့။

ရဇ္ဇော မာတာပိတရောတိ၊
သုလဘံနာမ လောကိယေ။
ဘိက္ခု မာတာပိတရောတိ၊
နာမံ ပရမဒုလ္လဘံ။ ။(ရစနာ)

လောကိယေ၊ ဓောမနသီ ဖေါမကြည့်တဲ့လောကီ နယ်ထဲ ၌။ရဇ္ဇော၊ပဒေသာရာဇ် ဧကရာဇ်နှင့် ရွှေသစ်ဝင်းညီး တလက် လက် ဖြာတဲ့ စကြာမန္တာတ်မင်းကြီး၏။မာတာပိတရောတိနာမံ၊ တကယ် အမေ အနယ်နယ် ကျော်ရာ မယ်တော်-ခမည်းတော် ဟူသော အမည်ကို။ သုလဘံ၊ ဘဝ အသွယ်သွယ် ခဏ ခဏ

တကယ်ပင် ရလွယ်လှပါ သေး၏။ ဘိက္ခု မာတာပိတရောတိ နာမံ၊အဆန်းတကယ်နော် မှန်းရွယ်လို့မြော်လိုက်တော့ ရဟန်း မယ်တော် ရဟန်း ခမည်းတော် ရဟန်း ဒကာ ရဟန်းအမ ဟူသော အမည်တော်ကို။ ပရမဒုလ္လဘံ၊ အလွန် အမင်း ဖမ္မ မချို့လှသမို့ပါဘဲ ရဘို့ရန် ခဲယဉ်းပေသတည်း။

**ရညော မာတာပိတရောတိ၊**
**သုလဘံနာမ လောကိယေ။**
**သာမဏေရပိ တရောတိ၊**
**နာမံ ပရမဒုလ္လဘံ။ ။(ရစနာ)**

လောကိယေ၊ အဖန့်ဖန် အခါခါမောစရှဲ၊ အတန်တန် အဖြာဖြာ ပေါ်လှတဲ့ သံသရာ လောက အတွင်း၌။ရညော၊ပဒေ သရာဇ် ဧကရာဇ်နှင့် မွေးသစ်ထက်စွာ၊ တလက်လက်ဖြာတဲ့ စကြာမန္ဓာတ် မင်းကြီး၏။ မာတာပိတရောတိနာမံ၊ တကယ် အကျော် အသွယ်သွယ်မော်တဲ့ မယ်တော်ခမည်းတော်ဟူသော အမည်ကို။ သုလဘံ၊ ခဏ ခဏ တကယ် ဘဝ အသွယ်သွယ်၌ ရလွယ်လှပါသေး၏။ သာမဏေရပိတရောတိ နာမံ၊ ကမ္ဘာ မကြေ၊ ဖြာသရေနှင့်၊သာမဏေ၏ ခမည်းတော် မယ်တော်၊ ရှင့် တကာ ရှင့်အမဟူသော အမည်တော်ကို။ ပရမဒုလ္လဘံ၊ အချွန် သမတဘဲ၊ အမွန်ဘဝတဲပေမို့၊ အလွန်ရခဲလှပေသတည်း။

ရဟန်း မယ်တော်၊ ရဟန်း ခမည်းတော်၊ ကိုရင် မယ်တော် ခမည်းတော် ဆိုတဲ့ နာမည်ကို ခံရတာဟာ အလွန် ထူးမြတ်တဲ့ ဘွဲ့တံဆိပ်ကြီးပါဘဲနော်။ ဤအလေ့အလာအတိုင်း မော်လမြိုင် နယ် မြင်းခြံနယ် ဆီများမှာ သားမြေး ရဟန်းရှိတဲ့ လူများကို ဂုဏ်ထူးကြီးတခု ပြုလုပ်ပြီး ဘုန်းကြီးဘိုး ဘုန်းကြီးဘ-လို့ခေါ် လေ့ ရှိကြသတဲ့။အလှူအဟန်း ပွဲလမ်းသဘင်ရှိတဲ့အခါဘုန်းကြီး ဘိုး-ဘုန်းကြီးဘများကို ရှိသေသမှု ရှေ့ကထားပြီး ဧည့်ခံကြ

သတဲ့။ ဘုန်းကြီးဘိုး လျှာပွှတ်မဆေးဆိုတာ အဲသည်နယ်ကစပြီး ပေါ်လာတာနှင့် တူပါရဲ့။ ချီးမွမ်းဘွယ် ကောင်းတဲ့ အသုံး နှုံးပါပေဘဲ။

သာသနာ့ အမွေခံဆိုသော စကား၌ အမွေခံဆိုတာ ဘယ် လိုလဲ၊ သာသနာ့အမွေကို ဘယ်လိုခံရသလဲ-လို့ သဲကွဲအောင် ရှင်းလင်းဘို့ ရှိပေသေးတယ်။ သာသနဒါယာဒေါ်တိ သာသန ဉာတိ-လို့ ဝိနည်းဋီကာများ ဖွင့်ဆိုတဲ့အတိုင်း သာသနာ့အမွေခံ ဆိုတာ သာသနာတော်၏ ဆွေမျိုး၊ သာသနာ၏ အတွင်းကျသူ လူရင်းပုဂ္ဂိုလ်၊သာသနာနှင့်အရင်းနှီးဆုံး အတွင်းကျဆုံးပုဂ္ဂိုလ် လို့ ဆိုလိုတယ်။

လောကမှာ-ဆွေမျိုး ပေါက်ဖော်မှ အမွေဆိုင်တယ်မဟုတ် လား၊ တစိမ်း တရံစံ လူများ အမွေ မခံစားထိုက်ဘူး။အဲသည် ဥပမာလို- ရဟန်း ဒကာ ဒကာမ- ရှင့်ဒကာ ရှင့်အမများသည် သာလျှင် သာသနာ၏ ဆွေမျိုး ဖြစ်သဖြင့် သာသနာ့ အမွေခံ ပုဂ္ဂိုလ်များ ဖြစ်တယ်။

ဤစကားကို ထောက်သဖြင့် ရဟန်းဒကာ မဟုတ်သူ ရှင့် ဒကာ မဟုတ်သူများဟာ-သာသနာ၏ တစိမ်းတရံစံ လူများ ဖြစ်တယ်ဆိုတာ ကောင်းစွာ ထင်ရှားတယ်။ သာသနာနှင့် မရင်းနှီးလှ အတွင်းမကျတဲ့အပြင် လူ- တစိမ်းလူတွေပေါ့လေ။ သာသနာ့ တစိမ်းလူတွေဆိုတော့ သူစိမ်းပြင်ပများဟာ အမွေ မခံထိုက်သကဲ့သို့၊ သာသနာ့အမွေကို မခံထိုက်ဘူးပေါ့။ သာ သနာနှင့် ဆွေမျိုးတော်ပြီး သာသနာ့အမွေခံ ဖြစ်ပါလျှင် သာ သနာနှင့် သူများထက်ရင်းနှီးသဖြင့်ရဟန်းသဃာသာသနာနှင့် သူများထက် နီးစပ်ပြီး အရာရာမှာ ကုသိုလ် ခဏ ခဏ ဖြစ်လွယ် တယ်။ ကုသိုလ်ရေး-ဒါနရေး-သူများ ထက် ပြုဖြစ်လွယ်တယ်။ သား ဦးပဉ္စင်း၊သား ကိုရင်၊ဆွေမျိုး ဘုန်းကြီးရှိလျှင် ခဏ ခဏ ကျောင်းကိုရောက်ဖြစ်ပြီး ခဏ ခဏ လှူဖြစ် တန်းဖြစ်ကြတယ် မဟုတ်လား။

သာသနာတော်နှင့် ဆွေမျိုးတော်ပြီး နီးစပ်ရတဲ့ အကျိုး ကျေးဇူးတွေဟာ-များစွာပင်ရှိသပေါ့လေ။ ဉာဏ်ပထျာဖြန့်ပြီး ကြည့်လေ၊ အကျိုး ကျေးဇူးတွေ ပေါလော ပေါလာလေပေါ့။ တစိမ်းများကတော့ ဆွေမျိုးလောက် သွေးမစပ်သဖြင့် အရာရာ မှာ ခပ်ပေါ့ပေါ့ဘဲ-တယ်ပြီး ခေါင်းမထောင်ချင်လှဘူး၊အရေး မကြီးချင်လှဘူး။ ဝတ်ကြေ ဝတ်ကုန်လောက် သဘောထား မှာဘဲ။

ဆွေမျိုးတော်စပ်နေတဲ့ သူကတော့ အရေးကြီး သွေးနီးရာ၊ စပ်စပ်ထိလျှင် ခံချင်မှာ မဟုတ်ပါဘူး အလိုလို သွေးပြော၍ လာလိမ့်မယ်။ လောကမှာ ဆွေမျိုးနှင့် တစိမ်း သဘောထား ကွာခြားပုံ အကျိုးခံစားခွင့်ရှိပုံကို အလုံးစုံ မြော်ထောက်ပြီး သာသနာ့ အမွေခံမဟုတ်တဲ့ သာသနာ့ တစိမ်း လူမျိုးများနှင့် သာသနာ့ အမွေခံဖြစ်သော သာသနာ့ ဆွေမျိုး လူများ၏ ကွာ ခြားပုံ အကျိုးခံစားခွင့် ရှိပုံကို အလုံးစုံ သိရမယ်တဲ့။

သည် အဓိပ္ပါယ်ကို ရေလည်အောင် မှတ်သားကြနော်။မရေ လည်ပါလျှင်၊ သာသနာ့ အမွေခံ ဆိုတာလဲ တယ်မထူးလှဘူး လို့ ခပ်ပေါ့ပေါ့ တွေးထင်နေမှာစိုးရတယ်။ ရေလည်အောင် မှတ်သားပြီး နာနာစဉ်းစား တွေးတောမှ ထူးခြားကြောင်းကို သိရလိမ့်မယ်။ ယခုလို ကွဲပြားအောင် ရေလည်စွာ ခွဲခြား၍ ဟောတာကိုလဲ နာကြားရခဲကြပါလိမ့်မယ်။

သာသနာ့အမွေခံပြီး သာသနာ့ဆွေမျိုးကြီး ဖြစ်ရတာဟာ သည်ဘဝတွင်သာ ကျေးဇူးများတာ မဟုတ်ဘူး။ဘဝ အဆက် ဆက် သံသရာ အဆက်ဆက် သာသနာနှင့် ပတ်သက် ရင်းနှီး ပြီး ကုသိုလ်ကြီး ကုသိုလ်ငယ် အသွယ်သွယ် ပွါးများလျက် နိဗ္ဗာန်နှင့် နီးစပ်သွားတဲ့ အကြောင်းရင်း းကြီးလဲ ဖြစ်တယ်။ ဒါကြောင့်မို့ ရဟန်းခံရှင်ပြု ကုသိုလ်ကြီးကို သာသနာ့ အမွေခံ ကုသိုလ်ကြီး သာသနာ့ ဆွေမျိုး ကုသိုလ်ကြီး သာသနာ့ ဒါ

ယာဒ ကုသိုလ်ကြီးရယ်လို့ ချီးကျူးကာ ထူးခြား မွန်မြတ်တဲ့ ကုသိုလ်ကြီး တမျိုး ပြုပြီး မြတ်နိုး ရှိသေကြရပေတယ်။

**သာသနဿ ဝရံ ပုညံ၊**
**ဝရံ သာသန ဒါယာဒံ။**
**သာသနဿ ပိယံ ဉာတိံ၊**
**သဒ္ဓေယျ သာဝုသမ္မတော။**

သာသနဿရဲ၊ အရာရာမော်၊ သမ္ဘာကျော်တဲ့၊ သာသနာ ဟော်၏ အတွင်းလူကြီးဖြစ်သော၊ သာသနဒါယာဒံ၊ ဓမ္မာအရ မကွာ ဆ-လိုက်တော့ သာသနာ့အမွေခံကြီး ဖြစ်သော။ သာ သနဿ၊ ဘဂဝါအမော် ဓမ္မာမော်ခဲ့တဲ့ သာသနာတော်မြတ် ၏။ ပိယံဉာတိံ၊ အခြေမညှိုး အသရေတိုးတဲ့ ဆွေမျိုးရင်းချာကြီး ဖြစ်သော။ ဝရံပုညံ၊ ရဟန်းခံ ရှင်ပြုတမင်ရှုပါတော့ မတုဝံ့ပြီ အမှုးဒြမ် အဖူးတပ်လို့မို့ ထူးမြတ်တဲ့ ကုသိုလ်ကြီးကို။ သာဝု သမ္မတော၊ မူမချော်စေဝင်း ဖြူလျော်ကြောင်းဖြင့် သူတော် ကောင်း သမုတ်သော သူသည်။ သဒ္ဓေယျ၊ နည်းအထူးထူး မညည်းညူတဲ ဆည်းပူး ပွားများရာသတည်း။

ရဟန်းခံ ရှင်ပြုပွဲတွေဟာ ဘုရား လက်ထက်တော်က စပြီး ယခုထက် တိုင်အောင် အမြဲမြဲ အရွာရွာမှာ လွန်စွာပေါများပေ သနော်။ ဘုရား လက်ထက်ကတော့ ယောကျ်ားများသာ မဟုတ်ဘူး၊မိန်းကလေးများလဲ ရဟန်းမိန်းမပြုလုပ်ကြတာကိုး။ ကဲ-ချီးမွမ်းဘွယ် ကောင်းတဲ့ ရွှေပန်းထိမ်သည် သမီးကလေး တဦး သာသနာ့ဘောင်သို့ ကူးပုံအကြောင်းကို ဟောကြဦးစို့။

# သုဘာ ဘိက္ခုနီမကလေး ဝတ္ထု

သုဘာက ၂-ယောက်ရှိတယ်။ ဟို-မိမိအား လိုက်လံ ဖြား ယောင်းတဲ့ လုလင်ပျိုကလေးအား မျက်လုံးကိုဖောက်၍ပေးတဲ့ ပုဏ္ဏားသွီး မယ်သုဘာဆိုတာ တယောက် ရှိသေးတယ်။ ယခု ဟောမဲ့ မယ်သုဘာကတော့ ပန်းထိမ်သည်သွီး မယ်သုဘာဖြစ် တယ်။ ကဲ-နာကြပေတော့။

ဘုရားရှင် ရှေလက်ထက်တော် အခါက ရာဇဂြိုဟ် ပြည်မှာ လွန်စွာ လှပ ရုပ်ဆင်းအင်္ဂါ တင့်တယ်လှတဲ့ ရွှေပန်းထိမ်သည်၏ သမီး သုဘာအမည်ရှိတဲ့သတို့သမီးကလေး တယောက်ရှိတယ်။ ထိုမိန်းကလေးမှာ ရုပ်ဆင်းအင်္ဂါ လွန်စွာ လှပသည့် အတွက် သုဘာ ဟူ၍ အမည်မှည့်ထားတယ်။ သုဘာသဒ္ဒါက တင့်တယ် လှပခြင်း အနက်ကို ဟောတယ်။ မြန်မာလိုတော့ (ခင်တင့်) (မယ်တင့်) (လှလှ) စသည်ဖြင့် လှပ တင့်တယ်ခြင်းနှင့် စပ်တဲ့ နာမည်မျိုးကို မှည့်ခေါ်ရတာပေါ့နော်။

မယ်သုဘာသည် မြတ်စွာဘုရား ဥရုဝေဠ ညီနောင် ရဟန္တာ တထောင်နှင့်တကွ ပဌမဆုံး အခေါက် ရာဇဂြိုဟ်ပြည်သို့ ကြွ လာသောအခါတွင် ဖူးမြင်ရ၍ လွန်စွာ ကြည်ညိုခြင်းဖြစ်ပြီး ဘု ရားထံသို့ ချဉ်းကပ်၍ ပျော်ပတ်သော အရပ်၌ ရှိသေစွာ ရှိခိုးလျက် ထိုင်နေတယ်။ ။ထိုအခါ မြတ်စွာဘုရားက မယ်သု ဘာ၏ ပါရမီဉာဏ် ရင့်သန်သည်ကို မြင်တော်မူ၍ အဇ္ဈာသယ အား လျော်ပတ်စွာ တရားဒေသနာကို ဟောတော်မူတယ်။ တရားတော်၏ အဆုံး၌ သောတာပန် တည်သတဲ့။ သောတာ ပန်တည်တဲ့အခါ လူ့ဘောင်မှာ နေချင်စိတ် မရှိတော့ဘူး။လင် နှင့် သားနှင့် အိမ်ထောင်ပြုပြီး ဗဟုကိစ္စ ဗာဟိရဖြင့် လင့်ဒုက္ခ သားဒုက္ခ သွားရလာရ လုပ်ရကိုင်ရ ပူပင်ရမဲ့ အရေးတွေကို

တွေးမိတိုင်း ကြောက်လန့်၍ နေတယ်။ အိမ်ထောင်မှုကိစ္စ၏ များပြားလှသော ဒုက္ခတွေကိုတွေးဆပြီး ထိတ်လန့်နေတာပေါ့ လေ။အနည်းငယ်မျှသော ကာမဂုဏ် ချမ်းသာကလေးအတွက် ဝန်တက်လိုက်မဲ့ လင်ရေး သားရေး အိမ်ထောင်မှုကိစ္စအရေး သံသရာဝဋ်ဒုက္ခ ဘေးတွေကို တွေးလန့် ရင်တုန်လျက် လူ့ ဘောင်ကို လုံးလုံးကြီး စိတ်ကုန်၍နေတယ်။ ထိုဒုက္ခတွေအေး ငြိမ်းရာ သံသရာမှ မြန်မြန် လွတ်ကြောင်းဖြစ်တဲ့ သာသနာဘုံ ကိုသာ ခိုလှုံ ဝင်ရောက်လိုသော စိတ်ရှိနေသတဲ့။ ဒါကြောင့် မို့ မိဘများအား ကျွန်မသည် အိမ်ထောင် ပြုလိုတဲ့စိတ် တဆိတ် မှ မရှိပါ။ လင့်ဒုက္ခ သားဒုက္ခ အိမ်ထောင်မှု ကိစ္စကို အများ ကြီး ကြောက်လှပါသည်။ သာသနာ့ဘောင်သို့ ဝင်၍ ဘိက္ခုနီမ ပြုလုပ်လိုပါသည်-လို့ ခွင့်တောင်းတယ်။ မိဘများကတော့ သမီးကလေး ငယ်ငယ် ရွယ်ရွယ် လှပတင့်တယ် ပါဘိသနဲ့ ဘိက္ခုနီမ-ပြုလုပ်မယ်ဆိုတာ နဲနဲမှ သဘော မကျဘူးပေါ့လေ။ သူတို့ကတော့ လောကီဘက်ကိုဆွဲ၍ သင့်လျော်သော သူဌေး သားတယောက်နှင့် ပေးစား လက်ထပ်ပြီး လူ့ဘောင်မှာ တင့် တင့် တယ်တယ် အိုးနှင့်-အိမ်နှင့် သားနှင့်-သမီးနှင့် မြေး ကလေးတွေကို ချီချင်ကြမှာပေါ့။

သည်တော့ မိဘများက စိတ်ကူးမလွဲပါနှင့် သမီးရဲ့။ ရွှေပုံ ငွေပုံပေါ်မှာထိုင်ပြီး အခန့်ကြီး လူ့စည်းစိမ်ကို ခံစားနိုင်ပါ လျက် ဘယ်အတွက်ကြောင့် ခေါင်းတုံးကြီး ရိတ်ပြီး ဘိက္ခုနီမ လုပ်ချင်ရသလဲ၊ ရဟန်းအဖြစ်ဆိုတာ လွန်စွာဆင်းရဲတယ်၊ သူ များ ပေးကမ်းမှ၊လှူဒါန်းမှ၊ဝတ်ရ စားရတယ်။ အလွန် နုံတာ အောက်ကျတာ ကလား။ သူတောင်းစား အကြီးစားထဲက ဖြစ်တယ်။ငါ့သမီးမှာ ဘာပူစရာရှိသလဲ။ ရွှေနှင့် ငွေနှင့် အပြည့် အစုံ လူဂုဏ်တန် သားသမီး၊ ပစ္စည်းကပေါ။ ရပ်ကချော၊သ ဘောကကြွယ်၊ အရွယ်ကလှငယ်၊ တကယ်ဆိုတော့ ဟိုလူက

လိုချင် သည့်လူကလိုချင်နှင့် လင်တယောက်ကို ခေါင်းခေါက်၍ ယူနိုင်ပါတယ်။ ဘယ့်နှယ်ဟာ ကြီးကြီး စည်ရာ သာသနာဘောင်သို့ ဝင်ချင်တယ်လို့တော် သူမို့လို ကြံစည်ရှာပလေ။လင်မယူရ သားမယူရ ဘာမှ စည်းစိမ် မရှိ။ အလွန် ပျင်းရိဘို့ကောင်းတဲ့ အလုပ်ကြီးပါဘဲ-လို့ ပြောကြသတဲ့။ မယ်သုဘာက ရဟန်းအဖြစ် ဆိုတာ အလွန် ချမ်း သာ ပါတယ်မိခင် ဖခင်တို့ရဲ့၊ အိမ်ထောင်မှုကိစ္စတွေ အကုန် အေးငြိမ်းရပြီးနိဗ္ဗာန် ရောက်ကြောင်းတရားကို အများကြီး အားထုတ်နိုင်တဲ့ဌာန ဖြစ်ပါတယ်။ လင့်အတွက် သားအတွက် ပစ္စည်းပျက်မှာသေမှာကြေမှာ အရာရာကို မပူပင်ရ။ စိတ်ချလက်ချ အေးအေး မြမြ နေထိုင်ရပါတယ်။ လူ့ဘောင်ဆိုတာ လွန်စွာအပူအပင်များတာ ကလား။ ပစ္စည်းချမ်းသာလို့ဘာမှ မပူရဘူးမအောက်မေ့ ပါနှင့်။ ပစ္စည်း ပေါလေ ဒုက္ခများလေ အပူအားကြီးလေ မှတ်ပါတော့။ ကာမဂုဏ် ချမ်းသာဆိုတာ ထင်သလောက် ကြီးကျယ်တာ မဟုတ်ပါဘူး၊ အပေါ်ယံကကြည့်လျှင်သာ ပျော်ဘွယ်ရှိသလိုလို အောက်မေ့ရပါတယ်၊ အထဲနှိုက်ကြည့် လိုက်တော့ ဘာမှ အရသာ ရှိတာ မဟုတ်ဘူး။ အပျော်နှင့် အပူဟာ ဘယ်အခါမှ မချာဘဲ ဒုက္ခ ကြီးထူ၊ လူတလူ အပူ များစွာ ကိုယ့်အပူ ကိုယ်မှ သိကြပါတယ်။ ဒါကြောင့်မို့ သမီးကလေးကို ဘေးကြီး အပူကြီးထဲသို့ ဆွဲ၍ မနှစ်ကြပါနှင့်၊ သည်လိုဆိုရင် ချစ်ပေတဲ့ ချစ်ရာမရောက်၊နှစ်ရာသို့ ရောက်ပါလိမ့်မယ်။ ဘိက္ခုနီမ လုပ်ရန်သာ ခွင့်ပေးကြပါ။ ဒါမှ သမီးကလေးကို ချစ်ရာ ကျပါလိမ့်မယ်လို့ ပြောသတဲ့။

သည်တော့ မိဘများက ကဲလေ-သူသဘောရှိ လုပ်ချင်လျှင်လုပ်ပါစေတော့၊ ကျောင်းသို့ရောက်တာနှင့် ဘိက္ခုနီမကလေးတွေကို အားကျလာပြီထင်ပါရဲ့၊ငယ်ငယ်ရွယ်ရွယ်ဆိုတာ ဘာမှ စဉ်းစားတတ်တာ မဟုတ်ဘူး။ သူများလုပ်တာ မြင်လျှင်

အားကျပါးကျဂုဏ်တု ဂုဏ်ပြိုင် လုပ်ချင်ကြတာဘဲ။အပျိုအရွယ် ငယ်ငယ်ရွယ်ရွယ်ကလေးဘဲ တော်တော်ကြာ ပျင်းရိပြီးလူထွက် လာမှာပါဘဲ လို့ ဆိုပြီး ခွင့်လွှတ်ကြသတဲ့။သို့ကလို ခွင့်ရတာနှင့် မယ်သုဘာသည် မိထွေးတော် ဂေါတမီ ဘိက္ခုနီမကြီး ထံသို့ သွား၍ ဘိက္ခုနီမ ပြုလုပ်တယ်။ ။ဘိက္ခုနီမပြုလုပ်ပြီး ကမ္မဋ္ဌာန်း တရားများကို ကြိုးစား အားထုတ်၍ နေတယ်တဲ့။

## မယ်သုဘာ လူထွက်ရန် မိဘများ သွေးဆောင်ကြပုံ

မိဘများ ထင်မြင်ချက်နှင့် ကွာခြားနေကာပေါ့လေ။ မိဘ များကတော့။မကြာမီ ပျင်းရိပြီး လူထွက်လာလိမ့်မယ်လို့ ထင် ကြတာကိုး။ ။မယ်သုဘာက လူထွက်၍ မလာတော့၊ မိဘ များက လက်ကောက် ခြေကျင်း ပုတီး နားဒောင်း စသော လက်ဝတ် လက်စားတွေကို စုံလင်စွာယူသွားကြပြီး၊ ချစ်သမီး၊ ဤ လက်ဝတ် လက်စားတွေကို ဝတ်လျက် လူထွက်ပါတော့၊ ချစ်သမီးမှာ-ငယ်ငယ်ကလေး ရှိပါသေးသည်။လူထွက်ပြီး လူ့ စည်းစိမ်များကို ခံစားပါဦး။ အမယ်ကြီးအို ဖြစ်တဲ့ အခါကျမှ ဘိက္ခုနီမ လုပ်ချင်ရင် လုပ်ပါ၊ယခုလို ငယ်ပယ်ရွယ်ရွယ်ကလေး နှင့် သင်္ကန်းဝတ်၍ နေတာ နှမြောစရာ ကောင်းလှပါတယ်-လို့ ပြောဆို သွေးဆောင်ကြသတဲ့။သည်တော့၊မယ်သုဘာကကျွန်မ သည် ဘယ်အခါမှ လူမထွက်တော့ပါ။သံသာသနာတော်၌ ပျော် ပျော်ကြီး နေပါတော့မည်-ဟု အောက်ပါ တရား ဂါထာတို့ ဖြင့် အကျယ် ဟောပြကာ ပြန်ပြောတယ်တဲ့။

### သုဘာ ဘိက္ခုနီမကလေးက မိဘများအား ဟောကြားသော တရား ဂါထာများ

(၁) ဒဟရာဟံ သုဒ္ဓဝသနာ၊
ယံပုရေ ဓမ္မမသုဏိံ။

**တဿာ မေ အပ္ပမတ္တာယ၊**
**သစ္စာဘိ သမယော အဟု။**

ဒဟရာ၊ ပျိုပျိုရွယ်ရွယ် စိုစိုထယ်၍ ငယ်လှစွာသေးသော။ အဟံ၊ နုနုနယ်နယ် ရှုစဖွယ်နှင့် အပုငယ် အကျွန်ုပ်သည်။ သုဒ္ဓဝသနာ၊ အမှုယဉ်ယဉ် မြူမတင်ဘဲ ဖြူစင်သော အဝတ်ကို ဝတ်လျက်။ပုရေ၊ အရေးထူးစွာ ရှေးဦးအခါ၌။ ဓမ္မံ၊ မမှားမချော်လက် တရားတော်မြတ်ကို။ ယံ အသုဏိံ၊ အကြင် သဒ္ဒါ တရားအခါခါ ပွားပြီး နာကြားရလေပြီ။ အပ္ပမတ္တာယ၊ မမှားမလေ့တရားမွေ့ပြီး မမေ့ မလျော့ တနေ့မှ မပေါ့သော။ တဿာမေ၊ ထိုတကယ် ရှုစရာ အရွယ် နုပါတဲ့ မယ်သုဘာ အကျွန်ုပ်အား။ သစ္စာ ဘိသမယော၊ ဇောသဒ္ဒါ လျှံကြည် သောတာပန် တည်လိုမို့ အရှည် ချစ်စရာ ခေတ် အခါနှင့် သစ္စာ ၄-ပါးကို သိမြင်သည်။ အဟု၊ သစ္စ အသရေ ဖြစ်ရလေပြီ။

(၂) **တတောဟံ သဗ္ဗကာမေသု၊**
**ဘုသံ အရတိ မဇ္ဈဂံ။**
**သက္ကာယသ္မိံ ဘယံ ဒိသွာ၊**
**နိက္ခမမေဝ ပိဟယေ။**

တတော၊ ထိုသို့ ဇောသဒ္ဒါလျှံလျှံ ဆောစွာအမြန်ပင် သောတာပန် တည်လေသော ကြောင့်။ အဟံ၊ နုစွာ အရွယ် ခုအခါ ငယ်တဲ့ သုဘာမယ် အကျွန်ုပ်သည်။ သဗ္ဗ ကာမေသု၊ အမုန်းဖုံဖုံ နှလုံးတုန်လှ ချည်ရဲ့ အလုံးစုံသော ကာမဂုဏ် တို့၌။ ဘုသံ၊ အတင်း အဓမ္မ ငြင်းမရနိုင်အောင် ပြင်းပြ လွန်ကဲစွာ။ အရတိံ၊ မမွေ့မလျော် တနေ့မှ မပျော်ဘု အချော်စရိုက်မင်း မပျော်ပိုက်ခြင်းကို။ အဇ္ဈဂံ၊ အစစကြည့် ဓမ္မသိပြီမို့ ရရှိပါပေပြီ။ သက္ကာယသ္မိံ၊ မှန်စွာထိုထို ရန်ဘယာပိုတဲ့ ခန္ဓာကိုယ်သက္ကာယ၌။ဘယံ၊

မနှစ်မသက် မချစ်ရက်သည့် ဖြစ်ပျက်ခြင်း ဘေးဘယကို။ ဒိသွာ၊ အမှန်မယွင်း ဉာဏ်အလင်းဖြင့် အမြန် အရှင်း သိမြင်၍။ နိက္ခမ မေဝ၊ ဖိုလ်ထိ မဂ်ရောက် တလက်လက် တောက်ပြီး ထွက်မြောက်ရာ လမ်းကို သာလျှင်။ ပိဟယေ၊ အပြစ်မမြင် အသစ် ထင်လို့မို့ ချစ်ခင် မြတ်နိုးပေဟော့ သတည်း။

အို - ခမည်းတော် မယ်တော်နှင့် ဆွေတော် မျိုးတော် အပေါင်းတို့၊ အကျွန်ုပ် သည် အပျိုစင် ဘဝမို့ ကာမ ဆိုတာ ဘယ်လိုဟာမှန်းမသိ၊အနည်းငယ်မျှမစွန်းငြာဘဲ ပကတိစင်ကြယ် လှသော အဝတ် အစားဖြင့် တရားတော်မြတ်ကို နာကြားရာ သောတာပန် တည်ပါတယ်။ ထိုသောတာပန် တည်ပြီးတဲ့အခါ မှ စ၍ ကာမဂုဏ် အာရုံတရားတို့၌ လားလားမှ နှစ်သက်ခြင်း မရှိဘဲ နဲနဲမှ မပျော်ပိုက်တော့ပါ။ ခန္ဓာကိုယ် သက္ကာယ၌ ဘေး ဒုက္ခတွေကို မြင်ပြီး များဖြင်ကြီးလှ ဘေးဘယနှင့် လူ့ဘောင် မှ ထွက်မြောက် ကြောင်းကို သာလျှင် ကောင်းကောင်းကြီး မြတ်နိုးပါတော့တယ်။

**(၃) ဟိတွာန ဟံ ဉာတိဂဏံ၊**
**ဒါသကမ္မကရာနိ စ။**
**ဂါမ ခေတ္တာနိ ဖီတာနိ၊**
**ရမဏီယေ ပမောဒိတေ။**

အဟံ၊ အချွန်သမုဟ် အကျွန်ုပ် သည်။ ဉာတိဂဏံ၊ အသရေ ဖြိုးကြောင်း၊ ဆွေမျိုးအပေါင်း တို့ကိုရင်း။ ဒါသကမ္မကရာနိစ၊ ကျေးကျွန်များပြား အပြုဟုတ်တဲ့ အမှုလုပ်သားတို့ကိုရင်း။ ရမဏီယေ၊ အမော် ဘုရင် အကော်ထင် လို့မို့ ပျော်ရွှင်ဘွယ် ကောင်းကုန်သော။ ပမောဒိတေ၊ အစဉ်မနွမ်း ဘဝင်လျှမ်းပြီး ရွှင်လန်းဘွယ် ကောင်းကုန်သော။ ဖီတာနိ၊ တကွ ရောနှော၊ အစစ ပေါလို့မို့ ပပြော့ စည်ပင် ကုန်သော။ ဂါမခေတ္တာနိ၊

မချို့သမ္ဘာ မညှိုပါတဲ့ မြို့ရွာလယ်မြေတိုကို။ ဟိတ္တွာန၊ ချစ်တွံ့မငဲ့ ပစ်စွန့်ခဲ့၍—

(၄) **ပဟာယ ဟံ ပဗ္ဗဇိတာ၊**
**သာပတေယ် မနပ္ပကံ။**
**ဝေံသဒ္ဓါယ နိက္ခမ္မ၊**
**သဒ္ဓမ္မေ သုပ္ပ ဝေဒိတေ။**

အဟံ၊ လူ့ရွာ တခွင် ခုမလာချင်တဲ့ သုဘာခင် အကျွန်ုပ်သည်။အနပ္ပကံ၊အစားစားအဝဝ များပြားလှသော။သာပတေယျံ၊ မယုတ်စွာအစစ်၊ အဟုတ်ပါ ချစ်လောက်တဲ့၊ ဥစ္စာနှစ်ကို။ ပဟာယ၊ မရွံမတွယ် မငဲ့ စွန့်ပယ်ခဲ့၍။ ဝေံ၊ အတည်ငဲ့ မချို့ ဤကဲ့သို့။ သဒ္ဓါယ၊ သဒ္ဓါတရား ဖြာဖြာပွားသဖြင့်။ သုပ္ပဝေဒိတေ၊ အကြောင်းအရာ မစောင်းပါသမို့ ကောင်းစွာ ဟောကြားတော် မူအပ်သော။ သဒ္ဓမ္မေ၊ အရာရာ မေ့ာ် သမ္ဘာကျော်တဲ့ သာသနာတော်မြတ်၌။ နိက္ခမ္မ၊ မက်ထောက် မငဲ့ ထွက်မြောက်ခဲ့၍။ ပဗ္ဗဇိတာ၊ မနွမ်းသမှု ကမ္မဋ္ဌာန်းရှုရန်ဘို့ ရဟန်းပြု၍ လာခဲ့လေ၏။

(၅) **နေတံ အဿ ပဋိရူပံ၊**
**အာကိဉ္စညံ ဟိ ပတ္ထယေ။**
**ယော ဇာတရူပ ရဇတံ၊**
**ထပေတွာ ပုနရာဂမေ။**

ယော၊ မစင်မဖြူ အကြင်သူသည်။ ဇာတရူပ ရဇတံ၊ အထွေထွေအဖြာဖြာ ရွှေ့ငွေ့ရတနာကို။ထပေတွာ၊မတွံ့မချစ်၊မရွံ့လစ်ဘဲ စွန့်ပစ်ချန်ထားခဲ့ပြီး၍။ပုနရာဂမေ၊အကြံမမှန်၊မဟာန်ရန်ဘို့ တဖန် ပြန်၍ ယူငြားအံ့။ အဿ၊ အလိုယုတ်ယို ထိုပုဂ္ဂိုလ်အား။ ဧတံ၊ထိုအကြံမဟာန်မမှန်ကန်ဘဲ တဖန်ပြန်၍ယူခြင်းသည်။နပဋိရူပံ၊ အခွင့် မလျော် မချင့်မြော်သမို့ မသင့်တော် မလျောက်

ပတ်ချေ။ အာကိစ္စ ညံ့ဟိ=အာကိစ္စညံ့ ဧဝ၊ မတော်ငံ မတ၊ မနေ့ငံ့ရဘဲ ကြောင့်ကြ သိမ်းပိုက်ခြင်း မရှိခြင်းကိုသာလျှင်။ ပဏ္ဍယော၊ မချော်အခွင့် လျော်သဖြင့်မို့ မြော်လင့်ကောင့်တရာ သတည်း။

အကျွန်ုပ် မယ်သုဘာသည် ချစ်ခင်စရာ ကောင်းတဲ့ ဆွေမျိုး ပေါက်ဖော် အပေါင်းတွေ၊ ပျော်ရွှင် ဝမ်းမြောက်ဘွယ်ရာ စည်ပင် ဝပြောလှစွာသော မြို့ရွာလယ်မြေ အပေါင်းတွေ၊အခြွေအရံ အစေ ခံနှင့် အတန်တန်သော ကျေးကျွန်တွေ၊ အဘိုးထိုက် အဘိုးတန် အမျိုးမှန်တဲ့ ဥစ္စာနှစ်တွေကို-မချစ်မတွန့် လွှတ်လွှတ်ကြီး ပစ်စွန့်ပြီး သာသနာတော်မှာ ဘိက္ခုနီမ ပြုလုပ်၍ လာသည်ဖြစ်ပါလျက် တဖန် လူထွက်ပြီး သည်ဥစ္စာတွေကို ပြန်ပြီး သိမ်းပိုက်ရမယ် ဆိုတာ လုံးလုံး မသင့်လျော်ပါဘူး။ ထွေးပြီးသား တံတွေးပေါက်ကို တဖန် ကောက်၍ မျိုပြန်သလို အမှန် ကဲ့ရဲ့ဘွယ်ကြီး ဖြစ်ပါလိမ့်မယ်။ထိုရတနာ ရွှေငွေ ကာမဂုဏ် အာရုံ တရားတွေနှင့် ဝေးသည့်ထက် ဝေးအောင် ကြောင့်ကြ ကင်းသည့်ထက် ကင်းအောင်သာ တော်င့်တ အားထုတ် သင့်ပါတယ်။

(၆) ရဇတံ ဇာတရူပံ ဝါ၊
နဗောဓာယ န သန္တိယာ။
နေတံ သမဏသာရုပ္ပံ၊
န တေ ံ အရိယာဓနံ။

ရဇတံဝါ၊ အသာရေဖြူဖြူ ငွေရတနာသည့်ငင်း။ ဇာတရူပံ ဝါ၊အဝါတွေ့တွေ့ အဖြူဖြူ ရွှေရတနာသည့်ငင်း။ ဗောဓာယ၊ သစ္စာလေးပါး အေးတရားကို အတွေးမမှား ရှုသိမြင်ခြင်းငှါ။ န ဟောတိ၊ ယုတ်စွာအသရေ မဟုတ်ပါချေ။သန္တိယာ၊ဖိမ္မေပါ သည့် ကိလေသာ ငြိမ်းခြင်းငှါ။ န ဟောတိ၊ ယုတ်စွာ အသရေ မဟုတ်ပါချေ။ ဧတံ၊ ထို ရွှေ ငွေ အဖြူဖြူ အတွေ့တွေ့ ရတနာ

သည်။နှ သမဏာသာရုပ္ပံ၊ အဆန်းအပြား လမ်းအမှားမို့ ရဟန်း များနှင့် မသင့်မလျော်ချေ။တော်၊ထိုအထွေထွေအဖြာဖြာ ရွှေငွေ ရတနာသည်။ နှ အရိယဓနံ၊ အသိအသာ သတိဖြာလိုက်တော့ အရိယာတို့၏ ဥစ္စာ မဟုတ်ချေ။

(၇) လောဘနံ မဒနံ စေတံ၊
မောဟနံ ရဇဝဍ္ဎနံ။
သာသင်္ကံ ဗဟုအာယာသံ၊
နတ္ထိ စေတ္ထ ဓုဝံ ဌိတိ။

ဧတံ၊ထိုရွှေငွေ ရတနာ အထွေထွေ အဖြာဖြာသည်။ လောဘနံ၊အပိုပိုပြင့်ပြင် မငြိုမငြင်ဘဲ လိုချင်လောဘကိုလည်း ဖြစ်စေတတ်၏။ မဒနံစ၊ ယူလို့မဖြစ်ဘူး အစစ်ရှုးပြီး ယစ်မူး မာန်တက်ခြင်းကိုလည်း ဖြစ်စေတတ်၏။ မောဟနံ၊ အကြိုက်ကဲကဲ၊ စရိုက်လွဲပြီး မိုက်မဲ တွေဝေခြင်းကိုလည်း ဖြစ်စေတတ်၏။ ရဇဝဍ္ဎနံ။ မချိပေစွာ၊ ဖိမွှေပါတဲ့ ကိလေသာမြူကိုလည်း တိုးပွားစေတတ်၏။သာသင်္ကံ၊တတောင့်တတ တမှောင့်ထပြီး ကြောင့်ကြစိုးရိမ်ဘွယ်နှင့် တကွ ဖြစ်၏။ဗဟုအာယာသံ၊ အရေးမမှန် မတွေး ကြံဝံ့အောင် ဘေးရန်တွေ များလှချေ၏။ ဧတ္ထ၊ ဤ ရွှေငွေ ရတနာ အထွေထွေ အဖြာဖြာ၌၊ ဓုဝံဌိတိစ၊မလွဲမဖီ တကာတဲ မှီလောက်အောင် အမြဲတည်ခြင်းသည်လည်း။ နတ္ထိ၊ အသိအသာပေ မရှိပါချေ။

ခမည်းတော်မယ်တော်များက ငါတို့မှာ ရွှေတွေ ငွေတွေ အသချေ အနန္တ ပေါများလှပါသည်။ လူသာ ထွက်ခဲ့ပါ။ မကြောင့်ကြပါနှင့်လို့မသွေးဆောင်လာကြပါနှင့်။ဤရွှေတွေ ငွေတွေဟာ ဘာမှအသုံးကျတာမဟုတ်ပါဘူး။သစ္စာလေးပါးကို မသိစေနိုင်ဘူး။ကိလေသာမီးကိုလဲအပြီးမငြိမ်းစေနိုင်ဘူး။ ရဟန်း

သာမဏေများနှင့်လဲ လားလားမှ မအပ်စပ်ပါဘူး။ အရိယာတို့၏ မြင့်မြတ်တဲ့ ဥစ္စာလဲ မဟုတ်ပါဘူး။ ယုတ်ညံ့တဲ့ လူဝတ်ကြောင်တို့၏ အသုံးအဆောင်သာ ဖြစ်ပါတယ်။ ထို ရွှေများငွေများသည် လိုချင်လောဘ တရားကို ဖြစ်စေတတ်တယ်။ ယစ်မူး ထောင်လွှားပြီး များများကြီး မောက်မော် တတ်တယ်။ ပိုက်ဆံပေါလျှင် အင်မတန် မာန ကြီးတတ်တာမျိုးဘဲ။ မိုက်မဲတွေဝေ လူမိုက်ကြီးလဲ ဖြစ်စေတတ်ပါတယ်။ ကိလေသာတရားကိုလဲ တိုးပွား စေတတ်ပါတယ်။ ပိုက်ဆံပေါတဲ့ ယောကျ်ားမိန်းမဟာ အပျော် အားကြီးတတ်တာပါဘဲ။ အရာရာမှာ စိတ်မချရဘဲ ကြောင့်ကြ စိုးရိမ်ဘွယ်တွေလဲ အင်မတန်များပါတယ်၊ ဘေးရန်လဲ အလွန်များသဖြင့် ကြောက်တွယ်လိလိကြီး ဖြစ်တာကလား။ တသက်ပတ်လုံး တကမ္ဘာပတ်လုံး မဆုံးအောင် အမြဲတည်တာမျိုး မဟုတ်သဖြင့် အဟုတ်လဲ အားမကိုး လောက်ပါဘူး။

**(၈) ဇာတ ရူပ ရဇတ ပမတ္တာ စ၊**
**သံကိလိဋ္ဌမနာ နရာ။**
**အညမညေန ဗျာရူဠ္ဍ၊**
**ပုထု ကုဇ္ဇန္တိ မေဓဂါ။**

ဇာတ္တ၊ ဤ ရွှေ ငွေ ရတနာ အထွေထွေ အဖြာဖြာ၌။ ရဇတာ၊ မပြတ်ရက် သဘောကပ်လျက် စောပြီး တပ်မက်မောကြ ကုန်သော။ ပမတ္တာစ၊ အလွန်ညစ်ညူး မလစ်ရူးပြီး ယစ်မူးမေ့လျော့ကြသည်လည်း ဖြစ်ကုန်သော။ သံကိလိဋ္ဌမနာ၊ အလွန် ယစ်မူး အစစ်ရူးပြီး ညစ်ညူးသော စိတ် ရှိကြကုန်သော။ နရာ၊ ဆူဆူသောင်းသောင်း လူအပေါင်းတို့သည်။အညမညေန၊အနောက်မကြည် ဖောက်မတည်ဘဲ တယောက်သည် တယောက်နှင့်။ ဗျာရူဠ္ဍ၊ မသန့်မစင် ကန့်လန့်မြင်ပြီး ဆန့်ကျင်ဘက် ဖြစ်ကြကုန်၍။ ပုထု၊ တရားရုစရာ များလှစွာ။ မေဓဂါ၊ အခင်းခင်း အဖုံဖုံ

မယွင်း စုံလောက်အောင် ငြင်းခုန် ခိုက်ရန်တို့ကို။ ကုမ္ဗန္တိ၊ အမှု မလှ ခုဘာဝတွင်ဖြင့် ပြုကြလေကုန်သတည်း။

**(၉) ဝမော ဗန္ဓော ပရိ ကိလေသော၊**
**ဇာနိ သောကပရိဒ္ဒဝေါ။**
**ကာမေသု အမိပန္နာနံ၊**
**ဒိဿတေ ဗျသနံ ဗဟုံ။**

ကာမေသု၊ အဖြာဖြာအဖုံဖုံ အရာရာစုံတဲ့ ကာမဂုဏ် အာရုံ တရားတို့၌။ အမိပန္နာနံ၊ မခွဲစတမ်း အမြဲဖမ်းပြီး အလွန်စွဲလမ်း ငြိတွယ်၍ နေသောသူတို့အား။ ဝမော၊ ကပ်၍ အတင်း သတ် ဖြတ်ခြင်းသည်၎င်း။ ဗန္ဓော။ မရှောင်တဲ့လျှင်း နှောင်ဖွဲ့ခြင်းသည် ၎င်း။ ပရိကိလေသော၊ လက်ဖြတ်ခြေဖြတ် အထွေထွေသတ်ပြီး အရပ်ရပ်သော ဘေးရန်သည်၎င်း။ ဇာနိ၊ အပြစ်ဘယာ အစစ် လာပြီး နစ်နာဆုံးရှုံးခြင်းသည်၎င်း။ သောကပရိဒ္ဒဝေါ၊ စိုးရိမ် ပိုဆွေး ထိုထို မအေးဘဲ ငိုကြွေး ပူပန်ရခြင်းသည်၎င်း။ ဗျသနံ၊ အဘက်ဘက်ငြီး ရတက်မီးနှင့် ပျက်စီးခြင်း သည်၎င်း။ ဗဟုံ၊ ခြားနား အခါခါ များပြားစွာ။ ဒိဿတေ၊ အဟုတ် လှလှ မယုတ်ရအောင် မုချထင်လေသတည်း။

ရွှေများ ငွေများဟာ အလွန်တရာ ကြောက်ဘို့ ကောင်းပါ တယ်။ လူ တွေဟာ - ရွှေ့ ငွေ အတွက်နှင့် ဆန့်ကျင်ဘက် တယောက်နှင့် တယောက်ဖြစ်ပြီး ငြင်းကြ ခုန်ကြ တရားတွေ့ကြ ရန်ဖြစ်ကြ သတ်ကြ ပုတ်ကြနှင့် အရင်းမူလကို လိုက်ပြီး ကြည့် လိုက်တော့ ငွေ့အတွက်ကြောင့် ဗရုဗွက် ဆူနေကြတာ ပါဘဲ။ လူ့ဝတ်ကြောင် တွေမှာ ငွေကိုအရေးအကြီးဆုံး လုပ်ပြီးနေကြ ပါတယ်။ သူတို့မှာ ငွေလောက် မြတ်တာ ဘယ်မှာမှ မရှိ သလောက်ပါဘဲ။ ကာမဂုဏ်အာရုံနောက်သို့ကောက်ကောက် လိုက်စားပြီးများများကြီးအပျော်ကြူး၍နေတတ်သူဟာအသတ်

ရင်လဲခံရကတ်ပါတယ်။အချုပ်အနှောင်အချည်အတုပ်သော်လဲ ခံရတတ် ပါတယ်။ ဘေးအတန်တန်နှင့် ရန်သူလဲ အလွန်များ ပါတယ်။ စိုးရိမ်သောက မျာပါရနှင် ပူရ ပင်ရ ဘယ်လောက် များမယ် ဆိုကာဂေကာ့ ပြောဘွယ်ရာ မရှိပါဘူး။ စီးပွားပျက် ပညာပျက် အကျင့်ပျက် ကုသိုလ်ပျက် ပျက်လိုက်မဲ့ အပျက်ဟာ လဲ အသချေ အနန္တပါဘဲ။

(၁၀) န ဟိရညေန သုဝဏ္ဏေန၊
ပရိက္ခယန္တိ အာသဝါ။
အမိတ္တာ ဝဓကာ ကာမာ၊
သပတ္တာ သလ္လဗန္ဓနာ။

ဟိရညေန၊ အထွေထွေ အဖြာဖြာ ငွေရတနာ ဖြင့် ၎င်း။ သုဝဏ္ဏေန၊ အသရေသာသာ ရွှေရတနာ ဖြင့်၎င်း။ အာသဝါ၊ ဓမ္မသဘော အခါခါလောကတ်တဲ့ အာသဝေါတရားတို့သည်။ ပရိက္ခိယန္တိ၊ မကြိုကမန်း အဖုံဖုံ ပန်းလှချည့် မကုန်ခန်း နိုင်ကြလေကုန်။ ကာမာ၊ ထိုထိုအာရုံ ဖြာဖြာစုံတဲ့ ကာမဂုဏ် တရားတို့သည်။ ဝဓကာ၊ မပြတ်မလပ် အထပ်ထပ် လျှင် သတ်ဖြတ်ညှဉ်းဆဲ တတ်ကုန်၏။ အမိတ္တာ၊ မာန်တမူမူ အလျှံဆူတဲ့ ရန်သူကြီး ဖြစ်ကုန်၏။ သပတ္တာ၊ အလွန်မာန်မူ တန်တန်ဆူတဲ့ ရန်သူကြီး ဖြစ်ကုန်၏။ သလ္လဗန္ဓနာ၊ တရားမစောင့် အမှားထောင့်တဲ့ မြှားငြောင့် ပမာ မရှောင်ကကဲ့ ပြောင်ပြောင် ရှဲ့တဲ့ အနှောင်အဖွဲ့ ကြီးတို့သာတည်း၊

ရွှေအတွက် ငွေ အတွက်ကြောင့် သက်သက် အာသဝေါ ကင်းတာ ဘယ်မှာမှမရှိပါဘူး။ အာသဝေါ တိုးပွားတယ် လို့သာ ကြားဘူးပါတယ်။ ကာမဂုဏ် အာရုံ ကရားဟာ မိမိကို လိုက်ကာ သတ်နေကဲ့ ရန်သူကြီး အစစ်ပါဘဲ။ အသဲနှလုံးတွင်းမှာ ဖောက်ထွင်း စူးဝင်၍နေတဲ့ မြှားငြောင့်ကြီး၊ မြဲမြဲချည်တုပ်

ထားတဲ့ နှောင်ကြိုးကြီး လက်ထိပ်ကြီး ထူးကွင်းကြီး ဖြစ်ပါ
တယ်။

**(၁၁) တံ မံ ဉာတီ အမိတ္တာ ဝ၊**
**ကိံ မံ ကာမေသု ယုဉ္ဇထ။**
**ဇာနာထ မံ ပဗ္ဗဇိတံ၊**
**မုဏ္ဍံ သံဃာဋိပါရုတံ။**

ဉာတီ၊ အသာရေမြိုးကြောင်း ဆွေမျိုးအပေါင်းတို့သည်။ တံမံ၊ ထို မနွမ်းသမှု ကမ္မဋ္ဌာန်းရှုပြီး ရဟန်းပြု၍ နေသော ငါ့ကို။ အမိတ္တာဝ၊ အကြိမ်ဖြူလွန်မာန်မူတဲ့ ရန်သူတို့ကဲ့သို့။ ကိံ၊တကယ် မကောင်း အဘယ်အကြောင်းကြောင့်။ မံ၊မွေ့ရှုစာ ငါသုဘာကို။ ကာမေသု၊ မသမာတုံ ဖြာဖြာစုံတဲ့ ကာမဂုဏ် အာရုံတရားတို့၌။ ယုဉ္ဇထ၊ မကြိုက်မလွန်း အမိုက်ညွန်းပြီး တိုက်တွန်းကြပါကုန်သနည်း။ မုဏ္ဍံ၊ အကြောင်းမဆိုး အပေါင်း မုန်းရန်ဘို ခေါင်းတုံးဦးပြည်း ဖြစ်သော။ သံဃာဋိ ပါရုတံ၊ အသွင်ဆန်းပြီး ရွှစ်လန်းနည်းဖြင့် သင်္ကန်းကြီးကို ဝတ်ရုံ၍ ထားသော။ ပဗ္ဗဇိတံ၊ မနွမ်းမညစ် ကမ္မဋ္ဌာန်းချစ်လို့မို့ ရဟန်းဖြစ်၍နေသော။ မံ၊ အချွန်သမုတ် အလွန်ဟုတ်တဲ့ အကျွန်ုပ် မယ်သုဘာကို။ ဇာနာထ၊ အမိအဘတို့ သတိရပြီး သိကြပါကုန်လော့။

**(၁၂) ဥတ္တိဋ္ဌပိဏ္ဍော ဥဉ္ဆော စ၊**
**ပံသုကူလဉ္စ စီဝရံ။**
**ဧတံ ခေါ မမ သာရုပ္ပံ၊**
**အနာဂါရူပနိဿယော။**

ဥဉ္ဆော၊ သပိတ်ပိုက်ခါ ရဟန်းဟန်နှင့် ဆွမ်းခံ ရပါသော။ ဥတ္တိဋ္ဌ ပိဏ္ဍော စ၊ အိမ်စဥ်မပြတ် လှည့်လည် ရပ်သဖြင့် ရအပ်သော ဆွမ်းသည်၎င်း။ ပံသုကူလဉ္စ စီဝရံ၊ အသွင် ဆန်းဆန်း

မြင်မခန်းတဲ့ ပုံသုကူ သက်နိုးသည့်ငင်း။ ဇတာံ၊ ထိုဘာအိမ် တစလောင်း ရှိန်မညောင်းဘဲ စုဆောင်းသည့် ဆွမ်း၊ အလျှံနုတဲ့ ပံသုကူ သက်နိုးသည်။ မမ၊ ရွှေ ပြည်ကို ရွှယ် ကေသီ ပယ်တဲ့ ထေရီ မယ် အကျွန်ုပ် အား။ အနာဂါ ရူပနီ ဿယော၊ လျှမ်းလျှမ်း ပြောင်ပြောင် မနွမ်းအောင်လျှင် ရဟန်းဘောင်၌ မှီသည့်ဖြစ်၍။ သာရုပ္ပံ၊ အမောက်ဒြဗ် မဖောက်မြတ်တာမို့ လျောက်ပတ် သင့်လှပေသတည်း။

အကျွန်ုပ်ကို ဆွေမျိုး ပေါက်ဖော်များက ရန်သူကြီးအလား ကဲ့သို့ ကာမဂုဏ် ခံစားဘို့ဘယ်အတွက်လမ်းမှားကိုတိုက်တွန်း နေကြပါလိမ့် မလဲ၊ ခေါင်းတုံးဦးပြည်းနှင့် သက်နိုးကြီးကို ဝတ်ကာ သူတော်ကောင်း အသွင် အလျာဖြင့် ရဟန်းပြုကာ နေတာများကိုလဲ ကြည့်ကြပါအုံး။ ရဟန်းဘောင်မှာနေတဲ့ အကျွန်ုပ်မှာ တအိမ် တစလောင်း စုဆောင်း ခံယူ၍ ရတဲ့ ဆွမ်းနှင့် ပံ့သုကူ သင်္ကန်းဟာ များစွာ လျောက်ပတ်ပါတယ်၊ လူတို့၏ အသုံးအဆောင် ဖြစ်တဲ့ ရွှေတွေ ငွေတွေ- လက်ဝတ် လက်စား စပါး ဆန်ရေတွေနှင့် နဲနဲမှ မသင့်လျော်ပါဘူး။ စိတ်ကူးထဲမှ မထည့်တဲ့ပြင် အင်မတန် စက်ဆုပ်ပါတယ်။

(၁၃) ဝဏ္ဏာ မဟေသိနာ ကာမာ၊
ယေ ဒိဗ္ဗာ ယေ စ မာနုသာ။
ခေမဋ္ဌာနေ ဝိမုတ္တာ တေ၊
ပတ္တာ တေ အစလံ သုခံ။

ဒိဗ္ဗာ၊ ဒြဗ်ရှည်သစ် နတ်ပြည်၌ ဖြစ်ကုန်ဧသာ၊ ယေ ကာမာ စ၊ သွင်လျာစုံစုံ အကြင် ကာမဂုဏ်တို့ကိုငင်း။ မာနုသာ၊ နုသည် သစ်သစ် လူ့ပြည်၌ ဖြစ်ကုန်သော။ ယေ ကာမာ စ၊ မင်စရာ အဖုံဖုံ အကြင် ကာမဂုဏ်တို့ကိုငင်း။ မဟေသိနာ၊ မပြတ် သမ္မာ ဒြဗ်ဖြာတဲ့ မြတ်စွာဘုရားသည်။ ဝဏ္ဏာ၊ ဘေးအတန်တန် မနေး

မှန်သမို့ ထွေးအန် စွန့်ပစ်အပ်ကုန်ပြီ။ တေ၊ ထိုဘုရား အစ တရားဝပြီး များလှသောသူတော်ကောင်းတို့သည်။ခေမဋ္ဌာနေ၊ အလွန် အေးခြင်း အတွေးရှင်းပြီး ဘေးကင်းသော အရပ်ဌာန၌။ ဝိမုတ္တာ၊ မချွတ် အမောက် အထွတ်ရောက်ပြီး လွတ်မြောက် တည်နေကြလေကုန်ပြီ၊တေ၊ထိုတရားအစဉ် မမှားမြင်တဲ့ ဘုရား ရှင် စသော သူတော်ကောင်းတို့သည်။ အစလံ၊ မတိမ်းလှိုင်လှိုင် ကိန်းခိုင်ခိုင်နှင့် မယိမ်းယိုင် တုန်လှုပ်ခြင်း မရှိသော၊ သုခံပိ၊ မဆိတ်မညံ ဖိတ်ဖိတ်လျှံတဲ့ နိဗ္ဗာန် ချမ်းသာသို့၊ ပတ္တာ၊ မောက် မောက် မော်မော် မဖောက်ကျော်လို့မို့ ရောက်တော်မူကြလေ ကုန်ပြီ။

**(၁၄) အသောကံ ဝိရဇံ ခေမံ၊**
**အရိယဋ္ဌင်္ဂိကံ ဥဇုံ။**
**ယံ မဂ္ဂံ အနုဂစ္ဆာမိ၊**
**ယေန တိဏ္ဏာ မဟေသိနော။**

ယေန၊ အသွင်ဆန်းဆန်း အကြင် လမ်းဖြင့်။ မဟေသိနော၊ ဒြဗ်သမ္ဘာခြား မြတ်စွာဘုရားတို့သည်။တိဏ္ဏာ၊ ကမ်းတဖက်သို့ လှမ်းတက် ကူးရောက်တော်မူကြကုန်၏။ အသောကံ၊ မညှိုးမှိန် တန်ခိုးထိန်၍ စိုးရိမ်ကြောင့်ကြဘွယ် မရှိသော။ ဝိရဇံ၊မချိ ပေစွာ ဖိမ္မေပါသည့် ကိလေသာမြူမရှိသော။ ခေမံ၊ဘေးဘျမ်း မခ အေးချမ်းလှသော။ အရိယဋ္ဌင်္ဂိကံ၊ ကောင်းမြတ် မဂ်လာ အသွင်ဖြာသမို့ အင်္ဂါရှစ်ပါး ရှိသော။ ဥဇုံ၊ မထောင့်မကြမ်း မှောင့်မသန်းဘဲ ဖြောင့်တန်းလှစွာသော။ တံ မဂ္ဂံ၊ ထိုစခန်း အမော် လွှမ်း၍ကျော်တဲ့ လမ်းမတော်ကြီးသို့။ အနုဂစ္ဆာမိ၊ စရိုက်မမှား အကြိုက်များပြီး လိုက်သွားပါတော့အံ့။

ဘုရား ပစ္စေကဗုဒ္ဓါ အရိယာအပေါင်း သူတော်ကောင်း များသည်လူ့ကာမဂုဏ်နတ်ကာမဂုဏ်အလုံးစုံကို ထွေးအန်ပြီး

ဘေးရန်မရှိတဲ့ ဌာန၊ နိဗ္ဗာန်မြို့ သိ၀သို့ ရောက်တော်မူကြပါ
တယ်။

ဘုရားစသော သူတော်ကောင်းများ၏ သွားရာ လမ်း
ကြောင်း ဖြစ်တဲ့ မဂ္ဂင်ရှစ်ဖော် လမ်းမတော်ကြီးသို့ ပျော်ပျော်
လိုက်သွားပါတော့မယ်။ ကာမဂုဏ်လမ်း အမိုက်စခန်းကိုဖြင့်
မမှန်း မလိုက်တော့ပါဘူး-လို့ အဲသည်လို သုဘာ ဘိက္ခုနီမ
ကလေးက အဝတ်အစားတွေ ရွှေတွေ ငွေတွေကိုပြပြီး လူထွက်
ဘို့ရန် လာရောက် သွေးဆောင်ကြတဲ့ မိဘ ၂-ပါးနှင့် ဆွေမျိုး
ပေါက်ဖော်များအား ဤတရား ဂါထာ ဒေသနာကို သာယာ
စွာ ရွတ်ဆိုလျက် ဟောကြားတယ်တဲ့။ မယ်သုဘာ ဘိက္ခုနီမ
ကလေးပြောဆိုဟောကြားတဲ့တရားဂါထာတွေကဖြင့် များစွာ
မှတ်ဘို့ ကောင်းပါပေသနော်။ စုံစုံလင်လင် အင်မတန် အနှစ်
သာရ ရှိပါပေတယ်။ သုဘာဘိက္ခုနီမကလေးသည် ဤဂါထာ
တို့ဖြင့် မိဘ ဆွေမျိုးများအား လူမထွက်လိုကြောင်းနှင့် ပြန်
ပြောလိုက်ပြီး ရဟန်းတရားများကို ကြိုးစား အားထုတ်လေရာ
ရဟန်းပြု၍ ခုနစ်ရက်မြောက်သော နေ့မှာ ရဟန္တာမ အဖြစ်သို့
ရောက်တယ်။

ရဟန္တာမ အဖြစ်သို့ ရောက်၍ ဖလသမာပတ် ချမ်းသာဖြင့်
သစ်ပင်အောက်မှာ တကိုယ်ထည်း သီတင်းသုံးနေရာ မြတ်စွာ
ဘုရားက အောက်ပါ ၃-ဂါထာဖြင့် သုဘာ ဘိက္ခုနီမကလေး
အား များစွာ ချီးမွမ်းတော်မူတယ်။

(က) ဌမံ ပဿထ စမ္မန္တံ၊
သုဘံ ကမ္မာရဓီတရံ။
အနေဇံ ဥပသမ္ပဇ္ဇ၊
ရုက္ခမူလမှိ ဈာယတိ။

ဓမ္မင့်၊ မမှားမဖီ တရားဦးတည်သော။ ကမ္မာရဓီတာရုံ၊ ဝေဝေထိန်ထိန် အသရေမမှိန်သမို့ ရွှေပန်းထိမ်သည်၏ သမီးဖြစ်သော။ ရူမံ သုဘာံ၊ဤယခုအခါ၌ အမှုသာတဲ့ သုဘာဘိက္ခုနီမကလေးကို။ ပဿထ၊ အရှိအမှု သတိပြု၍ ကြည့်ရှုကြပါကုန်လော့။ အနေဇံ၊ ဝါဝါဝင်းဝင်း သမ္မာ လင်းလိုက်တာက တဏှာ ကင်းသော အရဟတ္တဖိုလ်သို့။ ဥပသမ္ပဇ္ဇ၊ဒြဗ်အမောက်မပြတ်လျှောက်ပြီး ကပ်ရောက် ပြည့်စုံစေ၍။ ရုက္ခမူလမှိ၊ မည်စ်ထင်လင်း သစ်ပင်ရင်း၌။ ဈာယတိ၊ အမှန်ထင်မြင် ဈာန်အစဉ်နှင့် ဈာန်ဝင်စား၍ နေလေ၏။

(၁) **အဇ္ဇာဥမှိ ပဗ္ဗဇိတာ၊**
**သဒ္ဓါ သဒ္ဓမ္မ သောဘဏာ။**
**ဝိနီတုပ္ပလဝဏ္ဏာယ၊**
**တေဝိဇ္ဇာ မစ္စုဟာယိနီ။**

ပဗ္ဗဇိတာ၊ မနွမ်းသမှု ကမ္မဋ္ဌာန်းရှုပြီး ရဟန်းပြုသည်မှ။ အဇ္ဇမိ၊ သစ်လျက်တော်ကထောက် ရှစ်ရက်မြောက်ဖြင့်သော။အဇ္ဇ၊ အမှုမရှေ့ ယခုနေ့၌။ သဒ္ဓါ၊ သဒ္ဓါတရား ဖြာဖြာ ပွားသော။ သဒ္ဓမ္မသောဘဏာ၊ ဒြဗ်အဖျား မြတ်တရားဖြင့် မျှားစွာ လှပတင့်တယ်သော။ သုဘာ၊ အနုဖြာဖြာ အမှုသာတဲ့ သုဘာဘိက္ခုနီမလေးသည်။ ဥပ္ပလဝဏ္ဏာယ၊ မယုတ်အလွန် အဟုတ်ချွန်တဲ့ ဥပ္ပလဝဏ်ဘိက္ခုနီမသည်။ ဝိနီတာ၊ အသုံးကျန နှလုံးလှအောင် ဆုံးမ သွန်သင်အပ်သည်ဖြစ်၍။ တေဝိဇ္ဇာ၊ ဝိဇ္ဇာသုံးပါး အဆုံးပွားသည်ဖြစ်၍။ မစ္စုဟာယိနီ၊ အမြေမယွင်း အသရေ လင်းပြီးသေခြင်း ကင်းလေသတည်း။

(၂) **သာယံ ဘုတွာ အနဏာ၊**
**ဘိက္ခုနီ ဘာဝိတိန္ဒြိယာ။**

**သဗ္ဗယောဂ ဝိသံယုတ္တာ၊
ကတကိစ္စာ အနာသဝါ။**

သာယံ ဘိက္ခုနီ၊ ထိုအနုဖြာဖြာ အမှုသာတဲ့ သုဘာ ဘိက္ခုနီမကလေးသည်။ ဘုဇိဿ၊တဏှာ၏ ကျွန်အဖြစ်မှ စင်စစ် တော်လှန်သည်ဖြစ်၍။ အနဏာ၊ အေးအေး ကြည်ကြည် ဘေးမသီတဲ့ ကြွေးမြီမရှိတော့ချေ။ ဘာဝိတိန္ဒြိယာ၊ အစားစားမလပ် ခြားနားစွာ မြတ်သမို့ ပွားများ အပ်သော ဣန္ဒြေလည်း ရှိပေ၏။ သဗ္ဗယောဂ ဝိသံယုတ္တာ၊ အလုံးစုံသော ယောဂ တရားတို့မှ ဖယ်ရှား ကင်းလွတ်ပေပြီ။ကတကိစ္စာ၊ ဒိဋ္ဌမဆုံး စိတ်ချဘို့အလုံးပါတဲ့ ကိစ္စလည်းတုံးလေပြီ။ အနာသဝါ၊ ဓမ္မာသဘော မကွာ စောလို့မို့ အာသဝေါတရားလည်း ကင်းလေသတည်း။

အဓိပ္ပါယ် အချုပ်ကတော့၊ အို-ချစ်သားတို့၊ ရွှေပန်းထိမ်သည်၏ သမီး ဖြစ်သော သုဘာ ဘိက္ခုနီမကလေးကို ကြည့်ကြပါ ကုန် လော့။ ရဟန်း ပြု၍ ၇-ရက် လယ်တဲ့ အခါ ရဟန္တာမ ဖြစ်ပြီး ယခုအခါ သစ်ပင် အောက်မှာ တယောက်ထည်း ဈာန်ဝင်စား၍ နေတယ်။ ဥပ္ပလဝဏ် ဘိက္ခုနီမ၏ သင်ပြနည်းပေးသည့် အတိုင်း ကျင့်ကြံအားထုတ်သဖြင့် ဝိဇ္ဇာ ၃-ပါးကို ရပြီး တဏှာ၏ ကျွန်အဖြစ်မှ စင်စစ်တော်လှန်ကာ တဏှာ ကြွေးမြီ မရှိတော့ဘဲ အာသဝေါ ကုန်ဆုံး ရဟန်း ကိစ္စ တုံးလေပြီ။ ချမ်းသာခြင်း၏ အထွတ်အထိပ်သို့ မဆိတ် ရောက်ရလေပြီလို့ ဆိုလိုတယ်။

အဲသည်လို မြတ်စွာဘုရားက ချီးမွမ်း ကောမနာတော်မူတဲ့ သစ်ပင် အောက်မှာ ဈာန်ဝင်စား၍ နေတဲ့ သုဘာ ဘိက္ခုနီမကလေးကို သိကြားမင်းကမြင်တဲ့အခါလွန်စွာကြည်ညိုလှသဖြင့် နတ် ပရိသတ် အပေါင်းနှင့် တကွ ဆင်းသက်လာပြီး သုဘာ ဘိက္ခုနီမကလေးကို အကြိမ်ကြိမ် ရှိခိုးလေသတည်း။

**တံ သဂ္ဂေ ဒေဝသံဃေန၊**
**ဥပသင်္ကမ္မ ဇုန္တိယာ။**
**နမဿတိ ဘူတပတိ၊**
**သုတံ ကမ္မာရဓီတရံ။**

ဘူတပတိ၊ မပြတ်သမ္မာ ဒြမ်သာသမို့ နတ်တကာတို့၏ အရှင်ဖြစ်သော။သဂ္ဂေ၊အဖျားသနင်း အများလင်းတဲ့သိကြား မင်းကြီးသည်။ ဒေဝသံဃေန။ မပြတ်သောင်းတောင်း၊ အမြတ် ကြောင်းမို့ နတ်အပေါင်းနှင့်တကွ။ ဇုန္တိယာ၊ ဒြမ်မညှိုး မပြတ် ဖြိုးတဲ့ နတ်တန်ခိုးဖြင့်။ ဥပသင်္ကမ္မ၊ အမြတ်သနင်း ဒြမ်လင်းသူမို့ ကပ်ချဉ်း ဝင်ရောက်၍။ကမ္မာရဓီတရံ၊ ဝေဝေထိန်ထိန်အသရေ မမှိန်တဲ့ ရွှေပန်းထိမ်သည်၏ သမီး ဖြစ်သော။ တံသုဘံ၊ ထို ယခု အခါ၊ရှုစရာမို့ သုဘာ ဘိက္ခုနီမကလေးကို။ နမဿတိ၊ အထူး မြိန်မြိန် နဖူးနှိမ်၍ အကြိမ်ကြိမ် ရှိခိုးလေသတည်း။

**သာသန ဒါယဇ္ဇ ဒေသနာ ရဟန်းခံ ရှင်ပြုတရားနှင့်**
**သုဘာ ဘိက္ခုနီမကလေး ဝတ္ထု ပြီး၏။**

စာအုပ်အလှူ၊ စာရေး-စာဘတ်-စာသင် စာချ
တရားဟော တရားနာ စသော တရားနှင့်
ပတ်သက်သမျှ အားလုံး စပ်ဆိုင်သော

## ဓမ္မ ဒါန ကထာ

သဗ္ဗဒါနံ ဓမ္မဒါနံ၊
သဗ္ဗရသံ ဓမ္မရသံ။
သဗ္ဗရတိံ ဓမ္မရတိ၊
ဇိနာတိ တိ ဇိနော ဖြဝိ။

ဓမ္မဒါနံ၊ အဖျား လူလူ မမှား ဖြူတဲ့ တရားအလှူ ဓမ္မဒါန သည်။ သဗ္ဗဒါနံ၊ ခပ်သိမ်း ကျုံးချုံ ဆုံးမကုန်အောင် အလုံးစုံသော ဒါနကို။ ဇိနာတိ၊ အရာရာမွန် သမ္ဘာချွန်သမို့သာလွန် အောင်နိုင်လေ၏။ ဓမ္မရသံ၊ မမှားအဝဝ မခြားပြတဲ့ တရားအရသာသည်။သဗ္ဗရသံ။အဆတရာမကပါဘူး အရသာ ဟူသမျှကို။ ဇိနာတိ၊ မနွမ်းမညှိုး ဆန်းတခိုးနှင့် လွှမ်းမိုး အောင်နိုင်လေ၏။ ဓမ္မရတိ၊ မမှားသဖြင့်အများ ချင့်ပြီး တရားနှင့် မွေ့လျော် ခြင်းသည်၊ သဗ္ဗရတိံ၊အကျော် သခင်မင်း ပေါ်ထင်လင်းပြီး ပျော်ရွှင်ခြင်း ဟူသမျှကို။ ဇိနာတိ၊ အချွန်ဒြပ် အမွန်မှတ်ပါတော့ လွန်မြတ် အောင်နိုင်လေ၏။ ဣတိ၊ အမည်မချို့ပင် ဤသို့လျှင်။ ဇိနော၊အလျှံကြွားကြွားမာရ်ငါးပါးကို ထွားထွား အောင်မြင် ဘုရားရှင်သည်။အဖြဝိ၊သာယာစိမ့်ယို ဆိမ့်ဆိမ့်ချိုအောင် မိန့်ဆိုဟောကြားတော်မူလေပြီ။

အလှူဒါန ဟူသမျှတွင် တရားအလှူဟူသော ဓမ္မဒါနဟာ အသာဆုံး-အမြတ်ဆုံးတဲ့။ အရသာ ဟူသမျှတွင်လဲ တရားအရ

သာဟာ အသာဆုံး-အမြတ်ဆုံးဘဲတဲ့။ အပျော်အရွှင် ဟူသမျှ တွင်လဲ တရားနှင့် ပျော်တာဟာ အသာဆုံး-အမြတ်ဆုံးဘဲတဲ့။ တရားအလှူဟာ အလှူတကာထက် ဘယ်အတွက် အမြတ်ဆုံး ဖြစ်ပါသလဲ ဆိုတော့ သင်္ကန်းအလှူ ကျောင်းအလှူ စတဲ့ အလှူ တွေကို တရားမနာရလျှင် အကျိုးကို မသိတာနှင့် လှူဖြစ်မှာ မဟုတ်ဘူး။ တရားနာရလို့ တရားစာအုပ် ဖတ်ရလို့ နတ်ပြည် ရောက်သည်- နိဗ္ဗာန်ရောက်သည် စသော အကျိုး သိရလို့သာ ဆွမ်းကျွေးဖြစ်တယ်၊ ကျောင်းဆောက်ဖြစ်တယ်။အခြား အလှူ တွေကို လှူတာဟာ တရား နာရတာက အရင်းခံဖြစ်သဖြင့် တရားဟောရ တရားစာအုပ် လှူရ တရားစာအုပ် ရေးရတဲ့ တရား အလှူ ဓမ္မဒါနဟာ အမြတ်ဆုံးဖြစ်ပါတယ်တဲ့။ ဟင်းအရ သာ ထမင်းအရသာ စသော အရသာတွေဟာလဲ သံသရာမှ လွတ်ကြောင်း မဟုတ်ဘူး၊ တရား အရသာသည် သာလျှင် သံသရာဝဋ်ဒုက္ခမှ မုချလွတ်ကြောင်း ဖြစ်သဖြင့် တရား အရ သာဟာ အမြတ်ဆုံးဖြစ်တယ်။

သားနှင့် ပျော်ခြင်း သမီးနှင့် ပျော်ခြင်း လင်နှင့်-မယားနှင့် ရွှေနှင့် ငွေနှင့် ပွဲလမ်းသဘင်နှင့် ပျော်ရွှင်ခြင်း ဟူသမျှတွေဟာ လဲ သံသရာမှ လွတ်ကြောင်း မဟုတ်ဘူး။ တရားနှင့် ပျော်ခြင်း သည်သာလျှင် သံသရာမှ လွတ်ကြောင်း ဖြစ်သဖြင့် အမြတ်ဆုံး ဖြစ်တယ်။

အဲသည်လို တရားအလှူ-ဓမ္မဒါနဟာ အသာဆုံး အမြတ် ဆုံး ဖြစ်သဖြင့် တရားအလှူများ ကြိုးစား၍ လှူကြရမယ်နော်၊ တရားအလှူကို လှူတယ်ဆိုတာ တရားစာအုပ်ကို လှူခြင်း၊ ပိဋကတ် ၃-ပုံ ပူဇော်ခြင်း၊ တရားဟောခြင်း၊ ကျမ်းဂန်စာအုပ် ရေးထုတ်ခြင်း၊တတ်သမျှ သိသမျှဆုံးမသွန်သင်ခြင်း စသည်ဖြင့် ကောင်းသော စေတနာနှင့် သူများကို ပညာတိုးကြောင်း၊ တရား ပြည့်ဝကြောင်း၊ တတ်သိလိမ္မာရှိကြောင်း အမှုတွေကို

ပြုလုပ်ခြင်း အမှုတွေဟာ တရားအလှူ ဓမ္မဒါနထဲသို့ ပါဝင်နိုင်တာချည်း ပါပဲနော်။ အလှူတကာတို့ထက် အမြတ်ဆုံး အလှူကြီး ဖြစ်ပါလျက် အချို့သူများဟာ ကျောင်းဒကာ ဘုရားဒကာကြီး လုပ်နေပြီး စာအုပ်အလှူကို လှူရမှန်း မသိကြဘူး။ ပိဋကတ် ၃-ပုံ မပူဇော်ဘူးဘူး၊ အချို့က အလှူနုတ်ကလေး တောင် မှတ်နေကြသေး ထင်ပါရဲ့။ အလှူနုတ် မဟုတ်ဘဲ့ အကြောင်း ကျောင်းဒကာ ဘုရားဒကာကြီးတွေထက် စာအုပ်ဒကာ ပိဋကတ် ၃-ပုံ ဒကာက မြတ်တဲ့အကြောင်း တရားအလှူ ဓမ္မဒါနဟာ အမြတ်ဆုံးဖြစ်တဲ့ အကြောင်း ကျမ်းဂန်ပါဠိ အကိုးအကားနှင့် ပြနိုင်ပါတယ်။ အကိုးအကားဆို တခြားကို ရှာမနေရပါဘူး၊ ယခင် တရားချီး သင်္ဂဟရစနာ ဂါထာ၏ မိရာဖြစ်တဲ့ ''သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ''ဆိုတဲ့ ဓမ္မပဒပါဠိတော်ကို ကိုးရုံပါဘဲ။

ဘုရားရှင် ပရိနိဗ္ဗာန် စံခါနီးအခါ ငါဘုရား မရှိသည့်နောက် ဓမ္မက္ခန္ဓာ—ရှစ်သောင်း လေးထောင်တို့သည် ငါဘုရား၏ ကိုယ်စား ဆုံးမသွန်သင် ရစ်ကြလိမ့်မယ်လို့ ရှင်အာနန္ဒာအား ဟောကြားတော်မူတဲ့ ပရိနိဗ္ဗာနသုတ် ပါဠိတော် အတိုင်း ဓမ္မက္ခန္ဓာ တပါး တပါးလျှင်-ဘုရားတဆူ တဆူဘဲနော်။ ဒါကြောင့်မို့ ရှေးလူကြီးများမှ စ၍ ပညာရှိများဟာ အက္ခရာ တလုံး တလုံးလျှင် ဘုရားတဆူ ကဆူနှင့် အတူတူဘဲ ဆိုပြီး စာပေ ကျမ်းဂန်များ အက္ခရာ စာလုံးများကို များစွာ ရိုသေလေးစားကြတယ်။ မရိုမသေ မထေလေးစား မလုပ်ဝံ့ကြဘူး။

(အက္ခရာ ဧကမေကဉ္စ၊ ဗုဒ္ဓရူပသမံ သိယာ)လို့တောင် ရှေးလူကြီးများက ဂါထာ စီကုံး ထားသေးတာကိုး။ အဲသည်တော့ စာအုပ်လှူတဲ့ ဒါယကာဟာ ဓမ္မစေတီ ဒါယကာ, ဘုရားဒါယကာ အစစ်ကြီးဘဲ၊ ဘုရားတည်တဲ့ ဘုရားဒါယကာမှာ ၁-ဆူ ၂-ဆူ လောက်သာ တည်နိုင်လိမ့်မယ်။ စာအုပ်ဒကာကတော့

ဓမ္မက္ခန္ဓာတွေ များစွာပါသဖြင့် ဘုရားဆုရေတွေ များစွာပူဇော်နိုင်တဲ့ ဘုရားပေါင်းမြောက်မြားစွာတည်နိုင်တဲ့ (ဘုရားများစွာဒါယကာကြီး) လို့ ဆိုနိုင်တယ်။ ဒါကြောင့်မို့ စာအုပ်များကို များစွာ ရှိသေကြဲနော်၊ အမြတ်ဆုံး အလှူကြီးမို့ ကြိုးစား၍လဲ လှူကြ။

လယ်တီ ဆရာတော် ဘုရားကြီးများဟာ စာအုပ်များကို များစွာ မြတ်နိုးလေ့ရှိပြီး ဘုရားကို ပန်း၊ ပူဇော်သလို စာအုပ်ကိုလဲ အပေါ်မှာ ပန်းတွေပုံပုံပြီး ပူဇော်လေ့ရှိသတဲ့။ စာအုပ်အလှူသာ ခဟုတ်သေးဘူး၊ တရားနှင့် ပတ်သက်သမျှ ဓမ္မဒါနမျိုးချည်း ဖြစ်သဖြင့် အမြတ်ဆုံးဖြစ်တဲ့ တရားအလှူ ဓမ္မဒါနကြီးကို များများကြီး ဆည်းပူးကြရမယ်။

အောက်က ရဟန်းခံရှင်ပြု သာသနာ့အမွေခံ တရားမှာ ဟောကြားပြဆိုခဲ့တဲ့ အမွေခံပုံ ၂-မျိုးတို့တွင် တမျိုးကိုတော့ အောက်ကပြခဲ့ပြီနော်။ကျန်တဲ့အမွေခံတမျိုးကို ဓမ္မဒါနအရာနှင့် လျော်စွာ ပတ်သက်သဖြင့် မူလပဏ္ဏာသ ဓမ္မဒါယာဒသုတ်၌ လာသည့်အတိုင်း ပြဆိုလိုက်အုံးစို့ရဲ့။

ဓမ္မအမွေ- အာမိသအမွေလို့ ၂- မျိုး ရှိရာတွင် အာမိသအမွေကို မခံရစ်ကြနှင့်၊ ဓမ္မ အမွေကိုသာ ခံရစ်ကြရမယ်-လို့ ဘုရားရှင်က မူလပဏ္ဏာသ ဓမ္မာဒါယာဒသုတ်မှာ မိန့်မှာ ဟောကြားတော်မူခဲ့တယ်။

**ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊ မာ အာမိသဒါယာဒါ။**

ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ မေ၊ သင်တို့ ထိပ်ထား ငါဘုရား၏။ ဓမ္မဒါယာဒါ၊ မမှားကေန် တရားအမွေခံတို့သည်။ ဘဝထ၊ ကေန်မုချ ဖြစ်ကြကုန်လော့။ အာမိသ ဒါယာဒါ၊ ပစ္စည်း ၄-ပါး အာမိသ အမွေခံများသည်။ မာ ဘဝထ၊ အမှန်မုချ မဖြစ်ကြကုန်လင့်။

ဓမ္မအမွေဆိုတာ- သီလအမွေ၊ သမာဓိအမွေ၊ ပညာအမွေ၊ ပရိယတ်-ပဋိပတ် ဈာန်မဂ်ဖိုလ် နိဗ္ဗာန်ဆိုတဲ့ တရားအမွေတွေ ပေါ့လေ။ အဲသည့်ဓမ္မအမွေတွေကို ခံယူပြီး သီလရှိအောင် သမာဓိ ပြည့်အောင် ပညာထိအောင် ကြိုးစားရမယ်၊ ဈာန်မဂ် ဖိုလ်တရားကို ရရှိအောင် အားထုတ်ရမယ်တဲ့။

သက်နိုး ဆွမ်း ကျောင်း ဆေး ပစ္စည်း၄-ပါးလဲ ဘုရားရှင်ခွင့် ပြုတော်မူသော အမွေဖြစ်၍ ဘုရား အမွေတော်ပါပဲ။ သို့သော် လဲ အမွေအမြတ် မဟုတ်ပါဘူး၊ မတတ်သာ မလွဲသာ မရှိရင် မဖြစ်လို့သာ ခွင့်ပြုရတဲ့ အမွေတွေ-ဖြစ်တယ် လိုရင်းမဟုတ်ဘူး။ မဂ်တရား ဖိုလ်တရား ဓမ္မအမွေတော်များကသာ လိုရင်း ဖြစ် တယ်။ မြင့်မြတ်တဲ့ အမွေတော်ဖြစ်တယ်။ ဒါကြောင့်မို့ ဓမ္မအမွေ ကိုသာ ခံယူရမယ်လို့ ဟောတော်မူခြင်း ဖြစ်တယ်တဲ့။

ဤအမွေခံပုံကတော့ သာသနာဘောင်သို့ဝင်၍ ရဟန်းသာ မဏေများ ကိုယ်တိုင် ခံယူတဲ့အမွေခံပုံကိုး။ အောက်က အမွေခံ တရားကတော့ ရဟန်းဒကာ ရဟန်းအမများ ခံယူတဲ့ အမွေ ခံပုံနော်။

မင်းစိုးရာဇာ အစရှိသော သူတို့၏ ကိုးကွယ်ခြင်းကို ခံပြီး အာမိသ အမွေကို ကြာရှည်စွာ ခံယူခဲ့ဘူးလှပြီ၊ ဘုရားရှင် ကတော့ ဓမ္မအမွေကိုမှ နှစ်သက်တော်မူသတဲ့။

**စိရ မာမိသဒါယာဒါ၊**
**ရာဇ ပူဇာဒိ ဂါဟိနော။**
**ဒါယာမိသဂ္ဂဟံ နိန္ဒိ၊**
**သဒ္ဓမ္မဂရုကော ဇိနော။**

ရာဇပူဇာဒိဂါဟိနော။ သီတင်းသူကျော် လင်းယူမြော်၍ မင်းပူဇော်ခြင်း စသည်ကို ခံယူကုန်လျက်။ စိရံ၊ အခါ အခွင့် အရာရာချင့်လိုက်တော့ ကြာမြင့်လှစွာ။ အာမိသဒါယာဒါ။

ဓမ္မာ မကြည့် ကွာသတိနှင့် အာမိသ အမွေကို ခံယူကုန်သည်။ အဟုမ္မ၊ မသစ်သနဲ့ အပြစ်ဖွဲ့လိုမို့ ဖြစ်ခဲ့လေကုန်ပြီ၊ သဒ္ဓမ္မဂရုကော။ မမှားမချော် အများကျော်သမို့ တရားတော်ကို အလေးပြုတော် မူသော။ ဇိနေ၊ တရားအမှန် များ အလျှံနှင့် ငါးမာရ်အောင်မြင် ဘုရားရှင်သည်။ ဒါယာမိသဂ္ဂဟံ၊ ဓမ္မာ မကြည့် ဘာမသိတဲ့ အာမိသအမွေကို ခံယူခြင်းကို။ နိန္ဒိ၊ ထိုထိုမလျော်ပိုသနေ်မို့ အလိုတော် မရှိလေ။

ငါတို့မှာ ဘုရားသားတော် အရင်းအချာတွေ ဖြစ်ပါလျက် ခမည်းတော် မြတ်စွာဘုရားသည် လေးသင်္ချေနှင့်ကမ္ဘာတသိန်း ကာလပတ်လုံးအပန်းတကြီးရှာမှီးစုဆောင်းတော်မူခဲ့တဲ့ တရားအမွေတော်ကြီးကို လွှဲချော်ကာ မခံယူပါလျှင် လွန်စွာဝမ်းနည်းဘို့ ကောင်းတာဘဲတဲ့။

**လက္ခ ကပ္ပ စတုသင်္ချေ၊**
**ကာလံ ဝိစိတ နိစ္စိတံ။**
**ဓမ္မဒါယံ န ဝိန္ဒမှာ၊**
**ဗုဒ္ဓ ပုတ္တာပိ ယေ မယံ။**

ယေ မယံ၊ ပြင်လျာမို့မို့ အင်္ဂါမချို့တဲ့ အကြင်ငါတို့သည်။ ဗုဒ္ဓ ပုတ္တာပိ၊ မမှားမချော် တရားပျော်တဲ့ ဘုရားသားတော် ဖြစ်ပါကုန်လျက်လည်း။ လက္ခ ကပ္ပ စတုသင်္ချ ကာလံ၊ ရှေးယခင်ပဝေ ဘေးအစဉ်ပွေတဲ့ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး။ဝိစိတနိစ္စိတံ၊ အပန်းတကြီး လွမ်းမငြီးအောင် ရှာမှီးစုဆောင်း တော်မူအပ်သော။ဓမ္မဒါယံ၊မမှားအခြေ ခြားအသရေနှင့် တရား အမွေတော်ကြီးကို။န ဝိန္ဒမှာ၊ ဓမ္မမဓိ အစစ ကြည့်လိုက်တော့ မရမရှိကြလေကုန်။

ဘုရား ပေးတော်မူတဲ့ တရားအမွေကို မခံယူဘဲ အာမိသအမွေကိုသာ ခံယူ၍ နေပါလျှင် ဘုရား သားတော်စင်စစ် မ

ဟုတ်ပေဘူး။ လောကမှာ သားသ္မီးများကသာ မိဘအမွေကို ခံယူရတယ်။ ကျေးကျွန်များကတော့ စားရုံသောက်ရုံဘဲ။ ထို့အတူ စားရုံသောက်ရုံ ပစ္စည်းလေးပါး လာဘ်လာဘ ကလေးများနှင့် တင်းတိမ်၍ နေပါလျှင် ကျွန်အရာသို့ သွင်းရလိမ့်မယ်။ အမွေခံရတဲ့ သားသ္မီး မမှန်ပေဘူး။

**ဗုဒ္ဓဝါရိတ ဒါယာဒါ၊**
**သဒ္ဓမ္မဒါယ ဗာဟိရာ။**
**ပုတ္တာပိ သတ္ထု ဒါသာဘာ၊**
**ဘုတ္တမတ္တာ ဟိ ဒါသကာ။**

ဗုဒ္ဓဝါရိတ ဒါယာဒါ၊အဖျားမမွှရာဇ် ဘုရား မြစ်အပ်သည့် ပစ္စည်းလေးပါး အာမိသ အမွေများကို ခံယူကုန်လျက်။ သဒ္ဓမ္မဒါယဗာဟိရာ၊ မမှားအခြေ တရားအမွေမှ မသွေအပ ဖြစ်ကုန်ငြားအံ့။သတ္ထု၊အဖျားသခင် ဘုရားရှင်၏။ ပုတ္တာပိ၊ မမှားမချော် တရားပျော်တဲ့ သားတော် ဖြစ်ပါကုန်လျက်လည်း။ဒါသာဘာ၊ မမွှန်တကယ် အလွှန်ငယ်တဲ့ ကျွန်သဖွယ် ဖြစ်လေကုန်၏။ ဟိ-သစ္စံ၊ ထိုစကားသည် မမှားစေနိ မသွေမှန်၏။ ဘုတ္တမတ္တာ၊ အမွေမရ ခြေမလှဘဲ စစခြားနံ့ စားသောက်ရုံမျှသော သူတို့သည်။ ဒါသကာ၊ အရေးမမွှန် သွေးမချွန်ဘဲ ကျေးကျွန်သာ မည်လေကုန်၏။

မြတ်စွာဘုရားက သားတော် ရာဟုလာကို အမွေတော် ပေး သကဲ့သို့၊ ငါတို့အားလဲ ပေးသနားတော်မူခဲ့တာဘဲ။ငါတို့ ကသာ မေ့လျော့ပေါ့ဖျင်း၍ နေပါသဖြင့် အမျိုးစဉ်လာ ဖြစ်တဲ့ ဓမ္မအမွေကို မရမရှိဘဲ နေကြတယ်။

**ဘဒ္ဒန္တ ရာဟုလဿေဝ၊**
**ဒါယံ နော ပိ အဒါ ဇိနော။**
**နာဒိယိမှာ ပမာဒါယ၊**
**တံဒါယံ ကုလသန္တကံ။**

ဇိနေ၁၊ အမျှားသခင် ဘုရားရှင်သည်။ ဘဒ္ဒန္တ၊ ရာဟုလသဲ၊ ပြဘာက်ရာအတု သွင်ပမာ ရှုလောက်တဲ့ အရှင်ရာဟုလာမထေရ် အား။ဒါယံ၊ အသရေကျော် အမွေတော်ကို။ အဒါဋ၀၊ မနှေး အလျော် အရေးမြှော်ပြီး ပေးတော်မူသကဲ့သို့။ နေ၁ပိ၊ သမ္မာ မချို့ သ၁မညို့တဲ့ ငါတို့အားလည်း။အဒါ၊လေးလေးစားစား အရေးထားပြီး ပေးသနားတော် မူခဲ့လေပြီ။ပမာဒါယ၊ တရား မင္ဂေ့ အမှားလှေ့ဖြင့်မေ့လျော့ပေါ့ဖျင်းလေသောကြောင့်။ကုလ သန္တကံ၊ မညှိုးမယုတ်ပါ အမျိုးဥစ္စာဖြစ်သော။ တံဒါယံ၊ ထို မမှားအခြေ ခြားအသရေနှင့် တရားအမွေတော်ကြီးကို။ နာဒိ ယိမှာ၊ ဓမ္မမဖြူ အစစပူရန်ဘို့ မရမယူမိလေကုန်။

ဒွန်းစဏ္ဍားရဲ့သားများသည် စကြာမင်း၏ အမွေဖြစ်တဲ့ ထီး နန်း စည်းစိမ်ကြီးကို ငါအမွေရမှာဘဲ လို့ မြှော်လင့် လိမ့်မယ် မဟုတ်ဘူး။ သူ့ဘခင်၏ သူတောင်းစားခွက်ကိုသာ အမွေရဘို့ မြှော်လင့်ချက် ထားလိမ့်မယ်။ စကြာမင်း၏ သားမှ သ၁လျှင် သူ့ဘခင် အမွေဖြစ်တဲ့ မင်းစည်းစိမ်ကြီးကို မြှော်လင့် ပေလိမ့် မယ်။ ထိုနည်းအတူ ဘုရားသားတော်ဖြစ်ပါလျက် ဘုရားသခင် ၏ တရား အမွေတော်ကို မြှော်လင့်ချက် ထား၍ ရရှိအောင် အားမထုတ်ပါလျှင် ဘုရားသားမဟုတ် ကြပြီး ဒွန်းစဏ္ဍားသား တမျှကဲ့သို့ အောက်ကျ နောက်ကျ ဖြစ်ပါလိမ့်မယ်။ စကြာမင်း ကြီး၏ သားရတနာကဲ့သို့ တရားစကြာ မင်းကြီး၏ အမွေတော် ကို ရအောင် အာသီသ နာနာထားပါ။ များများကြီး ကြိုးစား အားထုတ်ပါတဲ့။

ရဇ္ဇေ စဏ္ဍာလ ပုတ္တာ၀၊
သဒ္ဓမ္မ စက္က၀တ္တိနော။
ပုတ္တာ ဟောန္တာပိ ဒါယေသွိံ၊
နိရာသာ တိ၀နိန္ဒိတာ။

စဏ္ဍာလပုတ္တာ၊ နွမ်းနွမ်းပါးပါး စွမ်းမအားတဲ့ ဒွန်းစဏ္ဍား၏ သားတို့သည်။ ရဇ္ဇော၊ ညီးညီးထိန်ထိန် ကြီးအရှိန်နှင့် စည်းစိမ်ဝင်းသစ် မင်းအဖြစ်၌။ နိရာသာဒ ဝ၊မလျော်သဖြင့် ချော်အခွင့်နှင့် မမြော်လင့်ကြကုန်သကဲ့သို့။ သဒ္ဓမ္မစက္ကဝတ္တိနော၊ ခြားလျက်သမ္ဘာအများထက်သာသည့် တရားစကြာ မင်းကြီး၏။ ပုတ္တာဟောန္တာပ်၊ မမှားမချော် တရားပျော်တဲ့ သားတော်ဖြစ်ပါကုန်လျက်လည်း။ အသ္မိံဒါယော၊ ထိုခြားလေသာနော် များအသရေကျော်တဲ့ တရားအမွေတော်၌။ နိရာသာ၊ ရယူဘို့ရန် သို့မကြံဘဲအမှန်မြော်လင့်ချက် မထားကုန်သည်ရှိသော်။ အတီဝ၊ မချွန်သဘဲ မလွန်လှဲပြီးမို့ အလွန်အကဲသာလျှင်။ နိန္ဒိတာ၊ အလွန် နုတ်စွ အယုတ်ဘဝရယ်လို့ ရှုတ်ချ ကဲ့ရဲ့အပ်ပေသတည်း။

အဲဒါကြောင့်မို့ ဓမ္မအမွေတော် ပျော်ပျော်ကြီး ခံယူလျက်သီလ သမာဓိ ပညာရေး ဈာန်မဂ်ဖိုလ် တရားများကို ထင်ရှားမုချ လက်ကိုင် ရရှိကြအောင် လုံ့လ ဝီရိယတရားဖြင့် ကြိုးစားအားထုတ်ကြရမယ်။ ရှေးကတော့ လောက်လောက်လားလားယောကျ်ားသားကြီးတွေကို မဆိုထားနှင့်၊ အမျိုးသမီးကလေးများတောင် တရားအမွေ ရအောင် အားထုတ်လေ့ ရှိကြတာကလား။ ကဲ-ကဲ-အားကျဘို့ ကောင်းလှတဲ့ အမျိုးသမီးကလေးဝတ္ထုကို သက်သေပြ၍ ဟောကြဦးစို့။

# သူဌေးသမီး အနုကာသိ ဝတ္ထု

ကဿပဘုရား လက်ထက်တော်အခါက ဘိက္ခုနီမကလေးတပါးဟာ အလွန်တရာ အကျင့် သီလ စင်ကြယ်တယ်။ ပါတိမောက္ခသံဝရ သီလ၊ ဣန္ဒြိယသံဝရ သီလ၊ ပစ္စယသန္နိဿိတ သီလ၊ အာဇီဝ ပါရိသုဒ္ဓိ သီလဆိုတဲ့ ၄-ပါးသော စတုပါရိသုဒ္ဓိ သီလ များကို မကျိုးမပေါက် မပြောက် မကျား ရအောင် ကောင်းမွန်စွာ ထိန်းသိမ်း စောင့်ရှောက် သတဲ့။ အာပတ်လဲ မသင့်၊ ဣန္ဒြေသိက္ခာလဲ အလွန်ရှိ၊ ပစ္စည်း ၄ ·ပါးများကိုလဲ ပစ္စဝေက္ခဏာ ဆင်ခြင်ပြီးမှ သုံးဆောင်ပြီး ကုလဒူသန အနေသန အမှုကို ဘယ်တော့မှ မပြုဘဲ မစင်ကြယ်တဲ့ ပစ္စည်းကိုလဲ ဘယ်တော့မှ မသုံးဆောင်ဘူးတဲ့။ အစားအသောက်များကို အလွန်အကြူး မစားဘဲ အတိုင်းအရှည် ပမာဏကို သိတတ်တဲ့ ဘောဇနမတ္တညုဂုဏ်နှင့်လဲ ပြည့်စုံတယ်။ ဝီရိယ လုံ့လလဲ အလွန်ရှိပြီး ထကြွ နိုးကြားတဲ့ ဇာဂရိယာနုယောဂ ဂုဏ်နှင့်လဲ ပြည့်စုံတယ်။ သမထ ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းတို့ကို ကြိုးပမ်းအားထုတ် မယုတ်လုံ့လ ဝီရိယ ဖြင့် နေ့ ည မပြတ် စီးဖြန်းတဲ့ ကမ္မဋ္ဌာနာနုယောဂ ဂုဏ်နှင့်လဲ ပြည့်စုံတယ်။ ရဟန်းမိန်းမတို့၏ ကျင့်ဝတ် သိက္ခာပုဒ်ကို တခုမှ မကျိုးမပေါက်စေရဘဲ ခုတင် ပဋိပတ်ကို ဆောက်တည်လျက် မပျက်သောဝီရိယဖြင့် နေ့ညမပြတ် အားထုတ်တယ်တဲ့။

(အပဒါန် ပါဠိတော်များ)

ဣမမှိ ဘဒ္ဒကေ ကပ္ပေ၊
ဗြဟ္မဗန္ဓု မဟာယသော။
ကဿပေါနာမ နာမေန၊
ဥပ္ပဇ္ဇိ ဝဒတံ ဝရော။

ဇာမဂ္ဂိ ဘဒ္ဒကေ ကပ္ပေ၊ ဤဒမ္ဗူသမ္ဘာ မြတ်လှစွာသည့် ဘဒ္ဒကမ္ဘာအတွင်း၌။ မြဲဖွဲ့မဉ္ဇူ၊ အစုံကြွားကြွား တဂုဏ် ခြားပြီး ပုလ္လဲကြား အမျိုး၌ ဖြစ်တော်မူသော။ မဟာယသော၊ တရားသဘော မမှားဟောလိုမို့ များသော အခြံအရံရှိသော။ ဝဒတံ။ မခြားသဘော များမနှောဘဲ တရားဟော ပုဂ္ဂိုလ်တို့ထက်။ ဝရော၊ ဒြဗ်အမော် မပြတ်ကျော်ပြီး မြတ်တော် မူပေထသော။ နာမေန၊ မဂ္ဂိသနော် အရှည်ကျော်တဲ့ အမည်တော် အားဖြင့်။ ကဿပေါနာမ၊ အမြတ်ပဝရ ကဿပဟု နာမထင်ရှား အစဉ်ကျော်တဲ့ ရှင်တော် ဘုရားသည်။ ဥပ္ပဇ္ဇိ၊ သစ်သစ် ကြွားကြွား တခေတ်အားဖြင့် ဖြစ်ပွား ပွင့်ထွန်းတော်မူလေပြီ။

**တဒါဟံ ပဗ္ဗဇိတွာန၊**
**တဿ ဗုဒ္ဓဿ သာသနေ။**
**သံဝုတာ ပါတိမောက္ခမှိ၊**
**ဣန္ဒြိယေသု စ ပဉ္စသု။**

တဒါ၊ ထိုအမြတ်ပဝရ ဒြဗ်ကြွတဲ့ ကဿပဘုရား လက်ထက်တော်အခါ၌။ အဟံ၊ အချွန်သမုတ် အကျွန်ုပ်သည်။ တဿ ဗုဒ္ဓဿ၊ ထိုအမြတ်ကြွကြွ ဒြဗ်လှတဲ့ ကဿပမြတ်စွာဘုရား၏။ သာသနေ၊ အရာရာမော် သမ္ဘာကျော်တဲ့ သာသနာတော် အတွင်း၌။ ပဗ္ဗဇိတွာန၊ မနွမ်းမယိမ်း ကမ္ဗဋ္ဌာန်းထိန်းတဲ့ ရဟန်း မိန်းမပြုလုပ်၍။ ပါတိမောက္ခမှိ၊ သမ္ဘာပြည့်မောက် အရာရာ ကြည့်ဆောက်ပြီး ပါတိမောက် သိက္ခာပုဒ်၌၎င်း။ ပဉ္စသုဣန္ဒြိယေသုစ၊ ထိန်တဝေဝေ ရှိန်မပြေသည့် ဣန္ဒြေ ငါးပါးတို့၌၎င်း။ သံဝုတာ၊ အနည်းနည်း အကိန်းကိန်း မတိမ်းယိမ်း ရအောင် ထိန်းသိမ်းစောင့်ရှောက် ခဲ့ပေသတည်း။

အလွန်တရာ ချီးမွမ်းဘို့ ကောင်းတဲ့ ဘိက္ခုနီမ ကလေးဘဲနော်။ စစ်ကိုင်းတောင် မင်းကွန်းချောင် အစရှိတဲ့ သီလရှင်များ

ဟာ ဤဘိက္ခုနီမကလေးကို အတုခိုးဘို့ များစွာ ကောင်းပေ
တယ်။ အမျိုးသွီး မိန်းမသားလေး ဖြစ်ပါလျက် အကျင့် စခန်း
မှာ ယောကျ်ားကြီးများနှင့် ပခုံးထမ်း ယှဉ်လျက် ကောင်းမွန်
စွာ ကျင့်ကြံပြီး နေနိုင်တာဟာ များစွာ ချီးမွမ်းဘို့ အားကျဘို့
ကောင်းပေတာ့ဘဲ။

## ဘိက္ခုနီမ ကလေး၏ ဝစီကံ

သို့ပင် အကျင့် ကောင်းသော်လဲ ထိုဘိက္ခုနီမ ကလေးမှာ
မှားယွင်းတဲ့ အချက်တခု ရှိနေတယ်။ ဘယ်အချက်လဲ ဆိုတော့
တရံသောအခါ စိတ်ဆိုးတာနှင့် ထိုဘိက္ခုနီမကလေးက အာ
သဝေါ ကင်းကွာပြီး ရဟန္တာမ ဖြစ်တဲ့ အခြားဘိက္ခုနီမတပါး
ကို ပြည့်တန်းဆာမကြီးလို့ နှုတ်သီး ကောင်းကောင်းနှင့် ရန်
တွေ့မိသတဲ့။

ပုထုဇဉ်အဖြစ်များ တယ်ပြီး ကြောက်ဘို့ ကောင်းသနော်၊
စိတ်ကို မထိန်းနိုင်သေးတော့ စိတ်ထွက်တဲ့အခါ ပြောမိပြောရာ
လွှတ်ခနဲ ပြောလိုက်မိတာကိုး။ ရဟန္တာမကြီးကို ဆိုလို့ မတော်
ပါကလား၊ အပြစ်အင်မတန် ကြီးမှာပါကလားလို့ မစဉ်းစား
မိဘူးပေါ့။ မစဉ်းစားဘဲ လွှတ်ခနဲ ရန်တွေ့မိသည့် အတွက်
ဝိပါက်ကတော့ နေမှာမဟုတ်ပါဘူး၊ နောက်ဘဝမှာ လိုက်
ပြီး နှိပ်စက်လိမ့်မယ်။

နှုတ်သီးကောင်းတဲ့ သီလရှင်တွေ ဒကာမတွေ ကြပ်ကြပ်သတိ
ထားကြနော်။ စိတ်လိုက် မာန်ပါ လွှတ်ခနဲလွှတ်ခနဲ ရန်မတွေ့မိ
စေကြနဲ့။နောက်အခါကျတော့ ဝဋ်ခံနေရလိမ့်မယ်၊မိန်းမများ
စွာဟာ စကားက တတ်ပါဘိသနဲ့၊ပေါက်ပေါက်ရှာရှာအလွန်
ပြောတတ် ရန်တွေ့တတ်သတဲ့။ ကြပ်ကြပ် ရှောင်ကြဉ်ကြ။ ထို
ဘိက္ခုနီမကလေးမှာ အွမ်းဆန်ထဲ ကြွက်ချေးရော ဆိုသလို ထို
ဝစီကံ အပြစ်ကလေးက စင်ကြယ်တဲ့ သီလအကျင့်ထဲမှာ ရော

နှောနေတာပေါ့လေ။ အဲသည်ယို ထိုဘိက္ခုနီမကလေးသည် အကျင့်သီလ အလွန်တရာမှ စင်ကြယ်ပါသော်လည်း ရဟန္တာမကြီးကို ပြည့်တန်းဆာမလို့ ရန်တွေ့မိတဲ့ ဝစီကံက အင်မတန် အပြစ်လေးသဖြင့် သေလွန်တဲ့အခါ သီလ အကျင့်တွေလဲ မကယ်ဆယ်နိုင်တော့ဘဲ ငရဲသို့ကျရတယ်တဲ့။

သူ့အပြစ်ကြီးက အင်မတန်ကြီးနေတာကိုး၊သာမညလူများကို ရန်တွေ့မိရင်လဲ သည့်လောက် အပြစ်မကြီးဘူးပေါ့။ ယခုမတော့ ရဟန္တာမကြီးကို သွားပြီး ရန်တွေ့မိသဖြင့် သီလသိက္ခာ အကျင့်တွေတောင် မကယ်နိုင်တော့ဘဲ ငရဲသို့ သွားရတာကိုး။ နို့ပြီး ကုသိုလ်နှင့် အကုသိုလ်ဆိုတာ လက်သင့်ရာ စားတော်ခေါ် ဆိုသလို အလှဲသင့်ရာ အကျိုးပေးမြဲ ဖြစ်သည့်အတိုင်း ထိုဝစီကံ အပြစ်က အလှဲ ကျသွားသဖြင့် ငရဲကို ဆွဲသွားတာပေါ့။

မတ္တညူနိစ အာသနေ၊
ယုတ္တာ ဇာဂရိယေပိစ။
ဝသန္တိ ယုတ္တယောဂါဟံ၊
ဘိက္ခုနိ ဝိဂတာသဝံ။

အဟံ၊စိတ်တူညီညီ ဝိတ်ဖြူထည်နှင့် ဘိက္ခုနီ အကျွန်ုပ်သည်။ အာသနေ၊ မခြားတကယ် တအားရွယ်ပြီး စားဘွယ် သောက်ဘွယ် အသွယ်သွယ်၌။ မတ္တညူနိစ၊ မဆုတ်မဆိုင်း အဟုတ်ပိုင်းလို့မို့ အတိုင်းအရှည်ကိုလည်း သိပေ၏။ဇာဂရိယေပိ စ၊ မညှိုးဟရား လွန်တိုးပွါးပြီး နိုးကြားခြင်း၌လည်း။ ယုတ္တာ၊ အသွင်ပျော်လျှော် ဘဝင်မြတ်လို့မို့ ယှဉ်စပ်၍ နေပေ၏။ ယုတ္တယောဂါ၊ မနွမ်း မယုတ် ကမ္မဋ္ဌာန်းအလုပ်ကိုအားထုတ် နေထိုင်ပါလျက်။ ဝိဂတာသဝံ၊ အာသဝေါခန်းကာ လျှမ်းလျှမ်းဖြာပြီး ရဟန္တာမကြီး ဖြစ်၍ နေသော။ ဘိက္ခုနိံ၊ ဖိတ်ဖိတ်လူသည် စိတ်ဖြူကြည်တဲ့ ဘိက္ခုနီမ-တပါးကို။

**အဏ္ဏောသိ ဒုဋ္ဌစိတ္တာ ဟံ၊**
**ဂဏိကေ တိ ဘဏိ တဒါ။**
**တေန ပါပေန ကမ္မေန၊**
**နိရယမှိ အပစ္စိသံ။**

အဟံ၊ ဒေဝီအနွယ် ကေသီပယ်တဲ့ ထေရ်ရီမယ် အကျွန်ုပ်သည်။ တဒါ၊ထိုမြတ်စွာအဖျား ဒြဗ်လှလှခြားတဲ့ ကဿပဘုရား လက်ထက်တော်အခါ၌။ ဒုဋ္ဌစိတ္တာ၊ မှသစ်မကြွား အညစ်ပွါး ပြီး ပြစ်မှားစိတ်ဆိုးလျက်။ အဏ္ဏောသိ၊ အသဲအေးအေး ငရဲ ဆေးပါဘဲ ဆဲရေးခဲ့ဘူးလေပြီ။ ဂဏိကေတိ၊ အကြည့်မဟန်စွာ ပြည့်တန်းဆာကြီးဟူ၍။ဘဏိ၊မနော‌မချိုသဘောအိုနှင့် ပြော ဆိုရန်တွေ့ခဲ့ ဘူးလေပြီ။ ပါပေန၊ စုတ်စုတ်ချာချာ နုတ်နုတ်စွာ နှင့် ယုတ်မာလှစွာသော။ တေန ကမ္မေန၊ ထိုရန်တွေ့သည်မှန် မကြည်လျှံတဲ့ ဝစီကံ အကုသိုလ်ကြောင့်။ နိရယမှိ၊ အသဲနာနာ ငရဲရွာ၌။ အပစ္စိသံ၊ အသက်ပြန်ပြန် ပက်လက်လန်အောင် ကျက်ခံရလေသတည်း။

ယခု ဂေါတမဘုရား ပွင့်တော်မူတဲ့ အခါကျတော့ ငရဲပြည်မှ တက်လာပြီး ဗာရာဏသီ ပြည်မှာ သူဌေးသွီးကလေးလာပြီး ဖြစ်တယ်။ ရှေးဘဝ ရဟန်းမိန်းမဖြစ်စဉ် ကာလက သီလ သိက္ခာများကို မပေါက်ကြားရအောင် ကြိုးစား၍ ထိန်းသိမ်း ခဲ့တဲ့ ကုသိုလ်ကံကြောင့် ဤဘဝ သူဌေးသမီး ဖြစ်တဲ့အခါ ရုပ် ဆင်းအင်္ဂါ လွန်စွာလှပသတဲ့၊

မိုးပေါ်ကနတ်သွီးကလေးပမာ လူတကာတို့မျက်စိမှာကြည့် ၍ မငြီးနိုင်အောင် ရှိကြတယ်။ သူဌေးသွီးကလေးဟာ လှပါပေ တယ်၊ ချောပါပေတယ်၊ နုပါပေတယ်၊ ယဉ်ပါပေတယ်။ ယှဉ် စရာမရှိပါဘူး၊ ဘုံကြီးပြတ်တဲ့ နတ်သွီးကလေးလိုပါဘဲနှင့် လူ တကာတို့ နှုတ်ဖျားမှာ သူ့ ထက်ငါ ချီးမွမ်းနေကြတာပေါ့လေ။

သို့ကလို အလွန်လှပေမဲ့ ဝမ်းမြောက်ဘို့ မဟုတ်ပါဘူး၊ သူ့ အဆင်းနှင့်သူ အပူဒုက္ခ တွေ့ရအုံးမှာဘဲ၊လှရတဲ့အတွက် မသက် သာတဲ့ပြင် အင်မတန် ဝန်လေးတဲ့ အမှုကြီး တွေ့လေအုံးမယ်။

## ပြည့်တန်းဆာမ ဖြစ်ရသောအခန်း

အဲသည် သူဌေးသမီးကလေးဟာ အလွန်တရာ ချောသည့် လှသည့်အတွက် သူကလဲ လိုချင် ငါကလဲ လိုချင်နှင့် အင်မတန် ရန်သူများ၍ နေသတဲ့။မင်းသားတွေကလဲ သူ့ကိုယ်ပေးစားပါ၊ သူဌေးသားတွေကလဲ ငါ့ကို လက်ထပ်ပါနှင့် သူ့ထက်ငါ လု နေကြတာပေါ့လေ၊သူဌေးသမီး အချောအလှကလေးအတွက် နှင့် တယောက် တယောက် စစ်ဖက်ရတော့မလို ဖြစ်နေသတဲ့။ သည်လို အရေးနှင့် စပ်လာပလားဆို အလွန်တရာ ရန်ငြိုး ကြီးတတ်တယ် ဆိုကိုး။ မယားရေးကြောင့် ဓါးဘေးသင့်ဆိုသ လို လေးတင်ပွဲပြကာ သူ့ထက်ငါ စစ်ခင်းချင်တဲ့ အမှုကြီးဆိုဘဲ၊ တယောက်နှင့်တယောက် အညှံ့မခံချင်ကြဘဲ တဦးလက်သို့ ပါ သွားမှာကိုတဦးက အထူး နှမြောပြီး စွန့်လိုက်မယ်--ခဲလိုက်မယ် သတ်လိုက်မယ်-ဖြတ်လိုက်မယ်-ဆိုတဲ့ဇွဲဖြင့် အသဲအမဲကြီးတတ် သတဲ့။ ရှေး မင်းများဟာ သမီးကညာ အတွက်နှင့် စစ်ဘက် ကြတာတွေ ရန်စစ်ကြီး အကြီးအကျယ် ဖြစ်ကြတာတွေ များ စွာ ရှိပေတာကိုး။

အဲဒါကြောင့်မို့ ထိုသူဌေး သမီးကလေးကို သူ့ထက်ငါ လုကြသည့် အတွက် ဗရဗွက် ဆူပြီး ရန်ပွဲ စစ်ပွဲကြီး အကြီး အကျယ် ဖြစ်နေတာပေါ့။

သည်တော့ ပညာရှိကြီးများက ညှိနှိုင်း တိုင်ပင်ပြီး သည် မိန်းကလေးကို သည်အတိုင်းထားလို့ဖြင့် နေရာ မကျဘူး၊ တဦး ရသွားလျှင် တဦးကလိုက်ပြီး တိုက်ခိုက် လုယူ သွားလိမ့်မယ်၊ သူကလဲ နတ်သမီးတမျှ ပြိုင်ဘက်မရှိအောင် လှနေတော့ သူ့ကို

မရလျှင် ဘယ်သူမှ ကျေနပ်ကြမှာ မဟုတ်ဘူး။ သည်တော့ သူ့ကို တဦး တယောက်နှင့် ခေါင်းခေါက် ပေးစားလိုက်ပြီး တယောက်ထဲ ပိုင်ဆိုင်စေလို့ဖြင့် ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူး၊ သူ့ကိုမရတဲ့လူက မကျေမနပ် ဖြစ်ပြီးတိုက်ခိုက်သတ်ဖြတ်ကုန်တာနှင့် အကုန်လုံး သေကြေ ပျက်စီးပြီး ဒုက္ခကြီး ရောက်၍ ကုန်ကြလိမ့်မယ်။ အဲသည်တော့ အားလုံး ဆက်ဆံ သွားလာနိုင်တဲ့ ဘုံဘာဇက ပဉ္စည်းလုပ်၍ထားမှ နေရာကျမှာဘဲ၊ သူ့ကို ပြည့်တန်ဆာမ အရာပေးပြီး၊ပြည့်တန်ဆာမအလုပ်နိုင်းကြစို့ ရဲ့၊ ဒါမှ ပိုက်ဆံ ပေးနိုင်တဲ့လူ ဘယ်သူမဆို ပျော်ပါးစေပြီး အားလုံးနှင့် ဆက်ဆံ၍ ပျော်ပါးရန် ခွင့်ရသဖြင့် အများ ကျေနပ် ကြမည်၊ ရန်အေးဘို့ သည်နည်းဟာ အကောင်းဆုံးဘဲဟု အဲသည်လို တိုင်ပင်ကြပြီး ရာဇဂြိုဟ်ပြည်သို့မင်းကြီး အမိန့်တော်နှင့် ခေါ်ယူတယ်။

ခေါ်ယူပြီး ပြည့်တန်ဆာမ အရာကို အပ်နှင်း၍ ပြည့်တန်းဆာမ ပြုလုပ်စေတယ်တဲ့။ အဆင်းလှတဲ့ အတွက်လဲ ဒုက္ခကြီး တခုဘဲနော်။ မလှမပ အရုပ်ဆိုးတဲ့ မိန်းမ ဖြစ်လျှင် သည်လို ပြည့်တန်းဆာမ ဖြစ်မှဖြစ်ရမယ်။အခုတော့ ချောတာနှင့် လှတာနှင့် လင်ကောင်း သားကောင်း ကိုတော့ မရဘဲနှင့် ပြည့်တန်း ဆာမ သွားပြီး ဖြစ်ရတာကိုး။ သနားစရာ ဝမ်းနည်းစရာဘဲ၊

လှတဲ့အတွက် ပြည့်တန်းဆာမ ဖြစ်ရတယ်ဆိုပေမဲ့ ရှေးဘဝ က ရဟန္တာမကို ပြည့်တန်းဆာမ-လို့ ရန်တွေ့ခဲ့တဲ့ ဝိပါက်က လိုက်လာသဖြင့် အချော အလှလဲ ဖြစ်ရ၊ ပြည့်တန်းဆာမလဲ ဖြစ်ရတာကိုး။ ကံ၏ အကျိုးပေးဆိုတာ လွန်စွာ ဆန်းကြယ်သ ဖြင့် သည်လို ဖြစ်အောင် ကြံဖန်ကာ အကျိုးပေးပြီး ကြံကြံဖန် ဖန် ဖြစ်ရတာမျိုး ကလား။ သည် ဝိပါက်ကလဲ ငရဲကျရုံနှင့် မကုန်သေးဘူးနော်။ သည်ဘဝထိအောင် ကိုယ်တော်မြတ်က လိုက်လာသေးတယ်။ ဟယ်ပြီး ကြောက်ဘို့ ကောင်းတဲ့ ဝဋ်ကံ အပြစ်ကြီးဘဲ။

**တေန ကမ္ဗာဝသေသေန၊**
**အဇာယိံ ဂဏိကာကုလေ။**
**ဗဟုသောဝ ပရာဓိနာ၊**
**ပန္တိမာယ စ ဇာတိယံ။**

တေန ကမ္ဗာဝသေသေန၊ ထိုအသဲအေးအေး ငရဲဘေးဟု ဆဲရေးခဲ့သော ကံကြွင်းအားဖြင့်။ ပန္တိမာယ တရောက်မုန်းလစ် နောက်ဆုံးဖြစ်သော။ ဇာတိယံစ၊ အမှုမလှ ယခုဘဝ၌လည်း။ ဗဟုသောဝ ပရာဓိနာ၊မထောက် မထား လွန်မောက်ကြွား သည့်ယောက်ျား များစွာနှင့် စပ်ရှက်ရလျက်။ ဂဏိကာကုလေ၊ စုတ်စုတ်ချာချာ နုတ်နုတ်စွာမို့ ယုတ်မာသော ပြည့်တန်းဆာ အမျိုး၌။ အဇာယိံ၊ မသစ်မကြွား တခေတ်အားဖြင့် ဖြစ်ပွား ခဲ့ရလေပြီ။

**ကာသီသု သေဋ္ဌိကုလဇာ၊**
**ဖြဟ္မစာရီ ဗလေနဟံ။**
**အစ္ဆရာဝိယ ဒေဝေသု၊**
**အဟောသိံ ရူပသမ္ပဒါ**

အဟံ၊ အရှုး အနှမ်း မှုးကမန်းပင် ထူးဆန်းလှသော အ ကျွန်ုပ်သည်။ ဖြဟ္မစာရီဗလေန၊ ရဟန်းမိန်းမ ဇာတ်ဘဝဖြင့် မြတ်လှလျောက်ပတ် အကျင့်မြတ်ကို မပြတ် ကျင့်ခဲ့သော အစွမ်း ကြောင့်။ ကာသီသု၊ သမ္ဘာအရှိ အဖြာဖြာပြည့်ပါတဲ့ ကာသိ တိုင်းတို့၌။ သေဋ္ဌိကုလဇာ၊ ပေးတဲ့အကျိုး မနှေးဖြိုးတဲ့ သူဌေး မျိုး၌ ဖြစ်ရလေ၍။ဒေဝေသု။ ပတ်ပတ် လည်လည် ဒြဗ်စည်တဲ့ နတ်ပြည်တို့၌။ အစ္ဆရာဝိယ၊ နရဝတ်သီး လျှပ်လျှပ်ညီးတဲ့ နတ် သမီးကဲ့သို့၊ ရူပသမ္ပဒါ။ စင်မှုအသဝင်း ယှဉ်သူကင်းအောင် လင်းလင်းကြွကြွ အဆင်းလှသည်။ အဟောသိံ၊သစ်သစ်ကြွကြွ ခေတ်ဘဝရယ်နှင့် ဖြစ်ရပါပေပြီ။

ထိုပြည့်တန်းဆာသမ၏ အခငွေမှာ ကာသိတိုင်းက တနေ့လျှင် အခွန်တော်ငွေ တထောင်ထွက်သဖြင့်ကာသိတိုင်း၏တနေ့ထွက် သော အခွန်တော်ငွေနှင့် အညီအမျှ တနေ့မှာ ငွေတထောင် တထောင်ပေးပြီးပျော်ပါးရသတဲ့။ကာသိတိုင်းတတိုင်းလောက် အဘိုးတန်သလို ဖြစ်နေတာပေါ့နော်။ကာသိတိုင်းကလဲ တနေ့ တနေ့ ငွေကထောင် အခွန်ထွက်တာကိုး။ သူကလဲ တခါပျော် ပါးတဲ့ တနေ့မှာ ငွေတထောင် တထောင်ရတာဘဲ။ အဲသည့်လို ကာသိတိုင်း၏ တနေ့ဟွက်သော အခွန်တော်ငွေနှင့် အညီအမျှ အခ ပေးရသောကြောင့် မယ်ကာသိ ဟူ၍ အမည်တွင်တယ်။

သို့ကလို တနေ့ တထောင် တထောင်ပေးပြီး ပျော်ပါးကြရာ နောက်အခါတော့ ငွေများလွန်းတာနှင့် မတတ်နိုင်ကြပေ ဘူးတဲ့။ နေ့အတွက် ငါးရာ ညအတွက် ငါးရာ အားလုံး တ ထောင်ပေးမှ နေ့ရောညပါပျော်ပါးကြရတာကိုး။ငွေငါးရာထဲ သာ တတ်နိုင်တဲ့ လူဟာ တနေ့ထဲသော်၎င်း၊တညထဲသော်၎င်း ပျော်ပါးရသတဲ့။ နေ့မှာ ပျော်ပါးပြီး ညမှာဆက်ပြီး ပျော်ပါး လိုပါလျှင် ငွေငါးရာ ထပ်ပြီးပေးရသေးသတဲ့၊ထပ်မပေးနိုင်တဲ့ သူဟာ မပျော်ပါးရဘူး။ အဲသည့်တော့ လူအများက အဘိုး များလွန်းတယ်၊ သည့်လိုဆိုရင် ကြာရှေ မတတ်နိုင်ကြဘူး အခု လဲ ငွေကုန်တဲ့ လူတွေ ကုန်လို့ မပျော်ပါးနိုင်ကြတော့ဘူး။

အဘိုးလျှော့ကြစို့ရဲ့ ကာသိတိုင်း၏ တနေ့ထွက်သော အ ခွန်တော် ငွေ့တထောင်၏ ထက်ဝက် ငါးရာသာ ပေးကြစို့ရဲ့၊ ငါးရာပေးနိုင်တဲ့ လူဟာပ နေ့ရောညပါ ပျော်ပါးစေလို့ အဲသည် လို အဘိုးဖြတ်ကြပြန်သတဲ့။ ထိုအခါမှစ၍ ကာသိတိုင်း၏ အ ခွန်တော်ငွေ ထက်ဝက် အခပေးရသောကြောင့် အနုသဒ္ဒါနှင့် တွဲစပ်ပြီး အနုကာသိ-လို့ အမည်တွင်တယ်။

အနုသဒ္ဒါက ထက်ဝက် ဟူသော အနက်ကို ဟောတာကိုး။ ငွေငါးရာဆိုလဲ နဲတဲ့ငွေ မဟုတ်ဘူးနော်။ ဆင်းရဲသားများဖြင့်

တနေ့လျှင် ငွေငါးရာ ပေးပြီးဘယ်မှာ ပျော်ပါးနိုင်မလဲ၊မင်းသူဌေးများမှ တတ်နိုင်တာပါဘဲ။ ဒါကြောင့်မို့ ပြည့်တန်းဆာမဆိုပေမဲ့ နံနံချာချာမဟုတ်၊ မင်းသူဌေး ဂုဏ်အသရေရှိ လူများမှ သွားလာနိုင်တဲ့ အထက်တန်းစား ပြည့်တန်းဆာမကြီးပေကိုး။

**ယာဝ ကာသိ ဇနပဒေါ၊**
**သုကော် မေ တက္ကကော အဟု။**
**တံ ကတွာ နိဂမော အဿံ၊**
**အမေနုဿံ ထပေသိ မံ။**

ကာသိဇနပဒေါ။သမ္ဘာအရှိ အဖြာဖြာပြည့်တဲ့ကာသိတိုင်း ဇနပုဒ်သည်။ ယာဝ၊ အထင်ကရ အမြင်ကို ပြရမှာဖြင့် အကြင်မျှလောက် ငွေတထောင်။ သုကော် တနေ့တနေ့မှာ မရွေ့ပါတဲ့ ကောင်းစွာ အခွန်တော်ထွက်လေ၏။ မေ၊ ကံအကျိုးပေး မဖြိုးဌေးဘဲ တန်ခိုးသေးသော ငါအား။ တက္ကကော၊ ထိုကာသိတိုင်း၏ နေ့တိုင်းထွက်ချေ အခွန်ငွေနှင့် မသွေညီမျှ တနေ့လျှင် ငွေတထောင်ရသည်။အဟု၊ မသွေသမ္ဘာ ရှေးအခါကဌေးစရာ ဖြစ်ခဲ့လေပြီ။ နိဂမော၊ အသိမဆုံး တမိကိုမမုန်းတဲ့ နိဂုမ်းသားများသည်။ တံ၊ ထိုချာချာလှည့်ဝိုင်း ကာသိတိုင်းကို။ အဿံ ကတွာ၊ မညှိုးဒြမ် အဘိုးဖြတ်၍။ အမေနုနှ၊ ကာသိခွန်ထွက် ငွေ ယှက်ပက်ဖြင့်။ အဿံ၊ မညှိုးသပ အဘိုးအခကို။ မံ၊ ပထမတန်း အလှဆန်းသော ငါ့ကို။ ထပေသိ။ ဆပတ်အပျို အထပ်ထပ် ငိုမိပါရဲ့ ဖြတ်ဆို ထားရှိလေသတည်း။

## ဘိက္ခုနီမ ပြုလုပ်ခန်း

အဆုကာသိသည် ဝစီကံ အပြစ်အတွက်ကြောင့် ပြည့်တန်းဆာမဖြစ်ရယော်လဲ ဘိက္ခုနီမ ဘဝနှင့် သီလများကို စင်ကြယ်အောင် စောင့်ထိန်းခဲ့တဲ့ ပါရမီကုသိုလ်ကံက စိမ်နှိုးဆော်၍

နေသည့် အတိုင်း၊ ပြည့်တန်းဆာမ ဘဝမှာ အနည်းငယ်မျှ မပျော်ပိုက်ဘူးတဲ့။ ထို ယုတ်မာတဲ့ အမှုကြီးကို တွေးမိတိုင်း စက်ဆုပ်ကာ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း စခန်း ရဟန်း မိန်းမ ပြုလုပ်လိုတဲ့ စိတ်သာ ရှိ၍ နေတယ်။အလုပ်ကလဲ ကောင်းမြတ်တဲ့ အလုပ် မဟုတ်ဘဲ ပါရမီကလဲ ရင့်သန်လာ တော့ လွတ်မြောက်ဘို့သာ ကြံနေတာပေါ့လေ။ သို့ကလို ကြံ စည်ပြီးလျှင် ဘိက္ခုနီ ရဟန်းမိန်းမတို့ အထံမှာ ဘိက္ခုနီ သံဃာ ချည်း သက်သက်ဖြင့် ဧကတော ဥပသမ္ပဒ ပဉ္စင်း အဖြစ်ကို ခံတယ်။

ထို့နောက် ရဟန်းယောကျ်ား သံဃာရော့၊ ရဟန်းမိန်းမ သံဃာရော ၂-ပါးစုံဖြင့် ဥဘတော ဥပသမ္ပဒ ပဉ္စင်း အဖြစ်ကို ခံယူလိုသဖြင့် ဘုရားရှင် အထံသို့ သွားရောက်လိုတဲ့ အခါ အခက်အခဲ ကြုံနေသတဲ့။

ဘယ်လို အခက်အခဲ ကြုံနေသလဲဆိုတော့ သူနေတာက ရာဇဂြိုဟ် ပြည်မှာနေပြီး ဘုရားရှင်က သာဝတ္ထိပြည်မှာသီတင်း သုံးနေတယ်။ ရာဇဂြိုဟ်ပြည်က သာဝတ္ထိပြည်ကို သွားရမှာက လဲ တောလမ်းခရီးကြီးကို ဖြတ်ပြီး သွားရမှာကိုး။အခုကာလလို သဘော်ာ မီးရထားတွေ မော်တော်ကားတွေလဲ မရှိဘူးပေါ့။

အနာကာသိသည် ဘုရားရှိရာသာဝတ္ထိပြည်သို့ သွားလိမ့်မယ် တဲ့ ဆိုသော သတင်းကို ကြားရတော့လူ့အဖြစ်တုန်းက ငါးရာ တထောင် ပေးပြီး မပျော်ပါးနိုင်ကြတဲ့ တေလေ-ဂျပိုး ဓုတ္တ သမားတွေက သည်တခါအကော်တွေ့ပြီ ဆိုပြီး လမ်းက ချောင်း မြောင်း၍ စောင့်နေကြသတဲ့။

သူတို့ကတော့ သည်လို အချက်ကိုရှာနေကြတာကိုး။သူများ လို ငါးရာ တထောင်လဲ မပေးနိုင်၊ အလှအချော ကျော်လွန်းလို့ ပျော်လဲ ပျော်ပါးချင် အင်မတန် အကြံ ကြပ်နေတဲ့အခါ သည် တခါ အချက်တွေ့ပြီလို့ ဆိုပြီး လမ်းက ဝိုင်းဖမ်းမယ်လို့ စောင့်နေ

ကြတာကိုး။ အမှုကာသိက သည့်လို တေလေ ဂျပိုး-လူဆိုး ခုတ္တ သမားတွေ ပိုင်းဖမ်းမယ်လို့ လမ်းက စောင့်နေကြတယ် ဆိုတဲ့ သတင်းကို ကြားရောတဲ့။ သည့်သတင်းကို ကြားတော့ မသွား ၀့ံတော့ဘူး ပေါ့လေ၊ သွားရင်လဲ ကြံစည်ရင်း အလိုဆန္ဒတော့ မပြည့်ဘဲနှင့် လူဆိုးတွေလက်မှာ ပျက်စီးခြင်းမလှ ပျက်စီးမှာဘဲ ကိုး။သည့်တော့ ဘုရားရှင် ထံသို့ တမန် စေလွှတ် ပြီး တပည့် တော်မသည် အရှင်ဘုရားထံသို့ ရဟန်းပြုရန် လာချင်ပါလျက် လမ်းက လူဆိုးတွေ စောင့်နေသဖြင့် မလာ၀့ံဘဲ အခက် အခဲ တွေ့ကြုံ၍ နေရပါကြောင်းနှင့် လျှောက်ထားတယ်။

သည့်တော့ မြတ်စွာဘုရားက ဤသို့ဖြစ်လျှင် ကိုယ်တိုင်မလာ သော်လည်း တမန်အားဖြင့် ရဟန်းဖြစ်စေလို့ အမိန့်တော်ပေး ပြီး အောက်ပါအတိုင်း ခွင့်ပြုတော်မူတယ်။

**အနုဇာနာမိ ဘိက္ခဝေ ဒူတေနာပိ ဥပသမ္ပာဒေတုံ။**

ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ ဒူတေနာပိ၊ တမန် ဖြင့်လည်း။ ဥပသမ္ပာဒေတုံ၊ ရဟန်းပဥ္စင်း ဖြစ်ခြင်းငှါ။ အနုဇာ နာမိ၊ ငါဘုရား ခွင့်ပြုတော်မူပေ၏။

သို့ကလို အမိန့်တော် ပေးလိုက်သည့် အတိုင်း တခါထဲ ရဟန်းဖြစ်သွားတာပေါ့လေ။ သိမ်ဝင်ခြင်း ကမ္မဝါ ဘတ်ခြင်း ပြုမနေရတော့ဘူး၊ သည့်လို ရဟန်းမျိုးကို တမန် စေလွှတ်၍ ရဟန်းဖြစ်သဖြင့် ဒူတောပသမ္ပဒါ ရဟန်းလို့ ခေါ်တယ်။

သာဟံ သုတွာန သဒ္ဓမ္မံ၊
ဗုဒ္ဓသေဋ္ဌေန ဒေသိတံ။
ပုဗ္ဗဝါသန သမ္ဘူတာ၊
ပဗ္ဗဇ္ဇိံ အနာဂါရိယံ။

သာဘဟံ၊ ထိုမြတ်လှစွာ သမ္ဗာရှိသူမို့ ဒမ္မသမ္ဗာ အဖြာဖြာ ပြည့်ပါတဲ့ အနုကာသိအကျွန်ုပ်သည်။ ဗုဒ္ဓသေဋ္ဌံနှ၊ နတ်မြဟ္မာ အများ ဝပ်ကာတွားရတဲ့ အဖျားဒြမ်ဟီး ဘုရားမြတ်ကြီးသည်။ ဒေသိတံ၊ မနေခြားခြား သဘောသွားကို ဟောကြားတော် မူအပ်သော။ သဒ္ဓမ္မံ၊ ကယ်ဆောင် တတ်ငြား အမြတ်ဖျားဟု မမှားမချော် တရားတော်ကို။ သုတွာန၊ သဒ္ဓါတရား အဖြာဖြာ ပွားပြီး များစွာ ဗလဝ ကြားနာရ၍။ ပုဗ္ဗဝါသနသမ္ဘာ၊ ရှေး ဝါသနာ အထုံပါပြီး ဂုဏ်ဝါပြည့်စုံသည်ဖြစ်၍။ အနာဂါရိယံ၊ အိမ်ရာမမှန်း သိမ်သမ္ဗာ လမ်းသမို့ လျှမ်းလျှမ်း ပြောင်ပြောင် ရဟန်းဘောင်၌။ ပဗ္ဗဇိံ၊ ငါးထည် သင်္ကန်း အသွင် ဆန်းဖြင့် ရဟန်း မိန်းမ ပြုလုပ်ပြီ။

**တဒုပသမ္ပဒတ္တာယ၊**
**ဂစ္ဆန္တီ ဇိနသန္တိကံ။**
**မဂ္ဂေ စောရေ ဒိသွာ သုတွာ၊**
**လဘိံ ဒူတောပသမ္ပဒါ။**

တဒုပ သမ္ပဒတ္တာယ၊ ထိုသို့မနွမ်း မယိမ်း လမ်းမတိမ်းဘဲ ရဟန်းမိန်းမ ပြုလုပ်ခြင်းငှါ။ ဇိနသန္တိကံ၊ မမှားအစဉ် တရား မြင်တဲ့ ဘုရားရှင် အထံတော်သို့။ ဂစ္ဆန္တီ၊ တပါးမဒီ တအား ရည်လို့မို့ သွားမည်ဆဲဆဲ အကျွန်ုပ်သည်။ မဂ္ဂေ၊ အပန်းတကြီး လမ်းခရီး၌။ ဌိတေ၊ မဆိုင်း ဒလကြမ်း ဝိုင်း၍ဖမ်းမည်ဟု လမ်း က တည်နေကြကုန်သော။ စောရေ၊ တေလေဂျပိုး အထွေထွေဆိုး တဲ့ အမျိုးယုတ်စွ အချုပ်ကျမဲ့ ခိုးသားမားတို့ကို။ သုတွာ၊ ဆိုး တဲ့ အခင်း အညိုးနှင့် ညှဉ်းမည်ဟု မယွင်းမမှား သတင်းကြား ၍။ ဒူတောပသမ္ပဒါ၊ တမန်စေ၍ လူ့ဆွေဘုရား ပေးသနား သည့် မြတ်ဖျားစင်စစ် ဒူတောပသမ္ပဒါ ပဥ္စင်းအဖြစ်ကို။ လဘိံ၊ စပယ်အဖြူ မယ်အမူမှာ လွယ်ကူစွာ ရရှိလေပြီ။

သည်နေရာမှာ မှတ်သားဘို့ ဝိနည်းတော်နှင့်စပ်ပြီး ရဟန်းရှစ်မျိုး အကြောင်းကို ပြောဆိုရဦးမယ်။

ရဟန်းအဖြစ်သည် ယောကျ်ားရဟန်း အဖြစ် ၅-မျိုး၊ မိန်းမ ရဟန်းအဖြစ် ၃-မျိုး အားဖြင့် ၈-မျိုးရှိတယ်။ ထို ၈-မျိုးတို့တွင် ယောကျ်ားရဟန်းအဖြစ် ၅-မျိုးဆိုတာ မြတ်စွာဘုရားက ဧဟိ ဘိက္ခု ရဟန်းတမျိုး၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ - ဓမ္မံ သရဏံ ဂစ္ဆာမိ - သံဃံ သရဏံ ဂစ္ဆာမိ ဟူ၍ သရဏဂုဏ် ပေးရုံနှင့် ရဟန်းဖြစ်တဲ့ ရဟန်းတမျိုး၊ ရှင်မဟာ ကဿပ မထေရ်ကဲ့သို့ ဩဝါဒကို ခံယူ၍ဖြစ်တဲ့ ရဟန်းတမျိုး၊ သောပါက သာမဏေကဲ့သို့ မြတ်စွာ ဘုရားက ပုစ္ဆာမေးပြီး ထိုပုစ္ဆာကို ဖြေဆို၍ ရဟန်းဖြစ်သော ရဟန်းတမျိုး၊ ယခုကာလ ရဟန်းခံကြ သကဲ့သို့ ဉတ္တိစတုတ္ထ ကမ္မဝါစာဖြင့် ရဟန်းဖြစ်သော ရဟန်းတမျိုး လို့ ၅-မျိုးရှိတယ်။

ထို ၅-မျိုး တို့တွင် ရှေ့ရဟန်း လေးမျိုးကတော့ ဘုရားသခင် သက်တော်ထင်ရှား ရှိစဉ်အခါမှ ဖြစ်နိုင်တယ်။ ယခု အခါမှာ မရှိနိုင်တော့ဘူး။ ယခုတော့ နောက်တမျိုးဖြစ်တဲ့ ဉတ္တိစတုတ္ထ ကမ္မဝါစာဖြင့် ဖတ်ရွတ်၍ ရဟန်းဖြစ်တဲ့ တမျိုးသာ ရှိနိုင်တော့တယ်။

ရဟန်း မိန်းမ အဖြစ် ၃-မျိုးဆိုတာကတော့ မိထွေးတော် ဂေါတမီသည် ဘိက္ခုနီမ တဦးမှ မရှိသေးခင် ရှေးဦးစွာ ဘိက္ခုနီမ အဖြစ်ကို တောင်းပန်သဖြင့် မိထွေးတော်အား ဂရုဓမ္မ ရှစ်ပါးကို သနား စောင့်ထိန်းစေ၍ ရဟန်းအဖြစ်ကို ပေးတော်မူသော ဂရုဓမ္မ ရဟန်းတမျိုး၊ အဆုကာသိ ပြည့်တန်းဆာမ ကို တမန်စေ၍ ရဟန်းဖြစ်စေလို့ အမိန့် ပေးတော်မူသဖြင့် ရဟန်းဖြစ်သော ရဟန်းတမျိုး၊ ရှေးဦးစွာ ရဟန်းမိန်းမများ အထံ၌ ဉတ္တိစတုတ္ထ ကမ္မဝါစာဖြင့် ဖတ်ရွတ်ခါ ရဟန်းခံပြီးတဲ့ နောက်မှ ရဟန်း ယောကျ်ားများ အထံမှ ဉတ္တိစတုတ္ထ ကမ္မဝါစာဖြင့်

တဖန် ရဟန်းခံ ရပြန်သော ဥဘတော ဥပသမ္ပန္န ရဟန်းကမျိုး လို့ ၃-မျိုး ရှိတယ်။

တနည်း အားဖြင့် ရဟန်းမိန်းမ ဘိက္ခုနီမသည် ဧကတော ဥပသမ္ပန္နရဟန်း၊ ဥဘတော ဥပသမ္ပန္န ရဟန်းလို့ ၂-မျိုးရှိသတဲ့၊ ထို ၂-မျိုးတို့တွင် မိထွေးတော် ဂေါတမီနှင့် သာကီဝင် မင်း သမီး ၅၀၀-ရာတို့သည် ရဟန်း မိန်းမ တဦးမှ မရှိသေးခင် ရှေး ဦးစွာ ဖြစ်သဖြင့် ရဟန်း ယောက်ျားများ အထံ၌သာ ဉတ္တိ စတုတ္ထ ကမ္မဝါစာဖြင့် ဖတ်ရွတ် ရဟန်းခံကြ သောကြောင့် ဘိက္ခု ဧကတော ဥပသမ္ပန္န ရဟန်းမည်တယ်။ ရှေးဦးစွာ ရဟန်း မိန်းမများ အထံမှာ ရဟန်းခံပြီးတဲ့နောက်မှ တဖန် ယောက်ျား များအထံမှာ ရဟန်းခံရပြန်သော ၂-ဦးစလုံး ထံမှာ ၂-ခါ ရဟန်းခံရသော ရဟန်းမိန်းမသည် ဥဘတော ဥပသမ္ပန္န ရဟန်း မည်တယ်။

အနုကာသိ ပြည့်တန်းဆာမ ဘိက္ခုနီမဖြစ်ရပုံတော့ အတော် ထူးတာဘဲနော်။ သိမ်လဲ မဝင်ရ ကမ္မဝါလဲ မဖတ်ရဘဲ ဘုရား ရှင် အဝေးကနေပြီး ရဟန်းဖြစ်စေ လို့ အမိန့်တော် ပေးလိုက် ရုံနှင့် ရဟန်း အဖြစ်ကိုရတဲ့ ဒူတောပသမ္ပဒါ ရဟန်း အဖြစ်မျိုး ကိုး။ အနုကာသိမှာတော့ ထူးဆန်းစွာ အကျိုးပေးသူ ဖြစ်တဲ့ အတိုင်း အရုပ် အဆင်းလဲ သူများထက် ထူး၊ ပြည့်တန်းဆာမ ဖြစ်ရလို့လဲ သူများထက်ထူး၊ ရဟန်း မိန်းမ ဖြစ်ရပြန်လဲ သူများ ထက်ထူး၊ သူ့မှာတော့ အထူးချည်းပါဘဲ။

အဲသည်လို ပြဆိုခဲ့သည့် အတိုင်း အနုကာသိသည် သာ သနာတော် ဘောင်သို့ဝင်၍ ရဟန်း မိန်းမ ဘိက္ခုနီမ ပြုလုပ်ပြီး ကမ္မဋ္ဌာန်း တရားများကို ကြိုးစား အားထုတ်ရာ ကိလေသာ အာသဝေါ ကင်းကွာ၍ ရဟန္တာမ အဖြစ်သို့ ရောက်တယ်တဲ့။ အင်း—ခုမှဘဲ အေးကွက်ကို နင်းပြီး ရှင်းရှင်းကြီး ချမ်းသာပေ တော့သနော်။ ရဟန္တာမ ဖြစ်တဲ့အခါကျတော့ ကောင်းကျိုး

မကောင်းကျိုးကိုပေးတဲ့ ကုသိုလ်ကံ အကုသိုလ် ကံတွေ အကုန် ကုန်ရောပေါ့ နော်။ ကုသလံ ကုသလံ ဇဟံ - ဆိုတဲ့ နမတ္တာရ အတိုင်းပေါ့။ သူဌေးသမီး ဖြစ်အောင် လှအောင် ဘိက္ခုနီမ အဖြစ်သို့ ရောက်၍ ရဟန္တာမ ဖြစ်အောင် အကျိုးပေးတတ် တဲ့ ကုသိုလ်ကံလဲ မရှိတော့ဘူး။ ပြည့်တန်းဆာမ ဖြစ်အောင် အကျိုး ပေးတဲ့ ဝစီကံ၊ အကုသိုလ် ကံ လဲ မရှိ တော့ဘူး။ ဒါကြောင့်မို့ အနုကာသိ ဘိက္ခုနီမက အလွန် တရာ ဝမ်း သာ လှသဖြင့် အနုကာသိ မည်ရှိ တွင်မည် ငါ ဘိက္ခုနီ သည် ရှင်ကြည် စိတ်ထား အကုသိုလ်နှင့် ကုသိုလ် နှစ်ပါးလဲ ပျက်ပြား ကုန်ဆုံးလေပြီ။ အလုံးစုံသော သံသရာ ဝဋ်ကြီး ကို လည်း ကျွတ်လွတ် လွန်မြောက် တဖက်ကမ်းသို့ ရောက်ပေပြီ။ ပြည့်တန်းဆာမ အဖြစ်ကို ယုတ်ညစ် ထပ်လပ် အကျိုးပေးတတ် တဲ့ဝစီကံ အကုသိုလ်ကြီးသည်လည်း အပြီးအပြတ် လက်စသတ် လျက် ပယ်ဖြတ်ကုန်ခန်းရလေပြီ ကကား-လို့ အောက်ပါ ဂါ ထာဖြင့် သာယာစွာ ဥဒါန်းကျူးတယ်။

> သဗ္ဗကမ္မံ ပရိက္ခီဏံ၊
> ပုညံ ပါပံ တထေဝ စ။
> သဗ္ဗသံသာရ မုတ္တိဏ္ဏာ၊
> ဂဏိကတ္တဥ္စ ခေမိတံ။

သဗ္ဗကမ္မံ၊ ခပ်သိမ်းကျုံးချုံ ဆိုးမကုန်အောင် အလုံးစုံသော ကံသည်။ ပရိက္ခီဏံ၊ မကြွင်းကမန်း အပုံပန်းလွန်းလို့ ကုန်ခန်း ပျောက်ကင်းလေပြီ။ တထေဝ၊ မချို့အမှု ထို့အတူသာလျှင်။ ပုညံ၊ တပေါင်းတစု အကြောင်းပြုခဲ့တဲ့ ကောင်းမှုကံသည်ငှင်း။ ပါပံ၊ အကြောင်းတစု ပေါင်း၍ ထုတတ်တဲ့ မကောင်းမှုကံ သည်ငှင်း။ ပရိက္ခီဏံ၊ ပယ်ကြဉ်ဖျောက်ဖျက် နောက်မတက် ဘဲ ပျောက်ပျက် ကုန်ခန်းလေပြီ။ သဗ္ဗသံသာရံ၊ အတန်တန်

အဖြာဖြာ ရန်ဘယာနှင့် အန်အဏ္ဏဝါ မခံသာတဲ့ သံသရာ အလုံးစုံကို။ ဥတ္တိဏ္ဏာ၊ ဟရံတခါ မပြန်ပါဘဲ တဖန်မလာ ဉာဏ်ရတနာဖြင့် မှန်စွာလွတ်မြောက်ရပေပြီ။ ဂဏိကတ္တဥ၊ တမိ ကညာနှမ သတိတခါရှ ပါယေ၊ ပြည့်တန်းဆာမှ အဖြစ်ကို လည်း။ ခေမိတံ၊ တရုံးရုံး တဗျုံးဗျုံး အနံ့ဆိုးဟာမို့ မကြို နှလုံး အဖုံဖုံ မုန်းလှချည်ရဲ့ ကုန်ဆုံးစေပြီတကား။

အနုကာသိသည် ပြည့်တန်းဆာမ ဖြစ်သော်လဲ သီလ ဘိက္ခာကို စင်ကြယ်စွာ စောင့်ထိန်းခဲ့တဲ့ ပြဟ္မစာရီ ကုသိုလ်မြတ် ကြောင့် ဘိက္ခုနီမ ရဟန္တာမ အဖြစ်သို့ ရောက်တဲ့အခါ သာ မည ဘိက္ခုနီမ မဟုတ်ဘူး၊ ပဋိသမ္ဘိဒါ လေးပါး- အဘိညာဉ် ခြောက်ပါးတို့နှင့် ပြည့်စုံတဲ့ ဂုဏ်အာသရေရှိ-အထက်တန်းစား ဘိက္ခုနီမကြီး ဖြစ်တယ်။

ဒါကြောင့်မို့ မိမိရရှိတဲ့ တရားထူးများကို မြတ်စွာဘုရား အထံသို့ သွားပြီး ဝမ်းမြောက် ဝမ်းသာ အောက်ပါ ဂါထာတို့ ဖြင့် လျှောက်ထားသတဲ့။

**ဣဒ္ဓီသုစ ဝသီ ဟောမိ၊**
**ဒိဗ္ဗာယ သောတဓာတုယာ။**
**စေတောပရိယဉာဏဿ၊**
**ဝသီ ဟောမိ မဟာမုနိ။**

မဟာမုနိ၊ မုနိငါးဦး၊ ဖျားအဖူးမို့၊ အမျှူးထားတင်၊ ဘုရား ရှင်။အပံ၊ ဖိတ်ဖိတ်လူသည် စိတ်ဖြူကြည်တဲ့ ဘိက္ခုနီ အကျွန်ုပ် သည်။ ဣဒ္ဓိသုစ၊ အကျိုးဖြာဖြာ မညှိုးပါတဲ့ တန်ခိုးအရာတို့၌ လည်း။ဝသီ၊တနေ့နေ့မှာ မမေ့ပါဘဲ လေ့လာ လျင်မြန်သည်။ ဟောမိ၊ သစ်စွ အခါခါ ဖြစ်ရပါ၏။ ဒိဗ္ဗာယ သောတ ဓာတု ယာ၊နတ်တို့၏ နားပုံအလားသို့ အကြား လျင်မြန် ဒိဗ္ဗသောတ အဘိညာဉ်ဉာဏ်၌လည်း။ ဝသီ၊ ခိုင်ခိုင်ပြင်းပြင်း အဖြိုင်ကင်း

လောက်အောင် နိုင်နင်း လေ့လာသည်။ ဟောမိ၊ သစ်လှ သမ္မာ ဖြစ်ရပါ၏။ စေတော ပရိယဉာဏာဿ၊ ဖိတ်ဖိတ် ညီညီ စိတ်ကို သိသည့် စေတောပရိယ အဘိညာဉ် ဉာဏ်၏လည်း။ ဝသီ၊ မရှေ့ခါခါ မမေ့ပါဘဲ လေ့လာလျင်မြန်သည်။ ဟောမိ၊ သစ်သစ်ကြွကြွ တခေတ်လှပြီး ဖြစ်ရပါပေသတည်း။

မြတ်စွာဘုရား- တပည့်တော်မ သမီးတော် အနုကာသိ ဘိက္ခုနီမသည် ဣဒ္ဓိ ၄-ပါး အဘိညာဉ် ခြောက်ပါးတို့ကို များစွာ လေ့လာနိုင်နင်းပါသည်။ ဒိဗ္ဗသောတ အဘိညာဉ်ကို ရ၍ နတ်၏ နားကဲ့ဟု အသံဟူသမျှကို ကြားနိုင်ပါသည်။ စေတော ပရိယ အဘိညာဉ်ဉာဏ်ကို ရ၍ သူတပါး၏ စိတ်အကြံကိုလည်း အမှန်သိနိုင်ပါသည် ဘုရား။

**ပုဗ္ဗေနိဝါသံ ဇာနာမိ၊**
**ဒိဗ္ဗစက္ခု ဝိသောဓိတံ။**
**သဗ္ဗာသဝ ပရိက္ခီဏာ၊**
**နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။**

ပုဗ္ဗေပါသံ၊ မနေ့တခဏ မတွေးဆဘဲ ရှေးဘဝ၌ နေဘူးသည်ကို။ ဇာနာမိ၊ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်မျက်စိဖြင့် သိနိုင်ပါ၏ ဘုရား။ဒိဗ္ဗစက္ခု။နတ်၏မျက်စိ ပုံအရှိဖြင့် အကြည့်လျင်မြန် ဒိဗ္ဗစက္ခု အဘိညာဏ်ကိုလည်း။ ဝိသောဓိတံ၊ အရှုပ်မထင် အဟုတ် မြင်ပြီး သုတ်သင် ရှင်းလင်းအပ်ပါပြီ။ သဗ္ဗာသဝပရိက္ခီဏာ၊ လုံးစုံအာသဝေါမလာနှောဘဲ ခွာလျော ကုန်ခန်းသည် ဖြစ်၍။ ဒါနိ-ဣဒါနိ၊ အမှုသာယာ ယခုအခါ၌ ။ပုနဗ္ဘဝေါ၊ အလျှံတကြွကြွ အမှန်လှသမို့တဖန် ဘဝသစ်၌ ဖြစ်ရခြင်းသည်။ နတ္ထိ၊ သတိမပေါ့ ပြည့်မလျော့ချည်ဘူး မရှိတော့ပါပြီဘုရား။

တပည့်တော်မသည် ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကို ရသဖြင့် ရှေးဘဝတွေက ဘယ်လို နေထိုင်ခဲ့သည်၊ဘယ်ပုံ ဖြစ်ခဲ့

သည်များကို အလုံးစုံ အကုန် သိမြင်ပါသည် ဘုရား။ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် နတ်၏ မျက်စိကဲ့သို့ ကြည့်တိုင်း မြင်နိုင်ပါသည်။ ယခုအခါ အာသဝေါ ကင်းကွာ၍ ရဟန္တာမ ဖြစ်ရသဖြင့် နောင်တဖန် ဘဝသစ်၌ ပြန်၍ မဖြစ်ရတော့။ ဘဝ ဆုံးကာ နိဗ္ဗာန်သို့ ရောက်ရပါတော့မည်ဘုရား။

**အတ္ထဓမ္မနိရုတ္တိသု၊**
**ပဋိဘာဏေ တထေဝ စ။**
**ဉာဏံ မမ မဟာဝီရ၊**
**ဥပ္ပန္နံ တဝ သန္တိကေ။**

မဟာဝီရ၊မနည်းခြိမ် အပြီးမှတ်လိုမို့ ကြီးမြတ်သော လုံ့လ ရှိတော်မူသော မြတ်စွာဘုရား။ အတ္ထ ဓမ္မနိရုတ္တိသု။ အတ္ထပဋိ သမ္ဘိဒါ၊ ဓမ္မပဋိသမ္ဘိဒါ၊ နိရုတ္တိပဋိသမ္ဘိဒါ ဤသုံးဖြာတို့၌ရင်း။ တထေဝ၊ မချို့တမူ ထိုအတူ သာလျှင်။ ပဋိဘာဏေစ၊ သိစရာ အဝဝ သတိတခါ ဆလိုက်တော့၊ ပဋိဘာဏ ပဋိသမ္ဘိဒါ၌ ရင်း။ မမ၊ အနုကာသိ သမ္မာရှိလိုက်တာက ဓမ္မာသိသော အကျွန်ုပ်၏။ဉာဏံ၊အတန်တန်ကြည့် အလျှံညီပြီး အမှန်သိသော ဉာဏ်သည်။တဝ၊ သုံးလူ့ထွတ်တင် လွတ်ဘုရင်ဟု သခင်တပါး အရှင်ဘုရား၏။ သန္တိကေ၊ အမှန်အလျော်၊ တန်တန်မြော်ပြီး၊ အလျှံနော်တောက်၊ ထံတော်မှောက်၌။ ဥပ္ပန္နံ၊ သနစ်အဖော် တခေတ်ကျော်ပြီး ဖြစ်ပေါ်၍ လာပေပြီဘုရား။

တပည့် တော်မမှာ အရှင် ဘုရား ထံတော် မှောက်၌ အနက်ကို ခွဲခြမ်း၍ သိသော အတ္ထပဋိသမ္ဘိဒါ၊ တရားသဘော ကို သိသော ဓမ္မပဋိသမ္ဘိဒါ၊ သဒ္ဒါကိုသိသော နိရုတ္တိ ပဋိသမ္ဘိဒါ၊ ဉာဏ်ကိုသိသော ပဋိဘာဏ ပဋိသမ္ဘိဒါ ဤပဋိသမ္ဘိဒါ ၄-ပါးကိုလည်း ထင်ရှားစွာ ရရှိပါပြီဘုရား။

အနုကာသိ ဘိက္ခုနီမသည် ဤကဲ့သို့ ဂါထာတို့ဖြင့် ရွတ်ဆိုကာ လျှောက်ထားပြီး ဥဒါန်းဂါထာတို့ကို အခါခါ ရွတ်ဆိုပြီး ချမ်းသာစွာ နေလေ့ရှိတယ်။

အထ နိဗ္ဗိန္ဒ တံ ရူပေ၊
နိဗ္ဗိန္ဒံ စ ဝိရဇ္ဇဟံ။
မာ ပုန ဇာတိ သံသာရံ၊
သန္ဓာဝေယျံ ပုနပ္ပုနံ။
တိဿော ဝိဇ္ဇာ သစ္ဆိကတာ၊
ကတံ ဗုဒ္ဓဿ သာသနံ။

အထ၊ ထိုမန္တမ်းမညစ်၊ ကမ္မဋ္ဌာန်းသစ်ပြီး၊ ရဟန်းဖြစ်သော အခါ၌။ ရူပေ၊ နှမြောစရ တလောကတွင် ချောလှတယ်ဆိုတဲ့ ရုပ်၌၊ နိဗ္ဗိန္ဒ၊ ပုတီးမမေ့ ကြိုးစလေ့ဖြင့် ငြီးငွေ့ပြီး၍။ နိဗ္ဗိန္ဒံ၊ အစင်း သိသိလင်းသတိနှင့်ပျင်းရိငြီးငွေ့ပြီးသော။ တံရုပ်၊ ထိုနှမတကယ် ဘဝနယ်မှာ လှတယ်ဆိုတဲ့ရုပ်ကို။ အဟံ၊ ကေသီကိုပယ် ရွှေပြည့် ရှယ်တဲ့ထေရီမယ် အကျွန်ုပ်သည်။ ဝိရဇ္ဇံ၊ အဖြစ်အပျက် မချစ် ရက်တာကြောင့်၊ နှစ်သက်ခြင်း ကင်းပါပြီ။ ပုန။ တခေါက်အပြန် နောက်တဖန်၊ ဇာတိ သံသာရံ၊ ဖြစ်ချည် ပျက်ချည် သွက်သွက် လည်၍ မတည်ဖန်ခါ၊ ပြန်ပြန်လာတဲ့ သံသရာ အစဉ် အဆက် ကြီးကို။ ပုနပ္ပုနံ၊ တရံ မပြတ် အဖန်ဖန် အထပ်ထပ်။ မာ သန္ဓာ ဝေယျံ၊ အစဉ်အရှည် ဘဝင် ကြည်သမို့ မကျင်လည်ရပါတော့ အံ့။ တိဿောဝိဇ္ဇာ၊ အရိပ် အဖြာဖြာ မပိတ်ကာတဲ့ ဝိဇ္ဇာ သုံးပါး တို့ကို။ သစ္ဆိကတာ၊ မပျက်မပျောက် လက်လက်တောက်လို့မို့ မျက်မှောက်ပြုအပ်ကုန်ပြီ။ ဗုဒ္ဓဿ၊ သခင်အမော် အစင်ကျော် တဲ့ ရှင်တော်မြတ်ဘုရား၏။ သာသနံ၊ သွန်သင်ထုံးပြု နှလုံးလှဘို့ ဘုန်းကြွ အမော် အဆုံး အမ တော်ကို။ ကတံ စရိုက် မသာမာ မမိုက်ပါသမို့ အကြိုက်ဖြာဖြာ ဆိုက်အခါနှင့် လိုက်နာ၍ ပြုအပ် ပေပြီတကား။

အနုကာသိ ဘိက္ခုနီမသည် ဤကဲ့သို့ ဥဒါန်းကျူးရင့်လျက် မိမိ၏ အဖြစ်အပျက် များကိုလည်း မိမိ ကိုယ်တိုင် ဟောကြား ပြီးလျှင် နိဗ္ဗာန်သို့ လားလေသတည်း။

**စမ္ပဒါနကထာ တရား အရှူ ဒေသနာနှင့်**
**အနုကာသိ ဘိက္ခုနီမ ဝတ္ထု ပြီး၏။**

---

# ရေစက်ချ

**(၁) ဝန္ဒာ အာဗန္ဓာ မုဉ္စိတုံ၊ မယံ ဒေမ ဠမသိမံ။**
**ကမ္မဥ္စ ကမ္မ ဝိပါကံ၊ သဒ္ဒဟိတွာန သာဒရံ။**

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ ပရမတ်မှန်စွာ။ ဓာတ်ခန္ဓာကို၊ ခေါ်စရာ သမုတ်၊ အကျွန်ုပ်တို့သည်။ အာဗန္ဓာ၊ တသွက်သွက် ခတ်၊စက်ရဟတ်သို့၊ မပြတ်လည်၍နေသော။ဝန္ဓာ၊ ဒုက္ခဆင်းရဲ၊ ညှဉ်းဆဲမခံသာ၊ ဝဋ်သံသရာမှ။ မုစ္စိတုံ၊ ဉာဏ် အထွတ်ရောက်၊ လွတ်မြောက်ပါရခြင်း အကျိုးငှာ။ ကမ္မဉ္စ၊ ကောင်း-မကောင်း မှု၊ ပေါင်းစုနေစံ၊ စေကနာကံကိုရင်း။ ကမ္မဝိပါကဥ္စ၊ မှန်ရိပ် အသွင် ပွဲတင်ပမာ ပေါ်လာစင်ရိုး ကံ၏ အကျိုးကိုရင်း။ သဒ္ဒ ဟိတွာန၊ ယုံကြည်ပါကုန်သည်ဖြစ်၍။ ဠမံ၊ လှူစရာမြတ်လှ၊ဤ (လိုရာသွင်းပါ)ဒါတဗ္ဗ ဝတ္ထုကို။ ဠမသာ၊ကောင်းမှုခေတ်ဟု၊ နှစ်သက်ယုံစား၊(ဤဘုရားအား) (ဤပုဂ္ဂိုလ်အား)သာဒရံ၊ လို

လေမကြွင်း၊ ရှိသေခြင်းနှင့်တကွ။ ဒေမ၊ သဒ္ဒါဖွေးဖြူ၊ အရေးယူ
ကာ၊ ပေးလှူပါကုန်၏ အရှင်ဘုရား။

**(၂) သဒ္ဓမ္မေဟိ သမ္ပန္နာဝ၊ သံသရိတွာ ဘဝါဘဝေ။**
**နိဗ္ဗာနံ ပါပုဏေယျာမ၊ ပုညသိမသ ထာမုနာ။**

ဥမသာ ပုညသာ၊ယခုလောင်းပြု၊ ဤကောင်းမှု၏။ထာမုနာ၊
ညောင်အစေ့မှ၊ ထောင်၍တက်ပွား၊ အခက်များသို့၊ ကြွားကြွား
မနွမ်း၊ အားအစွမ်းကြောင့်။ ဘဝါဘဝေ၊ ဖြစ်ရာသွယ်သွယ်၊
ဘဝကြီးငယ်၌။ သဒ္ဓမ္မေဟိ၊ သဒ္ဒါသီလ၊ စသည်ညွှန်ကြား၊ သူ
တော်ကောင်းတရား ခုနစ်ပါးတို့နှင့်။ သမ္ပန္နာဝ၊ ပြည့်စုံကုန်
သည်ဖြစ်၍သာလျှင်၊သံသရိတွာ၊လူ့ဘုံနတ်ပြည်၊ကျင်လည်ရ၍။
နိဗ္ဗာနံ၊ တဏှာကြွေရှင်း၊ သန္တေကင်း၍၊သေမင်းမလာ၊ အမတာ
ဗိမာန်၊မြိုက်နိဗ္ဗာန်သို့။ပါပုဏေယျာမ၊နောက် ကျမကြာ။ရောက်
ရပါလို၏ အရှင်ဘုရား။

**(၃) ဣမံ ဘာဂံ ဝိဘာဇေမ၊ သမံ အမှေဟိ မာတုနံ။**
**သဗ္ဗေသတ္တာ သေသာနံ၊ မဟီယံ ဌာတု သက္ခိကေ။**

ဣမံ ဘာဂံ၊ယခုလောင်းပြု၊ဤကောင်းမှုအဘို့ကို။ မာတုနဥ္စ၊
ဘဝရှေးဦး၊ ကျေးဇူးရှိတင်၊ မိခင်ဘခင်တို့အားငင်း။သေသာနံ၊
ဆရာ–မင်းကာ၊ အရင်းစ၍၊ ကြွင်းသမျှကုန်သော။ သဗ္ဗေသတ္တာပိ၊
အနန္တများစွာ၊ သတ္တဝါတို့အားငင်း။ အမှေဟိ၊ ကောင်းမှုသွန်
မြှုပ်၊ အကျွန်ုပ်တို့နှင့်။သမံ၊ အတူအမျှ။ ဝိဘာဇေမ၊ သဒ္ဒါပူးတွဲ၊
ထူးကဲစေတနာ၊ ပေးဝေပါကုန်၏။ အယံမဟီ၊လေရေအထက်၊
ဆက်လျက်တည်နေ၊ ဤမဟီမြေသည်။သက္ခိကေ၊အမြင်အကြား၊
တင်ရှုံး[illegible]သော်အရာ၌။ ဌာတု၊ မှန်ရာသုံးသပ်၊
နှလုံး[illegible]သည်တံ့နိုင်ပါစေသတည်း။

... AND
RESEARCH DIVISION
DIRECTORATE OF ...
Acc: No ...........
Date ...........
စာကြည့်တိုက်